www.burmeseclassic.com



# ရှား

ရေခဲမြစ်တို့ရှိုက်သံ

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ရှား

## ရေခဲမြစ်ထိပ်ရှိ တိတ်သံ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၅၆၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၆၈၂၀၅၀၆

၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၁၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်


- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com








ကမ္ဘာကြီးအတွက် ဖန်ဆင်းရှင်တစ်ဦး ရှိနေတယ်ဆိုရင်... ယောက်ျားနဲ့မိန်းမ လူသား အမျိုးအစား နှစ်မျိုးတည်းသာ ဖန်ဆင်းခဲ့တဲ့အတွက် ကျေးဇူးတင်ရမှာ ပါ...။

www.burmeseclassic.com

www.burmeseclassic.com





သံပန်းတံခါး၏ နောက်မှာ ပေါလစ်ရှိရောင် ပြောင်လက်နေသော ကျွန်းတံခါးတစ်ချပ် ရှိနေသည်။ အဲသည် ကျွန်းတံခါးသည် သော့ခတ်ပိတ်ထားပုံရ၏။ သံပန်းတံခါးမှာ သော့ခလောက်တွေ ချိတ်ထားပေမဲ့ သော့ခတ်မထားပါ။ သံဝန်းတွေကို အဖြူရောင် ဆေးသုတ်ထားသည်။ အဲသည် ဆေးအဖြူရောင်လည်း အနည်းငယ်မျှ မခွျတ်ယွင်းသေးဘဲ အသစ်စက်စက် အတိုင်းပင် ရှိနေပါသည်။ တံခါး၏ အတွင်းဘက်မှာတော့ ဘာတွေ ရှိနေမည် ဘယ်လိုတွေ ပြောင်းလဲနေမည် ဆိုတာ သိမှ မသိနိုင်ပါ။ တံခါးပွင့်သွားလျှင် မြင်ရမည့် မျက်နှာမှာ မျက်ရည်စ,တွေ ရှိနေမည်လား။

"မေမေ"

ဟု ဆို့နင့်စွာ ခေါ်လိုက်မည့် အသံတစ်ခုကို ကြိုတင် ကြားယောင်ခါ သိမ့် ရင်ဘတ်ထဲမှာ ဆို့ဆို့နင့်နင့် တင်းတင်းကျပ်ကျပ် ဖြစ်လာသည်။ သည်လို အဖြစ်ကို တားဆီးရမည်လဲ။ မတတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သိမ့် အတတ်နိုင်ဆုံး ကာကွယ်ခဲ့ပြီးပြီ။

သိမ့်သည် တံခါးရှေ့မှာ ရပ်နေလျက် လူခေါ်ခေါင်းလောင်းကို နှိပ်လိုက်ဖို့ တွန့်ဆုတ် တွေဝေနေခဲ့သေး၏။ သမီးရဲ့ မျက်ရည်တွေကို ရင်ဆိုင်ဖို့ သိမ့် ဘာတွေများ ကြိုတင်ပြင်ဆင်လာခဲ့သည်လဲ ...။

တကယ်တော့ သိမ့်သည် သတ္တိကောင်းသည့် မိန်းမတစ်ယောက် မဟုတ်ပါ။ သိမ့်သည် အရှုံးကို ကြောက်တတ်သည့် မိန်းမတစ်ယောက်သာ ဖြစ်သည်။

လှေကားဆီမှ စကားပြောသံတချို့ကို ကြားရသည်။ ဒုတိယထပ်သို့ ဆက်တက်မည့်သူ သုံးလေးယောက်သည် ပိတ်ထားသော တံခါးရှေ့မှာ ရည်ရွယ်ချက်မဲ့စွာ ရပ်နေသည့် သိမ့်ကို နားမလည်နိုင်သည့် အကြည့်များဖြင့်ကြည့်လျက် တစ်ဆစ်ချိုးလှေကားကို ဆက်တက်သွားကြသည်။ အသက်လေးဆယ်စွန်းစွန်း မိန်းမတစ်ယောက်သည် ဘယ်သူ့အမြင်မှာမှ သာမန်ထက်ပိုပြီး ထူးထူးခြားခြား ဆွဲဆောင်နိုင်မည် မဟုတ်ပါ။ အုတ်နံရံမှာ မြှုပ်ထားသည့် လူခေါ်ဘဲလ်ခလုတ်လေးကို နှိပ်ဖို့ လက်ကိုမြှောက်လိုက်သည်။ ချက်ချင်းပင် သမီးအတွက် ကြိုတင်ပြင်ဆင်ဖို့ အချိန်နည်းနည်း ပေးသင့်သည်လားဟု တွေးမိပြန်သည်။ နီရဲမို့အစ်သော မျက်လုံး မျက်ရည်ကြောင့် တင်းနေသော မျက်နှာမျိုးဖြင့် သမီးသည် မိခင်ဖြစ်သူကို ရင်ဆိုင်ချင်မှာ မဟုတ်ဘူးဟု သိမ့်ကထင်မိသည်။





ဒါပေမဲ့ ... သိမ့် ထင်သလို ဟုတ်ချင်မှ ဟုတ်မှာ ...

လူတွေရဲ့စိတ်ကို ခန့်မှန်းသိဖို့ သိမ့်မှာ အရည်အချင်း ဘူးထင်သည်။

အဖြူရောင် ဘုသီးလေးပေါ် လက်ညှိုးကိုတင်ပြီး လိုက်သည်။ အခန်းတွင်းမှာ မြည်သည့် ဘဲလ်သံကို အပြင်မှ တိုးတိုး ကြားရပါသည်။ ဘဲလ်ကိုနှိပ်ပြီး တံခါးပွင့်လာသည့် အချိန်ကို စောင့်ရသည်မှာ သိမ့် အဖို့ ကြာမြင့်လှသည် ထင်ရသည်။ တံခါးကတော်တော်နှင့် ဖွင့်မလာပါ။ သမီးလေးသည် အမေ မမြင်နိုင်အောင် မျက်ရည်စိုစွတ်သော ပါးပြင်တွေကို ပတ်ပေါင်ဒါဖြင့် တို့သိပ်နေသည်လား ...။

သည်လိုမှ မဟုတ်လျှင် ...

ဘုရား ... ဘုရား ...။

ဘယ်တုန်းကမှ မတွေးခဲ့မိသည့် အတွေးစ တစ်ခု နောက်ထဲ ရုတ်ခြည်း ဝင်လာသည့် အခါမှာတော့ သိမ့်သည် န်းခနဲ ကြက်သီးထ,လျက် ခေါင်းတစ်ခုလုံး ရှိန်းခနဲပူနွေးသွား ရင်ဘတ်တစ်ခုလုံး ပူလောင်ပြင်းပြစွာ နှလုံးခုန်သံတွေ ဒိတ်ဒိတ် မြည်လာသည်။

ဟင့်အင်း ...

မဟုတ်နိုင်ဘူး ...

ပြဿနာဟာ ဒီလောက်မကြီးကျယ်ပါဘူး ...။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သမီးဟာ အသိဉာဏ် နံ့နဲ့မိုက်မဲတဲ့သူ မဟုတ်ဘူး ...။

ကိုယ့်ကိုယ်ကို ဆင်ခြင်ဖြေသိမ့်ပေမဲ့ အရာမထင်ပါ။ သွေးဆူနေတုန်းမှာ အမှားဆိုတာ ဘယ်အရာမဆို ဖြစ်နိုင်တယ်။ ပြီးမှသာ နောင်တ,ရချင်ရ,ပါစေပေါ့။ သမီးမှာ နောင်တ,ရဖို့ အခွင့်အရေး ရှိပါစေ။ နောင်တ,ရဖို့ အချိန်ရှိပါစေ ...။

သည်နေရာကို ခုထက်ပိုပြီး စောစောရောက်သည်ဟု သိမ့် ထင်လာသည်။ သမီးရဲ့ဖုန်းကို ရ,ရချင်း သိမ့် အစည်းအဝေးခန်းထဲက ထွက်ခဲ့ဖို့ကောင်းသည်။ သမီး ငယ်စဉ်ကလို စိတ်ပူပန်မှုမျိုး ရှိခဲ့ဖို့ တောင်းသည်။

ဒါဆို ... သိမ့်ဟာ စိတ်ပူပန်မှုတွေကြားက တစ်သက်လုံး မလွတ်မြောက်နိုင်တော့ဘူးပေါ့။ ဘဲလ်ကို နောက်တစ်ချက် နှိပ်လိုက်ပြီး အတွင်းမှ အသံသဲ့သဲ့ကို ကြားနေလျက်ကပင် မီးများပျက်နေသည်လားဟု သံသယ ဖြစ်နေမိသည်။ ကျွန်းတံခါးရွက်ကို လက်ဖြင့်ထုလျှင် ဘဲလ်သံထက် ပိုပြီးကျယ်မည်လား ။

လက်ကို မြှောက်ပြီး ရွယ်လိုက်စဉ်မှာပင် ကျွန်းတံခါးရွက်က ထပ်ခနဲ ပွင့်လာခဲ့သည်။

ဟော ...

တံခါးဖွင့်သူက သမီး ကိုယ်တိုင်ပဲ ...။

သိမ့် မျှော်လင့်ထားသလို သမီး မျက်နှာပေါ်မှာ မျက်ရည်စ,တွေ ရှိမနေပါ။ သို့ပေမဲ့ ... သမီး မျက်ဝန်းထဲမှာ





တစ်ခုခုကို ကြေကွဲစွာ မျှော်လင့်နေသည့် အရိပ်အယောင်မျိုး ရှိနေသည်ဟု သိမ့် လျှင်မြန်စွာ အကဲခတ်မိသည်။

"သမီး ..., ဘာတွေ ဖြစ်နေကြတာလဲ"

သိမ့်က အိမ်ခန်းအတွင်းဘက်သို့ အကဲခတ်ကြည့်ရင်း အလောတကြီး မေးလိုက်သည်။ ဧည့်ခန်းထဲမှာ တစ်ယောက်ယောက် ရှိနေမည်လားဟု စိတ်က ထင်သည်။ တစ်ယောက်ယောက် ရှိနေမည်ဆိုလျှင် အဲသည် တစ်ယောက်ယောက်ဟာ တင်အောင်မိုးပဲ ဖြစ်ရမှာပေါ့ ...။

"ယမုန်"

ခပ်စောစောက စိတ်ပူပန်မှုကို သိမ့်ဘာသာ ရယ်ချင်သွားပြီး စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။

သမီးဟာ အတော်အသင့် ရင့်ကျက်နေပါပြီလေ။

"မေမေ အထဲဝင်ပါဦး"

သိမ့်က ဖိနပ်ကို ဖိနပ်စင် ခြေရင်းမှာ ချွတ်ပြီး အတွင်းဘက် ဧည့်ခန်းသို့ ဝင်လိုက်သည်။ သမီးတို့ တိုက်ခန်းမှာ ဖိနပ်ချွတ်အတွက် စင်္ကြံသေးသေးကလေး ရှိသည်။ သမီးတို့တိုက်ခန်းက ကျဉ်းကျဉ်းမို့ လူနေအိမ် ဆိုတာထက် ဟိုတယ်အခန်းတစ်ခုနှင့်ပင် ပိုဈတူနေသည်။ သို့ပေမဲ့ အခန်းဖွဲ့စည်းပုံလေးက စနစ်တကျရှိပြီး ပစ္စည်းပစ္စယ နည်းပါးသူတွေမို့ အိမ်ခန်းကလေးက သူ့နေရာနှင့်သူ အဆင်ပြေကာ နေချင့်စဖွယ်လေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သိမ့်ရဲ့သဒ်ိး ယမုန်သည်လည်း သူမပိုင်ဆိုင်သည့် အိမ်ခန်းကလေးနှင့် သူမ၏ မိသားစုဘဝလေးကို သပ်သပ်ရပ်ရပ် စနစ်တကျဖြစ်အောင် ထိန်းသိမ်းကွပ်ကဲနိုင်လိမ့်မည်ဟု သိမ့်က ထင်ခဲ့သည်။

ဒါပေမဲ့ လောကကြီးမှာ ကြိုတင်မှန်းဆ၍ မရနိုင်သော အရာများစွာ ရှိနေကြောင်း သိမ့် တစ်ခါတစ်ရံမှာ မေ့လျော့နေတတ်ပါသည်။

ညှိခန်းလေးက လေအေးစက်ကြောင့် စိမ့်အေးနေပြီး ခပ်ဖျော့ဖျော့ ရနံ့တစ်ခုဖြင့် ဖုံးလွှမ်းသင်းထုံနေသည်။ လောလောဆယ်မှာတော့ စိတ်မောလူမော ဖြစ်နေသည့် သိမ့်သည် ညှိခန်းထဲက ဆက်တီရှည်ပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ထိန်းချုပ်ခဲ့ရသည့် စိတ်အစဉ်ကို လျှော့ချပစ်လိုက်မိသည်။

"မေမေ ... ဘာသောက်မလဲ"

သမီးက ရေခဲသေတ္တာရှေ့မှာ ရပ်လျက်မေးသည်။

"ရေ အေးအေး တစ်ခွက်"

"သံပရာရည်လေး သောက်မလားမေမေ။ သမီး ဖျော်လိုက်မယ်။ မကြာပါဘူး"

"မသောက်ချင်ပါဘူးအေ"

သိမ့် အသံက နည်းနည်းတော့ ညည်းညည်းညူညူဆန်သွားသည်။ တကယ်တော့ သမီးလေးသည် မိခင်ဖြစ်သူထံ အားကိုးတကြီး လှမ်းခေါ်ရပေမဲ့ သိပ်တော့ မျှော်လင့်ထားပုံ မရပါ။ ပြီးတော့ သူမ၏ အတွေးတွေထဲမှာ သိမ့် ရှိနေပုံ မရပါ။ ဒါဟာလည်း သဘာဝတရား တစ်ခုပါပဲ ...။ အဲသည်အတွက်ကြောင့်တော့ သိမ့် စိတ်မထိခိုက်ချင်ပါ။ ဝမ်းမနည်းမိချင်ပါ။ သိမ့်သည် ယမုန်၏ အသက်အရွယ်ကို ဖြတ်ကျော်ခဲ့ပြီးတာ သက်တမ်း နှစ်ဆယ်ကျော်ပြီ ဆိုပေမဲ့ အဲသည် ကာလတွေကို လုံးလုံးလျားလျား မမေ့သေးပါ။

"သံပရာရည်တွေ ဘာတွေ လုပ်မနေနဲ့တော့ ...။ တင်အောင်မိုး မရှိဘူး မဟုတ်လား။ ဘာတွေ ဖြစ်ကြသလဲ ဆိုတာ မေမေ့ကို ပြောပြ ...။ မေမေ သိမှ သမီးတို့ ပြဿနာကို တနည်းနည်းနဲ့ ဖြေရှင်းပေးလို့ ရမှာပေါ့။

လာ ... ဒီမှာ ထိုင် ..."

သိမ့်က ... မျက်နှာချင်းဆိုင်မှ ဆက်တီမှာ သမီးထိုင်ဖို့ ညွှန်ပြလိုက်သည်။ သမီးက ရေဖန်ခွက်ကို လှမ်းပေးရင်း သိမ့် ညွှန်ပြသည့် နေရာမှာ ရိုကျိုးစွာ ထိုင်သည်။ နွမ်းရော်နေသည့် သမီးမျက်နှာကို မြင်ရသည်က သိမ့်အတွက် ပိုပြီး စိတ်ပင်ပန်းစေသည်။ ယခုအချိန်အထိ သမီးသည် သိမ့်အတွက် စိတ်ကျေနပ်ဖွယ် ဂုဏ်ယူဖွယ် သမီးတစ်ယောက် ဖြစ်နေသေးသည်။ ပြီးတော့ ယမုန်သည် (အိမ်ထောင်ရေး တစ်ခုကလွဲလျှင်) မိခင်၏ စကားကို အစဉ်တစိုက် နာခံခဲ့သူလေး ဖြစ်သည် ...။

ယမုန် အတွက် သိမ့် ဘာများ အဆုံးအဖြတ် မှားယွင်းသွားခဲ့ပါလိမ့် ...။







www.burmeseclassic.com

www.burmeseclassic.com



ယမုန့်ကို စိတ်ဆင်းရဲစေမည့် အနာဂတ်တစ်ခုကို သိမ့်က ဖွတ်အတင်း ဖန်တီးခဲ့ပြီး သမီးလက်ထဲ ထည့်ခဲ့မိလေသလား ...။

မဟုတ်ပါ။

သိမ့်၏ တစ်ဦးတည်းသာ သမီးလေးသည် သူမ၏ အနာဂတ်ကို သူမဘာသာ ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်သည်။

ညှော်ခန်းကနေပြီး ပိတ်ထားသော အိပ်ခန်းတံခါးများကို မြင်နိုင်ပါသည်။ တိုက်ခန်းငယ်သည် ကျဉ်းမြောင်းပေမဲ့ ရှည်မျောမျောနှင့် အဆုံးမှာ မီးဖိုချောင် ရေချိုးခန်း အိမ်သာ ပူးတွဲလျက်ရှိသော ဟောလ်ပုံသဏ္ဌာန်မျိုး မဟုတ်။ ရေချိုးခန်းတွဲလျက် အိပ်ခန်းကျယ်တစ်ခုနှင့် အိပ်ခန်းကျဉ်းတစ်ခု ပါဝင်သော Room Type အခန်းပုံစံ ဖြစ်သည်။ ထို့ကြောင့် ညှော်ခန်းထဲမှာ ထိုင်နေရင်း အိပ်ခန်းတွေရော မီးဖိုချောင်ကိုပါ လှမ်းမြင်နိုင်သည်။ လူနှစ်ယောက်သည် အခန်းတွေထဲ ဘယ်နေရာမှာ ရှိနေသည်ဖြစ်စေ စကားအမျှင်မပြတ်အောင် ပြောနေနိုင်သည့် နေရာထိုင်ခင်းမျိုး ဖြစ်သည်။ သိမ့် အတွက်တော့ သည်နေရာလေးက ကျဉ်းမြောင်းလှပါသည်။

ပိတ်ထားသည့် အိပ်ခန်းတံခါးတွေကို မြင်နေရသည်မှာ စိတ်မသက်မသာ ရှိလှသည်။ အခန်းငယ်ကလေးသည် တစ်စုံတစ်ရာ၏ အငွေ့အသက်အောက်မှာ ပိတ်လှောင်ခံထားရသလိုပင် သိမ့် ထင်မိသည်။ ခုရားစင်ရှိရာ လှမ်းကြည့်မိတော့ ဘုရား



ညှောင်ရေအိုးမှာ အဝါရောင် သစ္စာပန်းခက်တွေ အနည်းငယ် နွမ်းရော်စ,ပြုပြီ။

"ယမုန်"

ပင့်သက်ရှည်ရှည်ရှိုက်ရင်း ခပ်တိုးတိုး ခေါ်လိုက်မိသည်။ သမီးက မျက်လွှာလေးချပြီး သိမ့် ရှေ့မှာ ယုန်ကလေးတစ်ကောင်လို ငြိမ်ဝပ်နေ၏။

"သမီး ... သူ့ကို ကွာရှင်းချင်တယ် မေမေ"

မြတ်စွာဘုရား ...

အဲဒီ လောက်တောင် ...။

သိမ့်၏ ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားသည်။ သမီး၏ စကားသံသည်လည်း တုန်ခတ်နေသည်ဟု သိမ့် ထင်ပါသည်။

သမီးက သိမ့်ကို မျက်နှာချင်းမဆိုင်ဘဲ ခေါင်းကိုသာ တွင်တွင် ငုံ့ထားသည်။

"အခြေအနေက အဲလောက်ထိ ဆိုးလို့လား သမီးရယ်"

သိမ့်သည် သမီးအနား ဘယ်လိုရောက်သွားသည် ဆိုတာ မသိလိုက်။ သမီးပေးသည့် ရေတစ်ဖန်ခွက်ကို သောက်မိသည် မသောက်မိသည် ဆိုတာကိုပင် သတိမရ ...။

သမီး ဘေးနားသို့ ရောက်သွားပြီး သမီးပခုံးကို ဖက်ထားရင်း လက်ဖဝါးဖြင့် ပခုံးစွန်းကိုအုပ်လျက် ကိုင်လှုပ်နေရင်း မေးခွန်းတွေသာ တစ်ခုပြီးတစ်ခု မေးမိသည်။

www.burmeseclassic.com



သမီးရဲ့ ပြဿနာသည် သိမ့်ရဲ့ပြဿနာပဲ မဟုတ် လား ...

သမီးရဲ့ ပူပန်သောကသည် သိမ့်ရဲ့ ပူပန်သောကပဲ မဟုတ်လား ...။

ဒါပေမဲ့ ...

သမီးရဲ့ ဆုံးဖြတ်ချက်သည် သိမ့် ဆုံးဖြတ်ချက်နှင့် တော့ တူချင်မှ တူပါလိမ့်မည်။

"ဘာကြောင့် ဆိုတာ မေးမနေပါနဲ့တော့ မေမေ။ တခြား သူတွေ အတွက်တော့ လင်မယားကွဲဖို့ လုံလောက်တဲ့ အကြောင်းပြချက် ဖြစ်ချင်မှ ဖြစ်မယ်။ သမီးအတွက်တော့ လုံလောက်နေပါပြီ မေမေ ...။ သမီး သူနဲ့ လမ်းခွဲလိုက် တာ အကောင်းဆုံးပဲ ...

သူ့စိတ်ထဲမှာ သမီးက သူ့ကို တကယ်မကွဲနိုင်ဘူး လို့ ထင်နေတယ် မေမေရဲ့ ..."

သမီးကို သိမ့် အထိတ်တလန့် ကြည့်လိုက်မိသည်။ သမီးရဲ့ မျက်လုံးတွေကို သိမ့် သေချာမမြင်ရပါ။ သို့ပေမဲ့ သမီး ရဲ့ မျက်ဝန်းအိမ်မှာ မာနရိပ်တွေ တောက်ပယှက်ဖြာနေလိမ့်မည် ဆိုတာတော့ သေချာသိနေသည်။

ယမုန်ဟာ သိမ့်ရဲ့သမီးပဲ ...။

"အရာရာတိုင်းမှာ သမီးဟာ သူ့အပေါ် မှီခိုနေရတယ်လို့ သူက ထင်နေတာ"





သမီး မျက်ရည်တွေက သမီးရဲ့ မီးခိုးပြာရောင် ပါတိတ်ထဘီပေါ် တပေါက်ပေါက် ကျလာနေသည်။ သိမ့် နှုတ် ခမ်းတွေက မပြုံးရယ် ရက်အောင်ပင် သမီးကို သနားနေမိပါ သည်။ ပျော့စင်းအိတ်တွဲပြီး ကျောလယ်အထိ ဖြာကျနေသည့် သမီး ဆံပင်တွေကို ပွတ်သပ်နေရင်း သမီးကို ဘယ်လိုစကားလုံးမျိုးနှင့် နှစ်သိမ့်ရမည်ကို ပင်ပန်းတကြီး ရှာဖွေရသည်။ တကယ်တော့ သိမ့် ရင်ထဲမှာ ဖြေသိမ့်စကားလုံးတွေ ရှိမှမရှိဘဲ ...။

အရင်ကလို တစ်ကိုယ်ကောင်း ဆန်ဆန်သာ ဆို လျှင်တော့ ...

[သမီး ... မေမေ့အိမ် ပြန်လိုက်ခဲ့]

လို့ ပြောလိုက်ရုံပဲ ...။

ဒါပေမဲ့ ... အမေ့အိမ်မှာ ချစ်သူ လာချော့နိုး မျှော် လင့်နေမည့် သမီးကို သိမ့် မမြင်ချင်ပါ။

သြော် ...

မိန်းမတစ်ယောက်ရဲ့ ခံစားချက် ဆိုတာ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲလေ သမီးရဲ့"

သမီးက သိမ့်ကို ဆတ်ခနဲ ခေါင်းမော်ကြည့်ပါသည်။ မျက်ရည်စိုစွတ်နေသော သမီး မျက်ဝန်းတွေက ရီဝေနေကြသည်။ နုနယ်လွန်းပြီး ကလေးတစ်ယောက်နှယ်ပင် ဖြစ်သော သမီးမျက်နှာလေးသည် သိပ်မကြာခင်ကတော့ မျှော်လင့်ချက်များစွာဖြင့် လန်းဆန်းတက်ကြွနေခဲ့သေးသည်။ နှာတံထိပ်ဖျားလေး ကော့နေပုံ ... အပေါ်နှုတ်ခမ်း ထူထူလေးက အောက်နှုတ်ခမ်းပေါ် အုပ်မိုးတော့မလိုလို နှုတ်ခမ်းနေပုံ ...။

အဲသည် နှုတ်ခမ်းတွေ နှာတံတွေက သိမ့်နှင့်နည်းနည်းလေးမှ မတူပါ ...။

ဟုတ်သားပဲ ...

ယမုန်ဟာ အဖေတူသမီးလေးလို့ သူမ ငယ်ငယ်ကလူတိုင်း မှတ်ချက်ပြုကြတာ။ တကယ်တော့ ယမုန်ဟာ သိမ့်ရဲ့သမီး ဖြစ်သလို သူ့ရဲ့သမီးလည်း ဖြစ်နေသေးသည်လေ ...။

"သမီး ... သူ့ကို မခွဲနိုင်သေးပါဘူးလေ"





သိမ့်ရဲ့ စကားသံက မယုံနိုင်လောက်အောင်ပင် ...အက်နေသည်။ သိမ့်သည် နှုတ်ဖျားက ထွက်လာသည့် စကား...ကို ကိုယ့်ဘာသာ ပြန်ကြားဆဲ ...။ မယုံနိုင်လည်း ဖြစ်နေမိ...ည်။ သိမ့် ရင်ထဲမှာ ရှိနေသည့် စကားတစ်ခွန်းတော့ မဟုတ်... ...။

"ဘာဖြစ်လို့ မခွဲနိုင်ရမှာလဲ မေမေ"

နှစ်ဆယ့်ကိုးလက်မ တယ်လီဗေးရှင်း အကြီးကြီး...ပေါ်မှာ ထောင်ထားသည့် ဓာတ်ပုံစတင်း(န်)လေးထဲမှာ သမီး...ည် သဇင်ပန်းတွေ ဝေနေသည့် ဘီးဆံထုံး၊ ပုလဲရောင် သတို့...မီးဝတ်စုံကလေးဖြင့် မခို့တရို့ ပြုံးရယ်လျက်ရှိသည်။ အဲသည်...ပြုံးမျိုးကို သိမ့် ပြန်မြင်ရချင်ပါသည်။

"သမီးတို့ အိမ်ထောင်ကျတာ နှစ်နှစ်ကျော်လေးပဲ ရှိသေးတယ် ...။ သူ့ကို ခွဲနိုင်တယ် မခွဲနိုင်ဘူး ဆိုတာ ပြောဖို့စောလွန်းပါသေးတယ် သမီးရယ် ...။ ခု ဖြစ်နိုင်တဲ့ ပြဿနာဟာ သမီးတို့ တစ်ယောက်ကို တစ်ယောက် နက်နက်ရှိုင်းရှိုင်း နားမလည်နိုင်လို့ ဖြစ်ရတဲ့ ပြဿနာမျိုးပဲ ဖြစ်မှာပါ ..."

"သူ့ကို နားလည်ဖို့ သမီး ကြိုးစားခဲ့တာပဲ မေမေ။ သမီးဘက်က အလျှော့ပေးနေတာကို သူက သူ့ကိုယ်သူ သိပ်ဟုတ်နေတယ် ထင်နေတာ။ သူ့ဘက်က မှန်နေလို့ သမီးက အလျှော့ပေးနေတယ်လို့ သူက ဘင်နေတာ။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်လို့ လိုက်လျောခဲ့တာ အလျှော့ပေးခဲ့တာလို့ သူ
နည်းနည်းမှ မတွေးဘူး”

ရင်ဘတ်ထဲ ဒိတ်ခနဲ သွေးခုန်နှုန်းတွေ ဆောင့်တ
သွားသည်။ လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ခန့်က သိမ့် ကိုယ်တိုင
သည်စကားတွေကို ရေရွတ်ခဲ့ဖူးသည် ထင်ပါရဲ့ ...။ ဒါပေ
ယခု သမီး ရင်ဆိုင်နေရသည့် ပြဿနာသည် သိမ့် ရင်ဆိုင်ခဲ့
သည့် အခြေအနေလောက် မဆိုးရွားဘူး ထင်မိသည်။ သည်
မဟုတ်လျှင်လည်း သမီးရဲ့ပြဿနာက သိမ့် ရင်ဆိုင်ခဲ့ရသည်ထ
အဆ,ပေါင်းများစွာ ဆိုးရွားပြင်းထန်နေသည်လား။ တင်အောင်မ
သည် သမီးကိုယ်တိုင် ရွေးချယ်ခဲ့သည့် သမီးရဲ့ချစ်သူ ဖြစ်သည်

“အဲဒါကို သမီးက ခံပြင်းတာ ...။ သမီးဘဝမှာ သူ မ
လို့ ဘာမှ မဖြစ်ဘူး ဆိုတာ သူ ကောင်းကောင်း သိ
ရမယ်၊ မေမေ ...”

သမီးက လှုပ်ခတ်နေသည့် မခံချိ မခံသာ လေ
လေးဖြင့် ပြောပါသည်။

“ဒါဆို သူ့ဘဝမှာ သမီး မရှိရင် ဖြစ်တယ်လို့ ... သူ
ဘက်က ပြောလာရင်ကော ...”

“အို ...”

ရုတ်တရက် သမီးသည် ရှုံ့ရှုံ့ရှားရှား၊ မာန်ထ
လာပြီးမှ သိမ့်ကို နားမလည်နိုင်သလို မျက်လုံးမျိုးဖြင့် ဆတ်ခ
လှည့်ကြည့်လာသည်။





သိမ့်သည် ပထမဆုံး အကြိမ်အဖြစ် သမီးကို
ကြက်သောင့်သက်သာ ပြုံးပြလာနိုင်သည်။ သိမ့်ရဲ့အပြုံးကို သမီး
နားလည်ဟန် မတူပါ။

“ယောကျ်ားတွေနဲ့ ရင်ဆိုင်တဲ့ နေရာမှာ ကိုယ့်ကိုယ်ကိုယ်
သိပ်အထင်ကြီးနေလို့ မဖြစ်ဘူး သမီးရဲ့။ သူဟာ ငါ့ကို
ခွဲလမ်းနေမှာပါ။ သူဟာ ငါ့ကို မခွဲနိုင် မခွာရက် ဖြစ်နေ
မှာပါ။ သူ ငါ့ကို မစွန့်လွှတ်ရဲပါဘူးလို့များ ယောင်မှား
မတွေးလေနဲ့ ...

မိန်းမတစ်ယောက်ကို မရခင်တုန်းမှာတော့ အဲဒီလို
အတွေးတွေဟာ မှန်ကောင်း မှန်လိမ့်မယ်၊ ဒါပေမဲ့ ရပြီး
သွားပြီ ဆိုတာနဲ့ အားလုံး ဆန့်ကျင်ဘက် ဖြစ်သွားပြီလို့
မှတ်လိုက်။ သူတို့ အသည်းအသန် ကြိုးစားရယူခဲ့တဲ့ တန်
ဖိုးကြီးတဲ့ အရာဟာ သူတို့လက်ထဲ ရောက်သွားပြီးပြီဆို
ရင် အဲဒီတန်ဖိုးဟာ အလိုလို လျော့ကျသွားတော့တာပဲ။

ဒါဟာ မေမေ ပထမဆုံး ပြောတဲ့စကား မဟုတ်ဘူး
နော်။ သမီးမှာ ချစ်သူ မရှိခင် အချိန်တွေကတည်းက
မေမေ သမီးကို ပြောဖူးပါတယ် ...”

သိမ့် ရင်ဘတ် တစ်ခုလုံး နာကျင်လျက် ရှိသည်။
သည်ချောင်းတွေထဲ သွေ့ခြောက်နေသည်။ သည်စကားလုံးတွေကို
သိမ့် နှစ်ပေါင်းများစွာ သိမ်းဆည်းထားခဲ့ရပြီး သိမ့် ရင်ထဲမှာ
နစ်နီးပါး ရေရွတ်နေခဲ့မိသည် ဆိုတာကို သမီးကတော့ အမှ



www.burmeseclassic.com

www.burmeseclassic.com



မထင်သာ ရှိမှာဝါ။ ဘယ်လိုပဲဖြစ်စေ ... တစ်ဦးတည်းသော သမီး လေးအတွက် သည်လိုစကားမျိုးတွေကို သိမ့် မရေရွတ်လိုပါ။ မရေရွတ်လိုသည့်ကြောင့်လည်း သမီး ယောကျ်ားတစ်ယောက် ယောက်ကို မချစ်မိပါစေနှင့်' ဟု သမီး အရွယ်ရောက်ချိန်က စ ပြီး သိမ့် ဆုတောင်းခဲ့ရတာပေါ့။

သိမ့်ရဲ့ ဆုတောင်းက မပြည့်လာခဲ့ပါ။

သမီးနှင့် တင်အောင်မိုး ချစ်သူတွေ ဖြစ်ခဲ့ကြသည်။

[ယောကျ်ားတွေဟာ သိပ်တစ်ကိုယ်ကောင်းဆန်တဲ့ သတ္တဝါ တွေ သမီးရဲ့]

သည်လို သိမ့်က ပြောလျှင် သမီးက သိမ့်ကို ခပ် စွေစွေကြည့်ရင်း ပြုံးတတ်ပါသည်။ သမီးရဲ့ အဲသည် အပြုံးကို သိမ့် သိပ်နားလည်တာပေါ့။

မိန်းမတွေလည်း တစ်ကိုယ်ကောင်း ဆန်တာပါပဲ မေမေရယ် ... တဲ့။

ယမုန်က သိမ့်ကို သည်လို ပြန်ပြောခဲ့သည်။

[ယောကျ်ားတွေက သိပ်မေ့တတ်တာ သမီးရဲ့။ သမီးချည်း စားဘဝမှာ ပေးခဲ့သမျှ ကတိတွေအားလုံး အိမ်ထောင်သည် ဘဝ ရောက်တော့ လွယ်လွယ်နဲ့ မေ့ကုန်ရော ...]

ဆိုတော့ သိမ့်ရဲ့ ရင်ကျက်လှသည့် သမီးက "မိန်းမတွေကလည်း သိပ်လောဘကြီးဖို့ မကောင်းဘူးပေါ့ မေမေ" တဲ့။





ဟုတ်ပြီ ...။

ခုတော့ ... မရွေယမုန် တစ်ယောက် ကိုယ့်ကိုယ်ကိုယ် လောဘကြီးလာပြီလို့ မထင်တတ်တော့ဘူးပေါ့ ...။

"ခုချိန်မှာ သမီးဟာ ဒီအိမ်ထောင်ကို မပြိုခွဲအောင် ဘယ်လို ထိန်းသိမ်းရမယ်၊ သူ့ကို ပျော့ပျော့ပျောင်းပျောင်းနဲ့ ဘယ်လို ကိုင်တွယ်ညှိနှိုင်းရမယ် ဆိုတာကိုပဲ စဉ်းစားသင့် တယ် သမီး။ ကိုယ့်ဘက်က အလျှော့ပေးသင့်ရင်လည်း အလျှော့ပေးရမှာပဲ ..."

"မေမေ"

သမီးက သိမ့်လက်မောင်းကို ခပ်တင်းတင်းဆုပ်ပြီး ကိုင်လှုပ်နေပါသည်။

"ဘာလို့အလျှော့ပေးရမှာလဲ။ ဘာလို့ အလျှော့ပေးရမှာလဲ ...။ သမီး သူနဲ့ကွဲနိုင်တယ် မေမေ ...။ သမီး မေမေ့ အိမ်ကိုလိုက် မယ်။ သူနဲ့ အတူ နေရတာ သမီး ငရဲကျနေသလိုပဲ ..."

သမီး မသိအောင် သိမ့် ပင့်သက်ခိုးရှိုက်မိသည်။ သမီးကတော့ သိမ့် ပခုံးမှာ မျက်နှာအပ်လျက် သိမ့် အင်္ကျီလက် မောင်းတွေ ရွှဲနှင့်နေအောင် မျက်ရည်တွေသာ အဆက်မပြတ်ကျ နေလေသည်။

"သမီးဟာ မေမေ့သမီးပါ မေမေရယ်။ သမီး စိတ်ဆင်းရဲ နေတာ မေမေ ကြည့်ရက်သလား။ သမီး ... မေမေ့အိမ်ကို လိုက်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ကတော့ သမီးဟာ မေမေ့ရဲ့အိမ်ကို ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနဲ့ ကျောင်းထွက်သွားခဲ့တာ မဟုတ်လား ...။

သို့ပေမဲ့ ခုလို အချိန်မျိုးမှာ သိမ့်သည် သမီးကို သည်လို စကားနာ မထိုးချင်ပါ။ သမီးရဲ့မျက်ရည်တွေကို နားလည်နေရတာက သိမ့်အဖို့ ကြေကွဲစရာပင် ဖြစ်သည်။

"မေမေ ... တင်အောင်မိုး ပြန်လာတဲ့ အချိန်အထိ သမီး အနားမှာ စောင့်ပေးပါ့မယ်။ သူ ပြန်လာတော့မှ တို့ သွားကြတာပေါ့ ..."

"ဟင့်အင်း ... သမီး သူ့ကို မျက်နှာချင်း မဆိုင်ချင်တော့ဘူး မေမေ"

သမီး မျက်လုံးထဲက နာကျင်ရိပ်တွေကို သိမ့် ဘယ်လောက် အတိုင်းအတာ အထိဟု မခန့်မှန်းတတ်ပါ။ ခင်ပွန်းသည်ကို စိတ်နာကြည်းနေသည့် သမီးသည် ခင်ပွန်းဖြစ်သူ၏ ဆိုးကွက်တွေ အားလုံးကိုလည်း မိခင်ဖြစ်သူ သိအောင် မချွင်းမချန် ပြောလိုစိတ် ရှိပုံမရပါ။

ဒါဟာ ... ခင်ပွန်းသည်ရဲ့ သိက္ခာကို ကာကွယ်လိုတာလား ...။

မိမိရဲ့ မာနတရားကို ကာကွယ်လိုတာလား ...။

သမီး ရင်ထဲကို သိမ့် မမြင်နိုင်ပါ။ ဒါပေမဲ့ သမီး ယမုန်သည် သူမ၏ ခင်ပွန်းသည် အပေါ်မှာ ခွင့်လွှတ်ဖို့ မျှော်လင့်နေဆဲ ဆိုတာကိုတော့ သိမ့် သိနေသည်ပင် ...။





"ယမုန်ရယ် ... မောင် မှားသွားပါတယ် ...။ မောင့်ကို ခွင့်လွှတ်ပါ"

ဆိုသည့် တောင်းပန်စကားကို၊ နှင်းဆီပန်း အဖြူတစ်ပွင့်ကို၊ အိပ်ခန်းတံခါးခေါက်သံ တစ်ခုကို၊ အမေ့အိမ် ပြန်ရောက်လျှင် သမီး မျှော်လင့်နေမည် ဆိုတာ သေချာပါသည်။

"မေမေ ခဏစောင့် ...၊ သမီး ပစ္စည်းတွေ သိမ့်လိုက်ဦးမယ်"

"နောက်မှ လာယူလည်း ရတာပါပဲ သမီးရယ်"

သမီးက သိမ့် ဘေးကနေ ဖြုတ်ခနဲ ထ,သွားသည်။ အခန်းထောင့်ဆီက တယ်လီဖုန်းမြည်သံ ကြားတော့ သိမ့်သည် အိပ်ခန်းထဲက သမီးဆီ ခေါင်းပြူကြည့်မိသည်။ ဗီရိုထဲက အဝတ်တချို့ကို ခရီးဆောင်အိတ်ထဲ ပြောင်းထည့်နေသည့် သမီးက သိမ့် မမြင်အောင် ဗီရိုတံခါးရွက် အကွယ်မှာ မျက်ရည်သုတ်ရင်း ...

"မကိုင်နဲ့မေမေ ...။ သူပဲ ဖြစ်မှာ ..."

တဲ့ ...။

သမီးကို သိမ့် မသနားဘဲ မနေနိုင်ပါ။ အိမ်ထောင်သည်ဘဝရဲ့ စမ်းသပ်စစ်ဆေးချက် များစွာကို သမီး ကြိမ်ဖန်များစွာ ကြုံရလိမ့်ဦးမည် ...။ မိန်းမသားတစ်ယောက် ဘဝမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ ကိုယ်ပိုင်ခံစားခွင့်နှင့် ကိုယ့်ရဲ့တိုးတက်မှု၊ အရည်အချင်း စသည် စသည် များစွာကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီး ပေးဆပ်ရခြင်းများကိုသာ ဆက်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်သော အိမ်ထောင်သည်ဘဝကို မိန်းမများသည် အစဉ်တစိုက်ပင် မိုက်မဲစွာ ခံယူခဲ့ကြသည်။ ပြီးတော့ နောင်တ,တွေလည်းရမြဲဖြစ်သည်။

သိမ့်သည် ဆုံးရှုံးခဲ့ရသမျှကို နောင်တ,ရမြဲ ဖြစ်သော်လည်း ခံစားချက်တွေ အားလုံး သမီးကို မမျှဝေနိုင်ခဲ့သည်မို့သာ ခုလိုအချိန်မှာ သမီးရဲ့အရှုံးကို လက်ပိုင်ကြည့်နေရခြင်း ဖြစ်နိုင်သည်။

ဒါပေမဲ့ ... သမီးကို အထီးမကျန်စေရပါ။ ဘဝတစ်လျှောက်လုံး မနာကျင်စေရပါ။ ပြီးတော့ သမီးသည် သိမ့်လိုတစ်ဖက်သတ် အဆိုးမြင်ဝါဒသမား မဖြစ်စေရ။ လောကကြီးကို မရောင့်ရဲနိုင်သော အလိုလောဘကြီးသူ မဖြစ်စေရ။

"မေမေ့ အိမ်မှာ သူ လာအခေါ်ကို စောင့်မနေဘူးလို့ သမီး အာမခံနိုင်ရဲ့လား"

အခန်းတံခါးဝမှာ ရပ်ပြီး သိမ့်က သမီးကို မေးလိုက်သည်။ သမီးကတော့ ခေါင်းငုံ့ထားရင်း မျက်ရည်တွေ သုတ်နေရဆဲ ဖြစ်ပါသည်။

တကယ်တော့ ဖြေစရာ မလိုအပ်တဲ့ မေးခွန်းမဟုတ်လား ...။





ကွန်ပျူတာရှေ့မှာ အီးမေးလ် စောင့်နေသည့် သိမ့်အနား သနပ်ခါးရနံ့ အေးအေးကလေး အလျှင်ဆုံး ရောက်လာသည်။ အဲသည် ရနံ့သည် သိမ့်အတွက် ပြည့်စုံစေခြင်းတွေထဲက တစ်ခုဖြစ်သည်။ သိမ့်ဘဝမှာ သမီးသည် နောက်ဆုံးခွဲခွာသွားသူဖြစ်လေမလားဟု အထိတ်တလန့် တွေးခဲ့ရသည့် ညတွေက နောက်မှာ ကျန်ရစ်ခဲ့ပြီ။

တကယ်တမ်း သမီးက သိမ့်ကို ခွဲခွာသွားသည့်အခါမှာတော့ သိမ့်သည် ဘယ်လောကမှ မထူးဆန်းသည့် သဘာဝတရားတစ်ခုကို ညင်ညင်သာသာပင် နားလည်လက်ခံနိုင်ခဲ့သည်။ ဒါပေမဲ့ သနပ်ခါး ရနံ့လေး အနားမှာ ပြန်ရတော့ သိမ့်သည် နံဘေးမှာ သမီးရှိနေလျက်ပင် သမီးကို ပြန်လွမ်းဆွတ်နေခဲ့သည်။

သိမ့်ရဲ့ ဟိုစဉ်က သမီးငယ်လေးကိုပေါ့ ...။

ငယ်စဉ်ကပင် သမီးက သနပ်ခါးကို အလွန်ကြိုက်သည်။ ရေချိုးပြီးတိုင်း တစ်ကိုယ်လုံး သနပ်ခါး ဖွေးနေအောင်

www.burmeseclassic.com



လိမ်းပေးရသည်။ ပြီးတော့လည်း ရှင်မတောင်စစ်စစ် အပွေးရင့်ရင့်မှ ...။ ဘယ်လောက်ပဲ သနပ်ခါးဈေးကြီးသည် ဆိုဆို နိုင်ငံခြားဖြစ် အလှပြင်ပစ္စည်းတွေ ဈေးနှုန်းနှင့်ယှဉ်လျှင် ကွာလွန်းလှတာမို့ သမီး သနပ်ခါးကြိုက်တာကိုပင် သိမ့်က ကျေးဇူးတင်ရသေးသည်။ ပြီးတော့ သမီးသည် အလှအပကို မခုံမင်၊ အပေါ်ယံအဆင်တန်ဆာကို မနှစ်သက်တတ်သည်မှာ အဖေတူသမီးပေမို့လား မသိ။ "သမီးတစ်ကောင် နွားတစ်ထောင်"ဟူသော စကားပုံကို သိမ့် သိပ်ပြီး မရင်းနှီးလိုက်ရသည်မှာ သမီးရဲ့ ကျေးဇူးကြောင့်ပဲဟု ကောင်းကွက်ကလေးတွေ အတော်များများကို မကြာခဏပြန်သတိရသည်။

အဆိုးတွေ မရှိဘူးရယ်တော့ မဟုတ် ...။ သမီးရဲ့ အပျင်းထူ၊ အအိပ်မက်၊ လက်ကြောမတင်း တတ်တာတွေက သိမ့်ကပဲ အဆုံးအမ၊ အကွပ်အညှပ် နည်းခဲ့လို့လား ...။ အဖေဘက်က မျိုးရိုးကို တူသည်လား မသိ ...။

လောဘနည်းပြီး ရောင့်ရဲတတ်တာဟု အကောင်းဘက်က တွေးချင် တွေးနိုင်ပေမဲ့ ငယ်စဉ်ကပင် ပြိုင်ဆိုင် အနိုင်လိုချင်စိတ် နည်းခဲ့သည့် သမီးသည် ဆယ်တန်းဖြေတော့ ရိုးရိုးမေဂျာ အဆင့်သာ ရခဲ့သည်။ သိမ့်ကသာ အားမလို အားမရ ဖြစ်ခဲ့ရတာ။ ဝမ်းနည်း စိတ်ထိခိုက်ခဲ့ရတာ ...။

သမီးကတော့ စာအုပ်တွေ ဖတ်မပျက်၊ ရုပ်ရှင်ကြည့်မပျက် ...။





[မေမေ ကတော့ ရှားတယ် ...။ သမီးတော့ မေမေ့လောက် မာနမကြီးနိုင်ပေါင်]

အဲဒါက သမီးရဲ့ မိခင်အပေါ် တစ်မျိုးတည်းသော မှတ်ချက်စကား ...။

"မေ့ ... စာက မလာသေးဘူးလား"

သိမ့်က လည်ပြန်နေအောင် နောက်လှည့်ပြီး သမီးကို ကြည့်လိုက်သည်။ ကျောလယ်ထိ ဆံပင်စင်းစင်းတွေကို နောက်ဘက်မှာ နှစ်ဖက်ခွဲပြီး ကျစ်ဆံမြီးနှစ်ခုက ကျစ်ထားသည်။ သနပ်ခါးကို ပါးကွက်ပါးပါး လိမ်းခြယ်ထားသည်။ မျက်ခုံးတွေကတော့ နက်သည်ဆိုရုံမို့ ခဲလေးတော့ ဖြည့်ဆွဲရလိမ့်မယ် ထင်သည်။ အိမ်နေရင်း တီရှပ်ပွပွနှင့် အင်ဒိုနီးရှား ပါတိတ်အနွမ်းနှင့် သမီးသည် ဆယ်ကျော်သက် ကျောင်းသူလေး တစ်ယောက်လိုပင် နုပျိုလန်းဆန်းနေခဲ့သည်။

"ဆို ... ဘာလုပ်မလို့တုန်း"

"ရုပ်ရှင်လေး ဘာလေး မကြည့်ချင်ဘူးလား။ အမွှေသွားငှားမလို့ ..."

"ဒါများ ..."

"မေ တစ်ယောက်တည်း ဖြစ်ရဲ့လားလို့ပါ"

"အပိုတွေ"

သိမ့်က နှုတ်ခမ်းကိုမဲ့ပြီး ပြုံးလိုက်သည်။ သမီးက ဆုံလည်ခုံ နောက်ကျောမှီမှာ လက်ထောက်ရပ်သည်။

www.burmeseclassic.com



"သမီး ... မရှိတော့ မေမေ တစ်ယောက်တည်း ပျင်းနေမှာပဲ နော်"

ဒါဟာ ကရုဏာတရားလား ...

သူမရဲ့ လျစ်လျူရှုမှုအတွက် ဖြေသိမ့်စကားလား။ မကွဲပြားပါ။ လူတွေကို အယုံအကြည် နည်းတတ်တာကတော့ သိမ့်ရဲ့ ပင်ကိုယ်အားနည်းချက်ပဲ ဖြစ်သည်။ အယုံအကြည် နည်းတတ်ပေမဲ့လည်း သိမ့် မျက်စိမှိတ်ပြီး ယုံပစ်လိုက်သည့်ချည်း ပါပဲလေ ...။

"ပျင်းဖို့တောင် အချိန်မရပါဘူးတော် ..."

သိမ့်က သမီးကို ကျော့ခိုင်းရင်း ပြန်ပြောလိုက်သည်။

"မေမေကလေ ..."

သမီး နှုတ်ခမ်းကြီး စူပွသွားလိမ့်မည် ဆိုတာ သိမ့် သိနေပါသည်။

"သိပ် မာနကြီးတာပဲ"

ဟုတ်မှာပေါ့ ...။

ဒါပေမဲ့ လူတစ်ယောက်မှာ ရှိသင့်တဲ့ မာနတော့ ရှိရမယ် သမီးရဲ့ ...။

သိမ့်က သမီးကို အသံတိတ် ပြောလိုက်သည်။ သမီးရဲ့ ခြေသံကို ခပ်တိုးတိုး ကြားရပါပြီ။ ပြီးတော့ တံခါးဖွင့်သံ ဖိနပ်ကို ရှပ်တိုက်စီးသံ ... ခပ်ဖွဖွ တံခါးပြန်ပိတ်သံ ...။





အိမ်ရှေ့တံခါးကို ပြန်ပိတ်ဖို့ သမီး မမေ့တော့ဘူး ပေါ့ ...။

ဒါဟာ အိမ်ထောင်သည်ဘဝမှာ သမီးရဲ့ တိုးတက်လာမှုတွေထဲက တစ်ခုပေါ့ ...။ သိမ့် တစ်ယောက်တည်း ကျေကျေနပ်နပ် ပြုံးလိုက်မိပါသည် ...။



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းက သမီး ထွက်သွားပြီး ငါးမိနစ်ကျော်ကျော်မှာ မြည်လာခဲ့သည်။ ခုတလောမှာ တယ်လီဖုန်းသံတွေက သိမ့်တို့ သားအမိကို စိတ်အနှောင့်အယှက် ဖြစ်စေပါသည်။ ခုတလော ဆိုတာက သမီး ရောက်လာပြီး သည်ကနေ့ ညနေအထိ ပေါ့။ ဗုဒ္ဓဟူးညနေက သမီး အိမ်ပြန်ရောက်ခဲ့သည်။ ကြာသပတေး တစ်နေ့လုံး တယ်လီဖုန်းခေါ်သံကို သိမ့်မျှော်မိသည်။ သမီးအတွက် ဖုန်းခေါ်သံ တစ်ခုကိုပေါ့ ...။ သမီး ကိုယ်တိုင်လည်း ဖုန်းမျှော်နေလိမ့်မည် ဆိုတာ သိမ့် သိနိုင်ပါသည်။ ဒါပေမဲ့ ဝင်လာသမျှ ဖုန်းတွေက သိမ့်အတွက်ချည်းပါပဲ ...။ သမီးကို သနားစိတ်ဖြင့် သိမ့် တိတ်ဆိတ်နေမိသည်။ သမီးဟာ သူ့ကိုယ်သူ အားတင်းဖြတ်ကျော်သွားရမည် မဟုတ်လား ...။

"ဟုတ်ကဲ့ ... သိမ့်သိမ့် ပါ"

"မေမေ ..."

ကိုယ့်ဘာသာ မသိလိုက်ဘဲ သက်မရှည်တစ်ခုကို ချဖြစ်လိုက်သည်။





"ကိုမိုး"

"ဟုတ်ပါတယ် မေမေ ... ကျွန်တော် ယမုန်နဲ့ ပြောချင်လို့"

"ယမုန် မရှိဘူး"

"ဗျာ"

အဲသည် အာမေဍိတ်သံမှာ စိုးရိမ်ပူပန်ခြင်းတွေ စိတ်ရှုပ်ထွေးခြင်းတွေ ရောစွက်နေသည်ဟု သိမ့် ကောင်းစွာခံစားမိလိုက်သည်။ အခြေအနေ မဆိုးလောက်သေးပါဘူးလေ ...။ အမေ့အိမ် ဆိုတာ ပြဿနာတွေကို ရှောင်ပြေးဖို့ အခိုက်အတန့် ကွန်းခိုဖို့ ဆိုတာလောက်ကို သူတို့ သဘောပေါက်ထားကြမည် ဆိုလျှင် သည့်ထက် ပိုပြီး အခြေအနေ မဆိုးနိုင်ပါ ...။

သိမ့်မှာတော့ ပြေးစရာမြေ မရှိခဲ့ဘူးလေ ...။

ရင်ထဲမှာ ခံစားရသမျှ ဖွင့်ချပြဖို့လည်း နေရာတစ်ခုပင် မရှိခဲ့ ...။ သိမ့် ကိုယ်တိုင်က မိတ္တူယ်ခံဘဝ မဟုတ်လား။ ဘယ်သူ့ ကူညီဖေးမမှုကိုမှ မရဘဲ တစ်ယောက်တည်းသာ မတ်မတ်ရပ်ခဲ့ရတာ မဟုတ်လား ...။ မျက်ရည်ဆိုတာကို လူသိမခံဝံ့တဲ့ အခြေအနေမျိုး ဖြစ်ခဲ့ရဖူးသည်။

"ယမုန် မေမေ့ အိမ်မှာ မဟုတ်ဘူးလား မေမေ"

"ဪ ... ကိုယ့်မိန်းမ ဘယ်မှာရှိနေတယ် ဆိုတာ မင်းက မေမေ့ကို ပြန်မေးရတယ်တဲ့လား ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က အသံတိတ်သွားသည်။ သည့်ကောင်လေးကို လိမ်ညာပြောဖို့ သိမ့်မှာ ရည်ရွယ်ချက် မရှိပါ။ သို့ပေမဲ့ ... ယမုန် ဆိုတာ သူ့အတွက် ဘယ်လောက်ထိ အရေးပါနေသေးသည် ဆိုတာကိုတော့ သိမ့် အမှန်ပင် သိချင်မိသည်။

ယမုန်ဟာ သိမ့်ရဲ့သမီးမဟုတ်လား ...

"မေမေ ... ယမုန် အိမ်က ဆင်းသွားတယ်"

"ဘယ်သူ မှားတာလဲ"

"ဘယ်သူမှ မမှားပါဘူး မေမေ"

ပြန်ဖြေသည့် စကားသံက မာနရိပ်အပြည့် ရှိသည်။ မကျိုးနွံသည့် ဆတ်တောက်တောက် လေသံမျိုး မဟုတ်တာကိုပင် ကျေးဇူးတင်ရမည်။

"မင်းလည်း မမှားဘူးပေါ့"

"မမှားဘူးလို့ ထင်တယ် မေမေ"

"ယမုန့်ကို မင်း ဘာတွေ မကြိုက်ဘူးလဲ၊ ပွင့်ပွင့်လင်းလင်း ပြောပြပေါ့"

"ပြောပြပါတယ်"

သိမ့်ရဲ့လေသံက သမက်တစ်ယောက်ကို ဖျောင်းဖျဆုံးမနေသည့် ယောက္ခမ တစ်ယောက်၏ လေသံမျိုးမှ ဟုတ်ပါရဲ့လား မသိ ...။ သိမ့်သည် ဘယ်သူ့အတွက်ကြောင့်မှ ကိုယ့်မာနကို အလျှော့မပေးဖူးခဲ့ ...။ (ဟိုတုန်းက ချွင်းချက်တချို့တလေ





တော့ ရှိနိုင်ပါသည်။ သို့ပေမဲ့ အဲသည်လို အလျှော့ပေးရသည့် အဖြစ်မျိုး ကြုံခဲ့ရတိုင်း သိမ့် အရမ်းကို နာကျင်ခံစားခဲ့ရလေသည်)။

"ဒါပေမဲ့ ... သူက မပြင်နိုင်ဘူးတဲ့ မေမေ"

"ယမုန် မကြိုက်တာတွေကို ပြင်ဖို့ကျတော့ရော။ မင်းဘက်မှာ စိတ်ကူးထားတာ ရှိသလား"

တင်အောင်မိုးက ပြန်မဖြေပါ။ သက်ပြင်းရှိုက်သံ ပါးပါးမျှင်မျှင်လေး ဖုန်းထဲကနေ ကြားရသည်။ သိမ့်သည် စိတ်ကူးဖြင့် တင်အောင်မိုး၏ ပုံရိပ်တွေ လှုပ်ရှားဟန်တွေကို လိုက်ဖမ်းနေမိ၏။

"သူက သိပ်လောဘကြီးတယ် မေမေ။ ကျွန်တော့်မှာ အရုပ်တစ်ရုပ်မှ မဟုတ်ဘဲ ...။ သူ ထားသလိုတော့ ဘယ်နေနိုင်ပါ့မလဲ။ ဒါပေမဲ့ မေမေ ... ကျွန်တော့်ဘက်က ဘာတစ်ခုမှ မဟုတ်တာ မလုပ်ခဲ့ဘူး ..."

ဟုတ်မှာပါ ...

ယောကျ်ားတွေဟာ အမြဲမှန်နေတဲ့သူတွေပဲ ...။

သိမ့် ... စိတ်ထဲက ခပ်ချဉ်ချဉ် တွေးလိုက်မိသည်။ ဒါပေမဲ့ ယမုန်သည် သိမ့် မဟုတ် ...။ သည်အချိန်မှာ ဖုန်းလာမည် ဆိုတာ သိလျှင် ယမုန်သည် အနွေငှားဖို့ အိမ်က ထွက်ခွာသွားမှာ မဟုတ်ဘူးဟု သိမ့် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ညှိနှိုင်းဖို့ စိတ်ကူးမရှိကြဘူးလား ...။ ဒါနဲ့မျာ
ယမုန်ကို လိုက်ရှာနေသေးတယ်"

"ကျွန်တော် ညှိနှိုင်းမှာပါ မေမေ"

"ဒါဖြင့် ... ညှိနှိုင်းရမှာပေါ့။ နှစ်ယောက်စလုံးက နည်း
နည်းစီတော့ လျှော့ကြရမှာပေါ့၊ မဟုတ်ဘူးလားကွယ် ..."

"ဟုတ်ပါတယ် မေမေ ... ဒါပေမဲ့ မေမေ့ သမီးက အ
တမ်း သူ့ဘက်က အမှန် ...။ သိပ် တစ်ယူသန်တယ်
မေမေရဲ့ ..."

"မိန်းမ အတော်များများဟာ ဒီလိုပါပဲ သားရယ် ..."

"ဗျာ"

သိမ့် ... တင်အောင်မိုး မျက်နှာကို မြင်ယောင်ကြည်
ပြီး အတော်သနားသွားပါသည်။

"ဒါပေမဲ့ ... မိန်းမ ဆိုတာ ယောကျ်ားတွေကို ခွင့်လွှတ်
ဖို့ အမြဲအဆင်သင့် ဖြစ်နေတတ်ကြတာပါ။ သူတို့ လိုချင်
တာ မင်းတို့ဆီက ခေါင်းလျှိုပြီး ချော့လာမဲ့ စကားတစ်
ခွန်းပဲ ...။ သူတို့ မနာကြည်းခင် အချိန်အထိ မင်းတို့
ဘယ်နှကြိမ်မှားမှား သူတို့က ခွင့်လွှတ်နေမှာပါ ...။

အေး ... နာကြည်းအောင်တော့ မလုပ်မိစေနဲ့ ...

ဒါဟာ ခြိမ်းခြောက်စကားလား ...

လုံးဝ မဟုတ်နိုင်ပါ ...။





ယမုန်ဟာ သိမ့်လို လူတစ်ယောက်ကို တစ်သက်
ဘလုံး တနုံ့နုံ့ နာကြည်းနေတတ်မည့် လူစားမျိုး မဟုတ်ဘူးဆို
ဘာ သိပ်ကို သေချာပါသည်။

"ဟုတ်ကဲ့ မေမေ ... ကျွန်တော် မေမေ့ဆီ လာခဲ့ပါဦး
မယ်"

"အေး ... အေး ... ညကျမှ ဖုန်းထပ်ဆက်ကြည့်ဦး"

"ယမုန် အဲဒီမှာ မဟုတ်လား မေမေ"

"ဘယ်သူက မဟုတ်ဘူး ပြောလို့လဲ ...။ ဒါပေမဲ့ ... ခု
မရှိဘူး"

"သူ ဘယ်သွားတာလဲ"

ဟော ...

ပိုင်နိုင်စိုးမိုးလိုသည့် လေသံမျိုး ...။

အိမ်ထောင်သည် ဘဝ ဆိုတာ တစ်ဦးနှင့်တစ်ဦး
ပိုင်နိုင်သည် လွှမ်းမိုးနိုင်သည်ရယ်လို့ ခံယူထားကြတာ ဆိုတော့ ...

အဲသည် အသိ အဲသည် အတွေးတွေကပဲ ပြဿနာ
လေးတွေက ခေါင်းထောင်ထလာခဲ့တာ။

"အခွေ သွားငှားတယ်တဲ့လေ"

"ဪ ... ဪ ..."

ရယ်မောပစ်ချင်စိတ်ကို ထိန်းလိုက်ရင်း ...

"ကလေးတွေ မဟုတ်တော့ဘူးနော် ...။ ဘာမဟုတ်တဲ့
ပြဿနာနဲ့ ရန်ဖြစ် စိတ်ကောက် လုပ်မနေကြနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးမစကား ဆိုလိုက်ရသည်။ ဒါ ... ဝတ္တရားပဲ လေ ...။

ခုခေတ် ကလေးတွေကတော့ လူကြီးတွေရဲ့ ဆုံးမစကားတွေကို အလွတ်ဘဲ ရနေသလိုလို၊ 'စာအုပ်ကြီးတွေ'ဆိုပြီး ချောင်ထဲမှာ ပစ်ထားလိုက်မှာ သေချာပါပြီ။ ကွန်ပျူတာထဲက ရီဆာကယ်လ်ဘင်(အမှိုက်ပုံး)လို ပစ်ချင်ပစ်ထားပြီး လိုအပ်မှ ထုတ်နှုတ်သုံးတတ်လျှင် တော်သေးရဲ့လို့ အောက်မေ့ရသည်။

"မေမေ့ဆီမှာဆို ကျွန်တော် စိတ်အေးပြီ"

အင်း ... သူ့ခမျာ ပူပန်စိတ်ကော့ ရှိသေးရှာသားပဲ ...။ တစ်သက်တာလုံး တည်မြဲနေပါစေလို့ပဲ ဆုတောင်းရမလား။ အဲသည် ဆုတောင်းက အတွက် ဆန်နေမှာတော့ သေချာပါသည်။

"သူ့ကိုလည်း မေမေ အေးအေးဆေးဆေး ပြောပါဦးမယ်လေ။ အိမ်ထောင်ဆိုတာ သူ့ဘက် ကိုယ့်ဘက် အဆိုးအကောင်းကို အတူမျှယူရတာမျိုးပဲ"

စကားတွေ ပြောနေရင်း သိမ့် ရင်ထဲမှာ နည်းနည်းတင်းကျပ်လာသည်။

"သမီးကို မေမေ့လို မခံစားရစေချင်ဘူးလို့ ကိုမိုးကို မေမေ ပြောခဲ့ဖူးတယ် မဟုတ်လား။ အဲဒါကို ကိုမိုး မမေ့ပါနဲ့ ..."

စက္ကန့်ပိုင်းမျှ စကားသံ ပြတ်တောက်သွားသည်။





"စိတ်ချပါ မေမေ ...။ ကျွန်တော် မမေ့ပါဘူး"

မယုံပြန်ပါ။

သို့ပေမဲ့ မျက်စိမှိတ် ယုံရသည်။ သမီးက သူ့လူဖြစ်ခဲ့ပြီ မဟုတ်လား။ ယောကျ်ားတွေရဲ့ အတ္တ၊ တစ်ကိုယ်ကောင်းစိတ်၊ လျစ်လျူရှုနိုင်ခြင်းတွေကို သမီးရဲ့ နှလုံးသားက သိမ့်လို လိုက်ပြီး ယှဉ်ပြိုင်နိုင်မှာ မဟုတ်ဘူး ဆိုတာ သိနေတော့ သမီးကို အရှုံးတွေချည်း မရ,ဖို့ ဆုတောင်းရုံမှ တစ်ပါး မတတ်နိုင်ခဲ့။

တယ်လီဖုန်းခွက်ကို ပြန်ချပြီးမှ လှေကားက တက်လာသည့် ခြေသံကို ကြားသည်။ တံခါးပွင့်လာသောအခါ တယ်လီဖုန်းအနားမှာ ရပ်နေသည့် သိမ့်ကို မေးခွန်းတွေ များစွာပျော်ဝင်သော အကြည့်တစ်စုံဖြင့် လှမ်းကြည့်နေသည့် သမီးကို မြင်ရသည်။ ကျစ်ဆံမြီး နှစ်ဖက်နှင့် ကလေးဆန်လှသည့် မျက်နှာလေးသည် တစ်ခဏအတွင်းမှာ နေရောင်ပြင်းပြင်းထိသည့် ပန်းလိုညှိုးရော် အိုစာသွားခဲ့သည်။

"တင်အောင်မိုး ဖုန်းဆက်တယ် သမီးရဲ့"

သမီး လက်ထဲမှာ စီဒီယိုခွေတစ်ခွေ ကိုင်လျက်သားရှိသည်။ အချဉ်ထုပ် ဖောက်လက်စ တစ်ထုပ်ကိုလည်း မြင်သည်။

"သမီး ဒီမှာ မရှိဘူးလို့ ပြောလိုက်ရောပေါ့ မေမေ"

"ဘယ်မှာပဲ ရှိရှိ ... တွေ့ချင်တဲ့သူက ရှာမှာပဲပေါ့ သမီးရယ် ...။ သမီး ဒီမှာ စိတ်အေးအေးနေပါ။ ပြီးတော့ သမီး



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့ အနာဂတ်ကို ခေါင်းအေးအေး စဉ်းစားပါ။ သမီးမှာ ခံနိုင်ရည် ဘယ်လောက်ရှိတယ် ဆိုတာ ကိုယ့်ဘာသာ ဆန်းစစ်ကြည့်ပေါ့ ...။

မေမေ့ အထင်တော့ သမီး သူ့ကို မမုန်းပါဘူး ...။ သံယောဇဉ်လည်း မပြတ်ဘူး ...။ သမီး သူ့ကို ချစ်နေတုန်းပဲ ...။ သိပ်လှယ်တဲ့ ပုစ္ဆာကို ရှုပ်အောင်မလုပ်ပါနဲ့"

သမီးက တံခါးကို ပြန်ပိတ်သည်။ ပြီးတော့ အိမ်ထောင်မကျခင်က သူမ နေခဲ့သည့် အိပ်ခန်းထဲ လျှောက်ဝင်သွားပြီး အခန်းတံခါးကို ပိတ်လိုက်သည်။ သမီး ဘာလုပ်မည် ဆိုတာကို သိနေသည့် သိမ့်ကတော့ သမီး အိပ်ခန်းတံခါးကို ခေါက်ဖို့ စိတ်မကူးတော့ဘဲ ဧည့်ခန်းမှန်ချပ်များ အပြင်ဘက်က စက်ဝိုင်းခြမ်းသဏ္ဌာန် ဝရန်တာဆီသို့သာ လျှောက်လာခဲ့သည်။ ညနေခင်းတွေ ဝရန်တာမှာ ရပ်ရတာ တစ်မျိုးအရသာ ရှိပါသည်။ အထီးကျန်ခြင်းကို ခဏတဖြုတ် မေ့လျော့ထား၍ ရသည်။ အထက်စီးက မြင်ရသည့် ပုံသဏ္ဌာန်အမျိုးမျိုးကို စိတ်ကူးတွေထဲထည့်ပြီး ပုံဖော်ကြည့်နိုင်သေးသည်။ အချိန်တွေကြာပြီး ငြီးငွေ့လာလျှင်တော့ ဘုရားခန်းထဲဝင်ပြီး ဘုရားအာရုံပြုမည်။ သမီး မရှိတော့သည့် ရက်တွေမှာ သိမ့်ဟာ သည်လိုပဲ ရှင်သန်နေနိုင်ခဲ့သားပဲ မဟုတ်လား ...။

ကြာပါပြီလေ ...





လောကကြီးမှာ သိမ့်ဟာ ဘယ်သူရှိရှိ မရှိရှိ နေသားကျအောင် ကောင်းကောင်းလေ့ကျင့် ထားခဲ့သည်။

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်က စ,ပြီးတော့ပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



လေးရက်မြောက်လာတော့ ... သမီး မျက်နှာလေး ဘယ်လိုမှ လန်းလန်းဆန်းဆန်း မရှိနိုင်တော့ပါ။ ရောက်ကာစ ရက်တွေကတော့ သမီးက နံနက်ခင်း ဈေးသွားသည်။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ ကြာဆံချက် တစ်ခုခု ချက်စားဖို့ ပြင်ဆင်ရင်း လွတ်ဟာနေသည့် စိတ်ကွက်လပ်ကို ဖြည့်ဖို့ ကြိုးစားသည်။ သူငယ်ချင်းတွေဆီ ဖုန်းဆက်သည်။ ကျောင်းကတည်းက ရင်းနှီးခဲ့သည့် သူငယ်ချင်းတချို့ ရောက်လာသည်လည်း ရှိသည်။ သမီးကို ကြည့်လျှင် ဘဝသစ်တစ်ခု ပြောင်းသူနှင့် တူသည်။ သူမကိုယ်သူမ ထိန်းချုပ်နိုင်အောင် ကြိုးစားရင်း တစ်စုံတစ်ရာထဲမှာ အာရုံနှစ်နေချင်သည် ...။

သိမ့်သည် သမီး မျက်နှာရိပ်ကို ကြည့်ပြီးမှ ရုံးခန်းသွားဖို့ ပြင်ဆင်ရသည်။ တကယ်တော့ သမီးကို သိမ့် အနားမှာ အနီးကပ်ဆုံး ရှိနေစေချင်သည်။ ပြီးတော့ အရင်ကလို သူငယ်ချင်းများနှင့် ဈေးဝယ်၊ ဆံပင်ညှပ်၊ ရုပ်ရှင်ကြည့် သည့်လိုသာ ဖြစ်စေချင်မိသည်။





ခုတော့ သမီးက သူ့ကိုယ်သူ အကျဉ်းချထားသည်။ အိမ်မှာပဲ စာအုပ်ဟောင်းတွေ ရှာဖတ်၊ ဗီဒီယိုကြည့်၊ ချက်ပြုတ်ရင်း အိမ်ထဲက အိမ်ပြင်မထွက်ဘဲ နေသည်။ ခင်ပွန်းသည်အကြောင်း လုံးဝစကားမစဘဲ ငြိမ်သက်နေသည်။ ရုပ်ရှင်ကြည့်ဖမဲ့ သမီး စိတ်တွေ လွင့်ချင်ရာ လွင့်နေတတ်တာကိုလည်း သိမ့်သိနေသားပါပဲ ...။ ဒါပေမဲ့ သမီး ကိုယ်တိုင် သိရမည့် အသိမို့ သိမ့် မသိဟန် မမြင်ဟန် ဆောင်ခဲ့သည်။

ငါးရက်မြောက် နံနက်ခင်းမှာတော့ သမီး သိမ့်အခန်းထဲ ရောက်လာသည်။ ရေချိုးပြီးစ မှန်တင်ခုံရှေ့မှာ ထိုင်နေသည့် သိမ့် ပခုံးကို နောက်မှ သိုင်းဖက်ရင်း ...

"ဒီနေ့ ... ရုံးခန်းသွားမှာလား"

ဟု သမီးက မေးသည်။

"ရုံးခန်း ခဏတော့ သွားကြည့်ဦးမှ သမီးရဲ့ ...။ သမီး လိုက်မယ်လား"

သမီး လိုက်နိုင်မည် မဟုတ်ပါ။ သမီးက ဖလင်ပြားတွေ၊ စာရွက်တွေ ပုံနှိပ်စက်တွေကို စိတ်ဝင်စားသူ မဟုတ်ပါ။ ထို့ကြောင့်လည်း သိမ့်ဟာ ခုချိန်ထိ တစ်ယောက်တည်း ရုန်းကန်နေရဆဲပေါ့။ သမီးက မှန်ထဲမှာ ပေါ်နေသည့် ပုံရိပ်နှစ်ခုကို ငေးကြည့်နေရင်း ခပ်ဖွဖွ ပြုံးလိုက်သည်။ သမီး ပြုံးလိုက်သည်ကို မြင်ရမှ သိမ့်သည် ရင်ထဲက ဘာကို တောင့်တ,နေခဲ့သည် ဆိုတာ ချက်ချင်း သဘောပေါက်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ စိတ်ကြည်လင်ရဲ့လား"

သမီးက မှန်ထဲမှတစ်ဆင့် သိမ့်ကို နှာခေါင်းလေးရှုံ့ပြသည်။ ဖြောင့်စင်းသည့် ဆံပင်တွေ ပခုံးမှာ ဝဲဖြာကျလျက် သမီးရဲ့ မျက်နှာလေးကို ဝန်းရံထားပုံက နူးညံ့လွန်းပြီး ကဗျာဆန်လှသည့် မြင်ကွင်းတစ်ခုပင်။ သမီးဟာ သိမ့်အတွက်တော့ ခုထိနှမြောစရာ ကောင်းနေဆဲပင် ...။

မနုနယ်လွန်းဘူးလားကွယ် ...။

သမီးဟာ အိမ်ထောင်ပြုဖို့ မကောင်းပါဘူး ...။

သိမ့်က တစ်ကိုယ်ကောင်းဆန်ဆန် တွေးမိသည်။

"ဘာဖြစ်လို့ မကြည်လင်ရမှာလဲ မေမေရဲ့"

သိမ့်က သမီးရဲ့ ရင်ထဲကို မြင်နေပြီးသားမို့ လှောင်သလို ရယ်လိုက်မိသည်။ သမီးကတော့ မျက်ခုံးလေးကြုတ်လျက် မှန်ထဲက သိမ့်ကို ငေးစိုက်ကြည့်နေပါသည်။

"မေမေဟာ ဘာဖြစ်လို့ ဒီလောက် နုပျိုနေတာလဲ။ သမီးစဉ်းစားလို့ကို မရဘူး"

"အလိုတော် ..."

"တကယ်ပဲ ... သမီးငယ်ငယ်က သိခဲ့တဲ့ မေမေနဲ့ ခုမေမေဆိုရင် ခုမေမေကတောင် ပိုလှပြီး ပိုနုနေတယ် ...။ သမီးသူငယ်ချင်း အဖျားအနားတွေကဆို မေမေ့ကို မမြင်ဘူးတော့ ဓာတ်ပုံထဲမှာ မြင်လိုက်ရင် အစ်မလားလို့တောင် မေးခံရတယ်"





"ဒေါ်ယမုန်"

သမီးက သည်လိုပဲ တစ်ခါတစ်ရံမှာ မိခင်ကို စိတ်ပါလက်ပါ မြှောက်ပင့်တတ်ပါသည်။ သမီးရဲ့ မြှောက်ပင့်စကားတွေကိုလည်း သိမ့်က သဘောကျတတ်သည်ပင်။

"မေမေဟာ တကယ့်ကို ထိန်းချုပ်နိုင်တာပဲနော်။ ကိုယ့်ကိုယ်ကိုယ် အမြဲ စိတ်ချမ်းသာနေအောင် ... အမြဲ နုပျိုပြီးလှနေအောင် ဘယ်လိုများ စိတ်ကို လေ့ကျင့်ယူခဲ့သလဲလို့ တွေးမိရင် သမီး တော်တော် အံ့ဩတယ် ..."

"အံ့ဩတယ် ..."

သမီး စကားကို သိမ့်က ပြန်ပြီး အံ့ဩရသည်။ သမီး ရင်ထဲမှာ သိမ့်နှင့် ပတ်သက်ပြီး ဘာတွေများ သိမ်းဆည်းထားတာ ရှိနေသလဲ။ သမီးက သိမ့် ခုတင်ပေါ်မှာထိုင်ပြီး လေပြည်ကြောင့် တဖျပ်ဖျပ် ခါနေသည့် ခန်းဆီးစ,ကလေးကို ငေးမောနေသည်။ သမီး ရင်ထဲမှာ မေးခွန်းတွေ အတော်များများရှိနေသလား သိမ့် မသိပါ။ သမီးနှင့် အေးအေးဆေးဆေး စကားမပြောဖြစ်တာလည်း အတော်ကြာပါပြီ။ သမီးရဲ့ ခံစားချက်တွေက သိမ့်နှင့် တစ်ထပ်တည်း ကျလိမ့်မည်ဟု သိမ့် ဘယ်တုန်းကမှ မယူဆခဲ့ပါ။

သမီးဖေဖေနှင့် ပတ်သက်သော သိမ့်ရဲ့အဆုံးအဖြတ်ကို သမီး ဘယ်တုန်းကမှ မထောက်ခံခဲ့ဘူး ဆိုတာ သိမ့် အမှတ်ရနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ အံ့သြစရာရှိလို့လဲ သမီးရဲ့"

သိမ့်က နောက်တွဲဆံထုံးကို အပြီးသတ်လိုက်ပြီး ဘီးကို ပလတ်စတစ်ခြင်းလေးထဲ ပြန်စိုက်ထားလိုက်သည်။ စိတ်လိုလက်ရ ရှိလျှင်တော့ နောက်တွဲဆံထုံးမှာ သစ်ခွပန်းပွင့်လေး တစ်ပွင့်လည်း ပန်ချင် ပန်တတ်သည်။ အိမ်နေရင်းမှာ ဆံပင်ကို ကျစ်ဆံမြီးတစ်ချောင်းသာ ကျစ်ထားတတ်မြဲဖြစ်ပြီး ဈေးဝယ်လျှင် ကလစ်တစ်ခုဖြင့်သာ စည်းနှောင်မြဲပေမဲ့ ရုံးခန်းသွားဖို့ အတွက်တော့ ဆံထုံး ထုံးရပါသည်။ ကိုယ့်ကိုယ်ကိုယ်တော့ ဆံထုံးသာ ထုံးထားလည်း မိန်းမကြီး ဖြစ်ပြီရယ်လို့ မှတ်ချင်။ သိမ့်သည် သမီးပြောသည့်အတိုင်း အမြဲနုပျိုလျက်သာ နေချင်ပါသည်။ လောကကြီးထဲမှာ အရွယ်ကို မရဖူးသော မိန်းမရယ်လို့သာ ပတ်ဝန်းကျင်၏ အသိအမှတ်ပြုခြင်းကို ခံရချင်ပါသည်။

သိမ့်ရဲ့ အမေးကို သမီးက မဖြေပါ။ ပြတင်းဆီက အနားတွေ တဖျပ်ဖျပ် ခါနေသည့် ခန်းဆီးစလေးကိုသာ ငေးမြငေးနေသည်။ သိမ့်ရဲ့ အိပ်ခန်းသည် သမီး ရှိနေစဉ်က အတိုင်းပင် မပြောင်းမလဲ ရှိနေသည်။ ပရိဘောဂလည်း များများစားစား မရှိ။ မှန်တင်ခုံတစ်လုံး ... အဝတ်လှန်းစင် တစ်ခုနှင့် ခုတင်တစ်လုံးသာ ဖြစ်သည်။ နံရံကပ်ဗီရိုတွေကတော့ အခန်းဝယ်စဉ်ကပင် စိတ်ကြိုက်ပုံစံ ဒီဇိုင်းဆွဲပြီး ထည့်ထားခဲ့သည်မို့ သိမ့်ရဲ့အခန်းမှာ အဝတ်ဗီရိုတွေအတွက် သီးသန့် နေရာပေးစရာ မလိုတော့သည်လို အခန်းတွေကို သိမ့် နှစ်ခြိုက်ခဲ့သည်မှာ သမီးနှင့် နှစ်





ယောက်တည်း နေရသည့်အချိန်က စ,တင်ခဲ့သည်။ ယခင်ကတော့ သိမ့်သည် မိသားစု ပြန့်ပြန့်ပြူးပြူး နေနိုင်သည့် ခြံဝင်းကလေး နှင့် လုံးချင်းအိမ်မျိုးကိုသာ နှစ်ခြိုက်တတ်ခဲ့သည်။ မိသားစုအတွက် ဆိုပြီး ဘာကိုမဆို စိတ်ကူးယဉ်ခဲ့သည်။ နောက်ထပ် သားလေး တစ်ယောက်မွေးဖို့ စိတ်ကူးရှိခဲ့သည်။

"ခုချိန်မှာ သမီးအဖို့ ဘာကိုတွေးတွေး စိတ်ဆင်းရဲစရာ ဖြစ်နေတော့ စိတ်ချမ်းသာစရာကို ဘယ်ရှာတတ်ပါမလဲ သမီးရယ်"

"သမီးက စိတ်ဆင်းရဲ နေလို့လား"

မခံချိမခံသာ လေသံမျိုးဖြင့် သမီးက မေးပါသည်။

"သမီး ကိုယ့်ကိုယ်ကိုယ် ညာနေလည်း မေမေကတော့ သိတာပဲ။ ခုချိန်မှာ သမီး ဘယ်လို စိတ်ချမ်းသာနိုင်မှာလဲ ...။ သူ ဘယ်လို စားသောက်နေမလဲ။ သူ ဘာတွေ လုပ်နေမလဲ။ ငါ့ကို ဂရုမစိုက်တော့ဘူးလား ...။ သူတကယ်ပဲ ငါ့ကို မေ့နိုင်မှာလား ... ဒါမျိုးတွေ သမီးတွေးပူနေရမှာပဲလေ ...

မိန်းမ တစ်ယောက်ဟာ ဘယ်လောက် အတ္တကြီးကြီး ... ကိုယ့်ရဲ့ခင်ပွန်း ကိုယ်ချစ်တဲ့သူအတွက်တော့ မစဉ်းစားဘဲ မနေနိုင်ဘူး မဟုတ်လား သမီးရဲ့"

ခေါင်းလေးမော့ပြီး မျက်နှာကြက်ဆီ ငေးနေသော သမီးသည် သိမ့် မမြင်အောင် မျက်တောင်တွေ တဖျပ်ဖျပ်ခတ်



www.burmeseclassic.com

www.burmeseclassic.com



လျက် မျက်ရည်စ,တွေကို သိမ်းနေသည်။ သမီးကို ပြောပြဖို့ သိမ့်မှာ စကားများစွာ ရှိနေပါသည်။ ဒါပေမဲ့ ဆက်ပြီး မပြော သင့်တော့ဘူး ထင်ပါရဲ့ ...။

"သူ့ကို မျှော်နေတယ်လို့ မေမေ့ ရှေ့မှာ ဝန်ခံလိုက်ရမှာ ပင်ပန်းနေသလား သမီးရယ်။ မေမေနဲ့ သမီးကြားမှာ ဘာတွေများ မျိုသိပ်ဖုံးကွယ်စရာတွေ ရှိနေသလဲ။ မေမေ ကလွဲပြီး သမီး ရင်ထဲက စကားတွေပြောဖို့ ဘယ်သူများ ရှိနေသေးလဲ"

သိမ့်က မှန်တင်ခုံရှေ့မှထ,ပြီး သမီးနံဘေးမှာ နီးနီး ကပ်ကပ် ထိုင်ချလိုက်သည်။ မျက်နှာကို ဆံပင်ပျော့စင်းစင်းတွေ ကွယ်လျက် သမီးက ခေါင်းယမ်းနေပါသည်။ သိမ့် အမေးကို ပြန်ဖြေသည်တော့ ဟုတ်မည်မထင်ပါ။

"အိမ်ထောင်တစ်ခု ပြိုကွဲဖို့ဆိုတာ တကယ် သံယောဇဉ် မပြတ်ဘဲ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး သမီးရယ်။ သမီး သူ့ကို ချစ်နေသရွေ့ ဘယ်လိုမှ ပြိုကွဲဖို့ မဖြစ်နိုင်ပါဘူး ဘယ်သူ့ကိုမှ ဘာကိုမှ မငဲ့ရဘူးလို့ပဲ ထားပါ။ သမီးဟာ ကိုယ့်ရင်ထဲက ခံစားချက်ကိုတော့ ကိုယ်ငဲ့ရမှာပဲ။ ဘာဖြစ် လို့ ကိုယ့်ကိုယ်ကိုယ် ညှဉ်းဆဲနေမလဲ ...

သမီး သူ့ကို ချစ်နေတုန်းပဲ ဥစ္စာ ..."

သိမ့် ပခုံးစွန်းပေါ်မှာ သမီးက ခေါင်းမှီလိုက်သည်။

"မေမေ့ကျတော့ မာကျောလိုက်တာနော်"





သိမ့် ရင်ထဲ နင့်ခနဲ နာကျင်သွားရပါသည်။ အနှစ် နှစ်ဆယ်လောက် မခွဲမခွာ အတူနေခဲ့သည့် သမီးကတောင် သိမ့် ကို မာကျောသူရယ်လို့ မှတ်ချက်ချခဲ့သည် ဆိုတော့ ...။

ဘယ်သူကမှ နားလည်မပေးနိုင်ပါလား ဟူသော အတွေးက သိမ့်ကို ဝမ်းနည်းစေနိုင်သည်မှာ အမှန်ပင်။ သိမ့်ဘက် က နားလည်ပေးနိုင်သူ တစ်ယောက်လောက်ကိုတော့ သိမ့် မျှော် သင့်ချင်ပါသည်။ သိမ့်ဘက်ကသူမမှားဘူး ... လို့ ခိုင်ခိုင်မာမာ ရပ်တည်ပေးမည့်သူ တစ်ယောက်ယောက်တော့ ရှိစေချင်ပါသည်။

ဒါပေမဲ့ ... ဒါတွေဟာ နှစ်ပေါင်းများစွာ လွန်ခဲ့သည့် အတိတ်တစ်ခုပါ။ သိမ့် ... အားလုံးကို ဖြတ်ကျော်နိုင်ခဲ့ပြီပဲ။

"မေမေ"

သမီးခေါ်သံကို အဝေးကြီးကလိုပင် ကြားရသည်။

"အဲဒီအချိန်က မေမေ အရမ်းခံစားရခဲ့သလား၊ ဒါမှမဟုတ် လုံးဝ မခံစားခဲ့ရဘူးလား"

"ဘာကိုလဲ သမီးရဲ့"

ကိုယ့်ဘာသာ နားမလည်လိုက်ခင် အချိန်မှာပင် သမီးရှေ့၌ သိမ့် ဟန်ဆောင်ပြီး ဖြစ်ခဲ့သည်။

"ဖေဖေနဲ့ လမ်းခွဲခဲ့တဲ့ အချိန်တုန်းက မေမေ ဘယ်လိုများ ရပ်တည်နေနိုင်ခဲ့သလဲဟင် ...။ ကိုယ် သိပ်ချစ်တဲ့ လူတစ် ယောက်ကို တစ်သက်လုံး ကျောခိုင်းလိုက်ဖို့ဆိုတာ လွယ် လွယ်ကူကူတော့ ဖြစ်မှာမဟုတ်ဘူးနော် ...။



www.burmeseclassic.com

www.burmeseclassic.com



သမီး သိသလောက်တော့ ဖေဖေဟာ ကိုယ်ကျ
တရားနဲ့ ပတ်သက်ပြီး ငြိစွန်းခဲ့တဲ့ လူတစ်ယောက် မဟု
ပါဘူး မေမေ ...။ ဖေဖေ့ရဲ့ အပြစ်က တော်တော်ကြီး
လို့လား"

"အပြစ်"

အိပ်မက်ထဲမှာ ယောင်ယမ်း ရေရွတ်မိသူလိုပင်

သူ့မှာ အပြစ်တွေ အတော်များများ ရှိခဲ့သည်ဆိုလျှ
သိမ့်မှာလည်း များပြားလှစွာသော ချို့ယွင်းချက်တွေ ရှိနိုင်ပါသည်
ဒါပေမဲ့ သိမ့်တို့နှစ်ဦး ကွဲကွာခဲ့ရသည်က နှစ်ဦးစလုံးမှာ ရှိနေသ
အပြစ်များကြောင့် မဟုတ်ပါ။

ဘာကြောင့် လင်မယား ကွဲခဲ့တာလဲ ... ဟူသေ
မေးခွန်းကို သိမ့် ပြန်ဖြေတိုင်း နားမလည်နိုင်သည့် အကြည့်မျာ
ကိုသာ ရခဲ့သည်။

ခုတော့ ... သမီးက သိမ့်ကို မေးနေခဲ့ပြီ။

"သမီး ဖေဖေမှာ အပြစ်ရှိတယ်ရယ်လို့ မေမေ မထင်
ဘူး"

"ဒါနဲ့များ မေမေရယ် ..."

"အပြစ် ဆိုတာ တစ်ဖက်လူက ခွင့်လွှတ်တတ်ရင် ပြီးသ
ပဲ သမီးရဲ့ ...။ အခု သမီးတို့ ဖြစ်သလိုပေါ့ ..."

သိမ့် ပြောလိုက်တော့ သမီးက မျက်တောင်
ပုတ်ခတ်ရင်း ငြိမ်သက်သွားခဲ့ပါသည်။ သိမ့် စကားရဲ့ အဓိပ္ပာ





ကို နားလည် မလည်တော့ မသိပါ။ မရမ်းစေ့ရောင် မီးခိုးနှင့်
ဖြူ ရောစွက်သော အိပ်ရာခင်းအဆင်သည် သိမ့် မျက်စိအမြင်
မှာ သည်ကနေ့တော့ အတော် ရှုပ်ထွေးနေခဲ့၏။ ခုတင်ခေါင်း
ရင်းဘက် လေရဟတ်ပုံ စားပွဲတင်နာရီလေးဆီက တင်တောင်
မြည်သံကို ကြားရသည်။

သမီးက သိမ့် နောက်ထပ် ပြောလာမည့် စကားကို
နားစွင့်ဟန်ရှိသည်။ ဒါပေမဲ့ ခုချိန်မှာမှ သမီးကို သည်အကြောင်း
တွေ ပြောရမည်ဆိုလျှင် နောက်မကျလွန်းဘူးလား။ သမီးရဲ့ အိမ်
ထောင်ရေးမှာတော့ သံသယစိတ်တွေ မရှိစေချင်ပါ။ သမီးရဲ့ အိမ်
ထောင်သည် အပြစ်ကင်းပြီး ငြိမ်းချမ်းသည့် အိမ်ထောင်တစ်ခုသာ
ဖြစ်စေချင်ပါသည်။

"မေမေနဲ့ ဖေဖေဟာ တစ်ယောက်ကို တစ်ယောက် သိပ်
ချစ်ရက်နဲ့ ဘာဖြစ်လို့ အတူမနေနိုင်ကြတာလဲ။ အတူမနေ
ဘဲနဲ့ တစ်ယောက်အပေါ် တစ်ယောက် သစ္စာရှိဖို့ ဘာကြောင့်
ကြိုးစားနေကြတာလဲ ..., သမီးတော့ တကယ်ပဲ နားမလည်
နိုင်ဘူး"

သိမ့်ကတော့ သည်စကားတွေ သည်မှာတင် ပြီးဆုံး
သင့်ပြီ ထင်သည်။ ခုတင်ဘေးက နံရံကပ်ဗီရိုကို ဖွင့်ပြီး ဝတ်စုံ
တစ်စုံကို ယူလိုက်သည်။ ဝတ်စုံက ခပ်ရိုးရိုး ရင်စေ့လက်ရှည်ဖြစ်
ပါသည်။ အသားပျော့ပျော့ အေးအေးမို့ လက်ရှည်ဖြစ်ပေမဲ့
သက်သောင့်သက်သာ ရှိလိမ့်မည် ထင်သည်။ သမီးက သိမ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဇာတ်လမ်းထဲက မေသန်းနုနဲ့ သိပ်တူတာပဲဆိုလား ... အရ
တစ်ဝက်ဖြင့် ပြောသေးသည်။

"မေမေ ရုံးခန်းသွားနေတုန်း ညှဲ့သည်လာမယ်ဆိုရင်
ညှဲ့ခံထားလိုက်နော်"

"မေမေ ချိန်းထားလို့လား"

"အင်း"

"မေကလည်း မေမေ ရှိမဲ့အချိန် ချိန်းလိုက်ရောပေါ့"

"ညှဲ့သည်က မေမေနဲ့ တွေ့ချင်တာမှ မဟုတ်ဘဲ ..."

သမီး မျက်နှာကို မကြည့်ဘဲ သိမ့် ပြောလိုက်သည်
သမီးထံမှ တုံ့ပြန်စကား မရပါ။ သို့ပေမဲ့ သမီး ပျော်ရွှင်ရင်ခုန်
နေလိမ့်မည် ဆိုတာ သိမ့် သေချာသိနေပါသည်။





ဆယ့်တစ်နာရီခွဲပြီ နေ့လယ်စာ ထမင်းစားချိန်ရောက်
တော့ သိမ့် အတွေးထဲမှာ သမီးက တစ်ကျော့ပြန် ရောက်လာသည်။
အိမ်မှာ သမီးတစ်ယောက်တည်း ပျင်းပျင်းရိရိ နေ့လယ်စာ စား
နေမလား။ ဒါမှမဟုတ် သိမ့်ကိုများ စောင့်နေဦးမှာလား။ တယ်
လီဖုန်းပေါ် လက်တင်လိုက်မိပြီးမှ ဖုန်းဆက်ဖို့ အတွေးက
ရုတ်ခနဲ ရပ်သွားသည်။

သိမ့် ... အိမ်ပြန်ဖို့ လိုချင်မှ လိုမှာပါ ...။

ခုချိန်ဆို အိမ်မှာ တင်အောင်မိုး ရောက်နေလောက်
တော့ပေါ့ ...။

အခန်းထောင့်မှာ ပလတ်စတစ်ကြိုး ပြန်စည်းနှောင်
ထားသည့် စာအုပ်ထုပ်တွေကို မြင်ရင်း အတွေးက ဟိုရောက်သည်
ရောက်။ သမီးဆီ ပြန်ရောက်လိုက် မနက်ဖြန် ပြန်ရမည့် စာအုပ်
တွေဆီ ရောက်လိုက် ...။ နောက်ဆုံးတော့ သိမ့်သည် အိမ်မှာ
တင်အောင်မိုး ရောက်နေလိမ့်မည်ဟု စိတ်ကို ယတိပြတ် ဖြတ်
လိုက်ပြီး သည်နေ့ လုပ်ရမည့် အလုပ်တွေကို ပြီးနိုင်သမျှပြီးအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။ အိမ်ပြန်ရောက်လျှင်တော့ သမီးနှင့် စာအုပ်တွေအကြောင်း ပြောလို့ရမည် မဟုတ်ပါ။

စားပွဲပေါ်မှာ တံတောင်ဆစ်နှစ်ဖက် ယှက်လျက် မျက်နှာအပ်ထားလိုက်သည်။ ခဏတဖြုတ်တော့ နားရလိမ့်ဦးမည်။ ကော်ဖီခါးခါးတစ်ခွက် သောက်ချင်စိတ်ကို ငြင်းပယ်လိုက်ရသည်။ ထမင်းစားပျက်ရလောက်အောင် ကော်ဖီသောက်ချင်လာမိလျှင် သိမ့် အတွက် မကောင်းပါ။ လောလောဆယ်မှာတော့ စာအုပ်ထုပ်တွေ ဖလင်ကော်ပြားတွေ၊ စာမူကြမ်းတွေ ပြည့်နှက်နေသည့် ရုံးခန်းထဲက ခဏထွက်မှ ဖြစ်မည်။ သိမ့် ရုံးခန်းထဲမှာ မွေးပွ ကောဇောတွေ မရှိ။ ခန်းဆီးလိုက်ကာစ ရှည်ရှည်တွေ မရှိ။ အစည်းအဝေး ခန်းမ မရှိ။ အဲသည်လို အဆောင်အယောင်တွေ ဘာတစ်ခုမျှ မရှိသော ရုံးခန်းငယ်လေး တစ်ခုအတွင်းမှာ သိမ့် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့သည်မှာ ရည်ရွယ်ချက် နှစ်ခုသာ ရှိခဲ့သည်။ အဲသည် ရည်ရွယ်ချက် နှစ်ခုအနက်မှာ တစ်ခုကတော့ မထင်မှတ်ဘဲ ပျက်စီးကြေမွသွားခဲ့ပြီ။ နောက်ထပ် တစ်ခုကရော —

ဘယ်အတိုင်းအတာအထိ ဆက်ပြီး တည်မြဲနေလိမ့်ဦးမည် ဆိုတာ သိမ့် ကိုယ်တိုင် မသိပါ ...။

"ဆရာမ"

"ဟေ"

ဆတ်ခနဲ ခေါင်းထောင်ထ,မိသည်။

"ဝါဝါ"





ပါးချိုင့်ကလေး ခွက်ဝင်အောင် ပြုံးတတ်သည့် ...ည်ကောင်မလေးသည် သမီးနှင့် ရွယ်တူခန့် ရှိလိမ့်မည်။ ...ပေမဲ့ ဝါဝါသည် ယမုန်နှင့် ဘယ်နေရာမှာမှ မတူပါ။

"ဦး, ရောက်လာတယ်"

"ဘယ်သူ"

ဝါဝါက သိမ့် အမေးကို အဖြေရခက်လျက် သိမ့် ...ခန်းတံခါးဝဆီသို့ လှည့်ကြည့်သည်။ ဇဝေဇဝါစိတ်ဖြင့် ဝါဝါ ...ည့်ကြည့်သည့် အခန်းတံခါးဆီ သိမ့်လည်း လိုက်မော့ကြည့် ...သည်။

"ဪ"

ဝါဝါ့ ရှေ့မှာ သိမ့် ခပ်အမ်းအမ်း ဖြစ်သွားမိသလား ...ယ့်ကိုယ်ကိုယ် မသိပါ။

သို့ပေမဲ့ သိမ့်ဆီ ရောက်လာနေကျ ပုံမှန်ဧည့်သည် ...အတွက်လို ဝတ္တရားကျေ အပြုံးမျိုး ဖန်တီးရဖို့ အတော်လေး ...ခဲ့ရသည်မှာတော့ မကျေနပ်စရာပါပဲ။ ပြုံးတော့ ပြုံးလိုက်နိုင် ...သည်။

"ခွင့်တောင်းဖို့ လိုသလား"

သိမ့် ရှေ့က ဝါဝါ ဘယ်လိုပျောက်သွားသည် ...တာ မသိပါ။ သူကတော့ သူ့ရဲ့ပုံမှန်နှင့် အမြဲတမ်း ကျင့်သား ...နေသည့် ဟန်အတိုင်း ရယ်ရယ်မောမောပင် သိမ့်ရှေ့ရောက်လာ ... နောက်မှီကော့ကော့နှင့် ကုလားထိုင်ကို ဆွဲယူထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ထမင်း စားပြီးပြီလား"

"ဟင့်အင်း"

မဟုတ်သေးပါဘူးလေ ...

သည်မေးခွန်းတစ်ခု အတွက်တော့ဖြင့် သိမ့် ရှေ့မှောက်သို့ သူ ရောက်လာမည် မထင်ပါ။ သိမ့်ရှေ့သို့ သူ ရောက်လာသည့် အဖြစ်အပျက်ကို သမားရိုးကျ တစ်ခုလို သဘောထားနိုင်ဖို့ ဒီမို့ အချိန်တော်တော်ကြာ လေ့ကျင့်ယူခဲ့ပေမဲ့ ယခုတစ်ကြိမ်အထိတော့ မအောင်မြင်သေးပါ။ သူ့မျက်နှာကတော့ ဆွေမျိုးသားချင်း တစ်ယောက်ဆီ၊ ပြီးတော့ ဇနီးဟောင်းတစ်ယောက်ဆီ လမ်းကြုံဝင်လည်သည့် အမူအရာမျိုး ခပ်ရှင်းရှင်းပင် ပေါ်လွင်လျက်ရှိသည်။ သူ့ကို ပွင့်လင်းရိုးသားသည့် လူတစ်ယောက်ဟု ထင်မြင်စရာ ရှိပေမဲ့ တကယ်တော့ သူသည် စိတ်ထဲရှိသမျှ ဖွင့်ဟမပြောဘဲ ဇနီးသည် အပေါ်မှာ ထိန်ချိန်တတ်သည့် လူတစ်ယောက်ဆိုတာ သိမ့် တစ်ယောက်ပဲ သိသည်။ သူ့ရဲ့ မသိနားမလည်မှု ဆိုတာက ပတ်ဝန်းကျင်အတွက်တော့ စိတ်အနှောင့်အယှက်၊ ဖြစ်ရာမှ မဟုတ်ဘဲ။

"ဒါဆို ... တစ်ခုခု စားကြမယ်လေ။ ကိုယ်လည်း ဘာမှ မစားခဲ့ရသေးဘူး"

သူ့ဟန်ပန်က နံနက်စောစောကြီး အိမ်ကထွက်သွားပြီး ဇနီးသည် ရုံးခန်းသို့ ဝင်လာသူလိုပင်။ သည်လိုပါပဲ ...။





သိမ့်ကတော့ သူနှင့်ယှဉ်လျှင် မာကျောသူ ဖြစ်ရသည်။ သဘောပုပ်သူ ဖြစ်ရသည်။ တပ်မက်မှုကြီးသူ ဖြစ်ရသည်။ ခိန်းမတစ်ယောက်ထံက ရနိုင်သမျှ သူ ခိုးယူသွားခဲ့သည်ဆိုလျှင် သူက သက်သောင့်သက်သာ ရယ်မောနေလိမ့်မည်။

[ကိုယ် ဘာတွေယူလို့လဲ၊ ကိုယ့်နာမည်နဲ့ ပိုင်ဆိုင်ထားသမျှ အားလုံး မင်းကို ပေးခဲ့တာပဲ မဟုတ်လား ...]

ဟု ပြောလိမ့်ဦးမည်။

"ကိစ္စ ရှိလို့လား"

"မဟုတ်ဘူးလေ ... ထူးထူးဆန်းဆန်း မလာတာ ကြာနေလို့ပါ"

"အင်း ... သမီး အကြောင်း မေးချင်တာလည်း ပါ,ပါတယ်"

သည်လိုပဲ ဖြစ်မှာပါ ...။

သည် ဆယ့်နှစ်နှစ်အတွင်းမှာ သူနှင့် လုံးလုံးလျားလျား အဆက်ပြတ်နေတာတော့ မဟုတ်ပါ။ အကြောင်းကိစ္စရှိလျှင် သူ ရံဖန်ရံခါ ရောက်လာတတ်သားပဲ။ အဓိက အကြောင်းရင်းကတော့ သမီးကြောင့်ပဲပေါ့။ မေယမုန်သည် သူနှင့် သိမ့်ရဲ့ တစ်ဦးတည်းသောသမီး ဖြစ်သည်။ ပြီးတော့ သူက ကလေးချစ်တတ်သည့် ဖခင်တစ်ယောက်လည်း ဖြစ်သည်။

သူ့ကို မမြင်ရတာ ကြာပြီ ဖြစ်ပေမဲ့ သိမ့်အမြင်မှာတော့ သူ အများကြီး ပြောင်းလဲမသွားပါ။ သူဟာ အသက်အရွယ်နှင့် မညီမျှဘဲ လူငယ်တစ်ယောက်ဟန်ပန်လို သွက်လက်

www.burmeseclassic.com



ပေါ့ပါးမြဲပါဘဲ…။ တစ်စုံတစ်ရာကို ရယ်ရွှင်ဖွယ်အတွေးနှင့် အမြဲ ဟာသမြောက်သည့် ပြက်လုံးတွေထုတ်ဖို့ သူ့မျက်လုံးတွေထဲမှာ ထက်သန်နေမြဲပါဘဲ …။ မျက်ခုံးပါးပါး မျက်တောင်တိုစင်းစင်း မျက်အိမ်ရှည်မျောမျောနှင့် ရယ်ချင်ဖွယ် မျက်လုံးမျိုးနှင့် ထိုသူသည် သူ့ ရိုးသားသော ချစ်ခြင်းဖြင့် သိမ့်ကို အချိန်အတော်ကြာ ချည်နှောင်ထားနိုင်ခဲ့သူ ဖြစ်သည်။ ယခုထိလည်း ထိုမျက်လုံးများက ရိုးသားဆဲဖြစ်သည်။ သူ့ဘဝတစ်လျှောက်မှာ သူ့အနီးအနားမှာ ရှိနေသည့် လူ အတော်များများက "သိပ်ရိုးတဲ့လူပဲ"ဟု မှတ်ချက်ချခံရလောက်အောင် သူက နာမည်ကောင်းတွေကို လက်ခံရရှိခဲ့သူ ဖြစ်သည်။

သူ့နှုတ်ခမ်းတွေက ထူပြည့်လျက် အပေါ်နှုတ်ခမ်းက အောက်နှုတ်ခမ်းထက် ယောင်ယောင်ကြီးမားပါသည်။ နှာတံထိပ်များက ခပ်လုံးလုံးရှိပြီး အဲသည်နှာတံသည် သမီး၊ ယမုန်နှင့် တစ်ထေရာတည်း ဖြစ်သည်။ သူက အမြဲ ဆံပင်ကို တိုတိုညှပ်သည်။ သူ့ဆံပင်နှင့် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများ ဟိုယခင်ကပင် အရှည်မြန်လှသည်။ သူ့မှာ တစ်ပတ်နှစ်ခါလောက် မုတ်ဆိတ်မွေး ရိတ်ရသည်။ တစ်လမှာ နှစ်ကြိမ် ဆံပင်ညှပ်ရသည်။ တောထဲ တောင်ထဲမှာ ရက်ရှည်လများ နေရပြီး ပြန်လာလျှင် သူ့ပုံစံက အတော်ကြည့်ရ ဆိုးပါသည် …။

"ဘယ့်နှယ်လဲ"

"သမီးဆီ ရောက်ခဲ့ပြီးပြီလား"





သမီးတို့ သတင်းကို သူ မသိသေးဘူး အထင်နှင့် သိမ့်က မေးလိုက်သည်။

"ညက တင်အောင်မိုးနဲ့ တွေ့တယ်လေ"

ဪ …

သူ ဒါကြောင့် ရောက်လာတာကိုး …

အင်းလေ … ဒါကြောင့် မဟုတ်ရင် ဘာကြောင့် ဖြစ်ရမလဲ။

သိမ့် ကိုယ့်ကိုယ်ကိုယ် ပြုံးရယ်ချင့်မိသွားသည်။

သူနဲ့ ပတ်သက်ပြီး သိမ့်က ဘာကိုများ မျှော်လင့်ချင်သေးတာလဲ။ ယခင်က မျှော်လင့်ခဲ့ဖူးသည့် အရာများအားလုံးကို သိမ့် လွှင့်ပစ်ခဲ့ပြီးပြီ။ အရာများအားလုံး … လို့ ဆိုပေမဲ့ တကယ်တော့သိမ့် သူ့ထံက တစ်ခုတည်းကိုသာ မျှော်လင့်ခဲ့ဖူးတာပါ။ ဒါပေမဲ့ သိမ့်က လောဘကြီးသည် … တဲ့ …။

ဟုတ်မှာပါ …

ကိုယ့်ခင်ပွန်းသည်ထံက ချစ်ခြင်းမေတ္တာနှင့် နားလည်မှုကိုသာ အပြည့်အဝ လိုချင်ခဲ့တာဟာ ယောက်ျားတစ်ယောက်အတွက်တော့ လောဘကြီးလွန်းသည် … လို့ မှတ်ချက်ချလောက်စရာ ဖြစ်ချင်လည်း ဖြစ်ခဲ့မှာပေါ့ …။

"သမီးက သိမ့် ဆီမှာ မဟုတ်လား"

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကို သိမ့်က ခပ်မော့မော့လေး ဖြေလိုက်ပါသည်။

"ဒီအမေနဲ့ ဒီသမီးပဲ ရှိတာ၊ သမီးက အမေ့အိမ် မလာလို့ ဘယ်သွားရမလဲ"

"အဖေတစ်ယောက်လုံး ရှိပါသေးတယ်ဗျာ"

သူက မခံချိ မခံသာ ရေရွတ်လေသည်။ ပြီးတော့ သိမ့်စားပွဲရှေ့မှာရပ်ကာ ပုဆိုးကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ပြင်ဝတ်သည်။ မီးခိုးရောင် class 7 စပို့ရှပ်အိတ်ထဲက ပိုက်ဆံအထပ်ကို ငုံ့လျက် စမ်းကြည့်သည်။ ဒါက … တစ်နေရာရာ သွားဖို့ပြင်တိုင်း ပြုနေကျ သူ့ရဲ့အကျင့် ဖြစ်သည်။

"သွားစို့လေ"

"ဘယ်မှာ စားမှာလဲ"

သိမ့်က မေးလိုက်သည်။ ဝတ္တရားကျေ မေးလိုက်ပေမဲ့ ပြန်ရမည့် အဖြေကိုလည်း သိနေခဲ့တာပါပဲ …။

"သိမ့် ကြိုက်တဲ့ဆီ သွားလေ"

ဘုရား … ဘုရား …

ရင်တလှပ်လှပ် တုန်ပြီး သိမ့် ခြေထောက်တခ်ကုံ တုံ့ဆွဲသလို လေးလံသွားခဲ့သည်။ သိမ့်ကို တစ်စုံတစ်ရာဖြင့် နောက်ထပ် ချည်နှောင်ဖို့ သူ့မှာ ရည်ရွယ်ချက် ရှိနေပြီလား။

သူက သိမ့်ထက်အလျင် အခန်းထဲမှ ထွက်ခွာသွားခဲ့ပါသည်။ သူ့ထံမှာ သေချာမှုတစ်ခု ရှိနေသည်ဆိုလျှင် အဲသည်





သေချာမှုသည် သိမ့်အတွက် တစ်စုံတစ်ရာ ထိခိုက်စေနိုင်မည့် အကြောင်းအရာတော့ မဖြစ်နိုင်ပါ။ အခန်းထဲက စာအုပ်ပုံကို သိမ့် စိတ်ပျက်စွာ ကြည့်မိသည်။ နောက်တော့ သူ ထွက်သွားရာဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လိုက်ထွက်ခဲ့သည်။ ရုံးခန်းရှေ့ ပလက်ဖောင်းမှာ သူက ဦးဆောင်မည့်သူကို မျှော်နေသည့် ကလေးတစ်ယောက်လို သိမ့် အလာကို စောင့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတလောမှာ ကြားရခဲ့သည့် country soung တ
ပိုဒ် ခပ်တိုးတိုး လွှင့်နေသည့် ဆိုင်ကလေးထဲ သိမ့်တို့ ဝင်လာ
သည့်အခါ ပြင်ပရာသီနှင့် ဆန့်ကျင်လျက် အေးစိမ့်တိတ်ဆိတ်
ခဲ့သည်။ တကယ်တော့ သည်လို(ဈေးနှုန်းမြင့်သော)အထက်တန်း
ကျကျ ဆိုင်တွေကို သူက နှစ်သက်လေ့ မရှိပါ။ မြင်ကွင်းကော
သည့် စားပွဲတစ်နေရာကို ရွေးချယ်ရင်း သိမ့်က အဲသည်အချ
ကို သတိရနေမိသည် ...။

မိန်းမတွေဟာ သေးသေးဖွဲဖွဲ ကိစ္စတွေကို ဘာကြော
မေ့မပစ်နိုင်တာပါလိမ့်။

အလှမွေး ငါးကန်ကလေးတွေနှင့်နီးသော အတွ
ကျပြီး ဆိုင်အတွင်းအပြင် မြင်ရသည့် တစ်နေရာကို သိမ့်က ရွေ
ချယ်လိုက်သည်။ သိမ့် ရုံးခန်းအဟောင်းမှာတုန်းက (ရုံးခန်းဟော
က ငါးဆယ့်နှစ်လမ်းထဲမှာ ဖြစ်သည်) သိမ့်တို့ ထမင်းစားဖို့
လျှင် လားရှိုးလေးဆိုင်ကို ရွေးချယ်လေ့ရှိသည်။ ခုရုံးခန်းအသ
က အဟောင်းထက်ပိုပြီး ကျယ်ဝန်းပါသည်။ ရုံးခန်းပြောင်းရွှေ





ရတော့ သိမ့် သူ့ကို ရုံးခန်းအသစ်လိပ်စာ မပေးခဲ့။ အကြောင်း
လည်း မကြားခဲ့ ...။ အကြောင်းကြားဖို့ မလိုအပ်ဘူး ထင်မိသည်။
ကွဲကွာခဲ့ပြီးသည့် ဖနီးမောင်နှံနှစ်ဦးကြားမှာ နောက်ထပ် ဆက်သွယ်
စရာ လိပ်စာဖြစ်စေ ဖုန်းနံပါတ် ဖြစ်စေ မလိုအပ်ဘူးဟု သိမ့်က
သမားရိုးကျပင် တွေးသည်။ သို့ပေမဲ့ ရုံးခန်းသစ်ဖွင့်ပြီး သိပ်
မကြာခင် သူ ရောက်လာပါသည်။

[သိမ့်ကတော့ အားလုံးကို ပြီးခဲ့ပြီလို့ သတ်မှတ်နိုင်မှာပါ။
ဒါပေမဲ့ ကိုယ်ကတော့မသတ်မှတ်နိုင်ဘူး။ သမီး ရှိနေသရွေ့
ကိုယ်တို့နှစ်ဦးရဲ့ ပတ်သက်မှုဟာ ပြီးဆုံးလို့ မရတဲ့ ဇာတ်
လမ်းတစ်ပုဒ်ပဲ ...] ... တဲ့။

သူက အသာစီးရသည့် မျက်နှာထားနှင့် ပြောခဲ့သည်။
ကွယ်ရာမှာ တိတ်တိတ် ကျိန်ဆဲခဲ့ပေမဲ့ သူ့ရှေ့မှာတော့ ခံစား
ချက် ကင်းမဲ့သည့် အရုပ်မျက်နှာတစ်ခုလို နေခဲ့ရသည်။

"ဘာစားမလဲ"

လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ကလို ဘာကြောင့် မျက်
စောင်းထိုးချင်မိပါလိမ့်။

"ကြက်ဆီထမင်း"

"ကိုယ်ကတော့ ခေါက်ဆွဲကြော်ပဲ"

သိမ့်ကို သူ လှမ်းကြည့်သည့် အကြည့်သည် ဘယ်
လိုအဓိပ္ပာယ်မျိုး ဖြစ်မည် မသိပါ။ သိမ့်ကတော့ စိတ်ထဲမှာ ပြုံး
ချင်သည့် အတိုင်းပင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ ရှိတဲ့အတိုင်း အပွင့်လင်းဆုံး မျက်နှာကို ထား ...

ဘာမှ ထိန်းချုပ်ဟန်ဆောင်နေစရာ မလိုဘူး ...

သူနဲ့ ငါဟာ သာမန်အသိမိတ်ဆွေတွေပဲ ...။

ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ပြီး ခပ်ထော်ထော် ဖြစ်နေသည့် ခန္ဓာကိုယ်ကို ပြေလျော့လိုက်သည်။ စိတ်ထဲ တင်းကျပ်နေသမျှ ထွက်သက်လေဖြင့် လျှော့ချပစ်လိုက်သည်။

"သမီးတို့ ဘယ်လိုဖြစ်ကြတာလဲ"

သိမ့် ... သူ့ကို ခပ်တည်တည် ကြည့်ပစ်လိုက်သည်။

"တင်အောင်မိုးကို ဘာလို့ မမေးခဲ့သလဲ"

"ဟာ ... သူက သူစိမ်းပဲ ...။ သူ မပြောရင် ကိုယ်က ဘာလို့ အတင်းမေးရမလဲ"

"သူက ဘာမှ မပြောဘူးလား"

"သမီး စိတ်ဆိုးပြီး အိမ်က ဆင်းသွားတယ်လို့ ပြောတယ်။ ဘာကြောင့်လဲ ဆိုတော့ ကိစ္စက အကြီးအကျယ် မဟုတ်ပါဘူး ... တဲ့ ...။ သမီးက သက်သက်ပုံကြီးချဲ့ပြီး သူ့ကို ရန်လုပ်နေသလိုလို ...

ဒါနဲ့ပဲ ကိုယ် ဆက်မမေးတော့ဘူး"

သည်လောက်ပါပဲ ...

ယောကျ်ားတစ်ယောက်ရဲ့ မိသားစုအပေါ် စိတ်ဝင်စားမှု ဆိုတာ ...





သို့ပေမဲ့ သူကတော့ သမီးကို သိပ်ချစ်တတ်သူ၊ သမီးနှင့် ပတ်သက်လျှင် အသေးအဖွဲကအစ ဂရုတစိုက် ရှိတတ်သူဟု ယခုချိန်ထိ သူ့ကိုယ်သူ ထင်မြင်နေဆဲပင် ဖြစ်ပါသည်။

စားပွဲထိုးကောင်လေး ရောက်လာသည့်အခါ ထွေထွေထူးထူး စဉ်းစားနေစရာ မရှိဘဲ ကြက်ဆီထမင်းနှင့် ခေါက်ဆွဲကြော်သာ မှာလိုက်ပါသည်။ တကယ်တော့ သည်ဆိုင်က ရှမ်းအစားအစာ ရောင်းသည့်ဆိုင် ဖြစ်သည်။ သိမ့်တို့ ဆယ့်လေးငါးနှစ်ကတော့ ရန်ကုန်မှာ ရှမ်းစာရောင်းသည့်ဆိုင်တွေ အတော်ရှားပါးပါသေးသည်။ ခုတော့ စားသောက်ဆိုင်တွေရဲ့ တစ်ဝက်လောက်က ရှမ်းအစားအစာရောင်းသည့် ဆိုင်တွေ ဖြစ်နေပြီ။ သိမ့်တို့နှစ်ဦးမှာ သိမ့်က ရောက်ရာဒေသ ရောက်ရာ အစားအစာကို စားတတ်အောင် လေ့ကျင့်တတ်သူဖြစ်ပြီး သူကတော့ အစားရွေးသူဖြစ်သည်။ အစားရွေးသည် ဆိုခြင်းမှာ ဇီဇာကြောင်တတ်တာမျိုး မဟုတ်ပါ ...။ သူ့မှာက အစားမှား မခံနိုင်သည့် အစာအိမ်ရောဂါရှိသောကြောင့် မသန့်ရှင်းသည့် မနူးမနပ် ချက်ပြုတ်ထားသည့် အစားအသောက်မျိုးကို သူက ရှောင်တတ်သည်။

သည်ဆိုင်က စားပွဲထိုးလေးတွေက ငယ်ရွယ်ပြီး သန့်ပြန့်သော ရုပ်ရည်လေးတွေ ရှိကြသည်။ ဈေးကွက်စီးပွားရေးခေတ်မှာ သည်လို အောက်ခြေကအစ ဂရုတစိုက် လုပ်နိုင်တာ ချီးမွမ်းစရာ ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စက မကြီးမကျယ်ဘဲနဲ့ သမီးက အိမ်ပေါ်က ဆင်းမှာ
လား ..."

သိမ့် စကားထဲမှာ မိခင်တစ်ယောက်၏ အတွေ့အကြုံ
ပါဝင်နေပြီး ဖြစ်သည်။

"အင်းလေ, ကိုယ်လည်း ထင်ပါတယ်။ ဒါပေမဲ့ ဘာ
ကိစ္စပဲဖြစ်ဖြစ် ပြဿနာတစ်ခုကို ကြီးရာကနေ သေးသွား
အောင် လုပ်ရမှာက ..."

"နေစမ်းပါဦး ... ဘယ်သူက သေးရာကနေ ကြီးအောင်
လုပ်နေလို့လဲ"

သူက သိမ့်ကို ဆတ်ခနဲ ခေါင်းထောင်လျက် မျက်
မှောင်ကြုတ် ကြည့်ရင်း တစ်ချက် စုတ်သတ်ညည်းတွားလိုက်သည်။

"သိမ့်က ဆုံးဖြတ်ချက် သိပ်မြန်တာပဲ"

သိမ့် ငြိမ်နေလိုက်ပါသည်။

သူ့စွပ်စွဲချက်က မမှားပါ။ သိမ့်ရဲ့စိတ်ကို သူ အသိ
ဆုံးပဲ။ ဒါပေမဲ့ လွန်ခဲ့သည့် ဆယ့်နှစ်နှစ်က သိမ့်တို့နှစ်ယောက်
ခွဲခဲ့ကြရသည့် ကိစ္စမှာတော့ သိမ့်တကယ့်ကို သွေးအေးအေး
ခေါင်းအေးအေးနှင့် ဆုံးဖြတ်နိုင်ခဲ့တာပါနော်။

"ကိုယ် ပြောတာက လူကြီးတွေ ရပ်တည်ရမဲ့ အနေအထား
ကို ပြောတာ"

"ကျွန်မ ... မမေ့ပါဘူး"

"သမီးလေးကို အိမ်ထောင်ရေးမှာ စိတ်မဆင်းရဲစေချင်ဘူး"





သူ့မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်မိသည်။ ဖန်
ကြောကန်ထဲက စိမ်းပြာပြာရေထဲ လှည့်လည်ကူးခတ်နေသည့် ငါး
သေးသေးလေးတွေကို ငေးကြည့်နေသည့် သူ့မျက်ဝန်းတွေ၊ စိမ်း
ညည်းရိပ်ယှက်သမ်းလျက် ရှိဝေနေသည်ဟု သိမ့် ထင်မိသည်။

"ဒါပေမဲ့ ... စိတ်ဆင်းရဲမှု စိတ်ချမ်းသာမှု ဆိုတာ သူ
တို့ဘာသာ ဖန်တီးရမဲ့ ကိစ္စပဲလေ။ လူကြီးတွေကလိုက်
ပြီး ဖြည့်ဆည်းပေးလို့ ရတာမျိုး မဟုတ်ဘူး ...။ သူတို့
အတွက် လိုအပ်မယ်ထင်တဲ့ အခြေခံလိုအပ်ချက်တွေကို
ပံ့ပိုးပေးခဲ့ပြီးပြီပဲ။ ကျန်တဲ့အပိုင်းကတော့ သူတို့အချင်းချင်း
နားလည်မှု ရှိကြဖို့ပဲ"

သိမ့်သည် သူ့မျက်နှာပေါ်က အကြည့်လွှဲလိုက်ပြီး
စားပွဲပေါ်မှာ ပင့်ကူခြေထောက်တွေလို ခပ်ဖွဖွ လှုပ်ရှားနေကြသည့်
သူ့လက်ချောင်းတွေကိုသာ စိုက်ငေးနေမိသည်။

သည်နှစ်ပိုင်းတွေမှာ သူ့အသားတွေ ပိုဖြူဝင်းလာ
ပြီး စိုပြည်လာသည်။ ခန္ဓာကိုယ်လည်း ပြည့်လာသည်။ သက်
သောင့်သက်သာ နေထိုင်ခွင့်ရသည့် လောကကြီးထဲက လူတစ်
ယောက်ဘဝကို သူဘာများ မကျေနပ်စရာ ရှိပါလိမ့် ...။

သူ့မှာ အိမ်ထောင်တစ်ခု ရှိခဲ့ဖူးသည်ဆိုတာ အလွန်
ကောင်းနွမ်းသော ပုံပြင်တစ်ပုဒ်ပင် ဖြစ်ခဲ့ပြီ။

လူတစ်ယောက်၏ လွတ်လပ်ခွင့် ဆိုတာကို ခုချိန်
မှာ သူ အပြည့်အဝ ခံစားနိုင်ပါလိမ့်မည် ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့လုပ်ငန်း အမှားအယွင်း တစ်ခုအတွက် သူ့ကို ကဲ့ရဲ့လှောင်ပြောင်မည့်သူ မရှိ။ နံနက်အိပ်ရာကနိုးပြီး နောက် တစ်နာရီအကြာမှာ ပြန်အိပ်ချင်လျှင်လည်း မြည်တွန်တောက်တီး မည့်သူမရှိ။

အိမ်ပြန်နောက်ကျသည့် နေ့ရက်တွေအတွက် တရား ခံလို စစ်မေးမည့်သူ မရှိ။ နောက်ဆုံး ... သူ ရှာဖွေသမျှ ဥစ္စာ ပစ္စည်းတွေကို အကြွေးရှင်လို ထိုးအပ်ရမည့်သူ မရှိ ...

ဒါဟာ ဘယ်လောက်ကောင်းတဲ့ ဘဝရဲ့ ရသလဲ ... ပြီးတော့ သူ အလိုရှိသည့်အခါ ဘယ်နေရာမှာ မဆို အိပ်မက်နိုင်တာပဲ မဟုတ်လား ...။

အိမ်ထောင်ကွဲသွားသည့်အတွက် သူ့မှာ ဘာများနာ ကျင်ခံစားစရာ ရှိမှာလဲ ...။ ဒါကို သိမ့်က မိန်းမပီပီ သူ့ကိုကြေကွဲ နေစေချင်သေးသည် ဆိုလျှင် ဒါဟာ ရူးသွပ်ခြင်း သက်သက်ပေါ့။ သိမ့်သည် လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ဂပင် အဲသည်မေးခွန်းတွေကို ကိုယ့်ဘာသာ ဖြေဆိုခဲ့ပြီး ဖြစ်သည်။

"နားလည်မှု ဆိုတာကလည်း တစ်ဖက်တည်း ရှိနေလို့ ရတာမျိုးမှ မဟုတ်ဘဲ"

နားလန်ထစ, လူမမာလို တိုးတိမ်သော အသံကို ကြားရသည်။

"မှန်တာပေါ့ ...။ ဒါပေမဲ့ ယောကျ်ားနဲ့မိန်းမမှာ နား လည်ပေးပါလို့ ပြောနေတာတွေက ယောကျ်ားတွေ



မဟုတ်လား။ ကိုယ့်ရဲ့ လုပ်ငန်းသဘာဝကို နားလည်ပေး ပါ၊ ကိုယ့်ရဲ့ 'လုပ်ဖော်ကိုင်ဖက်တွေကို နားလည်ပေးပါ။ ဆိုတာမျိုး နားလည်ပေးစရာတွေက ယောကျ်ားတွေဆီမှာ ချည်းပဲ မဟုတ်ဘူးလား ..."

"သိမ့်"

သူ့ခေါ်သံက လှုပ်လှုပ်ခတ်ခတ် ရှိလှသည်။ သို့သော် ခဲ့ စားသောက်ဖွယ်ရာများ တင်ထားသည့် လင်ဗန်းတစ်ချပ်ဖြင့် စားပွဲထိုးကောင်လေး ပြန်ရောက်လာသည့်အတွက် သူ့ စကားဆက် ခွင့် မရလိုက်ပါ။ သူက ကြက်ဆီထမင်းပန်းကန်ကို သိမ့်ရှေ့ဖက် တိုးချပေးသည်။ ဇွန်းခက်ရင်းကို လက်သုတ်ပဝါဖြင့် သေချာသုတ် ပေးသည်။ သည်ဆိုင်လေးမှာ နှစ်ခြိုက်စရာ တစ်ခုက အဖြူရောင် လက်သုတ်ပဝါသန့်သန့်လေးတွေ ဖန်ခွက်ထဲမှာ ထောင့်ချိုးထောင် လျက် ရှိနေခြင်းပင်။ ခဏကြာတော့ အငွေ့ထောင်းထောင်းထနေ သည့် ရေနွေးပန်းကန်တွေ ဟင်းချိုပွဲတွေ ရောက်လာသည်။ သူ့ ကို ဧည့်ခံစရာ မလိုဘူး ထင်တာမို့ သိမ့်က ထမင်းကိုသာ ငုံ့စား နေမိသည်။

"သမီးရဲ့ အိမ်ထောင်ရေးမှာ ကိုယ် စွက်ဖက်ခွင့် မရှိဘူးလို့ သိမ့်က ထင်သလား"

"မဟုတ်ပါဘူး"

ခေါက်ဆွဲကြော်ပန်းကန်ကို လုံးဝမတို့မထိသေးဘဲ သူက သိမ့် စားနေသည်ကိုသာ ငေးကြည့်နေသည်။ သူ့ခေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစကားတွေ ကြားရမည်ဆိုတာ သိမ့်မမှန်းတတ်ပါ။ သို့သော် သိမ့်သည် လွန်ခဲ့သည့် နှစ်များစွာကလိုပင် သူ့စကားတွေ သူ့ ဆုံးဖြတ်ချက်တွေကို သိပ်ပြီး အလေးမထားချင် ရှိမြဲပင်။

သူနှင့် သက်ဆိုင်သည် ဆိုဦးတော့ ...

သမီးသည် သိမ့်ရဲ့ ဆုံးဖြတ်ချက်တွေ အောက်မှာ [illegible] ကြီးပြင်းခဲ့ရတာ အမှန်ပဲလေ။

"[illegible]မိန်းမဟာ ရှင့်သမီးပဲလေ ...။ သူတို့ကိစ္စမှာ ရှင် ကြား [illegible]ဝင်ပြီး ဖြေရှင်းလို့ ရမယ်ထင်ရင် ဖြေရှင်းပေးပေါ့။ ခုတော့ [illegible] ရှင့်မှာ ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို စိတ်ဝင်စား[illegible] [illegible]အချိန်တွေ ရှိနေပြီပဲ ..."

"[illegible]တော့တယ်"

[illegible]သိမ့် မှားသွားပြန်ပြီ ...။

"[illegible] ကိုယ် သိပ်နောက်ကျနေခဲ့ပါပြီ"

[illegible] နောက်ထပ် ဘယ်လိုအစားအသောက်မျိုးကိုမှ လက် [illegible]အောင် သိမ့် ရင်ထဲမှာ တင်းကျပ်တစ်ဆို့ သွားခဲ့သည်။ သိမ့်တို့ နှစ်ဦးကြားမှာ အနာဂတ်ဆိုတာ မရှိတော့ [illegible] ဆက်နွယ်စရာ ဆိုတာက အတိတ်အကြောင်းတွေ သာ ကျန်တော့တာပေါ့။

ဒါပေမဲ့ ... သိမ့်သည် နာကြည်းမှုတွေကို မေ့ပျောက် [illegible]နိုင်ဖို့ အချိန်အတော်ကြာအောင် ကြိုးစားခဲ့ရသည်။ ပြီးတော့ သူ [illegible] တစ်သီးတစ်ခြား ဖြစ်သွားအောင်



ခွဲထုတ်နိုင်ဖို့ ကိုယ့်ဘာသာ ကြိုးစားရသည်ကပင် နှစ် အတော် ကြာခဲ့ပါသည်။

ထို့ကြောင့်လည်း အဲသည် အတိတ်ဆိုတာကို ပြန် ပြီး တူးဆွဖို့ သိမ့် ဘယ်လိုမှ ခွင့်မပြုနိုင်ပါ။

"ထားပါတော့ ... ဒါတွေ ပြန်ပြောမနေပါနဲ့။ ခု သမီးကိစ္စ ကို ရှင် ဘယ်လိုလုပ်ပေးချင်သလဲ၊ ရှင့်အနေနဲ့ လုပ်ပေး နိုင်မယ်လို့ ထင်သလား ...။

ဒါဆိုရင်တော့ သမီး ... သိမ့် အိမ်မှာ ရှိနေတယ် လေ။ ရှင် လိုက်တွေ့လို့ ရတာပဲ၊ ဒါမှမဟုတ် သမီးနဲ့ သီးသန့်တွေ့ချင်တယ် ဆိုရင်တော့ သမီး ခု အိမ်မှာရှိမယ်။ သွားတွေ့လိုက်ပေါ့။ သိမ့် အိမ်မပြန်ခင်အထိ အချိန်ရတာပဲ"

သူ နောက်ထပ် စကားမဆိုတော့ပါ။

ခေါက်ဆွဲကြော်ကို စိတ်မပါသလို တို့ကနန်း ဆိတ် ကနန်း စားသည်။ နေ့လယ်ခင်း အချိန်မှာ ကြားရသည့် country song တစ်ပုဒ်သည် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလွန်းနေ၏။ သိမ့်က နိုင်ငံခြားသီချင်းတွေကို သီဆိုသူနှင့် သီချင်းသံစဉ်တွေ တွဲမသိသူ ဖြစ်သည်။

သူကတော့ မြန်မာသီချင်းရော နိုင်ငံခြားသီချင်းကိုပါ ဟိုတစ်စ သည်တစ်စနှင့် ကပေါက်တိ ကပေါက်ချာ ဆိုတတ်သူ ဖြစ်သည်။ ပြီးတော့ သံစဉ်တွေကို ငြင်းခုန်လျှင် သူကပဲ ဂီတဘိုး အကြီးလိုလို ...။

www.burmeseclassic.com

www.burmeseclassic.com



ခရစ်စမတ်ဆုတောင်းသီချင်းတွေက လွဲလျှင် သူ ပိုင်ပိုင်နိုင်နိုင်ရသည့် သီချင်းတစ်ပုဒ်မှ မရှိ။

အပြင်မှာ နေရောင်အရှိန်ပြင်းပြင်းကို မြင်နေရလျက် ဆိုင်ထဲမှာတော့ အေးစိမ့်နေသည်။ ရာသီအပူကို ကြောက်နေ သည်ကနေ့မှာတော့ သိမ့်က ရင်ဖုံးလက်ရှည်အင်္ကျီကို ဝတ်ခဲ့သည် မို့ လေအေးစက်ရာသီနှင့်တော့ အနေတော်ပင်။ သိမ့်တို့နှစ်ယောက် ကြား တိတ်ဆိတ်နေပြီး အေးစိမ့်သော ဆိုင်ခန်းလေးအတွင်းမှာ ကျေးလက်ဂီတသံသာ လွှမ်းမိုးနေခဲ့သည်။ ညီညာညက်ညောလှ သော ရစ်သမ်ခတ်သံသည် သိမ့်တို့နှစ်ဦးကြားမှာသာ ဝေ့ဝဲနေခဲ့၏။

"မှတ်မိသေးလား သိမ့် ... ရခိုင်က အိမ်ကလေးမှာလေ"

သူက သီချင်းသံကို မှတ်မှတ်ထင်ထင် သတိထားမိ သွားဟန် တူသည်။ ပြုံးပြုံးရယ်ရယ် လှမ်းပြောလိုက်ပြီးမှ သိမ့် မျက်ဝန်းများနှင့် ဆုံမိပြီး တစ်ဝက်တစ်ပြက်မှာ စကားသံ ရပ်တန့် သွားပါသည်။ ချက်ချင်း မျက်လုံးလွှဲမစ်လိုက်ပြီးသည့်အခါ ...

"တစ်ခုခု သောက်ဦးမလား"

ဟု အနည်းငယ် အေးစက်သော အသံဖြင့် သိမ့် မေးလိုက်သည်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိပြန်သည်။

ဖဖဖ





မမှတ်မိချင်ပါဘူးကွယ် ...

သိမ့်ဘဝမှာ အစက, ပြန်စ, ခွင့်ရမည် ဆိုလျှင်ဖြင့် သူနှင့် တွေ့ဆုံပြီး နောက်ပိုင်းကာလတွေကို နောက်တစ်မျိုး အသစ်ပြန်စ,ချင်ပါသည်။

ဒါဟာ နောင်တ,တရားလား ...

သည်လို ပြောလို့ ရချင်လည်း ရမည်။ ဒါပေမဲ့ များရည်စက်ကို လျက်ခဲ့ရသည့် အချိန်ကာလတွေလည်း ရှိခဲ့ဖူး ပါသည်။ အဲသည်ကာလတိုတို အတွက်တော့ဖြင့် တစ်ဘဝလုံးကို စတေးပစ်ဖို့ မတန်မရာ ရှိလွန်းသည်ဟု သိမ့် တွေးမိခဲ့သည့် အချိန်က သိပ်နောက်ကျနေခဲ့ပါပြီ။

ဖဖဖ



www.burmeseclassic.com

www.burmeseclassic.com



တံခါးဆားက လျှပ်စစ်ဘဲလ်ကို နှိပ်လိုက်မိပေမဲ့ သမီး ရှိနေလိမ့်ဦးမည် လို့တော့ သိမ့် မမျှော်လင့်ပါ။ ထို့ကြောင့်လည်း တံခါးသော့ကို အဆင်သင့် ထုတ်ထားပြီး ဖြစ်သည်။ သို့ပေမဲ့ တံခါးက ချက်ချင်းဆိုသလို ပွင့်လာသည်။ ခေါင်းလျှော်ပြီးစ, ရေမခြောက်တခြောက် ဆံပင်တွေ မျက်နှာသုတ်ပဝါဖြင့် ထွေးလုံးရစ်ပတ်ထားသည့် သမီးမျက်နှာမှာ ဘာများမှားယွင်းနေသလဲဟု သိမ့် အဖြေရှာကြည့်မိသည်။ သမီး မျက်လုံးတွေ မှိုအိမ်မနေပါ။ နီရဲမနေပါ။ သမီး ပါးပြင်တွေမှာ မျက်ရည်စ,တွေ မရှိပါ။ ဒါဆို ...

သိမ့် အစိုးရိမ် လွန်တာပဲ ဖြစ်မှာပါ ...။

သိမ့်က အတွင်းဘက် ဝင်လိုက်ပြီး သံပန်းတံခါးချက်မှာ သော့ပြန်ချိတ်ရင်း ...

"တင်အောင်မိုး မလာဘူးလား"

ဟု အလောတကြီး မေးလိုက်သည်။

သမီးက ...





"လာပါတယ်"

ဟု ဆုတ်ဆိုင်းဆိုင်း ဖြေသည်။

"ဒါဖြင့် ..."

သမီး အိမ်ပြန်ဖို့ကိစ္စမှာ ဘယ်သူ ဒါရိုက်တာဆိုတာ သမီး သိလောက်ပြီ။ ကိုယ့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်စေဖို့ တင်အောင်မိုးကို သိမ့်ကပဲ အချိန်ဆွဲပြီး ရက်ရွှေ့ပစ်ခဲ့တာကို ခုတော့ သမီး သိလောက်ပြီပေါ့ ...။

"သမီး ..., ဘာဖြစ်လို့ ပြန်လိုက်မသွားတာလဲ"

"သမီး မေမေ့ကို စောင့်နေတာ"

သမီးက သိမ့် ခါးကို ဖက်ပြီးနွဲ့လိုက်သည်။ သမီးကို သူ့အဖေ လာသေးလားမေးဖို့ သိမ့် တွန့်ဆုတ်နေခဲ့သည်။ ဒါက ပုံမှန်မဟုတ်ဘူး ထင်ရဲ့။

"ဒီည လာခေါ်မှာလား"

"မဟုတ်ပါဘူး"

"အံမယ် ... ဘာတွေတုန်း။ အိုက်တင် ခံနေပြန်တာလား"

စလင်းဘက်ခ်ကို အိပ်ခန်းထဲက ခုတင်ပေါ် ပစ်တင်ခဲ့ပြီး မီးဖိုခန်း အပြင်ထောင့်မှာရှိသည့် cooler ထဲက ရေတစ်ခွက်ငှဲ့ပြီး သောက်လိုက်သည်။ အပြင်မှာ ရာသီတော်တော် ပူပါသည်။ ခုတော့ သိမ့်သည် လေအေးစက်တပ်ထားသည့် အခန်းအေးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



နေသားကျသွားပြီ။ ကားဆိုလည်း အဲယားကွန်းကောင်းကောင်း နိုင်သည့် ကားကိုမှ လိုချင်တတ်ပြီ။ သိမ့် ... လိုချင်မျှော်မှန်းသ တွေကို လိုက်ချင်သမျှ ရနိုင်သည့် ကာလသည် သိမ့်အတွက် ဘယ်သူ့ကိုမျှ မျှဝေပေးစရာ မရှိတော့သော ကာလ ဖြစ်နေခဲ့တာ တစ်ခုပဲ ...။

အထီးကျန် ဆိုတော့ရော ဘာဖြစ်သလဲ ...

"မဟုတ်ပါဘူး မေမေရယ်။ တကယ်ပဲ မေမေ့ကိုစောင့် နေတာပါ။ မေမေနဲ့ စကားပြောချင်သေးလို့"

"မြတ်စွာဘုရား"

"ဒီနေ့ ဒီကို ဖေဖေ လာတယ် မေမေ"

အင်း ...

ထင်သားပဲ ...။

ဒါပေမဲ့ သိမ့် နည်းနည်းတော့ အံ့သြဟန် ဆောင် လိုက်ပါသည်။ သမီးဟာ သူ့ဖေဖေကို အစဉ်အမြဲ လိုလားလျက် ဆိုသည်ကိုတော့ သိမ့် မသိဟန်ဆောင်၍ မရပါ။

"အင်း ... အင်း ... ဘာတွေ သြဝါဒ ချွေသွားသေးလဲ"

"မေမေကလည်း"

အခန်းထဲဝင်ပြီး အဝတ်လဲခိုက်မှာပင်။ သမီး ဘာ ကြောင့် ပြန်လိုက်မသွားတာလဲ ဆိုတာကို စဉ်းစားမတတ်အောင် ရှိသည်။ သမီးတို့ ညီနောင်လို့ အဆင်မပြေကြသေးဘူးလား ...





"ဖေဖေနဲ့ သမီး စကားတွေ အကြာကြီး ပြောနေကြတာ၊ မေမေ ပြန်မလာခင် အချိန်အထိပဲ ..."

သမီးက သိမ့်ကို တမင်စောင့်နေခဲ့သည် ဆိုတာတော့ သေချာသလောက် ရှိနေပြီ။ သိမ့် အခန်းတံခါးဖွင့်ပြီး ထွက်လာ သည့်အခါ သမီးကို အခန်းတံခါးဝမှာ ရပ်လျက်တွေ့ရသည်။ သမီး မျက်ဝန်းတွေထဲက အဓိပ္ပာယ်ကို သိမ့် မမှန်းတတ်ပါ။ သမုန်သည် မျက်နှာပေါ်မှာ သနပ်ခါး မခြောက်တခြောက်နှင့် ကိုယ်ပေါ်မှာ အင်ဒိုနီးရှားဂါဝန်ပွပွကြီးကို ဝတ်ထားပြီး ဆံပင်ရှည် ကို မျက်နှာသုတ်ပဝါဖြင့် ပွတ်သုတ်နေသည်။ သိမ့်အတွက် ဆံပင်အခြောက်ခံဖို့ ဒရိုင်ယာ မလိုတာမို့ အိမ်မှာ ဆံပင်လေမှုတ် စက် မရှိချေ။

"ဒီနေ့ ... သမီး ဖက်ထုပ်ကြော် လုပ်ထားတယ် မေမေ ...။ စားကြည့်မလား"

"ဟဲ့ ... ညစာ မစားနိုင် ဖြစ်နေပါဦးမယ်"

ယမုန်က မျက်ခုံးတွေ ကုပ်ကျသွားပြီး နှုတ်ခမ်းကြီး ရှုံ့နေသည်။

"မေမေတို့များ အူကျဉ်းလိုက်တာ၊ တစ်နေ့ကို ထမင်းနှစ် နပ်အပြင် ဘာဆိုဘာမှ မစားဘူး။ ဒီပုံဆို မေမေ တစ် ယောက်တည်းနေရင် နောက်ဆို ပိုဆိုးတော့မယ်"

"တစ်ယောက်တည်း မနေလို့ ကျုပ်က ဘယ်နှယောက် နေရမှာတုန်း။ သူကများ ... ငါ့ကို ..."



www.burmeseclassic.com

www.burmeseclassic.com



သမီးက သိမ့်ကို လက်မောင်းရင်းက ဆွဲခိုပြီး ဧည့်ခန်းအပြင်ဘက် ဝရန်တာဆီ ဆွဲခေါ်လာသည်။ ဝရန်တာမှာ အသင့်ရှိနေသည့် ပက်လက်ကုလားထိုင်ပေါ် အထိုင်ခိုင်းပြီး —

"သမီး ဖက်ထုပ်ကြော်နဲ့ ရေနွေးယူခဲ့မယ်"

ဟု ဆိုသည်။

ခုလိုဆိုတော့ သိမ့်သည် မိသားစုဘဝ ဆိုတာကို ပြန်ပြီး တမ်းတချင်လာသည်။ သမီးကို ပိုပြီး လွမ်းဆွတ်လာသည်။ ပိုပြီးနမြောလာသည်။ သို့ပေမဲ့ သည်လို အခိုက်အတန့်ဟူသည် အိပ်မက်သာ ဖြစ်၏။ ချိုမြိန်ခြင်း ရသသည် ထာဝစဉ်တည်မြဲနေတတ်သည် မဟုတ်ချေ။ ပြီးတော့ သိမ့်သည် နာကြည်းစရာတွေကိုသာ ပိုပြီး သတိရလွယ်သူမို့ သိမ့် အဖို့တော့ အေးချမ်းပြီး ကန်ရေပြင်လို တည်ငြိမ်သော ဘဝဆိုတာ ဖြစ်နိုင်ဖို့ ခက်ခဲလှသည်။

ခဏကြာတော့ သမီး လက်ထဲမှာ ဖက်ထုပ်ကြော် ထည့်ထားသည့် ပန်းကန်ပြားငယ်နှင့် ရေနွေးဓာတ်ဘူးသေးသေးနှင့် ပြန်ရောက်လာသည်။

သမီးထံမှာ သိမ့် အတွက် ပြောစရာစကားတွေ တစ်ပုံတစ်ပင် ရှိနေပြီ ထင်ပါရဲ့။

အမေဖြစ်သူနှင့် တွေ့ခဲ့ရပြီးပြီဆိုလျှင် သမီးမှာ စကားလုံးတွေများစွာ ပြည့်သိပ်နေတတ်သည်။ သို့ပေမဲ့ စကားတွေအားလုံးကိုလည်း သမီး ယမုန်သည် အစီအစဉ်တကျ ပြော





တွက်သည်မဟုတ်။ အဲသည်လို အချိန်မျိုးမှာ ယမုန်သည် ဇမ်းနည်းနေတတ်၏။

ခုတော့ ယမုန့် မျက်နှာမှာ ဝမ်းနည်းရိပ် မရှိဘူး ထင်သည်။ သိမ့် ရင်ထဲမှာ သမီးနှင့် မိခင်သည် တစ်စိတ်တစ်ဝမ်းတည်း ပိုပြီး ဝေးကွာသွားနေသလို စိတ်မှာ ခံစားရ၏။ သမီး ရင်ထဲ ဘယ်လိုဘာတွေ ရှိနေသည် ဆိုတာပင် သိမ့် မခန့်မှန်းနိုင်တော့ချေ။

"မေမေ ... မြည်းကြည့်ပါဦး"

သမီးက သိမ့်ကို ဧည့်သည်တစ်ယောက်လို ဧည့်ခံနေသည်။ သမီး စိတ်ကျေနပ်စေဖို့ ဖက်ထုပ်ကြော်တစ်ခု ကောက်ယူဝါးကြည့်ရ၏။ တကယ်တော့ သိမ့် ဖက်ထုပ်ကြော်ကို မကြိုက်တတ်ချေ။

"အင်း ... ကောင်းသားပဲ။ ကိုယ့်ဘာသာ အစာလုပ်တာလား"

"ဟုတ်တယ်လေ ...။ အိမ်မှာတော့ အလုပ်နားတဲ့နေ့တွေမှာ မကြာခဏ လုပ်စားဖြစ်တယ် မေမေရဲ့။ ကိုမိုးက ဖက်ထုပ်ကြော်တို့ ဖက်ထုပ်ခေါက်ဆွဲပြုတ်တို့ သိပ်ကြိုက်တာ မေမေရဲ့"

သိမ့်က သမီးကို ပြုံးစစဖြင့် မျက်နှာပင့်ကြည့်သည်။ သမီးကလည်း အဲသည်အကြည့်ကို ကောင်းစွာ အဓိပ္ပာယ်ဖော်နိုင်၏။ သို့ပေမဲ့ သမီးက မသိဟန်ဆောင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာအေးဘုရားလမ်းမကြီးဘက်ကနေ ဆရာစံလမ်း ကွေ့လာသည့် ကားတွေကိုသာ သမီးက ငေးကြည့်နေ၏။

သိမ့်လည်း သည်လိုပါပဲလေ ...

တစ်ယောက်တည်း ငြီးငွေ့လွန်းသည့်အခါမှာတော့ ကဗ္ဘာရလမ်းပေါ် ကားတွေ ပြေးလွှားနေသည်ကိုပဲဖြစ်စေ ကောင်းကင်မှာ တိမ်တွေ ရွေ့လျားနေသည်ကိုပဲဖြစ်စေ ငေးကြည့်နေမိတာပါပဲ ...။

အများအားဖြင့် ညနေခင်းတွေပေါ့ ...။

ပြီးတော့လည်း အလုပ်ထဲမှာ နစ်မြုပ်ရပြန်တာပါပဲ။ တစ်ခါတလေမှာတော့ သိမ့်သည် လည်ပတ်နေသည့် ယန္တရားကြီး တစ်ခုလုံးကို မေ့ပစ်ပြီး ထွက်ပြေးချင်သည်။ ဘယ်သူနှင့်မှ ပြန်မတွေ့နိုင်သည့် တစ်နေရာရာမှာ ပုန်းခိုနေနိုင်ချင်သည်။ သို့ပေမဲ့ စိတ်ကူးတွေသာ ရှိခဲ့သည်။

"တကယ်တော့ မေမေ ..."

သိမ့် ...အတွေးလွန်နေခဲ့သည်မို့ ရုတ်တရက် သမီး ပြောခဲ့သည့် စကားကို နားမလည်လိုက်မိ။ သမီးကတော့ ... သည်က စီးမိုးမြင်ရသည့် လမ်းမကိုသာ ငေးနေဆဲ ရှိသည်။

"အိမ်ထောင်တစ်ခု ပြိုကွဲဖို့ဆိုတာ မလွယ်ပါဘူးနော်"

သမီးရဲ့ စကားသံမှာ သိမ့် လှိုက်ခနဲ ဝမ်းနည်းသွားရသည်။





"မလွယ်ဘူး ဆိုတာ ကိုယ်တိုင်ကိုက ပြိုကွဲချင်စိတ် မရှိဘူးကိုး ...။ ကိုယ့်ရဲ့ သူ့အပေါ်ထားတဲ့ သံယောဇဉ်ကိုက အင်အားကြီးနေခဲ့တာကိုး ...။

အဲဒီလို တွေးမိတော့ သမီးဟာ လှောင်အိမ်တစ်ခု ထဲ ရောက်နေသလို ခံစားရတယ် မေမေ။ ဒါပေမဲ့ ကိုယ် တိုင်က အဲဒီ လှောင်အိမ်ကနေ မလွတ်ချင်ဘူး။ အဲဒီ ခံစားချက်ဟာ တော်တော့်ကို ဆိုးတာပဲ မေမေ။ ကိုယ့် ဘက်မှာ အရှုံးတွေချည်း ရှိနေမှန်း သိတယ် ...

ဒါပေမဲ့ ... အဲဒီ အရှုံးတွေကိုပဲ မကျေမနပ် လက်ခံ နေရတာမျိုး ...,

မေမေ့လို သမီး သတ္တိမရှိဘူး ..."

စကားပြောရင်းကမှ သမီး အသက်ရှူသံတွေ မြန်လာ သည်။ ပါးပြင်နှစ်ဖက်က နီမြန်းမြန်း ဖြစ်လာသည်။ သမီးမျက် န်းတွေ စိုစွတ်နီရဲပြီး မျက်ရည်တွေ စိမ့်အိုင်လာသည်ကို ဘယ် ို့မှ မနှစ်သိမ့်နိုင်ဘဲ ငေးကြည့်ရုံ ကြည့်နေရတာ မိခင်တစ်ယောက် အို့ ဘယ်လောက် ကြေကွဲစရာ ကောင်းသလဲ။

ဒါပေမဲ့လည်း အမှန်တကယ်ပင် ၁သိမ့် ဘာမျှမတတ် ိုင်ပါ။

"အဲဒီလို အချိန်တွေကို မေမေ ဘယ်လို ရင်ဆိုင်ဖြတ်ကျော် ခဲ့သလဲ ဆိုတာ သမီး သိပ်သိချင်တာပဲ မေမေ။ မေမေ့ လို သတ္တိမျိုး သမီး ရချင်တယ်။ ခလောလောဆယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် ငဲ့စရာ ဘာတစ်ခုမှ ရှိမနေသေးဘူး။ ဒါ
တောင် ... သမီး ... သူ့ကို ... ...”

သမီးရဲ့ စကားသံ လည်ချောင်းထဲမှာ ဆို့နင့်တိုး ဝင်သွားသည့်အခါ သိမ့် ပင့်သက်ရှည် ရှိုက်လိုက်မိသည်။ သမီး က ကြိမ်ခုံဝိုင်းလေးပေါ် ထိုင်နေရာကနေ သိမ့် နံဘေးသို့ ရွေ့ ရောက်လာပြီး သိမ့် ပေါင်ပေါ်မှာ မျက်နှာမှောက်ချလျက် တိုး ဆိတ်စွာ ငိုရှိုက်နေလေသည်။ သမီးရဲ့ ပျော့အိဖြောင့်စင်းသည့် ဆံပင်တွေက အေးစက်လျက်ပင် ရှိနေပါသေးသည်။

သမီးကို ရင့်ကျက်ပြီ ထင်ခဲ့ပေမဲ့ ချစ်ခြင်းတရား ကို သွေးချာ ညသောမပေါက်နိုင် ရှိဆဲပင်။

ဘယ်လို တတ်နိုင်မှာလဲ ...

သိမ့် ကိုယ်တိုင်လည်း သည်လိုကာလများစွာ အကြိမ်ပေါင်းများစွာ ဖြတ်ကျော်ခဲ့ရသည်ဆိုတာ သမီးက ဘယ် သိနိုင်ပါ့မလဲ။ သမီး သိအောင် ပြောပြဖို့လည်း ဖြစ်နိုင်သည် မဟုတ်ချေ။ သမီးကိုတော့ သိမ့်က အပြစ်ကင်းသော အိမ်ထောင် တစ်ခုကိုသာ ပိုင်ဆိုင်စေချင်သည်။

“မေမေနဲ့ ယှဉ်ပြီး မတွေးနဲ့လေ ... သမီးရယ်။ သမီး မေမေ အခြေအနေချင်းက မတူပါဘူး။ နောက်ပြီး သမီး တို့မှာ အဆိုးတွေချည်း ရှိနေတာ မဟုတ်ပါဘူး။ ယောက် ယောက်တစ်ဖက် နည်းနည်းစီ လျှော့လိုက်ရင် အဆင်ပြေ သွားမှာပါ ...





ယောကျ်ားတွေဆိုတာ သူတို့က အိမ်ထောင်ဦးစီး နေရာမှာ ရှိနေတယ်လို့ ခံယူပြီး အရာရာမှာ ဦးဆောင်ရမှ ကျေနပ်တာ မဟုတ်လား။ ဒါကို သမီးက နားလည်ပေးရ မှာပေါ့”

“မဟုတ်ဘူး မေမေ”

သမီးတို့ ပြဿနာကို သိနေပေမဲ့ သိမ့်က အပြင်လူ တစ်ယောက်သာ ဖြစ်သည်။ တကယ်တော့ စကားတစ်ခွန်း နှစ် ခွန်းလောက် ပြောရုံနှင့် ပြေလည်သွားမည် မဟုတ်ဘူး ဆိုတာ သိမ့်လည်း သိနေခဲ့သည်ပင်။

သမီးက မျက်ရည်တွေကို သိမ်းပြီး ဆံပင်တွေကို နောက်ဘက်မှာ သားရေကြိုးဖြင့် ခပ်ဖွဖွ စည်းနှောင်လိုက် သည်။

“သမီး တဖြည်းဖြည်းနဲ့ ကိုယ့်စိတ်ကိုယ် သုံးသပ်မိလာ လို့ပါ။ ပြီးတော့ ဖေဖေနဲ့ စကားပြောရတော့ မေမေဟာ သမီး ခံစားခဲ့ရတာထက် ပိုပြီး ခံစားခဲ့ရမှာပဲလို့ တွေးမိ လာတယ် ...

ဖေဖေက ... ဒီနေ့တော့ ... မေမေ မမှားဘူးလို့ ပြောတယ် မေမေ”

“ဘာရယ်”

သမီး မျက်နှာကို အထူးအဆန်းလို သိမ့် စူးစိုက် ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ အဲဒီ အချိန်က မေမေ့ ခံစားချက်
ဖေဖေက ကိုယ်ချင်းစာ မပေးနိုင်ခဲ့ဘူးတဲ့၊ ဖေဖေ့ရဲ့ မာနက
စော်ကားခံရတယ်လို့ပဲ တွေးမိတယ်။ အဲဒါဟာ တစ်ယောက်
ကိုတစ်ယောက် နားလည် ကိုယ်ချင်းစာ မပေးနိုင်ခဲ့တဲ့
အတွက် မိသားစု ဘဝကို ဆုံးရှုံးခဲ့ရတာ ... တဲ့"

ဟင့်အင်း ...

ဒါတွေဟာ ပြီးခဲ့ပါပြီကွယ် ... ,

လည်ချောင်းထဲမှာ တစ်စုံတစ်ခု တစ်ဆို့လာသည်ထင်ပြီး ချောင်းတစ်ချက် ဟန့်လိုက်သည်။

"နေစမ်းပါဦးဟယ်။ ခုဟာက သမီးတို့ ပြဿနာ
ဆွေးနွေးနေတာ မဟုတ်လား။ ဘယ်က ဘယ်လို မေ
အကြောင်း ရောက်သွားရတာလဲ"

သမီးသည် ဒူးနှစ်ဖက်ကို ပိုက်ပွေ့လျက် ကလေးတစ်ယောက်လို ရယ်မောပြန်သည်။ သိမ့်ကတော့ သမီးကို နားမလည်နိုင်။ သည်နေ့ တစ်နေ့လုံး သိမ့် စိတ်တွေ မတည်ငြိမ်ဘဲ လှုပ်ရှားမောပန်းနေသည်မှာ သမီးကြောင့်တော့ မဟုတ်ဘူး ထင်သည်။

"တကယ်ဆို ... ဖေဖေဟာ အရက်မသောက်၊ ဖဲမရိုက်
မိန်းမလည်း မလိုက်စားဘဲ အေးအေးဆေးဆေး နေတတ်
သားနဲ့ မေမေနဲ့ ဖေဖေ ဘာဖြစ်လို့ ကွဲရတာလဲလို့ သမီး
စဉ်းစားမရ ဖြစ်ခဲ့တာ။ မေမေ ပေးခဲ့တဲ့ အကြောင်း





ချက်ဟာ လင်မယား ကွဲဖို့အတွက် ခိုင်လုံတဲ့ အကြောင်း
ပြချက် မဟုတ်ဘူးလို့ သမီးက ထင်ခဲ့တယ်လေ ...

ဒါပေမဲ့ ခုတော့ သမီး တွေးမိပြီ မေမေ ...

မိန်းမ တစ်ယောက်ဟာ တော်ရုံတန်ရုံ စိတ်နာကြည်းစရာလောက်နဲ့တော့ ယောက်ျားတစ်ယောက်ကို ကွာရှင်းမှာ မဟုတ်ဘူးလို့ ..."

သိပ်မှန်တာပေါ့ သမီးရယ် ...။

သို့ပေမဲ့ သိမ့် နှလုံးအိမ်သည် တဆတ်ဆတ် ခုန်...ကျက်ရှိ၏။

ဒါပေမဲ့ သမီးရယ် ...

မိန်းမတွေရဲ့ ခံနိုင်ရည် ဆိုတာလည်း တစ်ယောက်တစ်ယောက် မတူနိုင်ပါဘူး ...

သိမ့် စိတ်ထဲကသာ တိတ်ဆိတ်စွာ ပြောမိ၏။

"နောက်ပြီး အရက်မသောက် ဖဲမရိုက်ရုံနဲ့ မိန်းမ မလိုက်
စားရုံနဲ့ အဲဒီလူဟာ ခင်ပွန်းကောင်း တစ်ယောက် ဖြစ်တယ်
လို့ ဘယ်လိုမှ မပြောနိုင်ဘူး မဟုတ်လား မေမေ"

"မှန်တယ် သမီး ...။ ဒါပေမဲ့ သူ့ကို ခင်ပွန်းကောင်း
တစ်ယောက် ဖြစ်စေချင်တယ်ဆိုရင် ကိုယ် ကိုယ်တိုင်က
ရော ဇနီးကောင်းတစ်ယောက် ဖြစ်ရဲ့လားလို့ အရင်ဆုံး
စဉ်းစားဖို့ လိုမယ် သမီးရဲ့ ..."

သည်စကားကို ဘယ်သူ ပြောခဲ့ပါလိမ့် ...



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့် ဆယ့်နှစ်နှစ်ကတော့ သိမ့်ကို ဘယ်သူမှ သည်လိုစကား မပြောခဲ့ကြဘူးဟု မှတ်မိနေသည်။

"ဒါဆို ... မေမေ"

သမီးက ပျော့စင်းစိုစွတ်လျက် မျက်နှာပေါ် အုပ်ကျနေသည့် ဆံပင်တွေကြားက သိမ့်ကို မော်ကြည့်နေသည်။ သမီး မေးချင်သည့် မေးခွန်းကို သိမ့် ကြိုပြီး ကြားယောင်နေမိသည်။ သမီးသည် လွန်ခဲ့သည့် နှစ်အတော်ကြာကတည်းက သိမ့်ကို သည်လို မေးခွန်းမျိုး မေးချင်ပေလိမ့်မည်။

"မေမေ ... ရော၊ ဇနီးကောင်း ပီသခဲ့သလား ...၊ လို့ သမီး မေးမလို့လား"

"ဟယ် ... မေမေ သိနေတယ်"

"ဒါများ ... ခဲခဲယဉ်းယဉ်း"

"မေမေက လူတွေရဲ့စိတ်ကို ကောင်းကောင်း ခန့်မှန်းနိုင်တယ်။ အဲဒါကြောင့် မေမေ စာရေးဆရာ ဖြစ်တာ"

သိမ့်က သမီးစကားကို သဘောကျပြီး ရယ်မိသည်။

"မေမေက ဇနီးကောင်းတစ်ယောက် မဟုတ်ခဲ့ပါဘူး သမီးရယ်။ ဘာကြောင့်လဲဆိုတော့ မေမေက သမီးဖေဖေရဲ့စိတ်ဒုက္ခတွေကို မျှယူပေးဖို့ ကိုယ်ချင်းစာပေးဖို့ ဝန်လေးခဲ့လို့ပဲ"

"ဒါဆို ဖေဖေကရော"

"သမီးဖေဖေကတော့ တာဝန်ယူဖို့ ဝန်လေးတဲ့သူပဲ သမီးရဲ့ ..."





သိမ့် လွှတ်ခနဲ ပြောလိုက်မိသည်။

သိမ့် ရင်ထဲမှာ ပြောချင်သည့် စကားများစွာသည်း သမီးကိုတော့ ပြော၍မဖြစ်ပါ။

"နာကြည်းစရာတွေချည်း ရှိတာတော့ မဟုတ်ဘူးပေါ့ သမီးရယ်။ မေမေတို့ မိသားစုမှာ ပျော်စရာ အချိန်တွေလည်းရှိခဲ့ပါတယ်။ ဘဝမှာ လိုအပ်ချက်တွေ သိပ်မများသေးတဲ့အချိန်မှာပေါ့၊ သမီးအတွက် ပြည့်စုံတဲ့အိမ်ထောင်စုတစ်ခု မိသားစုတစ်ခု မဖြစ်ခဲ့တာကိုတော့ မေမေ စိတ်မကောင်းပါဘူး ...

ဒါပေမဲ့ မေမေဟာ သူ့အတွက် ခံစားချက်ဘာတစ်ခုမှ မရှိတော့တဲ့အထိ သူ့ကို စိတ်ပျက်ခဲ့တယ်။ အဲဒီလို စိတ်ပျက်တယ် ဆိုတဲ့ ခံစားချက်မျိုး သမီး သိမှာမဟုတ်ဘူး၊ ခံစားဖူးမှာ မဟုတ်ဘူး၊ သမီးကို မေမေ ပြောဖူးတယ် မဟုတ်လား ...။ သမီးရဲ့ချစ်သူကို သုညကစ,ပြီး အမှတ်ပေးထားပါလို့ ...။ အမှတ် တစ်မှတ်မှ ရှိမထားတဲ့ သူ့အတွက် ပေါင်းထည့်ရတာ စိတ်ချမ်းသာစရာ ကောင်းတယ်လေ ...။ မေမေကတော့ သမီး ဖေဖေကို အမှတ်ပြည့်ပေးထားမိတယ်။ ဒီတော့ မိုင်းနပ်စ်(–)နဲ့ အမှတ်ကို ပြန်လျှော့ရတဲ့အခါ ပျော်စရာ မကောင်းတော့ဘူး"

သိမ့်က ရယ်ကာမောကာ ပြောမိပေမဲ့ သမီးက ရယ်မောပါ။ သမီး ယမုန်သည် သိမ့် ပေါင်ပေါ်မှာ ပါးအပ်လျက် ငြိမ်သက်နေမြဲပင်။

www.burmeseclassic.com



သမီး ဘာတွေ တွေးနေမည် ဆိုတာ သိမ့် မသိပါ။ ဒါပေမဲ့ ... သိမ့်၏ အိမ်ထောင်ရေးသည် သမီးအတွက် စိုး မဖြစ်နိုင်ဘူး ဆိုတာ တွေးမိတော့ ဝမ်းနည်းစိတ်မကောင်း ဖြစ်ရ သည်။

လမ်းမပေါ်က ကားများ၏ ပြေးလွှားမောင်းနှင်သံ သည် အဆုံးသတ်မရှိသည့် ကဗျာရွတ်ဖတ်သံလိုပင် တဖြည်းဖြည်း နှင့် ငြီးငွေ့ဖွယ် ကောင်းလာသည်။

"ဟုတ်တော့ ဟုတ်ပါတယ် မေမေ ...။ ဒါပေမဲ့ ဘယ်သူ မဆို ကိုယ့်ချစ်သူကိုတော့ အမှတ်ပြည့် ပေးချင်ကြတာပဲ မဟုတ်လား"

စကားနှင့်အတူ သမီး တိတ်ဆိတ်စွာ မျက်ရည်ကျ နေခဲ့သည်။


ကိုယ်တိုင် လောင်မြိုက်ခံခဲ့ရပြီးပြီမို့ သည်အချစ်မီး ကို ဘယ်လို တန်ခိုးရှင်မျိုးမှ လက်တစ်ချက် ဝှေ့ယမ်းရုံဖြင့် မပျောက်နိုင်မှန်း သိခဲ့ပြီ။

လောင်မြိုက် နေလေဦးပေါ့ ယမုန်ရယ် ...။

တစ်နေ့နေ့မှာတော့ ...။ ဝါးမျိုရမဲ့ လောင်စာတွေ ကုန်ခမ်းသွားတဲ့ တစ်နေ့နေ့မှာတော့ ငြိမ်းကောင်း ငြိမ်းနိုင်ပါ လိမ့်မယ် ...။







www.burmeseclassic.com

www.burmeseclassic.com







သိမ့်သည်လည်း အများထဲက ပိုးဖလံတစ်ကောင် ပါပဲ။ ဒါပေမဲ့ ပိုပြီး မိုက်မဲလှသည့် ပိုးဖလံတစ်ကောင်လည်း ဖြစ်ခဲ့သည်။ မိန်းမ အများစုထဲက ပိုထူးခြားပြီး သစ္စာရှိလှသည့် သားစုအပေါ် ခင်တွယ်လှသည့် ခင်ပွန်းသည်တစ်ယောက် ရ့ကို လိမ့်မည်ဟု မိမိ ကံကြမ္မာအပေါ် ပုံအပ်ယုံကြည်ခဲ့သည်။

ကိုကို အားကိုးမှီတွယ်ရသည့် နေ့ရက်အစပိုင်းတွေ က တကယ့်ကို တပ်မက်ချင်စရာပါပဲ။ မေ့မရနိုင်စေသည့် ကာလ များပါပဲ။ အဲသည် နေ့ရက်တွေသာ ဘဝမှာ မရှိခဲ့ဘူးဆိုလျှင် သိမ့်သည် အိမ်ထောင်သည်ဘဝကို ခုထက်စောစော နောင်တရ ဖြစ်မှာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကို့ရဲ့ ရိုးသားမှုဟာ သိမ့်အတွက်တော့ ဆွဲဆောင်နိုင်သည့် အရည်အချင်းတစ်ရပ် ဖြစ်ခဲ့သည်။ သိမ့်ကပဲ ရှေးရိုးဆန်ပြီး စိတ်ကူးယဉ်တတ်သူမို့လား မသိ။ ကို့ကို စ,ပြီး 'ရင်ဆိုင်ရတော့ ကို့ရဲ့ ရိုးသားပြီး သိမ်မွေ့အေးဆေးသည့်ဟန်ပန်၊ အဆောင်အယောင်တွေကို တပ်မက်မှုမရှိသည့် မျက်လုံးတွေကို ခင်မင်နှစ်လိုခဲ့ရသည်။ သိမ့် မှတ်မိနေသည့် တောင်ပေါ်မြို့တစ်မြို့မှာပေါ့။ အဲသည် မြို့က နယ်စပ်ကုန်သွယ်ရေးကြောင့် စည်ပင်တိုးတက်နေသည့် မြို့လည်း ဖြစ်သည်။

ထိုစဉ်ကတော့ သိမ့်သည် အသက်နှစ်ဆယ့်တစ်နှစ်အရွယ် နုငယ်ပျိုမျစ်သော နှလုံးသားတစ်စုံနှင့် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။ အိမ်ထောင်ရေးဆိုတာကို ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ကြိုတင်မျှော်လင့်ခဲ့ပေမဲ့ သိမ့် ကြိုတင်တွေးဆမိခဲ့သမျှတွေက ရေမှာထင်သည့် အရုပ်တွေလိုပင်။ တက္ကသိုလ်မှာတုန်းက ချစ်သူရည်းစား ရှိခဲ့ပေမဲ့လည်း တကယ်တမ်းကျတော့ အချစ်ဆိုတာ ကစားနည်းတစ်ခုလိုပဲ ဟူ၍သာ စိတ်ထဲ စွဲထင်ခဲ့သည်။





ကို့ကို စ,ပြီး ဆုံဖြစ်တော့လည်း သိမ့်သည် အချစ် ဆိုတာကိုတော့ သေချာနားလည်သည် မဟုတ်ခဲ့။

အစ်ကို တစ်ယောက်လို သူငယ်ချင်းတစ်ယောက်လိုပင် ခင်မင်မိသည်။ အဆောင်အယောင် မာန်မာနကင်းလှသည့် နဂိုနေပုံစံကိုတော့ ချီးမွမ်းခဲ့သည်။ (သည်တုန်းက ပစ်စလက်ခတ်ဖြစ်သလို နေတတ်တာလို့ သိမ့် ဘာကြောင့် မတွေးခဲ့မိသည်မသိ။) သိမ့်ရဲ့ အိမ်ထောင်ဖက် ရွေးချယ်စာရင်းထဲမှာ သူ မပါဝင်တာတော့ သေချာလှသည်။

ပန်းမားငုတွေ ဝါထိန်နေအောင် ၊ ပွင့်ကြသည့် လေယာဉ်ကွင်းတစ်ခု၏ ဝန်းကျင်သည် သိမ့်တို့နှစ်ဦး စတင်မျက်နှာချင်း ဆိုင်မိကြသည့် ဒေသပုံရိပ်တစ်ခု ဖြစ်သည်။

သူသည် သာမန်အရပ်သားဝန်ထမ်း တစ်ယောက်လိုပင် အဲရိုးစပို့ရှပ် မီးခိုးရောင်နှင့် မရမ်းစေ့ရောင် ခပ်များများပါဝင်သော ပလေကပ်ပုဆိုးကို ဝတ်ဆင်ထားခဲ့သည်။ ပထမဆုံးအကြိမ် စ,တင်မြင်တွေ့သည့် နေ့က ဝတ်စုံကို အသေအချာမှတ်မိနေသည့် အကြောင်းကတော့ သူသည်-အဲသည်ဝတ်စုံကိုမင်္ဂလာ ဆိုသလို ဝတ်ဆင်တတ်သောကြောင့် ဖြစ်ပါသည်။ သိမ့်နှင့် မျက်နှာချင်း ဆိုင်မိတိုင်းလိုလို သူ့ကို အဲသည်ဝတ်စုံဖြင့် မြင်ရသည်။

သိမ့်ကို အလည်အပတ် ခေါ်လာသည့် သူငယ်ချင်းမကြည်ကြည်မာက ကိုနှင့် နဂိုကပင် သိကျွမ်းသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်မာက မြို့လယ်ကောင် နေရာကောင်းမှာ စားသောက်ဆိုင် ဖွင့်ထားသူမို့ ကုန်သည်၊ ဝန်ထမ်း၊ တပ်မိသားစုများ စသည့် လူတန်းစား အလွှာစုံနှင့် သိကျွမ်းရင်းနှီးသူ ဖြစ်သည်။ ပိုက်ဆံဖြုန်းနိုင်သူမို့ ရန်ကုန်ကို မကြာခဏ ရောက်လာ၊ ရန်ကုန်ကနေ ချောင်းသာ ငပလီ စသည့် ခရီးတိုတွေသွားပြီး ငြိမ်းအေး တိုင်း သိမ့်ဆီ ရောက်လာတတ်သည့် ကြည်မာက ...

"စာရေးဖို့ အတွေ့အကြုံရအောင် တို့ဆီ တစ်ခေါက်လော လိုက်ခဲ့စမ်းပါ"

ဆိုပြီး သိမ့်ကို အလည်ခေါ်ခဲ့ခြင်း ဖြစ်သည်။

သည်တုန်းကတော့ သိမ့်ဟာ စာရေးဆရာမပေါက်စ ပေါ့ ...။ စာအုပ် ထုတ်ဝေသူ တစ်ယောက်အဖြစ် ရပ်တည်နိုင်ဖို့ စိတ်ကူးရေးရေးမျှင်မျှင်ပင် မရှိ။ သွားလေရာ မြင်လေရာကို မှတ်စုမှာခံစားပြီး မဂ္ဂဇင်းတွေမှာ ဝတ္ထုတို ဝတ္ထုရှည်တွေရေး၊ လုံးချင်း ဝတ္ထုတွေ ထုတ်ဝေဖို့ ကြိုးစားနေချိန် ဖြစ်သည်။

လေယာဉ်ပေါ်ကနေ ဝင်းဝါတောက်ပနေသည့် ဧရာ မားငုပင်တန်းနှင့် ခပ်ဝေးဝေးက ဘုရားကျောင်း အမိုးချွန်တွေကို မြင်ရရုံဖြင့်ပင် သိမ့်သည် စိတ်လှုပ်ရှား ပျော်ရွှင်နေခဲ့၏။ လေယာဉ် ခရီးသည် သိမ့်အတွက် ခံစားမှု အသစ်အဆန်းကို ပေးနိုင်သည်။ လေဆိပ်အဆောက်အအုံသည် ရန်ကုန်လေဆိပ်ထက် အများကြီး သေးငယ်ပြီး ရှင်းလင်းနေ၏။ လေယာဉ်ထဲက ထွက်လျှင် ရာသီဥတု အပြောင်းအလဲကို စ,တင်ကြုံတွေ့ရသည်။ ရန်ကုန်

သုံးဆယ်ဒီဂရီထက် မိနည်းသည့် အပူကနေ ရတ်တရက် ဆောင်း နှောင်းရာသီစစ်စစ်ကို ကြုံရသည်။ လေဆိပ်အဆောက်အအုံရဲ့ မှန်ချပ်တွေ နောက်မှာ အဲသည်တုန်းက သူ ရှိနေခဲ့တာပေါ့ လေ ...။

ကြည်မာက သူ့ကို မြင်မြင်ချင်း ဝမ်းသာအားရ သူ့နာမည်ကို ခေါ်ပြီး ...

"အတော်ပဲ ... ကားကြုံလိုက်ရမယ်"

လို့ပြောဆို နှုတ်ဆက်စဉ်ကတော့ သိမ့်သည် သူ့ကို အမှတ်တမဲ့ပင်။

သူ့ရုပ်ရည်သည် အများကြားမှာ ထင်ထင်ရှားရှား ရှိ။ အသားညိုပြီး နှုတ်ခမ်းတွေက ပြာနှမ်းနှမ်းနှင့် ဆေးလိပ်ကြိုက်တတ်သူမှန်း သိသာလှသည်။ မျက်နှာကျနှင့် အရိုးအဆစ်တွေ ထင်ရှားသည်။ ပျော့ပျော့နွဲ့နွဲ့နှင့် ကဗျာဆန်လှသည့် စိတ်ကူးယဉ်တတ်သူ ပုံစံမျိုးလည်း မဟုတ်။ ထောင်ထောင်မောင်းမောင်း ခန့်ခန့်ညားညားနှင့် အမေရိကန်ဇာတ်လိုက် ဆန်သူလည်း မဟုတ်။ သူသည် ဘယ်နေရာမှာမဆို သာမန်အရည်အချင်းမျိုးနှင့် လူတစ်ယောက်သာ ဖြစ်သည်။ နဂိုကမှ စိတ်ကူးယဉ်တတ်သူ၊ အကောင်းကိုချည်း မြော်လင့်တတ်သူ သိမ့်သည် သူ့ကို အိမ်ထောင်ဖက်ဖြစ်သာဖို့ ဘယ်လိုများ စိတ်ကူးယဉ်ခဲ့မှာလဲ ...။

နီးစပ်ရာကို တွယ်ငြိသည် ဆိုရအောင်လည်း သူနှင့် သိမ့်သည် ရံဖန်ရံခါမှသာ တွေ့ဆုံရသူတွေ ဖြစ်သည်။

www.burmeseclassic.com



ကြည်မာက သိမ့်နှင့် သူ့ကို မိတ်ဆက်ပေးသည် ထို့နောက်မှာတော့ သိမ့်တို့ နှစ်ဦးသည် အဝတ်အစား လက်ဆော ပစ္စည်း အထုပ်အပိုးများနှင့်အတူ သံပြားတွေ ဟောင်းနွမ်းဆွေးမြေ ပြီး အသံမျိုးစုံ ထွက်နေသည့် ဂျစ်ကားကြီးပေါ် လိုက်ပါခဲ့ရတော သည်။ အဲသည်မှာပဲ သူ့ကို ရင်းနှီးခင်မင်ချင်ဖွယ် သူ့ရဲ့ စရိုး ကို ကျွမ်းဝင်ခဲ့ရတော့တာ …။

"ဒါ … ကျွန်တော့်ဆီမှာတော့ အကဲစမ်းအီးပဲ …။ မော်တော် ယာဉ်မှာ အကောင်းဆုံးကား …။ ကားသမားက ဆေးပေ လိပ်ကြီးခဲပြီး မောင်းတော့ ကားဖင်မှာ မီးခိုးတွေ တန်းနေ တော့တာပေါ့"

သိမ့်က စကားနည်းပြီး အရယ်သန်သူမို့ သူ့ ပြော သမျှ ဟာသတွေကို လိုက်ပြီးရယ်မိသည်။

သူက ကြည်မာနှင့် ရှမ်းလို အလိုက်အထိုက် ပြော သည်။ ကားသမားနှင့် ကုလားလို ပြောသည့်အခါ ပြောသည် တက္ကသိုလ်ဘုန်းနိုင်ရဲ့ "ထား"ဝတ္ထုထဲက မိုးကျရွှေကိုယ် လေး မျိုးနှင့် မြန်မာစကားလည်း ပြောတတ်သေးသည်။ သူ ပြောသမျှ ကို သိမ့် မရယ်ဘဲ မနေနိုင်သည့်ကြားက …

"ဒီလောက် မျက်နှာပြောင်တဲ့ လူတော့ မတွေ့ဖူးဘူး"

ဟု ရွှတ်ရွှတ်ချချ တွေးဖြစ်ခဲ့သေးသည်။ သိမ့်း ယောက်ျားဆို တည်တည်ခန့်ခန့်မှ သဘောကျသည်။ ယောက်ျား ပီသသည်ရယ်လို့ ထင်သည်။ ကြည်မာ ကတော့ စ,ကတည်းက



ါတိမ်သူမို့ ဘယ်သူနှင့်မှ မရင်းနှီးဖူးရယ် မရှိ။ ပြီးတော့ ဆယ် သမီးကတည်းက မိဘဦးစီးသည့် စားသောက်ဆိုင်လုပ်ငန်းမှာ စီးရသူပီပီ နှုတ်ပေါ့သည်။ ရင်းနှီးလွယ်သည်။ မာန်မာနမရှိ။ ာလို ဝန်တိုစိတ်မရှိ။ ဘာဆိုဘာမှလဲ အလေးအနက်မရှိ။

"နင် သိချင်တဲ့ အကြောင်းအရာရှိရင် မေးလို့ရတယ်။ သူတို့ကတော့ ဒီမှာ အပ်ကျတာကအစ မဖြစ်မနေ သိရတဲ့ သူတွေ"

ဆိုပြီး ကြည်မာက သိမ့်ကို စကားလမ်းကြောင်း တင်ပေးသည်။ အဲသည်ကတည်းက …, စာရေးဆရာဆိုသည့် ာတ်ဂုဏ်ပုဒ်ကို သူ စိတ်ဝင်စားခဲ့သည်ဟု သိမ့် ထင်သည်။

"စာရေးဆရာလား …။ ဟိုတုန်းက စာရေးဆရာကြီးတွေ တော့ ကြားဖူးပါတယ်၊ ခုခေတ် စာရေးဆရာမလေးတွေ တော့ မသိတော့ဘူး၊ ကြော်ငြာမှာတော့ ဆရာမကြီး ဗိုး နှစ်လက်မသိန်းရှင် ဆိုတာ ကြားဖူးတယ်"

"တော်ပါ … ကျွန်တော့် သူငယ်ချင်းကို ပေါက်ကရတွေ"

ကြည်မာက သူ့ကို ခပ်ငေါက်ငေါက် ပြောတော့ ည်။ သူ အရယ်မပျက်ပင်။ သည်တုန်းက ရုပ်မြင်သံကြားမှာ ကြော်ငြာတွေကဏ္ဍ မပါဝင်သေး။ သူပြောသည့် ကြော်ငြာက ာင်းတွေမှာ တွေ့ရသည့် တိုင်းရင်းဆေး ကြော်ငြာဖြစ်သည်။ က အလွယ်တကူ မခင်မင်တတ်သူမို့ စကားများစွာ မပြော ပေမဲ့ သူ့ကို စိတ်ထဲက ခင်မင်နေမိပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့တို့ ဂျစ်ကားကြီးက ကုန်းအတက်တွေဆို လီ တစ်ဆုံး နင်းသော်လည်း တဂီးဂီး အသံသာထွက်ပြီး ရှေ့ ဆက်မတက်တော့။ မီးခိုးလုံးတွေ ဓာတ်ဆီနံ့တွေကလည်း မွှန် သည်။ တောင်ပေါ်မြို့ ဆိုတော့ ကုန်းအဆင်းအတက် အ အကောက်တွေကလည်း များမှများ ...။ လမ်းမှာ စက်ရပ်သွားလျှ ကားပေါ် ပါလာသည့် သူတို့တပ်က အဖွဲ့သားတွေ ဝရန်းသုံ ကား ဆင်းပြီး တွန်းကြရပြန်သည်။ စက်နှိုးသွားပြန်တော့ ကာ အရှိန်နှင့် လိမ့်သည်ကို နောက်က ပြေးလွှားလိုက်တက်ကြရသည် သိမ့်မှာတော့ စိတ်ထဲက အားနာမဆုံး။ ကြည်မာကတော့ ရှ စရာတစ်ခုလိုသာ ရယ်မောနေလျက်ပင်။

"ရှင်တို့ကား စီးရတာလည်း လန်ချားစီးနေရသလိုပါပဲလား"

ဟု ကြည်မာ ပြောလည်း သူက တဟဲဟဲ ...

"အတွေ့အကြုံ အသစ်ပေါ့ဗျာ၊ ခင်ဗျားတို့က ဗင်(န်)ကာ စီးနေတဲ့သူတွေဆိုတော့ လန်ချားစီးရတဲ့ အရသာ ဘယ် မှာလဲ။ ဒါ ကျေးဇူးတောင် တင်ရဦးမယ်"

"ဟုတ်ပါပြီ။ ကျေးဇူးတင်လို့ပဲ ကျေးဇူးဆပ်တဲ့ အနေ ညစာကျွေးပွဲ့မယ်။ ဒီည လာခဲ့လေ။ အဖွဲ့တွေ ခေါ်ခဲ့ ..."

"တကယ်လား"

သူက ကြည်မာ့ကို မေးရင်း သိမ့်ကို ကွက်ကြ သည်။

"တကယ်ပါဆို"





"ရိပ်သာက လူမျိုုတွေအားလုံး ခေါ်ခဲ့ရမှာလား"

"ဘယ်လို"

"ဒီက ဆရာမကြီးက အပျိုကြီး မဟုတ်လား"

သိမ့် မျက်နှာပေါ် သွေးတွေ ဖြန်းခနဲ ရွေးထွေးသွား သည်။

"အမယ် ... ကျွန်တော့် သူငယ်ချင်းကိုများ အပျိုကြီး ... တဲ့။ အပျိုမကြီးသေးဘူးဗျ၊ အပျိုနုနုထွတ်ထွတ်လေး ...။ တော်ပြီ ... တော်ပြီ ... ဒီတစ်ခွန်းနဲ့တင် ခင်ဗျားကို အမှတ်လျှော့လိုက်ပြီ။ ညကျ လူမျိုုတွေ ခေါ်မလာနဲ့ ..."

"ဟာ ..., အဲလိုတော့ မလုပ်ပါနဲ့ဗျာ။ ကျွန်တော့်ညီလေး တွေ အတွက် ကျွန်တော့်မှာ တာဝန်ရှိလို့ ပြောရတာပါ စိတ်မရှိပါနဲ့"

သိမ့်သည် ကြည်မာ့လို လူတန်းစားမရွေး စိတ်ပေါ့ပါး မရင်းနှီးသူမို့ သူ့ရဲ့ကျီစယ်စကားတွေကို စိတ်ကသိကအောက် ဖြစ်နေမိသည်။ ကြည်မာက သည်လိုစကားတွေကို ပြောရီးပြော ဲ့ တစ်ခုလို စိတ်အနှောင့်အယှက် မဖြစ်ဘဲ လက်ခံနိုင်သည်ကို ည်း အားကျမိသည်။ သိမ့်သည် လောကကြီးရဲ့ သမားရိုးကျ စ်စဉ်တွေကို မိန်းမ ပီသစွာပင် လျှို့ဝှက်ဖုံးကွယ်ဖို့ ဒါမှမဟုတ် န်ဆောင်နေဖို့သာ ကြိုးစားတတ်သူ ဖြစ်သည်။ ပွင့်လင်းရိုးသားမှု ီ သဘောကျပေမဲ့ ကိုယ်တိုင် ပွင့်လင်းဖို့ကိုတော့ သတ္တိမရှိ ချေ။

www.burmeseclassic.com



"ညီလေးတွေ အတွက်ပဲလား။ ကိုယ် ကိုယ်တိုင်ေ
မပါဘူးလား"

ကြည်မာက သည်လို နောက်ရွတ်ရွတ် ပြောလို
တော့မှ သူ ရက်အမ်းအမ်းရယ်လျက် ငြိမ်ကျသွားသည်။

"ဒီလူကြီး အောင်သွယ်လုပ်တာ တော်တော် ဝါသနာ
တယ်။ ကိုယ်တိုင်ဖြင့် မစွံဘဲနဲ့"

နောက်ပိုင်းမှာတော့ ကြည်မာကသာ သူ့ကို နှိပ်
နေပြီး သူက ကြည်မာ ပြောသမျှ သွားအဖြီးသား ရယ်မောနေ
သည်။ ဆံပင်တိုတိုကပ်ကပ်ကြောင့် နားရွက်ကားကားတွေ ပို
ရှားနေသော သူ့မျက်နှာသည် ရယ်လိုက်လျှင် သဘောကော
ပြီး အပြစ်ကင်းသူတစ်ယောက် ပုံစံမျိုး ဆောင်နေတတ်၏။
ဘုယျအားဖြင့် မှတ်ချက်ချရလျှင် သူသည် အေးဆေးရိုးသာ
ပျော်ရွှင်တတ်သူ ဖြစ်သည်။ 'သူ့ကို မြင်လိုက်ရလျှင် ဘယ်သူ
သည်လို မှတ်ချက်မျိုး ချရမည်သာ ဖြစ်သည်။

လေဆိပ်ကနေ မြို့တွင်းသို့ ရောက်လာသော
မြို့၏ ရှုမြင်ကွင်းသည် အာရုံအသစ်အဆန်းတစ်ခု ဖြစ်လာသ
မြို့၏ နေရာတိုင်းမှာလို ဆိုင်တန်းကလေးတွေ ရှိသည်။ 'မော်
ဆိုင်ကယ် စက်ဘီးတွေ ရှိသည်။ တောင်ပေါ်မြို့ နယ်စပ်
ရေးမြို့တော် ပီသစွာ ပြောင်လက်တောက်ပပြီး ဘီးအကြီးကြီ
တပ်ဆင်ထားသည့် ကားကြီးတွေလည်း လမ်းတွေပေါ်မှာ
တိုင်းလိုလို တွေ့ရသည်။ မြို့ကွက် အနေအထားကို တစ်ကြိ





ဖြတ်သွားရုံဖြင့်တော့ မှတ်မိဖို့ မလွယ်လှချေ။ သိမ့်တို့
ောက်ရှိနေသော ကားလမ်းမသည် မြို့၏ အမြင့်ပိုင်းမှာ ရှိပြီး
ာက်ဘက်ချိုင့်ဝှမ်းထဲမှာ အဆောက်အအုံတွေ လမ်းတွေ အဆင့်
င့် ရှိနေသည်။ အထက်တန်းကျောင်းနှင့် ဈေးဆိုင်တန်းတချို့
ျော်လွန်ပြီးသည့်အခါ ရှမ်းဘာသာ တရုတ်ဘာသာဖြင့် ဆိုင်း
တ်များစွာ ရေးထိုးထားသည့် ဆိုင်တစ်ဆိုင်ရှေ့မှာ ကားရပ်သွား
ည်။

"သိမ့်ရေ ခေါင်းမူးနေပြီလား"

ဟု ကြည်မာက မေးရင်း ...

"ကဲ ... ရောက်ပါပြီ"

ဟု သိမ့်ကို လည်တိုင်ဆီ လှမ်းဖက်လျက် ပြော
ည်။ ရန်ကုန်မှာ ရာသီက ပူနွေးနေတုန်းမို့ လေယာဉ်ပေါ်အထိ
အနွေးထည်ဝတ်ဖို့ ယောင်ယမ်း၍ပင် စိတ်မကူးမိ။ လေ
ာဉ်ဆင်းတော့လည်း ရာသီပူပူက လာပြီး သွေးနွေးနေဆဲမို့
လှသည် မထင်မိ။ ကားပေါ်မှာတော့ ရာသီအအေးနှင့် လေ
သည့် ဒဏ်ကြောင့် သိမ့် တစ်ကိုယ်လုံး အေးစက်နေခဲ့ပြီ။
ာ လက်မောင်းနှစ်ဖက်ကိုပိုက်ပြီး ကုပ်ချီချီ ဖြစ်နေသည့် သိမ့်
ာရုဏာလိုလို လှောင်ပြုံးလိုလိုနှင့် ကြည့်သည်။

"ညကျ လာခဲ့နော်"

ပစ္စည်းတွေ ချပြီးသည့်အခါ ကြည်မာက သူ့ကို
ှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာမှာပေါ့ ... မလာမှာများ စိတ်ပူနေရသေး အေးကျော်တို့ မျိုးညွန့်တို့လည်း ခေါ်ခဲ့မယ်လေ"

"ကျွန်တော့် သူငယ်ချင်းတော့ ဖွက်ထားမှာဗျ နော"

"ဟာ, ဒီလောက်ကြီးလည်း ကြောက်စရာမလိုပါဘူး ကျွန်တော့် ကောင်တွေက ကိုက်မစားတတ်ပါဘူး။ ကလေး ချောချောမြင်ရင် ဗိုအားတစ်သိန်းလောက် မျက်လုံးတွေနဲ့ ဝိုင်းကြည့်ကြတာလောက်ပါပဲ။ အလွန် ပြာဖြစ်သွားရုံပေါ့"

အဲသည် စကားတွေက သိမ့် အဖို့တော့ အထူးအ ဖြစ်နေပါသည်။ မိုးခိုးတွေ တလိမ့်လိမ့်နှင့် သူတို့ကား ထွက်သွားသည့်အခါ သိမ့် ရင်ထဲမှာ တစ်ခုခု လပ်ဟာသွားသ ခံစားရသည်။ ကြည်မာက ...

"ဒီလူ သိပ်ခင်ဖို့ ကောင်းတာကွ"

ဟု သူ့ကွယ်ရာကျမှ ပြောသည်။

ဟုတ်မှာပါပဲ ...။

သိမ့်သည် ကြည်မာ့ စကားကို အလွယ်တ ယုံကြည်လိုက်မိ၏။





ကိုနှင့် ပထမဆုံးအကြိမ် ဆုံခဲ့ရသည့် နေ့ရက်သည် မ်တို့နှစ်ဦး လက်ထပ်ဖြစ်ခဲ့ပြီးသည့် နောက်မှာတော့ အမှတ် ရ နေ့ရက် တစ်ရက် ဖြစ်လာခဲ့သည်။ အကယ်၍သာ သိမ့်တို့ ဦး နောက်ထပ် ဘယ်တော့မှ မဆုံဖြစ်ခဲ့ဘူး ဆိုလျှင်ဖြင့် သည် နေ့ရက်သည် သိမ့်အတွက် မေ့လျော့ပျောက်ဆုံးခဲ့သည့် ရက်တွေထဲက တစ်ခုသာ ဖြစ်ပါလိမ့်မည်။ နောက်ပိုင်းမှာတော့ သည်နေ့ရက်သည် ကြင်စဦးဇနီးမောင်နှံအတွက် နှစ်သိမ့်ပျော် င်မှုပေးနိုင်သော အကြောင်းအရာတွေထဲက တစ်ခု ဖြစ်လာခဲ့ သည်။

ဒုတိယအကြိမ် သူနှင့် မျက်နှာချင်း ဆိုင်ရလျှင် တော့ သိမ့်သည် သူ့ကို နှစ်လိုစွာ ပြုံးပြဖို့ ဝန်မလေးတော့ချေ။ နီးမတစ်ယောက်၏ ကျင့်ဝတ်သိက္ခာ ဆိုတာကို အလေးထား ကပ်ပင် သိမ့်သည် သွက်လက် ထက်မြက်သော မိန်းမတစ် ယောက်အဖြစ် ယောကျ်ားတွေရဲ့ လေးစားအထင်ကြီးမှုကို ရယူ င်သူအဖြစ် သူတို့နှင့် ရင်းနှီးနိုင်ခဲ့သည်။ အဲသည် အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တော်တော် ပျော်ရွှင်ကျေနပ်စရာ ကောင်းပါသည်။ ကျောင်းသားဘဝကတော့ သိမ့်သည် ယောကျ်ားလေး မိတ်ဆွေသူငယ်ချင်း မရှိသလောက် နည်းပါးခဲ့သည်။ ယောကျ်ားတွေအပေါ် အထင်အကြည် ကင်းမဲ့သော စိတ်အခြေခံကြောင့်ပင် သိမ့်သည် ယောကျ်ားသားများကို ရင်းနှီးဖို့ ခဲယဉ်းခဲ့ပါသည်။

သည့်ထက် ပိုပြီး ရင့်ကျက်လာတော့ သိမ့်သည် ယောကျ်ားတွေရှေ့မှာ ဣန္ဒြေရရ ရပ်တည် စကားပြောရဲသည့် သတ္တိမျိုး ရလာ၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရ,လာသည့်အခါမှာ မိန်းမငယ်လေး အဖြစ်ကနေ လွန်မြောက်ပြီး သိမ့်သည် ဘယ်သူ့ကိုမဆို ရဲဝံ့စွာ ရင်ဆိုင်ဖို့ အင်အားတွေ ရ,လာခဲ့သည်။ သည်လိုဆိုပေမဲ့ သိမ့်သည် ဘယ်သူ့ကိုမဆို ချက်ချင်းအလွယ် တကူ ခင်မင်နိုင်ဖို့တော့ ခဲယဉ်းနေသေး၏။ ထို့ကြောင့်လည်း ကြည်မာတို့ စားသောက်ဆိုင်သို့ ညစာစားဖို့ ရောက်လာသည့် သူတို့အုပ်စုကို ရင်ဆိုင်ဧည့်ခံဖို့ အတော်သတ္တိမွေးခဲ့ရသည်။ ကိုယ့် ကိုယ်ကိုယ် ရင့်ကျက်သည့် မိန်းမကြီးတစ်ယောက်ဟု ကိုယ့်ကိုယ်ကို လက်ခံလာရအောင် မနည်း ရပ်တည်အားမွေးခဲ့ရသည်။

ကြည်မာက ဖိတ်ခေါ်ခဲ့ပေမဲ့ သူတို့ ချက်ချင်း ရောက်မလာပါ။ သိမ့် ... ရောက်လာပြီး သုံးရက်မြောက်နေ့ ညနေခင်းမှာမှ သူတို့ ရောက်လာခဲ့သည်။ သူတို့အုပ်စုမှာ ဘယ် သူတွေ ပါဝင်သည် ဆိုတာ ခုချိန်မှာ ပြန်သတိမရတော့။ သူ့ မိတ်ဆွေ အရင်းအချာ ကိုမျိုးညွန့်တို့ ကိုသက်နိုင်တို့ ဆိုတာတော့





မှတ်မိနေသည်။ ကျန်သူတွေကတော့ အဲသည်တုန်းက တက်ကြွ သန်းဆန်းနေသည့် မျှော်လင့်ချက်တွေ အများကြီး ပြည့်နေသည့် လူငယ်ကလေးတွေ ကိုယ်စီနှင့်ပေါ့။ သူ ပြောခဲ့သလို လူပျိုတွေ အတော် များပါသည်။ သို့ပေမဲ့လည်း ယဉ်ကျေးရည်မွန်သူတွေ ဖြစ်ပြီး မိန်းမပျိုလေးတွေ အပေါ် စူးစမ်းဖို့ အားသန်သည့် အရွယ်တွေ သည်း ဖြစ်ကြပါသည်။ နုပျိုသည့်အရွယ်နှင့် လန်းဆန်းသည့် အမြင် ယှဉ်တွဲနေသည်ဆိုတော့ ဘယ်အရာကိုမှ အပြစ်ရှိသည် ဟုယ်လို့ မထင်မိချေ။ ကိုက အားလုံးထဲမှာ အသက်အကြီးဆုံး လူပျိုခေါင်းဆောင် ဖြစ်နေသည်။

“ကျွန်တော်က ထမင်းကျွေးမယ်ပဲ ပြောတာဗျ နော်။ အရည်မပါဘူး”

သောက်တတ်သူတွေ ပါသည်မို့ ကြည်မာက ကျီစယ် သည်ကို မှတ်မိနေသည်။ သိမ့်တို့နှင့် စကားပြောသည့် အခိုက် မှာတော့ ဘယ်သူမှ မသောက်ကြပါ။ သို့ပေမဲ့ သိမ့်သည် သူ အရက်သောက်တတ်သည်ကို သိခဲ့ရပြီး အံ့ဩနေခဲ့သည်။

တကယ်တော့ ယောကျ်ားတစ်ယောက် ယမကာ သောက်တတ်သည် ဆိုတာ သည်လောက် ဆန်းကြယ်သည့်ကိစ္စ မဟုတ်ပါ။ ဒါကိုပင် သိမ့်က သူ့ကိုကျတော့ မယုံကြည်နိုင်အောင် ဖြစ်ခဲ့သည်။

အဲသည်အချိန်ကတည်းကပင် သိမ့်သည် သူ့ကို အကျင့်သိက္ခာအပိုင်းမှာ အမှတ်ပြည့် ပေးထားပြီး ဖြစ်နေ၏။

www.burmeseclassic.com



အဲသည် အထင်ကြီးမှုကြောင့်ပဲ သံယောဇဉ် ရစ်နွယ်ခဲ့သည် ဆိုလျှင်လည်း ဖြစ်နိုင်တာပါပဲ။

နောက်ရက်မှာတော့ သိမ့်နှင့် ကြည်မာတို့ ညီအစ်မတစ်တွေ ရေပူစမ်း အသွားမှာ သူနှင့် ဆုံပြန်သည်။ တကယ်တော့ သိမ့်တို့ နှစ်ဦးသားကြားက ပုဂ္ဂလိကဆန်သည့် ရင်းနှီးမှုသည် အဲသည်က စ,တင်ခဲ့သည်။ သိမ့်က ရေထဲ ကြာကြာ စိမ်မနေနိုင်သူမို့ အရင်ဆုံး ရေချိုးပြီးနေပြီး သူနှင့် စကားလက်ဆုံကျခဲ့သည်။ ရေပူစမ်းသည် ဈေးဆိုင်တန်းတွေ၊ နားနေစရာ အဆောက်အအုံတွေနှင့် စည်ကားနေပြီ။

ဟိုတုန်းကတော့ ... တောအုပ်မျက်မည်းထဲ ခရီးထွက်ရသလိုပဲဟု ကြည်မာက ပြောပြသည်။ သိမ့် ... ကတော့ ဒေသစိမ်းတစ်ခုမို့ ဘာကိုမဆို စိတ်ဝင်စားသည်ပင်။ လှပသည် မဟုတ်ပေမဲ့ တစ်နည်းတစ်ဖုံတော့ စိတ်ဝင်စားဖွယ် ရှိသည်လို့ ထင်သည်။ သိမ့် အတွက် စာဖွဲ့စရာ နေရာဒေသစိမ်း တစ်ခုသာ ဖြစ်သည်။

သိမ့်နှင့် သူသည် ကုန်းမြင့်မြင့်မို့မို့ ရှိသော သစ်ရိပ်အောက်က အုတ်ဘောင်ပေါ် ထိုင်နေမိကြသည်။ သိမ့်က စကားနည်းသူ ဖြစ်သည်။ ခံစားချက်ကို ရင်ထဲမှာ သိမ်းတတ်သူ ဖြစ်သည်။ သူကတော့ ရယ်စွင်ဖွယ်သာ အရာရာကို မြင်တတ်သူဖြစ်၏။ (သည်တုန်းကတော့ သိမ့်သည် အမြဲဟာသဉာဏ် ရွှင်နေသည့် သူ့စရိုက်ကို အကောင်းဘက်ကသာ ရှုမြင်တတ်ခဲ့သည်။) ဒါပေမဲ့





အဲသည်နေ့ကတော့ သူ ရယ်စရာတွေချည်း ပြောသည် မဟုတ်ပါ။ သိမ့်တို့ နှစ်ဦးသည် လောလောလတ်လတ် ကျင်လည်နေရသည့် သပ်ငန်းခွင်၏ စိတ်ပင်ပန်းမှု၊ ဖိစီးလေးလံမှုများ အကြောင်းကို ပြောဖြစ်ကြသည်။ သည်လို ပြောဖြစ်ကြတော့မှ သူသည်လည်း သိမ့်လိုပင် အလုပ်တာဝန်၏ ဖိစီးနှိပ်စက်ခံနေရသူ တစ်ယောက်ဟု သိလာရသည်။ သို့သော်လည်း သိမ့်တို့ နှစ်ဦးစလုံးမှာ ကိုယ်စီ ဖြေသိမ့်စရာတွေ ရှိနေသေး၏။ သူက သိမ့် ထက်ပိုပြီး လွတ်သပ်သူ ဖြစ်သည်။

"တကယ်တော့ ... တို့ ဘဝတွေထဲမှာ ရေးစရာဇာတ်လမ်းတွေ အများကြီး ...။ စိတ်ကူးယဉ်ပြီး ခြယ်မှုန်းထားတာတွေထက် ပိုပြီး ဆန်းကြယ်တဲ့ တကယ့် ဖြစ်ရပ်မှန်တွေပေါ့။ အဲဒါကြောင့် ကိုယ်က ဝတ္ထုဖတ်ရတာကို ဆိပ်စိတ်မရှည်ဘူး။ ဒါပေမဲ့ ကိုယ့် ညီမလေးဝတ္ထုကို ကိုယ် ကြိုးစားဖတ်ကြည့်ဦးမယ် ..."

သူ ပြောခဲ့တာကို သတိရနေသည်။

သူက သိမ့်ကိုတော့ သိပ်အထင်ကြီးမထားဘူး ဆိုတာ သူ့စကားတွေမှာ ပေါ်လွင်နေခဲ့သည်။ သိမ့်က သူ့ထက် အသက် ခြောက်နှစ်ခန့် ငယ်နေပြီး ကလေးလိုလို မျက်နှာထားနှင့် မိန်းကလေးငယ် တစ်ယောက်က ဘယ်လောက် ရင့်ကျက်သည့် ဘယ်လို အကျိုးဖြစ်သည့် စာမျိုးကို ရေးနိုင်မှာလဲဟု သူက သံသယ ရှိနေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သိမ့်လည်း ခုမှ ကြိုးစားနေတုန်းပါ။ ကိုယ်ရေးတဲ့ ဇာတ်ကြောင်း စာတစ်ပုဒ်ကို စာဖတ်သူတွေ လက်ခံလာဖို့ဆိုတာ တော်တော် ရင်ခုန်ရတဲ့ ပြဿနာပဲ"

"စာရေးဆရာတွေ အများစုဟာ ခေါင်းမာပြီး အတ္တကြီးကြတယ်လို့ ကိုယ် ကြားဖူးတယ် ..."

"ဒါ အမှန်ပဲ"

သိမ့်ရဲ့ ဝန်ခံစကားကြောင့် သူ အံ့ဩသွားခဲ့ပါသည်။

"ညီမလေး ... ရောပဲလား"

သူ လေးလေးနက်နက် မေးသည်လို့ သိမ့် မထင်ပါ။ သူက ခေါင်းငုံ့စောင်းပြီး သိမ့် မျက်နှာကို ငေးလျက် သိမ့် အဖြေကို စောင့်နေခဲ့သည်။

"အင်း ..., ပါချင်လည်း ပါမှာပေါ့ ...။ ဒါပေမဲ့ သိမ့်ကတော့ စာရေးဆရာ မဟုတ်သေးပါဘူး ...။ စာရေးချင်လို့ ရေးနေတဲ့သူ တစ်ယောက်ပါပဲ"

သိမ့် အဖြေကို သူက ရယ်မောပါသည်။ သူရယ်မောပုံကတစ်မျိုးပါပဲ။ ပခုံးနှစ်ဖက်ကို ကျုံ့ပြီး လည်ချောင်းထဲက ရယ်မောသံမျိုး ...။

"ကိုယ့် ဇာတ်လမ်းတွေ ပြောပြမယ်လေ ... ရေးမလား"

တဲ့ ...။

သိမ့်က သူ ရယ်စရာ ပြောသည်ဟုသာ ထင်ပါသည်။





"ရေးမှာပေါ့ ...။ ပြောလေ ...။ ဒါပေမဲ့ ပေါက်တတ်ကရ ဟာသဇာတ်လမ်းတွေ ဆိုရင်တော့ မရေးတတ်ဘူးနော်"

"အံမယ် ... ငါ ပြောလိုက်ရင် ညည်း မျက်ရည်ပေါက်ပေါက် ကျသွားမယ်"

သူက သိမ့်ကို ကလေးတစ်ယောက်လိုသာ သဘောထားသည် ထင်ပါရဲ့။ သိမ့် တော်တော်ခံရခက်သွားပေမဲ့ သူ့ရှေ့မှာ ကလေးတစ်ယောက်လို လွတ်လပ်ခွင့် ရသည်ကိုလည်း ကျေနပ်နေမိပြန်သည်။

အဲသည်နေ့က ပိတ်ရက်မို့ ရေပူစမ်းမှာ ဧည့်သည် တော်တော်များများပါသည်။ ဧည့်သည်တွေကလည်း ပုံသဏ္ဍာန်အမျိုးမျိုးပင်။ ဒေသခံတွေနှင့် ရောနှောပါဝင်လာသော မြေပြန့်သား ဧည့်သည်တွေလည်း အတော်များသည်။ ညစာစားသည့်နေ့က ပါလာသည့် အရာရှိလူပျိုတစ်ယောက်၊ ကောင်မလေးချောချော တစ်ယောက်နှင့် စားသောက်ဆိုင် တစ်ဆိုင်မှာ ထိုင်နေသည်ကိုလည်း မြင်ခဲ့ရသည်။ သူက ...

"အဲဒီဇာတ်လမ်းကို ငါ နောက်မှပြောပြမယ်"

တဲ့ ...။ ရယ်စရာလိုလို အတည်လိုလို ပြောသည်။ သူ့မှာတော့ ပြောစရာတွေ တစ်ပုံတစ်ပင် အမြဲရှိနေသည်။ သိမ့်တို့သည် နာရီဝက်လောက်ထိုင်ပြီး စကားပြောဖြစ်သည်နှင့်ပင် သူ့အကြောင်း သူ့ပတ်ဝန်းကျင်အကြောင်း သူ့မိသားစုအကြောင်း အတော်များများကို သိမ့် သိနေခဲ့ရပြီ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... ရန်ကုန်ရောက်ခဲ့ရင် လာလည်မယ်နော်"

တဲ့ ...။

သိမ့် အလွယ်တကူ ခေါင်းညိတ်ခဲ့ပေမဲ့ သူ တကယ်ရောက်လာလိမ့်မည်ဟု လုံးဝကို မထင်မှတ်ထားခဲ့ပါ။

ဏ ဏ ဏ





သိမ့်ထံ သူ ရောက်လာချိန်မှာ သိမ့်သည် သူ့ကို လုံးလုံးလျားလျား မေ့လျော့နေခဲ့ပြီဖြစ်သည်။ နှစ်ဆယ့်တစ်နှစ်အရွယ် မိန်းကလေးတစ်ယောက်၏ ပတ်ဝန်းကျင်သည် အမိန့်တာဝန်အရ လှုပ်ရှားသွားလာနေရသူ တစ်ယောက်၏ ဝန်းကျင်ထက်တော့ ပိုပြီး ကျယ်ပြန့်ပါလိမ့်မည်။ သိမ့်မှာ လူတစ်ယောက် (မိမိထက် အသက်ပိုကြီးသော ယောကျ်ားတစ်ယောက်)ထက် ပိုပြီး စိတ်ဝင်စားစရာ များစွာရှိနေသည်။ ပြီးတော့ သိမ့် ရင်ဆိုင်နေရသည့် မြို့ပြဝန်းကျင်သည် ရင်ခုန်ဖွယ် စူးစမ်းဖွယ်တွေ များလှ၏။ ထို့ကြောင့်လည်း သိမ့် သူ့ကို သတိရနေဖို့ အကြောင်းမရှိပါ။ သူ ရောက်လာသည့်အခါ သိမ့်သည် အံ့သြတကြီး ဖြစ်ပြီး သူ့ရှေ့မှာ ကြောင်အမ်းနေခဲ့၏။ သူက သိမ့်ရဲ့ အတွင်းစိတ်ကို လျင်မြန်စွာ နားလည်သွားခဲ့သည်။

"ရောက်လာမယ်လို့ မထင်ဘူး မဟုတ်လား"

တဲ့ ...။ သို့ပေမဲ့ သူ ဝမ်းနည်းသွားတာတော့ မဟုတ်ပါ။ သူ့နံဘေးမှာ အဖော်တစ်ယောက် ရပ်နေသည်။ သူ

www.burmeseclassic.com



တို့နှစ်ဦးစလုံး ယူနီဖောင်းကိုယ်စီနှင့် ဖြစ်ပါသည်။ သိမ့်သည် ခပ်အမ်းအမ်းနှင့်ပင် သူ့ကို ကြိုဆိုရသည်။

"ဘယ် ထင်ပါ့မလဲ ...။ ဘယ်လိုဖြစ်ပြီး ..."

"တာဝန်နဲ့ ခဏလာတာပါ။ နက်ဖြန် ပြန်ရမှာ။ အလုပ်က ပြီးနေပြီ။ လေယာဉ်လက်မှတ် မရသေးတာနဲ့ ရန်ကုန်က လူတွေ စိတ်ဆင်းရဲအောင် လိုက်နှောင့်ယှက်နေတာလေ"

"ဖြစ်မှ ဖြစ်ရလေ။ ဒါဆိုရင် ရည်ရွယ်ချက်တော့ ပျက်သွားပြီပေါ့။ သိမ့်ကတော့ တော်တော် ပျော်သွားတယ်။ တစ်ယောက်တည်း အာရုံတွေ နောက်နေတုန်း လူရွှင်တော် ရောက်လာလို့လေ ..."

သိမ့် စကားကို သူက ကျေနပ်သွားဟန်ဖြင့် တဟားဟား ရယ်နေလေသည်။ သိမ့် ပေးခဲ့သည့် လိပ်စာသည် သိမ့်တစ်ယောက်တည်း ငှားရမ်းနေထိုင်သည့် အလုံတိုက်ခန်း၏ လိပ်စာ ဖြစ်သည်ကြောင့် သူတို့ ရောက်လာသည့်အခါ နည်းနည်းတော့ စိတ်ကသိကအောက် ဖြစ်ရပါသည်။ သို့ပေမဲ့ အဲသည် စိတ်အနှောင့်အယှက်သည် အချိန်တိုတိုအတွင်းမှာ ပျောက်ကွယ်သွားပြီး စိတ်ပျော်ရွှင်စရာ ကောင်းလှသည့် သူ့စကားများကြောင့် သိမ့်သည် သူ့ကို ခဏနှင့်ပင် ပြန်လည်ရင်းနှီးလာခဲ့သည်။ သူ့မိတ်ဆွေကလည်း သူ့လို ရိုးသားဖော်ရွေသော မျက်နှာမျိုးနှင့်ပင်။ သို့ပေမဲ့ ကိုစိုးခန့်က အေးဆေးသူတစ်ယောက် ဖြစ်သည်။ သူ့လိုတော့ စကားမများပါ၊ ရည်မောစရာတွေလည်း မပြောတတ်ပါ။ သူ့ပြော





သမျှကို လိုက်ပြီး ရယ်မောပေးရုံလောက်ဘဲ။ နောက်အကြိမ်တွေမှာတော့ ကိုစိုးခန့်ကို မကြုံရတော့ပါ။ သူ့မိတ်ဆွေတွေထဲမှာ အဲသည် ကိုစိုးခန့် တစ်ယောက်ကို သိမ့် မှတ်မှတ်ရရ ဖြစ်မိသည်။

"ဟိတ် ... ငါတို့ မနက်စာ မစားခဲ့ရသေးဘူးနော်"

"ဟောတော် ..."

"တို့ကို ထမင်းကျွေးမှာလား"

သည်လို ဧည့်သည်မျိုးကိုဖြင့် မကြုံဘူးပါ။ သူသည် သူ့ရှူးဖိနပ်ကို ချွတ်ပြီးသည်နှင့် သိမ့်၏ အိမ်ခန်းကလေးကို သူ့အိမ်သူ့ရာလိုပင် မျက်စိနှင့် ဝေ့ဝဲကြည့်ရုံဖြင့် အားမရဘဲ မီးဖိုခန်းအထိ လျှောက်သွားပြီး ရေခဲသေတ္တာကို ဖွင့်ကြည့် နံရံက ဗီရိုတွေထဲ ဖွင့်ကြည့်လျက် ...

"ထမင်းတော့ ချက်စားပါတယ် နော်"

ဟု သိမ့်ကို လှမ်းမေးလိုက်သေးသည်။

"ချက်တော့ ချက်တာပေါ့ ...။ ဒါပေမဲ့ တစ်ယောက်တည်း ဆိုတော့ ..."

"ဟော ... တွေ့ပြီ။ ဝက်အူချောင်းတွေပါလား"

ကိုစိုးခန့်က ရယ်လည်းရယ်ချင် အားလည်းနာသော မျက်နှာမျိုးနှင့် သိမ့်ကို လှမ်းကြည့်သည်။ သူ နောက်နေတာလား တကယ်ပဲလား ဆိုတာကို သိမ့် မခွဲခြားတတ်ပါ။ စိတ်ထဲမှာတော့ သိမ့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် တမင် လုပ်နေသည်ပဲ ထင်သည်။ ဒါပေမဲ့ မိန်းကလေး တစ်ယောက်တည်း ရှိနေသည်

www.burmeseclassic.com



ဆိုတာကိုလည်း သူ့စိတ်ထဲမှာ အလေးအနက် ရှိပုံမပေါ်။ သူ့မျက်နှာ အမူအရာသည် မပြန်ဖြစ်တာကြာသည့် မိသားစုအိမ်ကို ပြန်ရောက်လာသည့် အစ်ကိုတစ်ယောက်လိုပင် ...။

"တကယ် ထမင်းစားမှာလား ... ဒါဆို ထမင်းအိုး တည်လိုက်မယ်နော်"

"ဟာ ... မလုပ်ပါနဲ့"

ကိုစိုးခန့်ကသာ ပျာပျာသလဲ ငြင်းဆန်သည်။ သူကတော့ ...

"စားမယ်လေ ... ဟင်းမရှိလည်း ကိစ္စမရှိပါဘူး"

တဲ့ ...။

"နင် ... ဟင်းချက်တတ်ရဲ့လား။ ငါက ကြက်သားဟင်းတော့ ကောင်းကောင်းချက်တတ်တယ်၊ ခု ... ဘာလုပ်မလဲ ... ပြော"

စ,ပြီး ဆုံရကတည်းက သိမ့်သည် သူ့ကို နားမလည်နိုင်ခဲ့ဘူး ထင်သည်။ သည်လို ရဲတင်းသည့် အပြုအမူမျိုးတွေမှာ သူ့ရဲ့ ရိုးသားခြင်းကိုပင် သိမ့် ရှာဖွေတွေ့နိုင်ခဲ့သည်။ သူဟာ ထာဝစဉ် ပျော်ရွှင်နေတတ်ပြီး ပွင့်လင်းရိုးသားသူဟူသော မှတ်ချက်သည် ယောက်ျားတစ်ယောက်အတွက် အပေါ်ယံ ကျလွန်းသလားဟု အဲသည့် အချိန်တုန်းက သိမ့် မတွေးမိခဲ့ပါ။

မီးဖိုခန်းထဲဝင်ပြီး သိမ့်ကို သူ ကူညီပေးသည်။ သိမ့်ရဲ့ အိမ်ခန်းကလေး ဖွဲ့စည်းပုံကလည်း သူ့လို ဧည့်သည်မျိုး





အတွက် အဆင်ပြေပါသည်။ ဧည့်ခန်းသည် ထမင်းစားခန်းပေါ်လျက် တတွဲတည်းဖြစ်ပြီး မီးဖိုချောင်က ထမင်းစားခန်းအတွင်းဘက်မှာ ဖြစ်သည်။ အိပ်ခန်း နှစ်ခန်းကတော့ ဧည့်ခန်း ထမင်းစားခန်းကို ဖြတ်ပြီးမှ အတွင်းဘက်မှာ ရှိသည်။ ကြောင့် ထမင်းဟင်းချက်ချိန်မှာ ဧည့်သည်လာလျှင် သိမ့်သည် င်မပျက်ဘဲ ဧည့်ခံစကား ပြောနိုင်၏။ တစ်ယောက်တည်းင်သည်မို့လည်း သိမ့်၏ အိမ်ခန်းကလေးသည် အဆင်တန် အသိုင်းအဝိုင်းတွေ သိပ်မရှိလှဘဲ ရှင်းလင်းနေသည်။ ဧည့်မှာ ဧည့်သည်ငါးယောက်စာ ကြိမ်ထိုးကုလားထိုင်တွေရှိပြီး မရှိ။ ပန်းစိုက်အိုး တစ်လုံးပင် မရှိ။ ဆယ့်ကိုးလက်မ တယ်ရှင်း တစ်လုံးသည် ဧည့်ခန်းခြေရင်းထောင့်မှာ ငေါ်င်းစင်းစင်း ဧည့်ခန်းထဲက ကြိမ်ထိုးကုလားထိုင်တွေသည်ပင် သိမ့်ရဲ့ င်တန်ဆာ မဟုတ်ဘဲ အိမ်ရှင်က ထားပေးခဲ့သည့် ပရိဘောဂ ဖြစ်သည်။ သန့်ရှင်းသပ်ရပ်မှု ဆိုတာကလည်း အိမ်ထောင် များများမရှိသော အိမ်ခန်းအတွက် အထူးတလည် အချိန် လုပ်ဖို့ မလိုသည့် ကိစ္စတစ်ခုသာ ဖြစ်သည်။

အမှန်တကယ်တော့ အဲသည်ကာလတွေတုန်းက လေးတစ်ယောက်တည်း အိမ်ခန်းတစ်ခန်း ငှားပြီး နေထိုင် ာ အတော်စွန့်စားရသည့် ကိစ္စဖြစ်သည်။ သိမ့်သည် အဲသည် တွေကို ပြန်တွေးမိတိုင်း စဉ်းစားခန်း တစ်ခုလို ရင်တဖိုဖို သည်။ ပြီးတော့ မိုက်မဲသည်ပဲ ဆိုဆို အဲသည်ကာလတွေက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရခဲ့သည့် အ
အတန့်ကို သိမ့် ကျေနပ်ခဲ့သည်။ တကယ်တော့ သိမ့်သည်
ရဲ့ စွန့်စားခန်းအတွက် တိုက်ပွဲဝင်ခဲ့ရသည်။ တချို့အရာ
လည်း စွန့်လွှတ်တန်သလောက် စွန့်လွှတ်ခဲ့ရသည်။ ဘာ
စွန့်လွှတ်ခဲ့ရသည် ဖြစ်စေ၊ ဘယ်လိုပဲ ပေးဆပ်ရသည်
သိမ့်သည် လောက ကောင်းကင်ထဲ တောက်ပဖြန့်ဝဲ ပျံ
သည်။ ငှက်ငယ်တစ်ကောင်၏ စူးစမ်းလိုစိတ်နှင့် ကိုယ့်ကိုယ်
ယုံကြည်စိတ်ကို အဲသည် အချိန်က အပြည့်အဝ ရရှိခံစားခဲ့ရ

ကို့အပေါ်မှာလည်း အဲသည်လို ယုံကြည်စိတ်
သာ သိမ့် ရိုးသားစွာ ရဲဝံ့စွာ ရင်းနှီးနိုင်ခဲ့ခြင်းဟု ယခုထိ ယုံ
နေဆဲပင်။ အမှန်တကယ်ပင် သိမ့်သည် ကို့ အပေါ်မှာ
ရင်းချာ တစ်ယောက်လို ယုံကြည်ရင်းနှီးသည့် စိတ်မျိုးသာ
သည်။

ထိုတစ်နေ့က ကို့နှင့် ရင်းနှီးမှုတွေထဲ စိတ်ကြ
စရာ အကောင်းဆုံးနှင့် အပွင့်လင်းဆုံး ရင်းနှီးမှုရယ်လို့ ထင်
ကိုစိုးခန့်ကလည်း ထမင်းစားခန်းထဲမှာ လိုက်ထိုင်သည်။ ကြ
ဖြူနွှာသည်။ အာလူး အခွံသင်သည်။ ဟင်းချိုချက်ဖို့ ဘူးသီး
သည်။ ထမင်းစားခန်းထဲမှာ ရယ်စရာတွေပြောရင်း သိမ့်တို့
စလုံးအတွက် နံနက်စာ စီစဉ်ပြီးစီးခဲ့တာ သိမ့် အတွက်
လုံးဝ ပျော်ရွှင်ဖွယ် ဟင်းချက်ချိန်လေးပဲ ဖြစ်သည်။ သိမ့်
မီးဖိုချောင်ဝင်ဖို့ ပျင်းရိတတ်ပေမဲ့ ဟင်းချက်ညံ့သူတော့ မ





ီးဖိုချောင်ပညာကိုလည်း သိမ့်သည် အထူးတလည် သင်ယူ
ူ မဟုတ်။ ပြီးတော့ မိန်းမတစ်ယောက်ရဲ့ အရည်အချင်းနှင့်
ိမျိုးစွာသည် မီးဖိုချောင်မှာချည်း အသုံးချဖို့ မသင့်တော်ဘူး
ံကြည်လျက် ယခု အချိန်ထိ အဲသည် ယုံကြည်ချက်အတိုင်း
ီးဖိုချောင် ဝင်ရမည့် အချိန်တွေကို နှမြောနေခဲ့သည်။ ကို့
ာ့ သိမ့်ကို မီးဖိုချောင် နိုင်နင်းမည့် မိန်းမတစ်ယောက်ဟု
င်ကြီးထားပုံ မရပါ။

"ကြက်ဥ ကြော်တတ်ရုံဆို ရပြီ"

ဟု မကြာခဏ ချီးမွမ်းခဲ့သည်။

"ကိုယ်တို့ ရန်ကုန် ခဏ ခဏ လာရရင် သိမ့်တော့ စိတ်
ညစ်နေမှာပဲနော်"

ဟု ကိုက သိမ့်ကို ပြုံးရယ်လျက် ပြောသည်။

"စိတ်တော့ မညစ်ပါဘူး ...။ ဒါပေမဲ့ နောက်တစ်ခါ
အိမ်မှာ ထမင်းစားတော့မယ် ဆိုရင်တော့ ကြိုကြိုတင်တင်
လေး ပြောထားမှပေါ့"

ဆိုတော့ ... ကိုစိုးခန့် က ...

"ဟုတ်တယ် ... အစ်ကိုကြီးကတော့ ဒီလိုချည်းပဲ"

ဟု အားနာနာနှင့် မပွင့်တပွင့် ပြောပါသည်။

တကယ်တော့ သူဟာ အလိုက်မသိတတ်သူ တစ်
ာက်လို့ အဲသည် အချိန်ကတည်းက မှန်မှန်ကန်ကန် မှတ်ချက်
ခဲ့ဖို့ ကောင်းတာ။ သူငယ်ချင်း မိတ်ဆွေတွေ ဘဝမှာတော့

www.burmeseclassic.com



လူတစ်ယောက်ရဲ့ ကောင်းကွက်တွေကို မြင်ဖို့ မခဲယဉ်းဘူး
သည်။

ထမင်းကျက်သည့် အခါမှာတော့ ထမင်းပူပူ
ပူပူ စားကြရသည်။ ထမင်းစားရင်း ကြည်မာတို့နှင့် လည်း
ရှိသည့် အကြောင်းတွေ ပြန်ပြောကြရသည်။ တကယ်
ကြည်မာတို့ မြို့မှာ ရှိနေစဉ်က သူ့ကို သိပ်ပြီး မရင်းနှီး
သူ ရန်ကုန်ရောက်လာမှ ဆွေမျိုးတစ်ယောက်လို စိတ်ထဲ
နီးနှီး ဖြစ်ရသည်။

"သိမ့်က ဘာဖြစ်လို့ ဒီမှာ တစ်ယောက်တည်း ခွဲ
လဲ"

သည်မေးခွန်းကို သူက ထက်ထက်သန်သန်
သည်။

"အိမ်နဲ့ သိပ် ကီးမကိုက်လို့"

သိမ့်ကလည်း ရိုးရိုးရှင်းရှင်းပင် ဖြေသည်။
"အိမ်က လူတွေက တစ်ယောက်တစ်မျိုး ..."
သိမ့် စာရေးတာကိုလည်း မကြိုက်ကြဘူး။ အား
ဘူး ဆိုပါတော့။ အောင်မြင်မှာ မဟုတ်ဖူးဘူး ...
တခြား ပိုက်ဆံရမဲ့ စီးပွားရေးထဲ စိတ်ဝင်စားပါ
တဲ့ ...

မိသားစုထဲမှာက သိမ့် တစ်ယောက်ပဲ ဒီလို
လုပ်ငန်းကို ဝါသနာပါတာ။ မောင်နှမတွေ အား





စီးပွားရေးသမားတွေချည်းပဲ။ ဖေဖေနဲ့ မေမေတောင်မှ
သူ့စီးပွားနဲ့သူ၊ ဖေဖေက ဆေးခန်းထောင်တယ်။ မေမေက
ရတနာရောင်းဝယ်ရေး လုပ်တယ်။ မောင်နှမတွေကလည်း
မင်္ဂလာဈေးမှာ ဆိုင်ထွက်တဲ့သူထွက်၊ ပွဲရုံလုပ်ငန်း လုပ်တဲ့
သူလုပ်ပေါ့၊ သိမ့် တစ်ယောက်တည်း အားလုံးထဲမှာ ...
လိုင်းကြောင်နေတာ ...

နောက်ဆုံးတော့ ပြောမရတဲ့တူတူ လုပ်ချင်ရာလုပ်
ဆိုပြီး ခွင့်ပြုလိုက်တာနဲ့ သိမ့်လည်း အိမ်ခန်းတစ်ခန်း
ငှားပေးဆို ပူဆာတော့တာပဲ ..."

သူက သိမ့်ရဲ့ ဘဝဇာတ်လမ်းစုံကို စိတ်ဝင်တစား
ထောင်နေရာကနေ ...

"ဒီတော့ အိမ်က စိတ်ချလား"

ဟု တကယ့် အစ်ကိုကြီးတစ်ယောက်၏ စိုးရိမ်ပူပန်
သည့် လေသံမျိုးဖြင့် လှမ်းမေးလိုက်သည်။

"ဘယ့်လိုလုပ် စိတ်ချမှာလဲ"

"ဒါဆို ..."

"ဒီလိုပဲ နေ့တိုင်းလို တစ်ယောက်မဟုတ် တစ်ယောက်
ဝင်လာကြည့်နေတာပေါ့။ ဒါပေမဲ့ ကြာလာတော့ သူတို့
လည်း ရိုးသွားရော။ စိတ်ချသွားတာလည်း ပါတာပေါ့လေ။
ကိုယ်က စာရေးတာပဲ လုပ်တာကိုး။ တခြား မဟုတ်တာ
ဘာမှမ မလုပ်ဘဲ"



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သူတို့က သိမ့်ကို ဂျစ်ကန်ကန် ကော
လေးတစ်ယောက်လို့လည်း မြင်ချင် မြင်နိုင်သည်ပေါ့။ သို့
သိမ့်နှင့် သူ့ကြားမှာ အထင်ကြီးခြင်း အထင်သေးခြင်း ဆို
တွေ အဲသည်တုန်းက ရောက်မလာခဲ့။

သိပ်နမြောစရာကောင်းသည့် အချိန်လေးတွေပါ

မိန်းမ တစ်ယောက်အဖို့ ခင်ပွန်းလောင်းကို အထ
ကြီးခြင်း အထင်သေးခြင်းတွေ ရောယှက်တိုင်းထွာ တွက်ချက်လျ
ရွေးချယ်ကောင်း ရွေးချယ်ရနိုင်သည်။ ဒါပေမဲ့ အချစ် ဆိုတာ
တော့ ဘယ်လိုစံနှုန်းဖြင့် ရွေးချယ်ခဲ့ပါသလဲ ...။

သူ့ကို ဘယ်အချိန်မှာ ချစ်မိသွားသည်ဟု သိ
သေသေချာချာ မသိပါ။

သူ့ကို သိမ့်ရဲ့ ခင်ပွန်းအဖြစ် ရွေးချယ်ခဲ့ခြင်း ကို
မှာတော့ အားထားမှီခိုဖို့ ဆိုသည့် မိန်းမတစ်ယောက်၏ ပကာ
ဗီဇစိတ် သက်သက်ဖြင့် ရွေးချယ်ခဲ့ခြင်း မဟုတ်ဟု ကိုယ့်ဘာသ
ထင်ခဲ့မိသည်။

သို့ပေမဲ့ နှစ်ပေါင်းများစွာ ကြာလာသည့်အခါ
တော့ ယောကျာ်းတစ်ယောက်၏ အိမ်ထောင်ကို ဦးဆောင်နိုင်
အရည်အချင်းသည် မိန်းမတစ်ယောက်အတွက် ဂုဏ်ယူဖွ
စိတ်ကျေနပ်ဖွယ် တစ်ခု ဆိုတာကို သိမ့် သိလာခဲ့ပါသည်။

❦ ❦ ❦





၁၆

“နောက်တော့ ဖေဖေက မေမေ့ဆီ မကြာ မကြာ ရောက်
လာတော့တာပဲ ...။ အဲလို မဟုတ်ဘူးလား မေမေ”

မြတ်စွာဘုရား ...

သိမ့်ဟာ အတိတ်ကို ပြန်ပြီး ခရီးသွားနေမိတော့
တာကိုး ...။

သမီးရဲ့ အမေးစကားသံကိုကြားမှ သိမ့်သည် နှစ်
နှစ်ဆယ်ကျော်အထိ ပြန်ပြီး နုပျိုသွားနေသည့် စိတ်အလျဉ်ကို
ပြန်ဆွဲယူရသည်။

ညနေခင်း နေရောင်သည် ရွှေမျောနေသည့် တိမ်
အုပ်စုဆီ ရနိုင်သမျှ အင်အားဖြင့် ဖြန့်ကြက်ကျရောက်လျက်ရှိ
ရာ ကောင်းကင်ပြင်ရှိ တိမ်တိုက်များသည် ပန်းရင့်ရောင်၊ ပုစွန်
ဆီရောင်သမ်းလျက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကောင်းကင်ပန်းချီ
ကားကို ဆေးခြယ်နေတော့သည်။

သမီးက သိမ့်ကို စိတ်ဝင်စားနေခိုက်မှာ သိမ့်ကတော့
ကောင်းကင်မှာ ရွေ့လျားနေသည့် တိမ်တိုက်များ ဆီကိုသာ ငေး



www.burmeseclassic.com

www.burmeseclassic.com



မောကြည့်မိသည်။ ခုတော့ဖြင့် သိမ့်သည် တိမ်တွေကို စောင့်ကြည့်ဖို့ ကောင်းစွာ အချိန်ရခဲ့ပြီ ...။

မိန်းမတစ်ယောက် အဖြစ်ထက် ပိုပြီး လေးလံစွာ ထမ်းပိုးထားရသည့် ဝန်ထုပ်ဝန်ပိုးတွေ သိမ့် ပခုံးပေါ်မှာ မရှိတော့၊ ကျေနပ်နှစ်သက်စွာ လက်ခံမြဲ ဖြစ်သော အလုပ်တာဝန်တစ်ခုသာ သိမ့်မှာ ကျန်တော့သည်။

သိမ့်မှာ ဝတ္တရားကျေခဲ့ပြီဟု ထင်သည်။

"မဟုတ်ပါဘူး သမီး ရယ်"

သိမ့် ... ခပ်ပြုံးပြုံး ဖြေလိုက်တော့ သမီးထံက —

"ဟောတော် ..."

ဟု အာမေဋိတ်သံ ထွက်လာသည်။

"မဟုတ်ရင် ဘယ်လိုလဲ မေမေရဲ့"

"သူနဲ့ မေမေ ခင်မင်ခဲ့တာက သာမန်မိတ်ဆွေတွေ အဆင့်ပါ။ တစ်ယောက်နဲ့ တစ်ယောက် သံယောဇဉ်တွေ တွယ်ပြီး စာတွေရေးကြ၊ ဖုန်းတွေဆက်ကြ ... ဒီလိုမျိုး အဆက်အသွယ်တွေ ရှိနေတာမှ မဟုတ်ဘဲ။ သူလည်း ရန်ကုန်ရောက်ရင် ဝင်လည်လိုက်၊ ထမင်းစားလိုက်၊ ဟိုသွားဒီသွား လိုက်ပို့လိုက်နဲ့ ... နေကြရာကနေ ဟိုဘက်ဒီဘက် ဆွေမျိုးတွေအထိ ရင်းနှီးလာကြတာပဲ ..."

"အဲဒီ အခြေအနေမှာ ဖေဖေက မေမေ့ကို ချစ်နေတယ်လို့ မေမေ မထင်မိဘူးလား"





ခုတော့ဖြင့် သမီး ယမုန်သည် ကလေးငယ် တစ်ယောက်လိုသာ ရှိသည်။ အချစ်ဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရသည့် အချစ်ကြောင့် ပူဆွေးသောက ရောက်နေရသည့် မိန်းကလေးတစ်ယောက် အိမ်ထောင်ရှင်မ တစ်ယောက်ဟု မထင်ရပြန်။

"အမှန်တော့ အချစ် ဆိုတဲ့ အရာဟာ တော်တော်လေးနက်တယ် သမီးရဲ့ ...။ မိန်းကလေးငယ်ငယ် တစ်ယောက်မှာ သူ့ကို စိတ်ဝင်စားနေတယ်၊ ကြိုက်နေတယ်လို့ ထင်နေတဲ့ ယောကျ်ားတွေ တစ်ယောက်မက ... ရှိနိုင်တာပဲ မဟုတ်လား။ ဒါပေမဲ့ အဲဒါဟာ အချစ်မဟုတ်ဘူး၊ အဲဒီခံစားမှုက လှုပ်ရှားတာ လှုပ်ခတ်တာ သက်သက်ပဲ။ အချစ်ဆိုတာက တကယ်တော့ တည်ငြိမ်သွားပြီ ...။ မလှုပ်ခတ်တော့ဘူး။ လူတစ်ယောက်ကို တကယ့်ကို ချစ်နေပြီလို့ သိဖို့ အချိန်တိုတိုနဲ့တော့ မဖြစ်နိုင်ဘူး ...။ ဒါ ... မေမေ့အတွေးပေါ့လေ"

သမီး အမေးကို သိမ့် ဖြေမိနေတာလား။ သိမ့်သည် ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ဘဲ သမီးကို စကားများစွာ ပြောနေမိသည်။ သိမ့်နှင့် သမီးကြားမှာ သည်လို အခွင့်အရေးမျိုး တစ်ကြိမ်တစ်ခါမှ မရခဲ့ဖူးဘူးဟုလည်း ထင်မိသည်။ သမီးသည်လည်း သူ့ရင်ထဲမှာ ရှိသည့် ဝေဒနာတွေရဲ့ တချို့တစ်ဝက်ကို အမေ မသိအောင် မြှုပ်နှံထားခဲ့ရမှာပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



သူမ မေးသည့် မေးခွန်းကို အဖြေရ,သွားခဲ့သလိုပင် သမီးက နောက်ထပ် စကားမဆိုတော့ဘဲ တိတ်ဆိတ်စွာ ငြိမ်သက်သွားခဲ့သည်။ ညနေခင်းသည် ပို၍ ပို၍ မှောင်ရီလာ၏။

"တကယ်တော့ ... မေမေက သူ့ကို လက်ထပ်ပြီးမှသာ တစ်စတစ်စနဲ့ ချစ်လာခဲ့တာပါ"

တစ်သက်လုံး ထိန်းသိမ်းလာသည့် လျှို့ဝှက်ချက် တစ်ခုကို ဖွင့်ပြောလိုက်ပြီးသည့် အခါမှာတော့ သိမ့်သည် စိတ်ထဲ ပေါ့ပါးရွှင်လန်းသွားလျက် သမီးရဲ့ မျက်လုံးတွေထဲ ခပ်ရဲရဲ ထွင်းဖောက်ကြည့်လိုက်မိသည်။ သမီးသည် အံ့သြငေးကြောင်သော မျက်လုံးများဖြင့် သိမ့်ကို စူးစိုက်ကြည့်နေလေသည်။ သို့သော် ခဏမျှသာ ဖြစ်ပြီး အဲသည် မျက်လုံးတွေ ဖျတ်ခနဲ အရောင်ပြောင်းသွားပြန်သည်။

"ဒါ ဖြစ်နိုင်တာပဲ မေမေ ...။ သမီးကျတော့ လက်ထပ်ပြီးကာမှ ... ငါ သူ့ကို တကယ်ချစ်ခဲ့တာ ဟုတ်ရဲ့လား ... လို့ မကြာခဏ တွေးမိပြီး ကိုယ့်ကိုယ်ကိုယ် သံသယတွေ ဝင်လာတယ် ..."

သိမ့်က အပျိုပေါက်လေးကို ရယ်မောပစ်လိုက်သည်။

ဖြစ်နိုင်ပါရဲ့ ...

ယမုန်ဟာ သိပ်တွေဝေတတ်သည့် မိန်းကလေးပါ။





အဲသည် အကျင့်ကရော သူ့အဖေနှင့် တူသည်လား။ လုံးဝကြီးတော့ မဟုတ်နိုင်ပါ။ သိမ့်လည်း ... အများအားဖြင့်တော့ တွေဝေတတ်သူပဲ။ ပြီးတော့ သိမ့်က တစ်ဖွတ်ထိုး နိုင်လှသည်။

ယမုန်သည် အဖေလို အပျင်းကြီးပြီး အမေလို တစ်ဖွတ်ထိုး နိုင်လှသူ ဖြစ်သည်။

"အေးလေ ... ဘယ်လိုပဲဖြစ်ဖြစ် အိမ်ထောင်ဆိုတဲ့ အတိုင်း အချုပ်အနှောင် တစ်ခုတော့ ဖြစ်ခဲ့ပြီ မဟုတ်လား မယမုန်ရဲ့"

ယမုန်သည် ခေါင်းကို ငုံ့ချလျက် ဆံပင်တွေကို အုပ်ကွယ်ရင်း ရှက်ရယ် ရယ်လေသည်။

ခဏကြာတော့ ရယ်နေရာက ရုတ်တရက် ရပ်လိုက်ရင်း ...

"မိန်းမ ဖြစ်ရတာ တော်တော် ဆိုးတာပဲ မေမေ"

တဲ့ ...။

သမီးကို သိမ့် သနားကြင်နာစွာ ကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် အတော်ပင် နီးကပ်စွာ ရှိသည်ဟု ထင်ရသည့် နေရာတွေမှာ သိမ့်သည် သူ့ရင်ခွင်မှာ မှီရပ်ရင်း ကြယ်တွေရဲ့ ပုံပြင်ကို စိတ်ဝင်စားစွာ နားထောင်ခဲ့ဖူးပါသည်။ ညတွေက အရမ်းကို စိမ့်အေးနေခဲ့ပေမဲ့ လမ်းထွက်လျှောက်ဖို့ သိမ့်တို့ မပျင်းရိခဲ့ပါ။ တောင်ပေါ်ဒေသတွေမှာတော့ ကြယ်တွေက လူတွေနှင့် ပိုနီးကပ်သယောင်ယောင် ထင်ရသည်။ သိမ့်သည် ခုနစ်စဉ်ကြယ်နှင့် လိပ်ကြယ်စုကြီး၏ စိန်ပြေးလိုက်သည့် ပုံပြင်ကိုလည်း သူ့ထံမှ ကြားခဲ့ရသည်။

မောင်ရင်ဆိုင်းထမ်း၊ ရေမှုတ်ကလေးနှင့် နဂါးငွေ့တန်းတွေကိုလည်း သူ ပြောပြသမျှ သိခဲ့ရသည်။ အဲသည် အတိတ်တွေဟာ ဘယ်တော့မှ ပြန်မရနိုင်တော့ဘူး ဆိုတာ တွေးမိတိုင်း သိမ့် ကြေကွဲရသည်။ သိမ့်တို့ နှစ်ယောက်ကြားမှာ အနာဂတ်ဆိုတာ ပျောက်ကွယ်လေသမျှ အတိတ်ချိန်တွေကတော့ လွမ်းမောစရာ ကောင်းလှပါသည်။

လူ့လောကရဲ့ ထမ်းပိုးတွေဆိုတာ လေးလံလှသည်လို့ မသိနိုင်တဲ့ အချိန်ကပေါ့ ...။





သို့ပေမဲ့ ... အဲသည်ကာလတွေတုန်းကတော့ သူဟာ သိမ့်အတွက် အရင်းနှီးဆုံး အဖော်၊ အားကိုးချင်စရာ ကောင်းဆုံး ယောက်ျားပါပဲ။

သူဟာ ... သိမ့်နဲ့ တည်ဆောက်ရမဲ့ မိသားစုဘဝအတွက် ဆေးလိပ်ကို ဖြတ်ခဲ့သည် မဟုတ်လား။

အရက်ကို ဖြတ်ခဲ့သည် မဟုတ်လား ...။

အပြစ်ကင်းပြီး ပြည့်စုံသည့် အိမ်ထောင်တစ်ခုကို မျှော်လင့်ထားသည့် မိန်းမတစ်ယောက် အနေနှင့်တော့ ဒါဟာ ဆယ်ယူဝင့်ကြွားစရာ တစ်ခုပင်။

သူ့အတွက် သိမ့် ဂုဏ်ယူခဲ့ရသည့် အကြိမ်များစွာ ရှိခဲ့ပါသည်။ အဲသည် အကြိမ်ပေါင်းများစွာကို ပြန်ငုံညာပြီး ရင်ထဲက ဝေဒနာတွေကို မျိုချခဲ့ရသည်ကလည်း မရေမတွက်နိုင်အောင်ပင် ...။

သိမ့်တို့ရဲ့ အိမ်ထောင်ဦးကာလတွေကို ပြန်လိုချင်သည်လား ဆိုလျှင်ဖြင့် သိမ့်သည် ပုထုဇဉ်ပီပီ ပြန်ပြီး ရ,နိုင်လျှင် လိုချင်မိသည်။ သည်တုန်းကတော့ သိမ့်သည် အေးစက်ပြီး အထီးကျန်နိုင်လှသည့် အနာဂတ်တစ်ခုကို ဘယ်လိုမှ မျှော်လင့်မထားခဲ့။ သိမ့်တို့ နှစ်ဦးတည်းအတွက် အရာရာသည် ပြည့်စုံနေခဲ့သည်။

သိမ့်တို့ ဇနီးမောင်နှံအတွက် ခနိမိုး ကျူထရံကာ အိမ်ကလေးတစ်လုံးသည် အနည်းငယ်မို့သော တောင်ကုန်းလေးပေါ်မှာ ရှိသည်။ အိုးခွက်ပန်းကန် အနည်းငယ်နှင့် နှစ်ယောက်အိပ် ခုတင်ငယ်တစ်လုံး၊ ဆက်တီခပ်သေးသေးတစ်စုံ၊ သေတ္တာသုံးလုံး



www.burmeseclassic.com

www.burmeseclassic.com



နှင့် စ,ခဲ့သော ဘဝတစ်ခုသည် ဘယ်လိုမှ စိတ်ပျက်ငြီးငွေ့ဖွယ် မဖြစ်ခဲ့တာ ပြန်တွေးကြည့်လျှင် အံ့သြစရာ ကောင်းလှသည်။

သိမ့်သည် လက်ထပ်ပွဲ ပြီးသည်နှင့် သူ တာဝန်ကျ ရာ ဒေသသို့ လိုက်ပါသွားရသည်။ အဲသည်လို လိုက်ပါသွား အတွက် သိမ့်ကို ဘယ်သူကမှ မတိုက်တွန်းပါ။ တကယ်တော့ သိမ့်သည် အဲသည်အချိန်က လက်ရှိ အနေအထားကို ငြီးငွေ့နေ ပြီ။ ပျိုရွယ်ပြီး တက်ကြွသည့် မာနဖြင့် သိမ့်သည် ဘဝအသ တစ်ခုကို စ,တင်ဖို့သာ စိတ်အား ထက်သန်နေခဲ့သည်။ အိမ်ထော တစ်ခုကို တာဝန်ယူဖို့ အတွက် အဆင်သင့် ဖြစ်နေပြီဟု ကို ကိုယ်ဂိုယ် အထင်ရောက်ခဲ့သည်။ စွန့်စားခန်း တစ်ခုပါပဲ

သိမ့်သည် မိဘရိပ်ခွင်ကနေ ရုန်းထွက်ပြီး မိမိကို ပိုင်ဘဝတစ်ခု တည်ဆောက်လိုစိတ်၊ ကိုယ့်ကိုယ်ကိုယ် အပြည့်အ တာဝန်ယူလိုစိတ် သက်သက်ဖြင့် သူ့ကို လက်ထပ်ရန် ခေါင်းညိတ် ခဲ့သည်လည်း ဖြစ်နိုင်ပါသည်။ အိမ်ထောင်ဦးက ပျော်ရွှင်မှု သ မှန်သမျှသည် အချစ် ဆိုတာကြောင့်ချည်း မဖြစ်နိုင်ဘူး ဆိုတာ ယခုအချိန်မှာ သိမ့် တွေးတောဆင်ခြင်နိုင်လာပြီ။ သည်လိုဆိုတော့ သိမ့်မှာ ပူဆွေးဝမ်းနည်းစရာ ဘာမှ မကျန်ရစ်ဘူး ထင်သည်။

ရံဖန်ရံခါမှာတော့ သိမ့်သည် ပျိုရွယ်သည့် အတိ ဆိုတာကို ရုပ်ရှင်ကားဟောင်းတစ်ခု ပြန်ကြည့်ရသလိုပင် ဖြ မြင်ယောင် တွေးမိတတ်ပါသည်။





အောက်တိုဘာလ၏ ညနေခင်းတစ်ခုမှာ သူနှင့် မ့်သည် အင်းလျားကန်ဘောင်ပေါ်က ခုံတန်းလျားတစ်ခုပေါ် င်ဖြစ်ခဲ့ကြသည်။ သိမ့်ရဲ့အသက် နှစ်ဆယ်သုံးနှစ်ပြည့် မွေးနေ့ ရောက်ခင် သုံးရက်အလို ဖြစ်ပါသည်။ မိုးကုန်စ,ညနေ၏ နေ ာင်သည် စူးရှလွန်း၏။ အင်းလျားကန်ဘောင်မှာ အဆောက် အုံတွေ ခိုင်ခိုင်မာမာ မဖြစ်သေးသည့် ဓနိမိုး ဝါးတိုင်များ ကျူ ရုံများသာ ကာရံထားသည့် ဆိုင်ကလေးတွေသာ ရှိသည်။ င်းလျားကန်၏ တစ်ဖက်ကို ကြည့်လျှင်လည်း တောအုပ်စိမ်း းတွေ ကျွန်းတန်းညိုညို့တွေကို မြင်နိုင်သေးသည်။ ညနေခင်းမှာ ာန်းဖြေ လမ်းလျှောက်သူတွေလည်း သိပ်မစည်ကားသေးသည့် သည်ကာလသည် သိမ့်အတွက် အမှတ်တရပင် ဖြစ်ပါသည်။

သူက သိမ့်ကို အင်းလျားကန်ဘောင်ပေါ် လမ်း လျှောက်ဖြစ်အောင် ဆွဲခေါ်ခဲ့တာပေါ့။ သိမ့်တို့ အကြော်ဆိုင်မှာ ထိုင်ဖြစ်ခဲ့သည် ထင်ပါရဲ့။ သူက အကြော်ဆိုင်မှာ သူ့အလုပ် အတွေ့အကြုံတွေ၊ ငယ်ဘဝက ပုံရိပ်ဟောင်းတွေကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အတွက်တော့ ဒီလို စိတ်အေးလက်အေးနဲ့ တင်
ရာရာမှာ ထိုင်နေရတဲ့ အချိန်ဆိုတာ ရတောင့်ရခဲပါ"

အင်းလျားကန် ရေပြင်ကို ငေးမောရင်း သူ
ပြောခဲ့သည်။ သူ့အလုပ်တာဝန်အရ ရှမ်းပြည်နယ်ကနေ ပြောင်း
ရသည့် အခိုက်အတန့် ကာလလေးမှာ ဖြစ်သည်။ ရန်ကုန်မှာ
လေးရက် သူ ရှိနေစဉ်အတွင်း သိမ့် ရှိနေသည့် အလုံတိုက်ခန်း
သူ နေ့တိုင်းလို ရောက်လာသည်။ နံနက်စာဖြစ်စေ နေ့လယ်
ဖြစ်စေ တစ်ခုခုစားသည်။ တကယ်တော့ သူသည် ပုံမှန်လူ့ပတ်
ကျင်နှင့် အနည်းငယ် သွေဖီသော လူတစ်ယောက် ဖြစ်သည်
အဲသည် အချိန်ကတည်းက သိမ့်သည် သူ့ကို ကောင်းစွာ နား
လည်နိုင်ခဲ့ဘူး ဆိုတာ နှစ်တွေကြာမှ ပြန်ပြီး သဘောပေါက်
သည်။

"ကန်ဘောင်ပေါ် လျှောက်ဦးမလား"

သူက မေးသည်။ သိမ့် မငြင်းဆန်မိချေ။

လိုက်လျောလွယ်သည့် မိန်းကလေးတစ်ယောက်
သူ ထင်မှာကို သိမ့် နည်းနည်းမှ စိတ်မပူမိချေ။ ကိုယ့်ကိုယ်ကို
အထင်ကြီးတတ်သည့် စိတ်သည် သိမ့် ရင်ထဲမှာ ငယ်စဉ်က
စွဲမြဲအမြစ်တွယ်ခဲ့သည်။ ကန်ဘောင်ပေါ်မှာ နေရောင်ကျနေဆဲ
မိုးရိပ်အုံ့သည့်အခါ အုံ့သွားပြီး တိမ်တွေကြားထဲ နေရောင်
သည့်အခါ လင်းလာပြန်သည်။ ကန်ဘောင်လမ်း တစ်ဖက်
ချက်မှာ မြက်ပင်စိမ်းစိမ်းတွေ ထူထပ်နေသည်။ ဓာတ်ပုံဆ





တွေ တစ်ယောက်စ နှစ်ယောက်စ မြင်ရသည်။ ခုံတန်းလျားတွေ
ပေါ်မှာ စုံတွဲတွေ ငယ်ရွယ်သည့် ယောကျ်ားလေးအုပ်စုတွေ ရှိနေ
ပြီ။ သိမ့်တို့ နှစ်ဦးကိုတော့ စိတ်ဝင်တစား စူးစမ်းမည့်သူ မရှိချေ။

ကန်ဘောင် ဟိုးဘက်ဆုံးအထိ လျှောက်ပြီးသည့်
အခါ ငြိမ်ငြိမ်ဆွေ့ဆွေ့ပဲ သိမ့်တို့ ပြန်လှည့်လာကြသည်။ အင်းလျားကန်
ဘောင်ကို လျှောက်ရသည်မှာ ကျောင်းသူဘဝက သူငယ်ချင်းများ
နှင့် ကျီစယ်ရယ်မောရင်း လျှောက်ရသလို ပျော်စရာမကောင်း
တော့ဘူးဟု သိမ့်က သူ့ကို ပြောမိသေးသည်။ သို့မေမဲ့ သိမ့် ရင်
ခုန်နေခဲ့ပါသည်။ ကြိုသိမနေဘူးဟု မညာချင်ပါ။ ဒါဟာ ...
သဘာဝတရားက ပေးအပ်ခဲ့သည့် မိန်းကလေးတို့အတွက် အတတ်
ပညာတစ်ခုပဲ ...။

သူဟာ သိမ့်ကို ချဉ်းကပ်ဖို့ ကြိုးစားနေသည်
ဆိုတာ သိမ့် သိနေခဲ့တာ ကြာပြီ။ ဒါပေမဲ့ သူ့ရင်ထဲမှာ သိမ့်
အတွက် အချစ်ရှိနေမည် ဆိုတာတော့ မသေချာပါ။ သူ့အသက်
အရွယ်က သင့်လျော်သည့် အိမ်ထောင်ဖက်ကို ရွေးချယ်ရမည့်
အရွယ် ဖြစ်သည်။ အချစ်ဆိုတာကိုတော့ သူ ဖြတ်ကျော်ခဲ့ပြီး
ဖြစ်မှာပါ။

သူ့ ရည်းစားဟောင်းတွေ အကြောင်း သိမ့် သူပြော
သမျှ ကြားသိခဲ့ပြီး ဖြစ်သည်။

ဆိုင်တန်းတွေဘက် ပြန်ရောက်လျှင် သိမ့်တို့ ဆိုင်
တန်းများနှင့် အနီးဆုံး ခုံတန်းလျားမှာ ထိုင်ဖြစ်ကြသည်။ ရှိုင်



www.burmeseclassic.com

www.burmeseclassic.com



မုန့်တီဆိုင် အကြော်ဆိုင်တွေမှာ ကျောင်းဖွင့်ရက်တွေတုန်းက
လူမစည်ကားတော့ပါ။

"ကိုယ့် ညီမတွေက မေးတယ်"

"အင်း ..."

"သိမ့်နဲ့ ကိုယ်နဲ့ အခြေအနေက ဘယ်လိုလဲ ... တဲ့"

မိန်းကလေးတစ်ယောက် အတွက်တော့ အရိုးဆုံး၊ စိတ်ပျက်ဖွယ် အကောင်းဆုံး၊ ရယ်ချင်စရာ အကောင်းဆုံး ရည်းစားစကား ပြောနည်းပင် ဖြစ်သည်။ ဖြစ်ရိုးဖြစ်စဉ် အတိုင်းပင် သူ နည်းနည်း အနေခက်နေပေမဲ့ သူ့ကိုယ်သူ အတည်ဆုံး ဖြစ်အောင် ကြိုတင်ပြင်ဆင်လာခဲ့ပုံ ရသည်။ သူ့စကားသံက တည်ငြိမ်သော်လည်း ခပ်အက်အက် ဖြစ်နေသည်။ သူ စကား ပြောသည့်အခါ သိမ့်ကို မကြည့်ဘဲ မျက်လွှာချထားသည်။ တစ်စုံတစ်ခုကို အလေးအနက် ပြောဆိုသည့် အခါတိုင်း သူသည် မျက်လွှာချလျက်ဖြစ်စေ ခပ်ဝေးဝေးသို့ အကြည့်လွှဲလျက်ဖြစ်စေ ပြောတတ်သည်။

သိမ့်က ဟန်ဆောင် ပြုံးရယ်လိုက်ပါသည်။

"ဟောတော် ... အဲဒီတော့ ..."

"ကိုယ် ဘယ်လိုပြောရမှန်း မသိဘူး"

အံ့ဩဟန်ဆောင်လိုက်ရပေမဲ့ သိမ့် ရယ်ချင်နေသည်။ သိမ့်တို့ နှစ်ယောက်လုံး ဟန်ဆောင်နေကြတာ မဟုတ်လား။





"ဘယ်လိုပြောချင်သေးလို့လဲ ... မိတ်ဆွေတွေပဲပေါ့"

"မဟုတ်ဘူး... ကိုယ်က အဲလို မပြောချင်ဘူး"

"အဲလို မပြောချင်လို့ ဘယ်လိုပြောချင်တာလဲ၊ ပေါက်ကရ စကားတွေ လာမပြောနဲ့နော်"

"ပေါက်ကရ မဟုတ်ပါဘူး ..."

သည်တုန်းကတော့ စိတ်ထဲ ... ရုပ်ရှင်ထဲမှာ သရုပ်ဆောင်နေသလိုလို ...

တကယ်မှာလည်း သိမ့်သည် သူ့ရှေ့မှာ သရုပ်ဆောင်နေခဲ့ခြင်းသာ ဖြစ်သည်။ တကယ်တမ်း ပြန်တွေးကြည့်တော့ ရင်ခုန်ခြင်းတွေက လွဲပြီး ဘာဆိုဘာမျှ မရှိ။ သူ့ကို ချစ်နေသလား ဆိုသည့် မေးခွန်းကို သိမ့် ကိုယ့်ဘာသာ ဘယ်တုန်းကမှ အဖြေ ထုတ်ခဲ့။

"ကိုယ့် အသက်အရွယ်က ပေါက်ကရ ပြောရမဲ့ အရွယ် မဟုတ်တော့ဘူး၊ ကိုယ့်စိတ်ထဲမှာ ရည်ရွယ်ထားတာ ကြာပြီ။ ဒါကြောင့်လည်း ကိုယ့်ရဲ့ အတိတ်တွေအားလုံး သိမ့်ကို ပြောပြခဲ့တာလေ ...။ နောက်ပြီး ကိုယ့်ဆွေမျိုးတွေ ညီမတွေကိုလည်း သိမ့်ဟာ ကိုယ်လက်ထပ်မဲ့ မိန်းကလေးလို့ ပြောပြထားတယ်"

"အံမယ် ... သေချာလှချည်လား။ အဲလောက် လွယ်မယ် ထင်လို့လား။ ကျွန်မက ချက်ချင်းပဲ ခေါင်းညိတ်လိုက်ရမယ်ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်သည် ထိုစဉ်ကတော့ မာနတရား၊ အနိုင်ရလိုခြင်း [illegible] တွေသာ ရောပြွန်းသော စိတ်နှလုံးနှင့် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။

"အဲလိုလည်း မျှော်လင့်မထားပါဘူး ...။ ဒါပေမဲ့ ..."

သူ့စကားသံ ဆုတ်ဆိုင်းဆိုင်း ဖြစ်သွားသည်။

သိမ့် အဖို့တော့ သည်စကားမျိုးကို ပထမဆုံးအကြိမ် [illegible] ကြားရသည် မဟုတ်ပါ။ ငယ်သူမို့ မသိပါ ဆိုပြီး မျက်စိမှိတ်ပြီး [illegible] ရလောက်အောင်လည်း အတွေ့အကြုံ ကင်းမဲ့သည့် ဆယ်ကျော်သက် ကလေး မဟုတ်တော့ပါ။

သို့ပေမဲ့ ... သိမ့်သည် လက်ဖဝါးတွေထဲ ချွေးစေး [illegible] တွေစို့လျက် တဒိတ်ဒိတ် ရင်ခုန်နေခဲ့သည်။ အဲသည့် ခုန်လှုပ်မှု [illegible] သည့် ရင်သည် နွေးထွေးမှု မရှိဘဲ အေးစက်လျက်ရှိ၏။

နေရောင်တောက်ပရာကနေ မိုးတိမ်လိပ်တွေ အုံ့ဆိုင်း [illegible] လာပြီး မိုးပေါက်တွေ တစ်ပေါက်နှစ်ပေါက် ကျလာသည်။ သိမ့် [illegible] သည် အင်းလျားကန်၏ အစပ်မှာ အုံကျင်းဖွဲ့နေသည့် ဗေဒါပင် [illegible] တွေဆီသာ မျက်တောင်စင်းလျက် ငေးကြည့်နေမိ၏။ သူ့စကား [illegible] ပြန်ဖြေဖို့အတွက် သိမ့်မှာ အဖြေမရှိပါ။ သူ့ကို ချစ်သည် မချစ် [illegible] သည် ဆိုတာ အရေးမကြီးလှဘူးဟု သိမ့်က ထင်သည်။ သူ့ [illegible] က အချစ်ကိုတော့ သိမ့်သည် လောဘတကြီးပင် လိုချင်မိသည်။

"စိတ်ကူးတော့ ယဉ်မိတာပေါ့လေ ...။ သိမ့်နဲ့ရင်းနှီးပြီး [illegible] နောက်ပိုင်းမှာ တစ်ခေါက်ပြီး တစ်ခေါက် ... ကိုယ့်အတွက် [illegible]





သိမ့်နဲ့ ခွဲရတာ ပိုပြီး ခက်လာသလိုပဲ။ ပြန်သွားရင် တစ်ယောက်တည်း မနေတတ် မထိုင်တတ် ဖြစ်နေရော ...။ သူငယ်ချင်းတွေနဲ့ သွားလာလည်ပတ်နေပေမဲ့လည်း အဲဒီ စိတ်က မပျောက်ဘူး ...

ဘယ်လို ပြောမလဲ။ သတိရနေတဲ့ စိတ်ပေါ့ ...။

ဟိုအရင်အခေါက်တွေကတည်းက ဖွင့်ပြောဖို့ စဉ်းစားပေမဲ့ ... ကိုယ့်ကို ဟားလိုက်မှာလည်း ကြောက်တယ် ...။ ဝတ္ထုထဲ ထည့်ရေးပြီး ရယ်စရာ လုပ်ပစ်လိုက်မှာလားလို့လည်း စိုးရိမ်တယ် ..."

သူ့မျက်နှာကို ကြည့်ပြီး သိမ့် ပွင့်ပွင့်လင်းလင်း [illegible] ယ်ပစ်လိုက်မိသည်။ သူက သိမ့်ကို မျက်နှာလွှဲလျက် ရှက်အမ်း [illegible] အမ်း ဖြစ်နေပါသည်။

"အဲလိုတော့ မလုပ်လိုက်နဲ့နော်"

"ဒါဆိုရင် ဘာဖြစ်လို့ ပြောသေးလဲ"

"ဒါကတော့ စွန့်စားကြည့်ရတာပေါ့။ ကြောက်တော့ ကြောက်တယ် ...။ ဒါပေမဲ့ ဖွင့်မပြောဘဲ တစ်သက်လုံး မျိုသိပ်နေဖို့လည်း မဖြစ်နိုင်ဘူးလေ ..."

"ကဲ ... ဒါဆို သိမ့်က ငြင်းမယ်ဆိုရင် ..."

သူ ရုတ်တရက် တိတ်ဆိတ်သွားသည်။

တကယ်လည်း ငြင်းလိုက်နိုင်သားပဲ။ သိမ့် ဘာ [illegible] ကြောင့် မငြင်းမိသည် မသိ။ တကယ်တော့ သိမ့်သည် အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သေချာ နားမလည်ဘဲ သိမ့် အနားမှာ တောင်းပန်
နေကြသည့် ယောကျ်ားတချို့ကို ကျီစယ်ပြက်ရယ်ချင်သေးသည်

အငွေ့သက်သက်မျှ ဖြစ်သော အချစ်အတွက် သိ
အနား တရစ်ဝဲဝဲ ရှိနေပြီး သိမ့်ကို အလိုလိုက်ဟန်ဆောင်
သည့် အဲသည်ယောကျ်ားတွေကို နည်းနည်းမှ အထင်ကြီး
သို့ပေမဲ့လည်း သိမ့် အနားမှာ သူတို့ရှိနေဖို့ကိုတော့ သိ
နွှင့်ပြုထားခဲ့သည် ...။ ပြီးတော့ သူတို့ ပြောသမျှ စကား
ကျေနပ်လက်ခံပေမဲ့ ဘာတစ်ခုကိုမျှ မယုံကြည်နိုင်ခဲ့ချေ။

တကယ်ဆို ... သိမ့်လို မိန်းမမျိုးက အိမ်ထောင်
ကို လက်ခံဖို့ မသင့်ပါ။ လောကကြီးထဲမှာ သိမ့် အထင်ကြီး
လူတချို့ထဲ ယောကျ်ားတွေ ရှားပါးလှသည်။

"ငြင်းမယ်ဆိုလည်း ကိုယ် ဘာပြောနိုင်မှာလဲ။ ဒါ သိမ့်
အခွင့်အရေးပဲ"

"ဒါပေါ့ ... သိမ့် ငြင်းလိုက်မယ် ဆိုရင်လည်း နော
တစ်နေရာမှာ နောက်ထပ် တစ်ယောက် တွေ့လာနိုင်
မဟုတ်လား ...။ မိန်းမတစ်ယောက်တည်းကို တစ်သ
လုံး သတိရနေမယ် ဆိုတာတော့ မဖြစ်နိုင်ပါဘူး"

"ဒါတော့ ဟုတ်ပါတယ်"

ဘယ်လိုလူပါလိမ့် ...။

သူကတော့ သူ့ကို ဝတ္ထုထဲ ထည့်ရေးပြီး ရယ်
လုပ်ပစ်မှာ ကြောက်လှသည်တဲ့။





သိမ့်ကတော့ သူ့ကို ရယ်ပြီးရင်း ရယ်ချင်နေမိသည်။

"ဒါပေမဲ့ ... ကိုယ့်ဘဝအတွက်တော့ ဒါဟာ နောက်ဆုံးပဲ။ နောက်ထပ် ဒီလို စကားမျိုးလည်း ပြောဖြစ်မှာ မဟုတ်တော့ဘူး"

သည့်ထက်ပိုပြီး စိတ်ကူးယဉ်ဖွယ် ကဗျာဆန် လှပသည့် စကားမျိုး သူ့ထံက ကြားရဖို့ သိမ့် မမျှော်လင့်တော့ပါ။ သိမ့်တို့ နှစ်ဦးသည် မရေရာသော အငွေ့အဝိုက်များကြားမှာ တစ်ယောက်ကိုတစ်ယောက် စောင့်ကြည့်နေကြပြီး အချိန်များစွာကို ဖြုန်းတီးခဲ့ကြသည်။ သို့ပေမဲ့ အဲသည်အချိန်မှာ သိမ့် ကြည်နူးပျော်ရွှင်နေခဲ့ပါသည်။

သူ ရင်ခုန်နေသလား ဆိုတာတော့ မသေချာပါ။ သူ့အဖြေကို မယုံကြည်ဘူးဆိုတာ ကိုယ့်ဘာသာ သိနေလျက်ပဲ သိမ့်သည် မိုက်မဲစွာ သူ့ကို မေးခွန်းတစ်ခု မေးဖြစ်ခဲ့သည်။

"သိမ့်ကို ဘာကြောင့် ချစ်တာလဲ"

သူ နည်းနည်းတုန်လှုပ်သွားသည်ဟု သိမ့် ထင်သည်။ မျှော်လင့်မထားသည့် မေးခွန်းလည်း ဖြစ်နိုင်ပါသည်။ သိမ့်တို့ နှစ်ဦးကြား တိတ်ဆိတ်ငြိမ်သက် နေချိန်က ရှည်ကြာလွန်းလှတာမို့ သိမ့် မေးခွန်းကို သူ ကြားရဲ့လား ဟူ၍ပင် ထင်မိသည်။

ခပ်ဖြောက်ဖြောက် ကျနေသည့် မိုးစက်တွေက ပို၍ စိတ်လာသည်။

"အဲဒါ ... ကိုယ် ... မဖြေတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရိုးစင်းလှသော သူ့အဖြေကို သိမ့် ဘာကြောင့် သဘောကျသွားသည် မသိပါ။ ထူးထူးခြားခြား သဘောကျရ လောက်အောင် သူ့မှာ ဘာအရည်အချင်းမှ ပိုပြီးမရှိဘူးဟု သိမ့် ရဲ့ ဦးနှောက်က မှတ်ချက်ချခဲ့ပေမဲ့ သိမ့်ရဲ့ စိတ်နှလုံးက သူ့ကို ရွေးချယ်မိပြီးသား ဖြစ်နေခဲ့သည်။

အဲသည် အကြောင်းအရာတစ်ခု အဆုံးမသတ်သေး ဘဲ သိမ့်တို့ အင်းလျားမှ ပြန်ခဲ့ကြသည်။ သိမ့်တို့ အပြန်လမ်းတစ် လျှောက် မိုးတွေ သဲသဲမဲမဲ ရွာသည်။ နောက်နှစ်ရက်ဆိုလျှင် သူ တာဝန်ကျရာမြို့သို့ ထွက်ခွာရတော့မည် ဆိုတာကို တွေးမိလျှင် တော့ ရင်ထဲမှာ ဝမ်းနည်းဆို့နင့်လာသည်။

သူ့ကို ချစ်တယ်လို့ ... သိမ့်က ဝန်မခံခဲ့သလိုပင် သူကလည်း အချစ် ဆိုသည့် စကားကို အတတ်နိုင်ဆုံး ရှောင် ကွင်းချင်ခဲ့သည်။

ဒါဟာ ရိုးသားမှု တစ်ခု ဖြစ်နိုင်ပါမလား ...။

သူ့ကို ချစ်မိသည်လား မသေမချာနှင့်ပဲ နောက်ထပ် ရှစ်လကျော် အကြာမှာ သူနှင့် လက်ထပ်ဖြစ်ခဲ့သည်။ အဲသည် အချိန်ကစ,ပြီး သိမ့်ဘဝမှာ နှောင်ကြိုးတွေ၊ ထမ်းပိုးတွေ၊ အနှောင် အဖြတ်တွေ ... စသည့် သိမ့်နှင့် စိမ်းသက်လှသည့် အရာတွေကို စ,တင် ရင်းနှီးခဲ့ရတော့သည်။

ထ ထ ထ





မင်္ဂလာပွဲ ပြီးသည့်အခါ သူ့နောက်သို့ သိမ့် ပျော် ရွှင်စွာ လိုက်ပါသွားခဲ့သည်။

တကယ်ပါ ...

BURMESE CLASSIC

သိမ့်သည် အချုပ်အနှောင်တွေကို မုန်းတီးလှသည်။ ရန်ကုန်မြို့ကြီးကို ကျောခိုင်းလိုက်ရသည့်အခါ သိမ့်သည် ပေါ့ပါး လွတ်လပ်ပြီး လေဟုန်စီး ဝဲပျံနေသည့် ငှက်တစ်ကောင် ဖြစ်သွား သည်။ ကိုယ့်ဘဝကိုယ် ပိုင်ဆိုင်သူတစ်ယောက် ဖြစ်သွားသည်။ ငွေကြေးအရှိန်အဝါနှင့် မိသားစု၏ လောင်းရိပ်အောက်ကနေ ရုန်းထွက်ခဲ့သည့် မိန်းကလေး တစ်ယောက်အတွက် အသစ်ဖြစ် သည့် လှောင်အိမ်တစ်ခု၏ တံခါးက ဖွင့်လျက်ကြိုဆိုနေခဲ့သည် ဆိုတာကို မသိခဲ့ ...။

တကယ်တော့ သိမ့် ဘယ်လိုမှ အထင်မကြီးနိုင်သည့် အကျင့်တွေ သူ့ထံမှာ ရှိနေသည် ဆိုတာကို ထဲထဲဝင်ဝင် မသိ နိုင်ခဲ့ဘဲ အလွှာပါးပါးတစ်ခု ဖုံးအုပ်ထားသည့် နောက်ကွယ်က



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာကို စောင့်ကြည့်နေရသလို သိမ့်သည် ကိုယ့်ကိုယ်ကို
လိမ်ညာလျက် သူ့ကိုကျတော့ ခွင့်လွှတ်နိုင်ခဲ့သည်။

သိမ့်ရဲ့ ပထမဆုံး အတွေ့အကြုံသည် အနော
ရီးမကို ဖြတ်သန်းသွားပြီး တောင်ပတ်လမ်းတွေ ဆင်း,ဆင်းရ
တွေ့ရသည့် မြို့ငယ်တစ်မြို့ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်
တံခါး၀,ဟူ၍လည်း ဆိုနိုင်သည်။ အဲသည်မြို့သို့ ရောက်အော
ကားလမ်းခရီးကို ရန်ကုန်မှ ပြည်အထိ အရှည်အကြာကြီးစီး
နေရာ၀တီမြစ်ကို ဇက်ရေယာဉ်ဖြင့် ဖြတ်ကူးရသည်။ နောက်
ရီးမပေါ် တစ်နေကုန်အောင် ကားစီးရပြန်သည်။ ခရီးမိုင်
ပြောပလောက်အောင် မရှည်လျားပေမဲ့ လမ်းတွေက ဆိုးရွာ
ကြမ်းထော်လှသည်။ မိုးတွင်းဆိုတော့ ... စိတ်ညစ်ညူးစရာ
စာဖွဲ့၍ပင် မကုန်နိုင်တော့။ အဲသည်လို ကြမ်းတမ်းလှသည့် စီး
ပျက်ဖွယ် ခရီးကိုလည်း ပျော်ရွှင်နိုင်ခဲ့သည်ပင် ...။

ဝါးတောကြီးများနှင့် မှန်းဆမနိုင်အောင် နက်ရှိုင်း
သော ချောက်ကမ်းပါးကြီးများ၊ မြင့်မတ်လှသော တောင်နံရံများ
မှိုင်းအုံ့ပြီး နှီးကပ်အိကျနေသော တိမ်လိပ်မည်းညိုများသည် သိ
၏ စိတ်နှလုံးကို ကောင်းစွာဖမ်းစားနိုင်ခဲ့သည်။ ခရီးသည်တင်ကာ
ကြီးပေါ်မှာ ခြေချစရာ မရှိအောင် ပြည့်ကျပ်နေသောကုန်မျာ
ငါးခြောက် ငါးပိများ၏ စိုထိုင်းထိုင်း အနံ့များ၊ လမ်းခရီး
ကြမ်းတမ်းမှုကြောင့် ဆိုဖာမပါသော ထိုင်ခုံများနှင့် ကားဘော
သံပြား၏ တကျွိမ်းကျွိမ်း တကျိုင်းကျိုင်း အသံများသည်ပင် အသ





ဆန်း ဖြစ်နေသည့် သိမ့်၏ စိတ်ကြည်လင်မှုကို အနှောင့်အယှက်
ဖြစ်စေနိုင်ကြ။ ရီးမပေါ်က နက်လှသော တောကြီးတွေထဲ
က်စီးနေသော လမ်းဟောင်းပေါ် သိမ့်တို့ ကားတစ်စီးတည်း
ရီးသွားနေသလို ထင်မိသည့် အခါတော့ အနည်းငယ် ကြောက်
သန့်စိတ် ဝင်မိသည်။ လမ်းမှာ မိုးကြီးချုပ်မှ ကားပျက်နေမှာလား။
ချို့နေရာတွေ လမ်းဆိုးရွားလှသည်မို့ ရွှံ့နစ်ပြီး ကားတွေမရုန်း
င်ဘဲ ရီးပေါ်မှာ ညအိပ်ရသည့် သတင်းစကားတွေကို ကြားနှင့်
ည်မို့ သိမ့်က စိတ်ထဲက တိတ်တိတ်ကြောက်မိသည်။ သို့ပေမဲ့
ဘေးမှာ သူ ရှိနေသားပဲ ...။

အားကိုးမိပေမဲ့ ... သူကတော့ တစ်လမ်းလုံးလိုလို
ပ်ပျော်လာတာပါပဲ။ အဲသည်မှာပဲ အကျင့်စရိုက် မတူသည့်
နှစ်ယောက်သည် တစ်ယောက်အပေါ် တစ်ယောက် နားလည်နိုင်
 သည်းခံနိုင်ဖို့ ဘယ်အတိုင်းအတာအထိ ခက်ခဲမည် လွယ်ကူ
ည် ဆိုတာ သေချာသိနိုင်ဖို့ ခဲယဉ်းကြောင်း သိမ့် စ,တင် သိ
ခဲ့သည်။ သူက တကယ့်ကို ပူပင်သောက ကင်းသူပဲ ...။ သူ့
တွက်တော့ ဘယ်အကြောင်းအရာမှ အကြောင်းပြချက် ဆိုတာ
ပ်မလိုအပ်လှချေ။ သို့ပေမဲ့ ... သိမ့်သည် သူ့ပခုံးပေါ်မှာမှီလျက်
က သိမ့်ရဲ့ဆံပင်ပျော့တွေကို ခပ်ဖွဖွ ပွတ်သပ်ပေးနေတာကိုပဲ
ည်နူးကျေနပ်နေခဲ့သည်။ မိုးကာလ တစ်လျှောက်လုံး ပျက်စီး
သည့် လမ်းတွေပေါ် တအိအိ မောင်းနှင်နေသည့် ကုန်တွေလူတွေ
ည့်သိပ်နေသည့် ဘတ်စ်ကားကြီး တစ်စီးပေါ်မှာ သိမ့်သည်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ရမည့် ကိုယ့်ဘဝကိုယ် ကျေနပ်လျက် ရှိသည်။ သိပ်
ခင်မှာ သိမ့်သည် သိမ့်တို့နှစ်ဦးရဲ့ အိမ်ထောင်ဦးကာလ
ဖြတ်သန်းခိုလှုံဖို့ ရိပ်သာကလေးကို မျက်ဝါးထင်ထင် မြင်ရ
သည်။

ကြည့်စမ်းပါဦး ...

နှံ့ဖွက်တွေ ပြည့်နေသည့် လမ်းပေါ် အုတ်ခဲ
တွေ ခင်းထားသည့် ခြေနှစ်ဖဝါးစာ လမ်းကလေးက လျှောက်
ရပြီးလျှင် မျောတိုင်တွေ ဝါးတွေ ကျူထရံတွေနှင့် ဆောက်ထား
သည့် အိမ်ကလေး ...။ နံဘေးမှာ ကြည့်လိုက်တော့လည်း အဲ
လို ယာယီဆောက်ထားသည့် အဆောက်အအုံ သေးသေးများ
ရွှံ့တွေ ညွှံတွေ ပြည့်နေသည့် လွင်ပြင် ...။

"ဒါက ... ကိုယ့်ဇနီး အတွက် ကိုယ် အထူးစီစဉ်ထား
နန်းတော်ပေါ့ ...။ ကျူထရံနဲ့ဆိုတော့ သိပ် မပူတော့
ပေါ့။ ဒါပေမဲ့ စကားတော့ ခပ်ကျယ်ကျယ်ပြောလို့
ဘူးပေါ့ကွာ ...။ နှစ်ကိုယ်ကြားရုံပဲ ပြောရတော့လည်း
ကောင်းတာပေါ့"

အိမ်ကလေးပေါ်မှာ သိမ့်တို့ နှစ်ယောက်တည်း
ကျန်ရစ်ခဲ့သည့် အချိန်ကျတော့ သူက သိမ့်ကို ရင်ခွင်ထဲမှာ
ပွေ့ထားရင်း ရယ်မောလျက် ပြောသည်။ သိမ့်က သူ့ရင်ခွင်ထဲ
နှုတ်ဆိတ်ငြိမ်သက်နေသည့် အခါမှာတော့ သူ စိုးရိမ်တကြီး
သွားပြီး သိမ့် မျက်နှာကို ငုံ့ကြည့်လျက် ...





"သိပ် စိတ်ပျက်သွားပြီလား"

ဟု ခပ်တိုးတိုး မေးလေသည်။ သိမ့် တကယ့်ကို
နည်းနည်းလေးမှ စိတ်မပျက်ပါဘူး ဆိုတာ သူ ယုံကြည်အောင်
ပြောတတ်ချေ ...။ သည်လို အခြေအနေမျိုးကို ဘယ်တုန်းကမှ
မျှော်လင့်ထားသည် မဟုတ်ပေမဲ့ အဲသည်အချိန်မှာ သိမ့်ကို စိတ်
ပျက်ရအောင် ဘယ်သူမှ တတ်နိုင်မည် မဟုတ်ပါ။

"မပျက်ပါဘူး"

"နည်းနည်းတော့ ပျက်မှာပါ"

"ကိုယ့်ဘာသာ ဆုံးဖြတ်ပြီးခဲ့တဲ့ ကိစ္စတစ်ခုကို ခုချိန်မှ
စိတ်ပျက်နေတော့ ဘာထူးမှာလဲ"

"အဲလိုတော့ မပြောပါနဲ့ကွာ ...။ ကိုယ် တတ်နိုင်သမျှတော့
သိမ့်ကို ပြည့်စုံစေရမှာပါ။ ကိုယ် သိမ့်ကို စိတ်ချမ်းသာရ
အောင် ကြိုးစားမှာပါ"

သိမ့် တကယ်ပဲ စိတ်ပျက်နေသည်ထင်ပြီး သူက
ခမ်းနည်းစွာ ဖြေသိမ့်စကား ဆိုခဲ့သည်။ အဲသည်အချိန်ကတော့
သိမ့်သည် ဘဝ၏နိမ့်ခြင်း မြင့်ခြင်း ဆိုတာကို ဂရုမထားချင်တတ်
သည့် သတ္တိအပြည့်ဖြင့် မိန်းကလေးတစ်ယောက် ဖြစ်ခဲ့သည်။

"ဟုတ်ပါပြီ ...။ ဟုတ်ပါပြီ ...။ ဘယ်လိုပဲ နေရ နေရ ...
သိမ့် အတွက် ပြဿနာမရှိပါဘူးနော်။ သိမ့် ... ကို့ဆီက
အကောင်းဆုံးတွေချည်း မျှော်လင့်ထားတာလည်း မဟုတ်
ပါဘူး ...။ ဒါပေမဲ့ သိမ့်က အိမ်ထောင်တစ်ခုကို သူ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြဿနာ နည်းနိုင်သမျှ နည်းပြီး နားလည်မှုရှေ
နဲ့ တည်ဆောက်ချင်တာပါ။ သိမ့် အပေါ် သစ္စာမဖောက်
ဖို့က အရေးကြီးဆုံးပဲ။ အိမ်ထောင်ရေး ဖောက်ပြန်မှု
တော့ သိမ့် အနုချင်လောက်အောင် မုန်းတယ်။ ဘယ်တော
မှ ခွင့်လွှတ်နိုင်မှာလည်း မဟုတ်ဘူး ...

အဲဒီကိစ္စမျိုး တစ်ခုခု မှားယွင်းခဲ့လို့ကတော့ သိမ့်
တို့ကြားမှာ သားသမီးတွေ ဘယ်နှယောက်ပဲ ရှိနေနေ ...

"တော်ပါတော့ သိမ့် ရယ်။ အဲဒီကိစ္စကိုတော့ လုံးဝ
ရိမ်နဲ့။ သိမ့်ကို ကိုယ် ဘယ်လောက်ချစ်တယ် ဆိုတာ
ကိုယ့်ဘာသာ အသိဆုံးပဲ"

ဘယ်လောက်များ ချစ်မြတ်နိုးဖွယ် ကောင်းလိုက်
သလဲ ...။

သိမ့်သည် ကြည်နူးပျော်ရွှင်မှုဖြင့် သူ့လည်ပင်း
တွယ်ခိုလျက် သူ့ ရင်ခွင်မှာ မျက်နှာအပ်လျက် ရင်ခုန်ငြိမ်သက်
မိသည်။ မိန်းမတစ်ယောက်အတွက် မိမိချစ်သူရဲ့ မြတ်နိုးတန်ဖိုးထား
မှုနှင့် သစ္စာတရားကသာ အရေးကြီးဆုံး လိုအပ်ချက် မဟုတ်လား

"ကိုယ်က တစ်နေ့နေ့ သိမ့် ကိုယ့်ကို စိတ်ပျက်သွားမှာကို
စိုးရိမ်နေတာ၊ ကိုယ်က အဘိုးကြီး ဖြစ်နေပြီလေ"

"တော်စမ်းပါ ..."

"ဆေးလိပ်နဲ့ အရက် ဖြတ်လိုက်တဲ့အတွက် ကိုယ့်ကို
ဘယ်နှမှတ် ပေးမှာလဲ"





"ပေးစရာ လိုသေးလို့လား။ စကတည်းက အမှတ်ပြည့်ပေး
ထားပြီးသားပဲ။ နောက်မှ ပြန်ပြီး လျှော့စရာတွေ ရှိလာရင်
တော့ မိုင်းနပ်စ်နဲ့ ပြန်နုတ်ရတော့မှာပဲ"

"အဲလိုတော့ မလုပ်နဲ့လေ"

"ဘာလို့လဲ ...။ တစ်မှတ်မှ မကျန်တော့မှာ စိုးလို့လား"

အဲသည်တုန်းကတော့ တစ်ယောက်နှင့်တစ်ယောက်
မျက်နှာချင်းဆိုင်ကြည့်ပြီး ရယ်မောပစ်ခဲ့ကြသည်။ တကယ်တမ်း
အမှတ်လျှော့စရာတွေ အများကြီး တွေ့လာလိမ့်မည်လို့လည်း
ထင်ပါမလဲ။ အတွေးအခေါ် နနယ်စဉ်ကတော့ လူ့လောက
မှာ ထာဝစဉ် ပြောင်းလဲနေသည့် အရာများသာ ရှိသည်လို့
တွေးမိခဲ့ချေ။ အချိန်တွေ ပြောင်းလဲသည်နှင့်အမျှ သိမ့်တို့ နှစ်
ယောက်လုံး စိတ်ဓာတ်တွေ၊ အတွေးအခေါ်တွေ တဖြည်းဖြည်း
ပြောင်းလဲလာခဲ့သည် ဆိုတာကို လက်ခံနားလည်ဖို့ တော်တော်
ကြိုးစားခဲ့ရပါသည်။

ကျူထရံ အိမ်ကလေးတစ်လုံးတည်းက ဘဝတစ်ခု
လည်း သိမ့် အတွက်တော့ အိပ်မက်တစ်ခု ဖြစ်ခဲ့သည်။ သို့ပေမဲ့
ထိုသည်အိပ်မက်ကို သိမ့် မကြာခဏ ပြန်မက်ချင်ပါသည်။

ညနေ မှောင်ရီသမ်းလာသည့်အခါ လုံးဝ မရင်းနှီး
ခဲ့သည့် ပတ်ဝန်းကျင်သည် သိမ့် အတွက် ပို၍ စိမ်းသက်လာ
သည်။ ချစ်သူလက်မောင်းကို ခိုတွယ်ပြီး သစ်ရွက်စိမ်းရနံ့သင်း
သော ကားလမ်းမတစ်လျှောက် လမ်းလျှောက်ရသည့် ညနေခင်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေက တိုတောင်းလွန်းလှပါသည်။ တောခွေးများ၏ ဆိုး
လှသော ငိုညည်းသံကို စ,တင်ကြားဖူးခဲ့သည်။ တောခွေးအူသံသည်
တကယ့်ကို ကြောက်မက်ဖွယ် ဖြစ်၏။ အသည်းငယ်တတ်သူ
အတွက် အထိတ်တလန့် ဖြစ်စေနိုင်သည်။

ကျူထရံကို ဝါးခြမ်းပြားတွေ အောင်ခတ်ထားသည့်
ပြတင်းပေါက်ကလေးကို ဖွင့်လိုက်လျှင် ဟင်းလင်းမှောင်မိုက်သော
အမှောင်ထုထဲမှာ အရိပ်တွေလောက်သာ လှုပ်ရှားမှုကို မြင်နိုင်သည်။
အဲသည်ဒေသမှာ လျှပ်စစ်မီး မရှိခဲ့ချေ။ အမှောင်ကို ကြောက်သော
သိမ့်သည် တစ်ညလျှင် နှစ်ခါ သုံးခါလောက် (တစ်ရေးနိုးသည့်
အချိန်တိုင်း) ဖယောင်းတိုင်မီး ထွန်းရသည်။ အိပ်ရေးပျက်ရသည့်
အခါတွေမှာ စိတ်ပျက်ရသလောက် သူက တစ်ရေးနိုးချိန်တွေမှာ
ပင် အပျောက်မခံဘဲ သိမ့်ကို သူ့ရင်ခွင်ထဲ အတင်းဆွဲဖက်ထွေး
ပွေ့သည့် အခါ စိတ်ပျက်ခြင်းတွေ ပျောက်ပြီး ကြည်နူးရပြန်
သည်။

သူဟာ သိမ့်ကို တကယ်ပဲ အချစ်ကြီးခဲ့ပါရဲ့ ...
အဲသည့် အချစ်တွေကို ဘယ်လို အင်အားကြီးသည့်
အရာကများ လွှမ်းမိုးဝင်ခဲ့တာပါလိမ့်။

❧ ❧ ❧



ရေဒီယိုလေး တစ်လုံးမှာ လွဲပြီး စိတ်အဆာပြေစရာ
ဖျော်ဖြေမှု ဘာတစ်ခုမှ မရှိသည့် အိမ်ကလေးထဲမှာ ဂစ်တာလေး
တစ်လုံး ရခဲ့လျှင် ဂစ်တာတီးရသူက သိမ့်ပဲ ဖြစ်သည်။ သူ့မှာ
ဂစ်တာလေးတစ်လက်ပင် မရှိ။ ဂစ်တာလေးတစ်လက် ရ,ဖို့လည်း
သူ ဘယ်တုန်းကမှ မကြိုးစားခဲ့ချေ။ ခပ်ငယ်ငယ် လူပျိုပေါက်
ဘဝတုန်းက သူငယ်ချင်းတစ်စု၊ ဂစ်တာတစ်လက်နှင့် ရိုးပိုင်သီချင်း
တွေ သူ ဆိုခဲ့ဖူးသည် ဆိုတာလည်း သူ ပြောပြတော့ သိမ့်က
အံ့အားတောင်ရုံမင်။ လောလောဆယ်မှာတော့ သိမ့်က ဂစ်တာတီးပြီး
ခင်းထီးဆိုင်ရဲ့ "အချစ်ဆိုတဲ့ အရသာ"ကို ဆိုလျှင် သူ အားကထိုင်
ပြီး သံယောင်လိုက် ဆိုရုံမပါပဲ။ အကျရှိ လူမျိုးရိုပ်သာက ဂစ်တာ
လေးကို ငှားရဲ့ငှားပြီး စိတ်လိုလက်ရ သီချင်းတွေ တီးဆိုဖြစ်တာ
ကလည်း တစ်လမှာ နှစ်ရက် သုံးရက်လောက်မပါပဲ။ သိမ့်တို့စုံတွဲ
ရဲ့ ဖြစ်ပုံကို ကောင်းလေးတွေက ကွယ်ရာမှာ ကျိတ်ရယ်ကြ မှာ
ကြမေ့ ...။

www.burmeseclassic.com

မှတ်မှတ်ရရ ... ချောင်းရေ သွားချိုးရသည့် ညနေခင်းလေးတွေကတော့ ဘယ်တော့မှ မမေ့နိုင်စရာပင်။ တစ်ညနေမှာတော့ သူ ရုံးက စောစောပြန်ရောက်ပြီး ယူနီဖောင်း လဲနေကနေ ...

"သိမ့်ရေ ... ဖုန်ညိုချောင်းမှာ ရေသွားချိုးကြမလား"

တဲ့ ...။ သိမ့်က ရေနှင့် သိပ်နီးစပ်သူ မဟုတ်၊ ကျိုက္ကမီစက်ဆဲ ကမ်းခြေလောက်သာ အပျော်ခရီး ထွက်ဖူးခဲ့သည်။

"အနက်ကြီးလား"

"ဟာ၊ ဘယ်က နက်ရမှာလဲ။ တိမ်တိမ်လေးရယ်၊ မကြောက်ပါနဲ့ ကိုယ် ရေကူးတတ်ပါတယ်။ ရေတိမ်တဲ့နေရာ သွားမှာပေါ့။ သိမ့်က တစ်ခေါက်မှ မရောက်ဖူးသေးဘူး မဟုတ်လား"

ပင်လယ်နှင့် နီးပေမဲ့ သည်ဒေသက ရေရှားသည်။ မိုးတွင်းမှာ တစ်လျှောက်လုံး မိုးရေ ရပေမဲ့ နွေနှင့်ဆောင်းဆို တွင်းရေနှင့် ချောင်းရေ မြစ်ရေကိုသာ အားကိုးရသည်။ သိမ့်တို့နှစ်ယောက်စာ အတွက်တော့ သူ့ရဲဘော်လေးက ရေထမ်းပုံးနှင့် ရေထမ်းပေးသည်။ ရေတွင်းနေရာက အတော်ဝေးသည်ဟု သိလည်း သိမ့် ရေမချိုးဘဲ အဝတ်မလျှော်ဘဲ နေလို့မရတာမို့ ... ဘယ်မှာ ရေသွားထမ်းသလဲ မမေးဘဲ မသိဟန် ဆောင်ရသည်။

"ဘာနဲ့ သွားမှာလဲ အဝေးကြီးလား"

"စက်ဘီးနဲ့ သွားမှာပေါ့၊ ဒီတစ်ကွေ့လေးပါပဲ"





ဒီတစ်ကွေ့လေးပါပဲ ... ဟု သူ ပြောပေမဲ့ အဲသည်တစ်ကွေ့ကို စက်ဘီးဖြင့် အတော်နင်းရသည်။ လမ်းက ပြေပြေမဟုတ်။ အကွေ့နေရာမှ ကုန်းအတက်မို့ ကွေ့ပတ်ပြီး ဆောင်ကုန်းကို တက်ရသည်က အတော်ပင်ပန်းသည်။ သူက သိမ့်ကို ဆင်းပြီး လမ်းမလျှောက်စေဘဲ တောက်လျှောက်နင်းသည်။ ချွေးစို့နေသည့် သူ့ကျောပြင်ကို ပါးနှင့် ကပ်ထားရသည်ကို ကြည်နူးရင်ခုန်ရသည်။ လမ်းတစ်ဖက်တစ်ချက်မှာတော့ အပင်ကြီးတွေ အပင်ငယ်တွေ ထူထပ်လျက် စိတ်ထဲ အားငယ်စရာလိုလိုပင်။ အလင်းရောင် နည်းလာလျှင် လမ်းတစ်ဖက်တစ်ချက် တောအုပ်တွေထဲက တောကောင်တွေ ထွက်လာမည်လား တွေးပြီး စိုးရိမ်စရာပင်။

"ကိုရေ ... သိပ်မိုးမချုပ်နဲ့နော်။ ခဏပဲ ရေချိုးပြီး ပြန်ကြမယ်"

"အေးပါ။ ဟိုရောက်မှ မပြန်ချင်ဘူး မလုပ်နဲ့"

တကယ်ပါပဲ ...

သူ ပြောသလိုပင် ဖုန်ညိုချောင်း၏ ညနေချိန်ဝန်းကျင်သည် စိတ်ကြည်နူးဖွယ် စိတ်ကူးယဉ်ဖွယ် ကောင်းလှသည်။ မြက်ပြိုတ်တွေချည်းသာရှိသော ကွင်းပြင်ထဲက လှည်းလမ်းကြောင်းလေးကို ဖြတ်သွားရသည်။ လှည်းလမ်းကြောင်းလေး နံဘေးက သစ်ပင်ကြီးတွေရဲ့ အရိပ်အောက်မှာ ချောင်းငယ်သည် ငြိမ်သက်တိတ်ဆိတ်စွာ စီးဆင်းနေ၏။ ချောင်းရိုးတစ်လျှောက်မှာ သိမ့်

www.burmeseclassic.com



မြင်ဖူးသော အပင်တွေ မမြင်ဘူးသော အပင်တွေ ပြွတ်သိပ်ပေါ
ရောက်နေသည်။ အများအားဖြင့်တော့ စိန်နားပန်ချုံတွေ၊ သ
ကယ်ပင်တွေ၊ အရွက်စိမ်းများနှင့် အောက်ခြေမှာ ရွှံ့နှစ်တွေ
တွေ ကပ်ငြိနေသည့် ရှားစောင်းပင်လိုလို အပင်တွေ ဖြစ်သည်
သခွပ်ပွင့်တွေ တယ်ပင်တွေကိုလည်း ချောင်းနံဘေးမှ တွေ့ရသည်
ကုက္ကိုပင် အကြီးကြီးတွေရဲ့ နံဘေးမှာ ချောင်းတစ်ခု ဖြတ်စီး
သည်ဟု မထင်ရလောက်အောင်ပင် ချောင်းငယ်လေးသည် တိတ်
ဆိတ်လျက် အေးချမ်းလွန်းလှ၏။ ချောင်းရေကလည်း ရေ
အောက်က ကျောက်စရစ်ခဲတွေကို မြင်ရလောက်အောင်ပင် ကြည်
လင်အေးစိမ့်နေသည်။

"ဟယ် ... ကြည့်စမ်း။ ရေလေးက ကြည်နေတာပဲ
နေရာလေးကလည်း အရိပ်တွေကျပြီး အေး ... လို့"

"သဘောကျတယ် မဟုတ်လား"

"အင်း"

သိမ့်က လည်ချောင်းသံနှင့် ပြုံးလျက်ဖြေရင်း ခေါင်း
ညိတ်လိုက်သည်။ သိမ့် အတွက် စိတ်ကျေနပ်စရာတစ်ခု ဖြ
ဆည်းပေးလိုက်ရသည့်အတွက် သူ့မျက်နှာက ပျော်ရွှင်နှစ်သိ
နေပုံမျိုး ...။

အဲသည် အခိုက်အတန့်မှာပင် သိမ့်သည် သူ့အ
မှာ နှောင်ကြိုးတစ်ခုလို မခွဲနိုင် မခွာရက် တွယ်တာနေမိပြီ
ကြောင်း သေချာ နားလည်လိုက်ရတော့သည်။





အချစ်ဆိုတာ အဲသည်လို တွယ်တာမှုမျိုး ထင်ပါရဲ့။

သူက ချောင်းထဲဆင်းပြီး လူပျိုပေါက် ကျောင်းသား
သား တစ်ယောက်လို တဝုန်းဝုန်း ကူးခပ်ပျော်ရွှင်နေတော့သည်။
ခိုက ရေကြောက်တတ်သူမို့ ချောင်းအစပ်မှာသာ ကျောက်တုံး
ကြီးကြီးပေါ်ထိုင်ပြီး ပလတ်စတစ်ခွက်ကလေးနှင့် ခပ်ချိုးသည်။
သူက သိမ့်ကို ရေထဲဆင်းဖို့ အတင်း ဆွဲခေါ်သည်။

"ဟင်အင်း, သိမ့် ကြောက်တယ်"

**"လာစမ်းပါ သိမ့်ရ။ ကိုယ့်ကို မယုံဘူးလား။ ကိုယ့်ခါးကို
မြဲမြဲဖက်ထား"**

"ဟင့်အင်း, မသွားဘူး။ သိမ့် ကြောက်တယ်။ ကြောက်
တာက ယုံတာ မယုံတာနဲ့ မဆိုင်ဘူး"

"ဟောဗျား ... ဒီလောက်တောင်ပဲလား"

သိမ့်ကို ဆွဲခေါ်မရသည့်အခါ သူက သိမ့်အနားမှာ
ရေလောင်းပေး၊ ချေးတွန်းပေး၊ ခေါင်းလျှော်ပေးရင်း ခပ်ဝေးဝေး
သွားတော့ဘဲ ပျော်ရွှင်နေတော့သည်။ သိမ့်ကလည်း သူ့ကို
မျက်စိအောက်က ပျောက်သွားမှာ စိုးလှပါသည်။ သူ့ရဲ့အလုပ်
ချိန်များမှာ အိမ်ရှင်မတစ်ယောက်ရဲ့ ဟင်္သာရအလုပ်တွေကို လုပ်
ကိုင်ရင်းပင် သူ့ကို လွမ်းဆွတ်နေရတတ်သည်။ သူ့ရဲ့အလုပ်ချိန်
တွေက ရှည်ကြာလွန်းသည် ထင်မိသည်။ အိမ်ပြန်နောက်ကျလျှင်
ပြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



*ဒါဟာ အိမ်ထောင်ဦးကာလ အိပ်မက်ဟောင်းတ*

ပါပဲ ...။

"သိမ့် ... အဝတ်လဲပြီး ခဏစောင့်နော်။ ကိုယ် ခဏ ရေထဲစိမ်လိုက်ဦးမယ်"

"ကို ... ရေနက်ထဲ မသွားနဲ့နော်"

သိမ့် ရင်ထဲက စိုးရိမ်ပူပန်မှုသည် အင်အားကြီး လှသည့် ခံစားမှု အစစ်အမှန် ဖြစ်သည်။ အဲသည် စိုးရိမ်ပူပ တွေထဲမှာ ခင်ပွန်းဖြစ်သူအပေါ် အားကိုးမှီတွယ်ခြင်းတွေ မျာ ပါဝင်ကောင်း ပါဝင်နေလိမ့်မည်။ သိမ့်သည် ခင်ပွန်းသည်အ လုံးဝ ပုံအပ်မှီတွယ်ချင်သည့် သဘာဝရှိသည့် သာမန်မိန်းမ ယောက်သာ ဖြစ်ပါသည်။

အတော်လေး နေစောင်းသွားသောအခါ လှည်းလ ကြောင်းအတိုင်း စက်ဘီးဖြင့် ပြန်ခဲ့ကြသည်။ သိမ့်က နေရောင် ပြီး မှောင်လာပြီဆို အလိုလိုနေရင်း ကြောက်တတ်သည်။ တော တောင်ရိပ်နှင့်မို့ သည်နေရာတွေက အမှောင်ထု ပိုပြီး သိပ်သည တတ်သည်။ ပြီးတော့ လျှပ်စစ်မီးရောင်လည်း မရှိ။ လမ်းတစ် လောက်ရောက်တော့ ဟိုးဝေးဝေးဆီက တောခွေးအုပ် အူသံ ကြားရသည်။ သိမ့်သည် ကျောထဲက စိမ့်လာပြီး သူ့ရဲ့စက်ဘီး ကလေးကို နေ့လှသည် ထင်မိ၏။

"ဒီလမ်းတွေမှာ တစ်ခါတလေ ခွေးအ,တွေ အုပ်စုလို ဆင်းလာတတ်တယ်"





"ဟုတ်လား"

သိမ့်ကို ကျိစယ်နေသည် မဟုတ်ပါ။ လူနေအိမ် အောက် ကြက်ခြံထဲအထိဝင်ပြီး ကြက်တွေကို ဆွဲသွားတတ်သည့် တောခွေးတွေအကြောင်း သည်စ,ရောက်ကတည်းက သိမ့် ကြား ဖူးသည်။ ရွာတွေမှာဆို ကလေးပေါက်စ,လေးတွေကိုပင် ချီသွား တတ်သည်တဲ့။

"ခုနေ တောခွေးအုပ်နဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ"

"ကို ... နော်"

သိမ့်က လေသံကို တင်းပြီး ဟန့်လိုက်သည်။

တကယ်တော့ ခွေးအ,သည် အကောင်ထွားထွား ကြောက်စရာ သတ္တာန်တော့ မဟုတ်ပါ။ အကောင်သေးသေးပုပု နှင့် မျက်နှာက စုတ်ချွန်းချွန်းနှင့် ကြည့်လို့လည်း မကောင်းပါ။ သနေ နေဝင်ရီသရောမှာတော့ သိမ့်သည် ခွေးအ ဆိုတာကို ခပ် လှမ်းလှမ်းက မြင်ဖူးခဲ့သည်။

"တောခွေးအုပ်နဲ့များ တွေ့လို့ သိမ့်ကို ကိုယ် တစ်ယောက် တည်း ထားပစ်ခဲ့မယ်ဆိုရင် သိမ့် ဘယ်လို နေမလဲ"

ဘုရား ... ဘုရား ...

အဲသည်လို မေးခွန်းမျိုး သူမို့ ရာရှာကြံကြံ မေး တတ်လေသည်။

ရုတ်တရက် ဆိုတော့ သိမ့် ဘယ်လိုပြောရမှန်း မသိ။ အဖြေလည်း မရှိ။ သေချာတွေးလေလေ ဖြေစရာ စကား



www.burmeseclassic.com

www.burmeseclassic.com



မရှိလေလေပင်။ အဲသည်လို ဘယ်တော့မှ ဖြစ်မှာမဟုတ်ဘူး
သိမ့်ရဲ့ ပကတိ ယုံကြည်စိတ်က ပြောသည်။

ထို့ကြောင့်လည်း သိမ့်သည် ရယ်ကာ မောကာပဲ ...

"ပြီးသွားပြီပေါ့ ... အားလုံး ပြီးသွားပြီပေါ့"

ဟု စိတ်လက်ပေါ့ပါးစွာ ပြန်ဖြေခဲ့သည်။ သူဟာ အဲသည်လိုလူမျိုး မဟုတ်ဘူး' ဆိုသည့် အသိကတော့ သိမ့် ရင်ထဲမှာ ဘယ်တော့မှ မပျောက်ချေ။ သို့ပေမဲ့ ဘယ်လိုဖြစ်မည် **ဆိုတာကိုတော့ အမှန်တကယ် ကြုံမှသာ သိနိုင်ပေလိမ့်မည်။**

"အဲလို ဖြစ်မယ်လို့ ထင်လား"

"မထင်ပါဘူး"

"ကိုယ်ကရော အဲလို ထားပစ်ခဲ့မယ်လို့ ထင်လား"

"ဒါတော့ ဘယ်ပြောနိုင်မလဲ"

"ဒါဆို ... သိမ့်က ကိုယ့်ကို ယုံကြည်တာ မဟုတ်ဘူးပေါ့။ ကံကြမ္မာကို ယုံကြည်တာမျိုးပဲပေါ့"

သူ့စကားသံက မခံချိ မခံသာ လေသံမျိုး ...

"ဟုတ်တယ်လေ ...။ ကိုယ့်ရဲ့ ကံကိုပဲ ယုံရတာပေါ့။ လူ့စိတ်ဆိုတာတော့ တစ်ထစ်ချပြောလို့ ဘယ်ရပါ့မလဲ"

"သိမ့် ရယ်"

သူက မောပန်းစွာ ညည်းညူ ရေရွတ်လေသည်။ သိမ့်ကို သူ ဘယ်တော့မှ ထားခဲ့ရက်မှာ မဟုတ်ဘူးဟု သိမ့် ယုံကြည်ချင်ပါသည်။





ကုန်းအဆင်းမှာ စက်ဘီးက အရှိန်ဖြင့် လျှောဆင်းသွားသည်။ ကောင်းကင်က ကြယ်များကို မော့ကြည့်တော့ ကြယ်များသည် သိမ့်တို့ စက်ဘီးနောက်သို့ အပြေးလိုက်လာသလိုပင်။ သိမ့်သည် ခပ်စောစောက စကားတွေကို ပြန်စဉ်းစားရင်းပင် သူ့ခါးကို ခပ်တင်းတင်းဖက်လျက် သူ့ကျောပြင်မှာ ပါးကိုအပ်ထားလိုက်မိ၏။

သိမ့်တို့နှစ်ယောက် ခွဲခွာဖို့ ဘယ်လို အကြောင်းတရားမှ မပေါ်ပေါက်ပါစေနဲ့ ဘုရား ...။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



သိမ့်တို့ နှစ်ဦးကြား ကွဲလွဲခဲ့သည့် ရည်ရွယ်ချ
များ၊ ကွာဟခဲ့သည့် မျှော်လင့်ချက်များနှင့် တင်းတိမ်ရောင့်ရဲ
မှု ဟူသမျှသည် သမီးကပင် စ,တင်ခဲ့သည်ဟု သိမ့် ထင်ပါသည်
သမီးကို သူ ချစ်ခဲ့ပုံက ဖခင်တစ်ယောက်၏ ချစ်ခြင်းမေ
အပြည့်အဝ ဆိုတာကို သိမ့် ဘယ်လိုမှ မယုံနိုင်စရာ မရှိ
သို့ပေမဲ့ သမီးအပေါ် ဖြစ်စေချင်သည့် ဆန္ဒတွေက သိမ့်တို့ န
ယောက်မှာ စ,တင်ကွဲလွဲလာခဲ့သည်။

သမီးကို ကိုယ်ဝန်ဆောင်ရ,ချိန်အထိ သူသည် သိ
အဖို့ အားထားမှီခိုရလောက်သည့် အိမ်ထောင်ဦးစီးတစ်ယော
ဖြစ်နေခဲ့သေးသည်။ သမီးသည် သိမ့်တို့နှစ်ဦးစလုံးအတွက် အကြ
နာတွေ စုပုံပေးအပ် မြတ်နိုးရသော ရတနာတစ်ပါး ဖြစ်ခဲ့သည်
သိမ့်သည် ဟိုးအရင်က ကြားဖူးနားဝ ရှိခဲ့သော ကိုယ်ဝန်ဆော
ချိန်မှာ လင်ယောကျ်ား၏ စိတ်ထွေပြားခြင်း ဆိုတာမျိုးကြော
စိတ်အနှောင့်အယှက် မဖြစ်ခဲ့ရချေ။





ကိုယ်ဝန်ဆောင်ချိန် လေးလခွဲခန့် ကာလမှာ သိမ့်
သည် အိပ်ရာထဲက မထ,နိုင်၊ အစားအသောက်လည်း မဝင်ဘဲ
ခေါင်းမထူနိုင်လောက်အောင် ခေါင်းခဲမှာ ဝေဒနာကို အပြင်းအထန်
ခံစားခဲ့ရသည်။ အိပ်ရာထဲမှာ ခေါင်းတစ်ခုလုံးကို ခေါင်းအုံးနှင့်
အုပ်ပြီး ငြိမ်သက်နေရသည်။ အဲသည်ကာလတွေကဆို သိမ့်သည်
သဆုံးခြင်းထက် ပိုပြီး ကြောက်မက်ဖွယ် ဝေဒနာနှင့် နပန်းလုံး
နေခဲ့ပြီး ဘယ်လိုဖြေသိမ့်ခြင်းမျိုးနှင့်မှ စိတ်ကို ကြည်လင်အောင်
မထားတတ်နိုင်ဘဲ ဖြစ်ခဲ့သည်။

အိပ်ရာထဲမှာ အမြဲနေရပြီး တစ်နေ့ကို ထမင်းတစ်
လုပ်စာပင် မဝင်ဘဲ ဆေးပိုက်များကြောင့် အသက်ဆက်ရှင်သန်
နေရသည့် မိန်းမတစ်ယောက်အဖို့ လင်ယောကျ်ားအတွက် ဘယ်
လို တာဝန်များ ကျေပွန်နိုင်မှာလဲ ...။

သို့ပေမဲ့ သူက နည်းနည်းလေးပင် စိတ်မပျက်ခဲ့။

နံနက်ခင်း ရုံးသွားချိန်မှာ သိမ့် နဖူးပြင်ဆီ အနမ်း
တစ်ခုဖြင့် နှုတ်ဆက်မြဲ။ နေ့လယ်ချိန် ထမင်းစားပြန်လျှင် သိမ့်
အတွက် ဆန်ပြုတ်တစ်ဇွန်းဖြစ်စေ၊ သစ်သီးတစ်မြွာဖြစ်စေ စိတ်
ရှည်ရှည် ခွံ့ပေးမြဲ။ ညနေ ရုံးဆင်းချိန်မှာ (ဘယ်လောက်အရေး
ကြီးသည့်ဧည့်သည် အတူပါလာသည်ဖြစ်စေ) သိမ့်ရဲ့ အိပ်ခန်းထဲ
ဝင်လာနှုတ်ဆက်ပြီးမှ ဧည့်ခန်းဘက် ပြန်ထွက်မြဲ။ တနင်္ဂနွေအား
လပ်ရက်တွေမှာတော့ သူသည် သိမ့် တစ်ယောက်တည်းအတွက်
သာသန့် ဖြစ်နေတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သိမ့်ရေ ... ရေပတ်တိုက်ချင်လား ...။ ကိုယ် ရေအေးအေးနဲ့ သန့်စင်ပေးမယ်လေ"

နွမ်းနယ်သည့် အဆီပြန်နေသည့် သိမ့် မျက်နှာကို သူ ကိုယ်တိုင် နံနက်တိုင်း သန့်စင်ပေးခဲ့တာ မဟုတ်လား။ သိမ့်ကလည်း မကျန်းမာသည့် အချိန်မို့ စိတ်တိုတောင်းချင်သည်။ တစ်ယောက်သူမို့ ရုံးပြန်ချိန် နောက်ကျလျှင် ခွင့်မလွှတ်ချင်။ လူမှုရေးအမင်္ဂလာပွဲတွေ၊ အလှူတွေ တစ်ယောက်တည်း သူ သွားရတတ်သည့်အခါ ဝန်တိုချင်သည်။

တကယ်တော့ ရယ်စရာနော် ...

ခုတော့လည်း ဘယ်အရာမှ တန်ဖိုးမရှိတော့ပြီ။

"ခေါင်းထဲမှာ ကျပ်ခဲနေသလိုပဲ ခေါင်းလျှော်လိုက်ရင်ကောင်းမလား မသိဘူး"

ဟု သိမ့်က လေသံပျော့နှင့် ပြောလျှင် သူက သိမ့်ကို ခေါင်းလျှော်ပေးဖို့ ချက်ချင်းပြင်ဆင်တတ်သည်။

"သိမ့်ကို ကိုယ်က ညှပ်လျှော်ဆိုင်တွေမှာလို ဇိမ်နဲ့ ခေါင်းလျှော်ရအောင် လုပ်ပေးမယ်"

အိပ်ရာက မထနိုင်သည့် ဇနီးသည်ကို ခုတင်ပေါ်မှာ လှဲလျက်ပင် ဆံပင်ရှည်တွေ သန့်စင်သွားအောင် နူးနူးညံ့ညံ့ကိုင်တွယ်ပြီး လျှော်ပေးနိုင်သည့် ဆိုသည့် အရည်အချင်းမျိုးတော်ရုံယောကျ်ားမျိုးမှာ မရှိနိုင်ဘူးဟု သိမ့် ယုံကြည်သည်။





သိမ့် ရင်ထဲမှာ ဘယ်လောက်ကြည်နူးခဲ့သလဲ ...။

ကို ရယ် ...

ပြန်တွေးကြည့်တိုင်း ရင်နာရပါတယ် ...

အဲသည်လို နူးညံ့ကြင်နာခြင်းတွေ ပြည့်နေတဲ့ လူတစ်ယောက် ... ဘာကြောင့်များ ပြောင်းလဲသွားရတာလဲ။

မဟုတ်ဘူး ...

သိမ့်ကများ ပြောင်းလဲသွားတာလား ...။

"အဝတ်လျှော်သမား မလာလည်း ဘာဖြစ်လဲ။ ကိုယ့်ဟာသာ လျှော်လို့ရတာပဲ"

သည်လို ပြောပြီး အဝတ်ခြင်းထဲမှာ ပုံနေသည့် ခါတ်တွေကို သူ ကိုယ်တိုင် လျှော်တတ်သည်။ နောက်ဆုံးခွဲခွာသည့် အချိန်အထိ သိမ့်သည် သူ့ယူနီဖောင်းကို တစ်ကြိမ်တစ်ခါ လျှော်မပေးခဲ့ဘူးတာ သိမ့်ရဲ့ လိုအပ်ချက်များလား ...။

အဲဒါကိုတော့ တွေးမိလျှင် သိမ့် ဝမ်းနည်းစိတ်ကောင်း ဖြစ်ရပါသည်။

"ဒီဝဋ်ကြွေးကြီးကို ဘယ်လောက်ထိ ခံနေရဦးမလဲ မသိဘူးနော် ...။ ခေါင်းကို ဖြတ်ပြီး တစ်နေရာရာ ပို့ထားလိုက်ချင်တယ် ..."

သိမ့် ညည်းညူနေလျှင် သူ မျက်နှာညှိုးနွမ်းပြီး သိမ့် နားထင်တွေ ဦးရေပြားတွေကို လက်ချောင်းများဖြင့် ဖိနှိပ်ပေးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့် အပြစ်ပါဘဲ။ ဒီလောက် ဆိုးမှန်းသိရင် ကိုယ် သိမ့်ကို ကလေးမယူခိုင်းပါဘူးကွာ"

"ဟုတ်တယ် ... သူများတွေ ကလေးမွေးရတာတော့ ဒီလောက် မဆိုးကြပါဘူးနော်။ ဘာဖြစ်လို့ သိမ့်ကျမှ ဒီလို ဖြစ်နေတယ် မသိဘူး"

"သိမ့်ကို ကိုယ်ချင်းမစာတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ သိမ့် ခုလို နေမကောင်းဖြစ်မှ ကိုယ် သိမ့်ကို ခေါင်းလျှော် ပေး ထမင်းခွံ့ပေးလို့ ရတယ်။ ကိုယ်ကတော့ သိပ်ကြိုက် တယ်။ အဲဒီ အခွင့်အရေးကို သိပ်ကြိုက်တယ်"

စိတ်ညစ်ညူး နောက်ကျိနေသည့် ကြားကပင် သူ့ အဲသည်စကားကိုတော့ သိမ့် ရယ်မိသည်။ တကယ်တော့ ယုံကြည် စရာ မဟုတ်ပါ။ သို့ပေမဲ့ သူ အဲသည်လို ပြောတတ်တာကိုပင် စိတ်ကြည်နူးရသည်။ သိမ့်ကပဲ လောဘကြီးတတ်သည်လားမသိ။ သူ လိမ်ညာပြောသည် ဖြစ်လျှင်တောင် သိမ့်ကို အဲသည်လို အမြဲ လိမ်ညာစေချင်သည်။

သူနှင့် သိမ့်ကြားမှာ မတူညီသည့် အမှန်တရားတွေ ကတော့ ရှိနေမြဲပါပဲ။

"တော်စမ်းပါ ...။ အပိုတွေ ...။ ဘယ်ယောကျ်ားမှ နာတာ ရှည်ရောဂါသည်ကို ပြုစုဖို့ စိတ်မရှည်ဘူး"

"အင်းလေ ... သိမ့်က နာတာရှည် ရောဂါသည်မှ မဟုတ် တာ"





"သိမ့်သာ အိပ်ရာထဲ လဲနေတဲ့ လူမမာဆိုရင် ကို သိမ့်ကို စိတ်ကုန်သွားမှာ မဟုတ်လား၊ နောက်မိန်းမ ယူမှာမဟုတ် လား"

သိမ့်က နည်းနည်းညစ်ချင်သည်။

သူက သိမ့် နားထင်စပ်ကိုဖိလျက် သူ့ရင်ခွင်မှာ အပ်ထားပြီး ငြိမ်သက်နေခဲ့၏။ သိမ့်က သူ့မေးဖျားကို မမှိတမှိ ရှိုက်နမ်းမိသည်။ ချစ်ဖို့ကောင်းလောက်အောင်ပင် သူသည် မပါးနပ် လှသော လူတစ်ယောက် ဖြစ်၏။ သူ့ကို စိတ်ကောက်နေလျှင် လည်း သူ သိချင်မှ သိသည်။ သိလျှင်လည်း တစ်ဖက်သား စိတ် ကျေနပ်အောင် ချော့သည့်နည်းလမ်းကို စဉ်းစားတတ်သူ မဟုတ်ချေ။

"ဟော့ ... ပြောလေ"

"ကိုယ် ဘယ်လို ပြောစေချင်လို့လဲ"

နည်းနည်းဖြစ်ဖြစ် ညာလိုက်စမ်းပါ ကိုရယ် ...

"အမှန်အတိုင်း ပြောပေါ့"

"ဖြစ်လာမှ သိမှာပဲ။ နောက်မိန်းမတော့ မယူပါဘူး။ မိန်းမတစ်ယောက် ယူဖို့ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။ ခုတောင် ကိုယ့်လစာနဲ့ လောက်အောင် မကျွေးမွေးနိုင် ဘဲနဲ့"

"သြော် ..."

ခေါင်းမဖွေ့ချင်သည့် ကြားကပင် ရန်တွေ့ဖို့တော့ ဘတ်နိုင်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကျွေးနိုင်လို့ မယူတာပေါ့။ ကျွေးနိုင်တော့ ယူမယ်ပေါ့၊ ဒီလိုလား"

သူက ဖျော့တော့ချိန့်နေသည့် သိမ့် လက်ချောင်းတွေကို တင်းတင်းဆုပ်လျက် သူ့နှုတ်ခမ်းဖျားမှာ ဖိကပ်ရင်း သိမ့်ရဲ့ ဆံပင်ခွဲကြောင်း အလယ်တည့်တည့်ကို နမ်းမွှေးလေသည်။ သူ့ ရင်ဘတ်ထဲက ရင်ခုန်သံကို သိမ့် ကြားရသည်။

"သိမ့်ရယ် ... ။ သိရဲ့သားနဲ့ မမေးပါနဲ့"

တဲ့ ...။

"သိမ့်က ဘယ်လိုလုပ် သိနိုင်မှာလဲ"

"သိနိုင်တာပေါ့။ တချို့ကိစ္စတွေက ပါးစပ်က ဖွင့်မပြော လည်း စိတ်က အလိုလို သိနေနိုင်တာမျိုးပဲ"

ဒါပေမဲ့ မိန်းမတွေ ဆိုတာက အညာခံချင်သူမျိုးတွေ မဟုတ်လား။

သိမ့် ကြားချင်သည့် စကားမျိုး သူ့ နှုတ်ဖျားက ကြားရဖို့ဆိုတာ အတော်ပင် ခဲယဉ်းလှပါသည်။ ဒို့ပေမဲ့ သိမ့်သည် သူ့မျက်ဝန်းများကို ယုံကြည်ခဲ့သည်။

ငါးလနီးပါးမှာ သိမ့်သည် ပြတင်းပေါက်နှင့် အနီးဆုံးကပ်ထားသည့် ခုတင်ပေါ်မှာသာ အချိန်ကုန်ခဲ့ရသည်။ ပိုးဟပ်ဖြူတစ်ကောင်လို ဖြူဖျော့ပြီး အရိုးပေါ် အရေတင် ကျုံလှီနေသည့် ခန္ဓာကိုယ်တစ်ခုထဲမှာ တဖြည်းဖြည်း ကြီးထွားဖြစ်တည်လာသည့် သန္ဓေသားကလေးသည် သိမ့်တို့ နှစ်ဦးစလုံး၏ ကြည်နူးဖွယ်





အာဂတ်ဘဝ ဖြစ်သည်။ သိမ့်သည် ခုတင်ပေါ်မှာ အိပ်မပျော်နိုင်ဘဲ သူ့ ရုံးဆင်းချိန်တွေကို မျှော်ရသည်။ အဲသည်နေ့ရက်တွေတုန်းကတော့ သိမ့်သည် ခင်ပွန်းဖြစ်သူ အပေါ်မှာ ဝန်တိုလွန်းသူဖြစ်ခဲ့သည်။ ရုံးပိတ်ရက်တွေမှာ လူမှုရေး ကိစ္စတွေ မင်္ဂလာပွဲ၊ ရေလှူပွဲတွေ သိမ့် မပါဘဲ သူ တစ်ယောက်တည်း သွားသည့်အခါ အိပ်ရာထဲမှာ လဲနေရသည့် မိမိ အဖြစ်ကို မေ့လျော့ပြီး ကိုအပေါ်မှာ ငြိုငြင်မိသည်။

အဲသည် အချိန်ကတော့ သိမ့်သည် လင်ယောက်ျားအပေါ်မှာ လုံးဝဥဿုံ မှီခိုပုံအပ်လိုစိတ်ဖြင့် အိမ်ထောင်ရှင်မိန်းမတစ်ယောက်၏ တစ်ကိုယ်ကောင်းဆန်သည့် ချစ်ခြင်းတွေသာ ပြည့်သိပ်လျက် ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့် ပတ်သက်သည့် စိတ်ကူးများသည်
အဖို့တော့ သိပ်ကို နူးညံ့သိမ်မွေ့ခဲ့သည်။ သာယာလှပခဲ့သ
လက်ထပ်စဉ် အချိန်ထိ သိမ့် ယုံကြည်ခဲ့သည့် အချစ်သည်
တစ်မျိုး ဖြစ်ခဲ့သည်။ တိမ်တွေ မျောလွင့်နေတာမျိုး၊ ရေတံခွန်
ရေဖြာစီးကျသံကို နားထောင်ရသလိုမျိုး။ လိပ်ပြာတွေ ဝဲနေသ
ပန်းခင်းတစ်ခုထဲ ရောက်နေခဲ့သလိုမျိုး ...။

သိမ့်ဟာ တကယ်ပဲ စိတ်ကူးတွေချည်းသာ ရှိနေ
မိန်းကလေး ဖြစ်နိုင်သည်။

သမီးကို မွေးဖွားပြီးတော့မှ သိမ့် မျှော်လင့်ခဲ့
အချစ်ဆိုတာ သည်လိုပုံစံမျိုး မဟုတ်ပါလားဟု နားလည်
ရသည်။ သိမ့်သည် အချစ်ကြောင့် အရာရာ ပြည့်စုံလှပ
ဘဝတစ်ခုကိုသာ စိတ်ကူးယဉ်ခဲ့မိသည်။ အဲသည် စိတ်ကူး
ထဲမှာ ချစ်သူနှင့် နှစ်ယောက်တည်းရှိသော ကမ္ဘာလေးထဲ
သည် ဆင်းရဲနိမ့်ကျခြင်း မှန်သမျှကို ခံနိုင်ရည် ရှိနေခဲ့၏။
ရဲ့ ချစ်သူသည်လည်း ပေါသည် လောကကြီးထဲမှာ နောက်





စားထိုးဖို့ မရှိလောက်အောင် လေးစားမြတ်နိုးဖွယ် စံများနှင့်
ည့်စုံသူ ဖြစ်သည်။ တကယ်တမ်းကျတော့ ဘယ်မှာ ဟုတ်နိုင်
လဲ ...။

မိခင် တစ်ယောက်က ရင်သွေးအပေါ်မှာ ထားသော
မျှော်လင့်ချက်နှင့် နှိုင်းယှဉ်လိုက်သောအခါ လင်ယောကျ်ားအပေါ်
မျှော်လင့်ခဲ့သမျှသည် မြင့်မိုရ်တောင်နှင့် ဆီးစေ့ပမာ ဖြစ်ခဲ့ရသည်။
သမီးအတွက် သိမ့်သည် ဘာကိုမဆို ဖြည့်စွမ်းပေးချင်သည့်
မေတ္တာမျိုးဖြင့် သမီး မွေးဖွားလာချိန်မှစ,ပြီး အကောင်းဆုံးဆိုတာ
တွေကိုသာ စ,တင် မျှော်မှန်းတတ်လာတော့သည်။

ဒါဟာ မိခင်တစ်ယောက်ရဲ့ အတ္တပဲ ဖြစ်မှာပါ ...

သမီး အပေါ် သူ့ မျှော်လင့်မှုကတော့ သိမ့်နှင့်
ည်းနည်းမှ မတူချေ။ သူက သမီးကို ပန်းပုရုပ် တစ်ရုပ်လို
ဆစ်ချင်သူ မဟုတ်ချေ။ သစ်ပင် တစ်ပင်လို ပြုစုပျိုးထောင်
ချင်သည်။ သိမ့်ကတော့ သမီးကို သိမ့် ကိုယ်တိုင် ထုဆစ်သော
န်းပုရုပ်ကလေး တစ်ရုပ် ဖြစ်စေချင်သည်။ ပြီးတော့ ထိုပန်းပု
ရုပ်ကလေးကို အလှပဆုံး အတောက်ပြဆုံး အဖိုးထိုက်တန်ဆုံး
စွည်းများဖြင့် တန်ဆာဆင်ပေးမည်။

သမီးသည် ငယ်စဉ်ကတော့ ဆံပင်ပါးလျားသည်။
သို့ပေမဲ့ သမီးရဲ့ ဆံပင်မွှေးလေးတွေက နီညိုညိုဖြစ်ကာ နူးညံ့
သွန်းလှသည်။ သမီး ဆံပင်တွေ ကြမ်းတမ်းသွားမှာ စိုးရိမ်သည့်
သိမ့်က သမီးကို ခဏ ခဏ ခေါင်းတုံးမရိပ်စေဘဲ ဆံပင်ရှည်လာမှ



www.burmeseclassic.com

www.burmeseclassic.com



ကတ်ကြေးဖြင့် တိပေးသည်။ နီတာရဲ အနီးထုပ်ကလေးထဲ တော့ သမီးက မလှုပပါ။ မျက်လုံးလေးတွေ ကြည်လင်ပြီး သားပြင်လို စိုလဲ့တောက်ပနေတာ တစ်ခုကလွဲလျှင် သမီးသည် နာတံလည်း မပေါ်လွင်လှ။ နှုတ်ခမ်းကလည်း စုစုလေးဖော် လေးဖြစ်သည်။ အသားအရေက ဖြူသည် မဆိုနိုင်ပေမဲ့ ကြည်လင် နေသည်။ မျက်ခုံးကလည်း ခပ်ပါးပါးပင် ...။

သမီးကို ရန်ကုန်မှာ ပြန်မွေးရသည်။ လူကဆေး ကျွေးသွယ်နွဲ့သလောက် စိတ်ဓာတ်က ပြတ်တောင်းနိုင်လှသည် သိမ့်သည် သမီးကို မြို့နယ်ဆေးရုံကလေးမှာပင် မွေးဖွားဖို့ ဆုံး ဖြတ်ထားပြီး ဖြစ်သည်။ သို့ပေမဲ့ ... ခေါင်းမာလှသည့် သမီး၏ ဥပေက္ခာပြုမထားနိုင်သည့် မိဘများက သိမ့် ကိုယ်ဝန်ခုနစ်လကျော် ကျော်မှာ ရောက်လာပြီး ရန်ကုန်သို့ အပါခေါ်ခဲ့တော့သည်။

ထိုကာလတွေမှာ သူ့ကို လွမ်းဆွတ် တမ်းတရခြင်း သည် သိမ့်အတွက် ဆွတ်ပျံ့ဖွယ် အကောင်းဆုံးနှင့် ဘယ်တော့မှ မမေ့ချင်သည့် ကာလများ ဖြစ်ခဲ့သည်။ ဘာကြောင့်လဲ ဆိုတော့ သိမ့်သည် အဲသည်လို ခံစားမှုမျိုးကို နောက်ထပ် ဘယ်တော့မှ ပြန်လည် မရရှိနိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

သိမ့်တို့ရဲ့ နှစ်ယောက်တည်း သီးသန့်ကမ္ဘာလေးထဲ သမီး ရောက်ရှိလာခြင်းသည် သိမ့်ရဲ့ အိပ်မက်များ၊ စိတ်ကူးများ ကို အဆုံးသတ်လိုက်ခြင်းပင် ဖြစ်သည်။ လက်တွေ့ဆန်လှသည် အချစ်သည် သိမ့်ဘဝထဲ ဖြုန်းဆို ဝင်ရောက်လာခဲ့ပြီး သိမ့်သည်





ခ်ကူးယဉ်သမားတစ်ယောက် ဘဝကနေ လက်တွေ့ကျကျ ရင်ဆိုင်ရဲသည့် ရုန်းကန်လှုပ်ရှားရဲသည့် မိန်းမတစ်ယောက်ဘဝ သို့ တဖြည်းဖြည်း အသွင်ကူးပြောင်းလာခဲ့လေသည်။

ဒါပေမဲ့ သူကတော့ သည်လိုမထင်ပါ။ သူကတော့ သိမ့်ကို လောဘကြီးလာသည် ... တဲ့။ ပိုက်ဆံနှင့် ပတ်သက်လျှင် သူ သိမ့်ကို ကြည့်တတ်သည့် အကြည့်မျိုးကို သိမ့် တစ်သက် မမေ့ပါ။ ဘယ်တော့မှလဲ မေ့လို့ရမှာ မဟုတ်ပါ။

သမီးကို မွေးဖွားရသည့် အချိန်မှာ သူ ရှိမနေပါ။ မိန်းမတစ်ယောက်၏ သမားရိုးကျ ခံစားရသည့် ဝေဒနာတွေကြား မှာ သိမ့်သည် သူ့ကို အမှန်တကယ်ပင် မတမ်းတမိပါ။ အဲသည် အချိန်မှာ သိမ့်သည် လက်တွေ့ကျသော အမှန်တရားတချို့ကို နားလည်သဘောပေါက်ခဲ့ပြီ ဖြစ်သည်။ အနားမှာ သူ ရှိနေလျှင် တောင် သိမ့် ခံစားနေရသည့် ဝေဒနာကို လျော့ပါးစေအောင် သူ ဘာတတ်နိုင်မည် မဟုတ်ပါ။

[သမီးတစ်ယောက် ရ,လိုက်လို့ သိမ့် မာနတွေ သိပ်ကြီး သွားပြီလား]

တဲ့ ...။

သူက သိမ့်ကို သည်လို စာရေးလာခဲ့သည်။ ဖြစ် ကောင်း ဖြစ်နိုင်ပါရဲ့ ...။ သမီးကို ရ,လာတော့ သိမ့်မှာ အင်အား တစ်မျိုး တိုးလာပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာမိသည်။ ပြီး တော့ ပြည့်စုံသာယာသည့် မိသားစုဘဝလေးဖြစ်ဖို့ မျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ပိုထားမိလာသည်။ သူက သမီးနဲ့ သိမ့်ကို လွမ်းဆွတ်တမ်း တနေချိန်မှာ သိမ့်ကတော့ နွေဆို ဖုန်တွေ သဲတွေ ထူထပ်ပြီး မိုး မှာဆို နုံးနှင့်ဗွက်တွေချည်းသာ ဖြစ်သော အဆိပ်ပြင်းသည့် မြေ ကင်းလို အကောင်မျိုးတွေကအစ ကျွတ်တွေ မျှော့တွေ ပေါများ သော လျှပ်စစ်မီး မရှိ၊ ဆေးရုံ ဆေးခန်းလည်း ဝေးလှသော ဒေသတစ်ခုမှာ သမီးအတွက် စိတ်ချရ,ပါ့မလားဟု တွေးရင်း သူ့ဆီ ပြန်ဖို့ တွန့်ဆုတ် နေခဲ့မိလေသည်။

ooo





မိုးရာသီ ကုန်ဆုံးသည့် နေ့တစ်နေ့မှာတော့ သူ ...န်းစားကြီး ရောက်ချလာခဲ့သည်။

သိမ့်တို့ရဲ့ စမ်းချောင်း ကျွန်းတောလမ်းက အိမ်ကြီး ...့ တံခါးဝ,မှာ သူ ရပ်လာပုံက မထိတ်သာ မလန့်သာ ရှိလှ ...ည်။ ငှက်ဖျားဒဏ်ကနေ နလန်ထူစ မျက်တွင်းတွေ ချောင်ကျ ...း ကော်လာကြီးကြီးနှင့် ရှပ်အင်္ကျီလက်ရှည်က သူ့ကိုယ်မှာ ပွ ...ယောင်းယောင်း ဖြစ်နေသည်။ မုတ်ဆိတ်မွေး နှုတ်ခမ်းမွေးပေါက်စ ...တွေ ထိုးထိုးထောင်ထောင် ကျိုးတိုးကျဲတဲနှင့် ကျောပိုးအိတ်တစ် ...လုံး လွယ်လာသည့် သူ့ကို မြင်လိုက်ရသည့် အခိုက်အတန့်မှာ ...တော့ သိမ့် ရင်ဘတ်ထဲ ဆို့ကျပ်လိုက်လှဲပြီး မျက်ရည်တွေ အိခနဲ ...င်းလည်လာသည်။ ဖျော့တော့လှသော ဝါဝါကျင်ကျင် မျက်လုံး ...တွေက သိမ့်ဇာကို မြင်လိုက်သည့်အခါ ဖျတ်ခနဲ တောက်ပသွားပြီး ...ရက်ချင်း စိုစွတ်လာသည်။

"ကို"

"နေကောင်းရဲ့လား"

သူ့အသံက လှိုက်လှဲတုန်ခတ်လျက် သူ့စိတ်ခံ
အားလုံးကို ဖော်ပြနိုင်စွမ်း ရှိသည်။

သိမ့် လက်ဖဝါးကို လှမ်းဆွဲဖျစ်ညှစ်လိုက်သည့်
အခါမှာတော့ သိမ့်သည် သူ့ကို တစ်ယောက်တည်း ရက်ရှည်
များ ပစ်ထားခဲ့မိသည့်အတွက် ပထမဆုံးအကြိမ် ရင်ထဲမှာ
ကျင်စွာ နောင်တ,ရမိလေသည်။

"သမီး ရော"

သူက အငမ်းမရ မေးသည်။

"အိပ်နေတယ် ကိုရဲ့"

"ဟာ, ဒီအချိန်ကြီး အိပ်နေရလား"

"ဒီအချိန် မအိပ်လို့ ဘယ်အချိန် အိပ်ရမလဲ"

သူ ရောက်လာသည့် အချိန်က ညနေသုံးနာရီခွဲ
ရှိပြီ။ သူက သမီးငယ်သည် ခိုးခိုးခစ်ခစ် ရယ်မောလျက်ဖြစ်စေ
မျက်လုံးဝိုင်းကြီးတွေ စူးစိုက်လျက် ကြမ်းပေါ်မှာ ဝမ်းလျားမှောက်
ခေါင်းလေးထောင်လျက် ဖြစ်စေ သူ့ကို ကြိုဆိုနေလိမ့်မည်ဟု
မျှော်လင့်နေခဲ့ပုံ ရသည်။ ကလေးဆိုတာ တစ်နေ့ကို နှစ်ရေး သုံး
ရေးမက, အိပ်တတ်သည် ဆိုတာကို သူ မသိ။

သိမ့်ရဲ့ မိဘများက သူ့ကိုမြင်တော့ စိုးရိမ်တကြီး
ဖြင့် ကြည့်ကြသည်။

"သမီးကို ပြန်လာကြည့်တာလား"





ဟု ကျီစယ်သလိုလို မရဲတရဲလိုလို မေးကြသည်။
ကလေးငယ် တစ်ယောက်သည် မိသားစုတစ်စုအတွက် ဘယ်
လောက်ထိ အရေးပါသည် ဆိုတာကို သိမ့် သိလာခဲ့သည်မှာ
သမီးကို မွေးဖွားပြီးမှ ဖြစ်သည်။ ကလေးတစ်ယောက် အဖို့လည်း
သူ့လောက ပတ်ဝန်းကျင်က သူ့ကို ဘယ်အတိုင်းအတာအထိ
ကြိုဆိုလိမ့်မည် ဆိုတာကို ကြိုပြီး တွေးဆရကောင်းမည် မထင်။
သို့ပေမဲ့ သမီးက ကံကောင်းသူကလေး ဖြစ်ပါသည်။ သမီး၏
အဘိုးအဘွား အဒေါ်များကအစ သမီးကို (ဘယ်လို မျှော်လင့်
ချက်မျိုးမှ မပါဝင်ဘဲ) ကြိုဆို ချစ်ခင်ကြသည်။

ခုလည်း အားလုံးက သမီးကို သူတို့အနားက ခေါ်
ဆုတ်သွားမှာကို မလိုလားချင်ကြပါ။

"သူတို့ သားအမိကို ခေါ်သွားမလို့လေ"

သည်လို ပြောလိုက်ပြီးမှ သူက သိမ့်ကို မဝံ့မရဲ
လှမ်းကြည့်သည်။

[လိုက်မယ် မဟုတ်လား ...] ဟု သူ မမေးပေမဲ့
အဲသည်မေးခွန်းက သူ့အကြည့်မှာ ထင်ဟပ်နေပြီး ဖြစ်ပါသည်။
သိမ့်တို့ မိန်းမသားတွေကတော့ ခင်ပွန်းသည် အပေါ်မှာ သနားဖို့
ငဲ့ညှာဖို့သာ တွေးတတ်သူတွေ မဟုတ်လား။ သူ့ခမျာ သိမ့်တို့
သားအမိကို ဘယ်လောက်ထိ လွမ်းဆွတ် တမ်းတ နေရှာမလဲ။
ပြီးတော့ သူ့ကြည့်ရတာ ပြင်းပြင်းထန်ထန် ဖျားနာပြီးကာစ, ...
သူ့ကို ပြုစုစောင့်ရှောက်ဖို့ ... မဖြစ်မနေ လိုအပ်နေမှာ။ သည်

www.burmeseclassic.com



ကြားထဲက ဇနီးနှင့် သမီးဆီ ရောက်အောင်လာခဲ့တာဟာ မိသားစု အပေါ် သူ့ရဲ့ တွယ်တာမြတ်နိုးမှု အတိုင်းအဆ … ပေါ့ …။

ဘယ်လောက်တောင် အတွေးတွေက လှပခဲ့သလဲ။

"သမီးကို ကြည့်ချင်လှပြီ"

လူကြီးတွေကို အားနာရသည့်ကြားပင် ဖေဖေ့ မေးခွန်းတချို့ကို ဖြေအံပြီးမှာတော့ သူက သိမ့်အနားကပ်ပြီး တိုးတိုး ပြောသည်။ သမီးသည် လေအေးစက် တပ်ထားသော သိမ့်ရဲ့ (အပျိုဘ၀) အခန်းလေးထဲမှာ အိပ်မောကျလျက်ရှိသည်။ ပထမဆုံးအကြိမ် မြင်ရသည့် ဖခင်ကို သမီးက ဘယ်လိုနှုတ်ဆက်မလဲ။

ဒါကို သူ သိချင်သလိုပင် သိမ့်လည်း သိချင်သည်။ သားအဖဆိုသည့် သွေးချင်းဆက်စပ်မှုသည် တစ်ခုခုတော့ ထူးထူးခြားခြား ဖြစ်နိုင်မှာပဲ။ သိမ့် မျှော်လင့်သည့် အတိုင်းပင် သမီးက အဖေကို နီးနီးချင်းပင် ပြုံးရွှင်စွာ နှုတ်ဆက်ပါသည်။

သူက … သမီး မနိုး နိုးအောင် အနားကနေ လက်သီးဆုပ်ကလေးကိုဖြန့်လိုက်၊ သွေးကြောမျှင်ကလေးတွေ ရဲနေသည့် ပါးကလေးကို ဖွဖွထိလို့ ခြေဖဝါးလေးကို ပါးဖြင့်ကပ်လိုက် အမျိုးမျိုး ကလိနေတော့တာကို။

ပြီးတော့ …

"သမီးက ကိုနဲ့ တူတယ်နော်" တဲ့ …။ ကျေနပ်စွာ ပြောသေးသည်။





"ဟုတ်ပါ့ …။ အဖေတူမို့ ရုပ်ဆိုးကြီး ဖြစ်နေတော့မှာပေါ့"

"ဆိုးပစေ … ဘယ်လောက် ထော်လန်နေအောင် ဆိုးဆိုး …"

"မိန်းကလေး ဆိုတာ ရုပ်ရည် တင့်တယ်မှပေါ့ …။ မိန်းမတွေရဲ့ ခနဉစ္စာထဲမှာ အဆင်းလှခြင်းလည်း ပါတယ်လေ"

"မလှလည်း အချိန်တန်ရင်တော့ ထိုက်တန်တဲ့ အိမ်ထောင်ဖက်တစ်ယောက် ရ,မှာပါဘဲ၊ သိမ့်တောင်မှ ကိုယ်နဲ့ရသေးတာပဲ"

"အံမယ် … အံမယ် …"

သိမ့်က မခံချိ မခံသာ ဆွေ့ဆွေ့ခုန်နေလျှင် သူ ကျေနပ်သဘောကျလို့ …။ သိမ့်က နားလည်သဘောပေါက်လွယ်သူ ဆိုတော့ သူက ကျီစယ်လိုလည်း ဘယ်တော့မှ တည့်တည့် မဆို …။ အဲသည် ကာလတွေမှာတော့ သူကလည်း သိမ့်ရဲ့နားလည်သဘောထားကြီးခြင်း၊ ဉာဏ်ရည်မြင့်ခြင်း၊ လူချစ်လူခင်ပေါများခြင်း စသည့် အရည်အချင်းတွေကို ချီးမွမ်းမဆုံး၊ ဂုဏ်ယူ ကျေနပ်မဆုံး ဖြစ်ဆဲပင် …။

အိပ်မောကျနေသည့် သမီးကို သူ ငေးကြည့်နေစဉ်မှာတော့ သိမ့် ရွေးချယ်မိသည့် အိမ်ထောင်ဖက်အတွက် သိမ့်ကိုယ်ကိုယ်တိုင်လည်း ကျေနပ်မဆုံး ဖြစ်ရသည်။ သူဟာ သမီးအတွက် ဖခင်ကောင်းတစ်ယောက်၊ သိမ့်အတွက် သစ္စာကြီးသည့်၊



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျေသည့် ခင်ပွန်းကောင်းတစ်ယောက် ... ဆိုတာ သေချာ ယုံကြည်ခဲ့သည်။

"သိမ့်တို့ သားအမိကို ကိုယ် ဘယ်လောက်လွမ်းနေတယ် ဆိုတာ ပြောမပြတတ်ဘူး၊ သမီးရဲ့ ဓာတ်ပုံတွေ ရတဲ့နေ့ ကများဆို ကိုယ် ရန်ကုန်ကို ပြေးလာချင်လိုက်တာ၊ စိတ် အလိုမကျတိုင်း အလုပ်ထဲမှာလည်း ရန်တွေဖြစ်၊ စားလို့ လည်း မရ၊ အိပ်လို့လည်း မရ ... နဲ့ ...

သိမ့်ကတော့ သမီး တစ်ယောက်ရပြီး မာနတွေ ကြီးသွားလိုက်တာ။ ကိုယ့်ကို စာလေးတစ်ကြောင်းတောင် ရေးဖော်မရဘူး"

သူက သမီးသေးမှာ ပက်လက်လှဲအိပ်လျက် မျက်နှာကြက်ကို မော့ကြည့်ရင်း သူ တစ်ယောက်တည်း ကဗျာရွတ်နေသလိုလို စကားတွေ အဆက်မပြတ် ပြောနေခဲ့သည်။ သူ့စကားတွေကို သိမ့် ဘာတစ်ခုမှ မတုန့်ပြန်နိုင်ပါ။ သူ့ကို စာရေးဖို့ အချိန်အား မရခဲ့တာလည်း အမှန်ပင်။ ပြီးတော့ သူ့ကို စိတ်နာချင်ချင် ရှိခဲ့တာလည်း အမှန်ပင်။

"ခုလည်း ... တကယ်တော့ ကိုယ် လာရဖို့ မဟုတ်ဘူး။ တခြားတစ်ယောက် လာရမဲ့ ဂျူတီကို အစားဝင်ပြီး ပြေးလာတာ။ သမီးနဲ့ သိမ့်ကို တွေ့ချင်လို့။ တွေ့ပြီးတော့လည်း မခွဲချင်တော့ဘူး ...။ တစ်ခါတည်း ခေါ်သွားချင်တယ် "





သိမ့်က နှုတ်ဆိတ်နေသည့် အခါမှာတော့ သူ ခေါင်းထောင်လာပြီး သိမ့်ကို စူးစမ်းသလို ကြည့်သည်။ စူးစမ်းသည် ဆိုတာထက် တောင်းပန်တိုးလျှိုးနေသလိုပါပဲ။ သိမ့်ကတော့ ညိုသော မျက်တွင်းချောင်များနှင့် ပါးရိုးတွေပေါ် သိသာစွာ ချောင်ကျလျက် ညှင်းသိုးသိုးနှင့် စိတ်အနာတရ ဖြစ်နေသည့် သူ့ကို သနားပြီး သနားရင်း ဘယ်လိုဒုက္ခမျိုးတွေပဲ တွေ့တွေ့ အေးအတူ ပူအမျှ သူ့နောက် လိုက်တော့မည်ဟု ဆုံးဖြတ်မိပြန်သည်။

"ခုနက ... သိမ့်တို့ကို ပြန်ခေါ်သွားမှာလား ... တဲ့။ မာမိက မေးနေတယ်။ ကလေးက သိပ်ငယ်သေးတယ်တဲ့ ...။ ခရီးပန်းပြီး ဖျားနာရင် ဟိုမှာ ဆရာဝန်ကောင်းကောင်းရှိတာ မဟုတ်ဘူး ... တဲ့။ ဟိုက ဆရာဝန်တွေလည်း ဆေးကုတတ်တာပါပဲကွာ ... နော ...။ ကိုယ်တို့သမီးလေး မဖျားအောင် မနာအောင် လေစိမ်းမတိုက်ရအောင် အအေးမမိအောင် ကိုယ် ဂရုစိုက်မှာပါ။ ကိုယ် တစ်လမ်းလုံး တစ်ရေးမှ မအိပ်ဘူး ... ကဲ ... "

အာမခံရဲလှသည့် ခင်ပွန်းသည်ကို သိမ့်ကလည်း စိတ်မဲ့စွာ ယုံကြည်ခဲ့သည်။ သိမ့်ရဲ့ မိဘတွေ မကြည်ဖြူနိုင်သည့် ကြားကပင် သမီးငယ်လေးကို ပိုက်ထွေးရင်း သူ့နောက်လိုက်ဖို့ ဆုံးဖြတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သိမ့်သည် လင်ယောကျ်ားနှ
အတူ အေးအတူ ပူအမျှ ဆင်းရဲဒုက္ခတွေကို ရင်ဆိုင်ဖို့ ကြိုးစား
ဖူးပါသည်။ နှစ်ဦးသားဘဝထဲက သူနှင့် ပတ်သက်သည့် အသ
မှန်သမျှကို မငြိုမငြင် ယူခဲ့ဖူးကြောင်း သူ ပြန်ပြီး သတိရသ
သည် ထင်ပါရဲ့။ သိမ့်သည် ခင်ပွန်းသည်နှင့် ပတ်သက်သ
အခွင့်အရေး မှန်သမျှ တစ်စမကျန် ခွာယူပြီး တစ်ကိုယ်ကောင်း
ကြံတတ်သည့် မိန်းမမျိုး မဟုတ်ဘူး ဆိုတာ သိမ့်ကတော့ ကို
ကိုယ်ကိုယ် လိပ်ပြာလုံခဲ့ပါသည်။


သိမ့်သည် လောဘကြီးတတ်သူရယ်လို့ ဖြစ်ခဲ့လျှ
တောင်မှ သိမ့်၏ ကိုယ်ပိုင်အစွမ်းအစအပေါ် ယုံကြည်လွန်း
ကိုယ့်ကိုယ်ကိုယ် အပေါ်မှာသာ မာနကြီးခဲ့ခြင်း လောဘကြီး
ခြင်း ဖြစ်လိမ့်မည်ဟု သေချာပါသည်။

သိမ့် ဘဝမှာ အသေချာဆုံး အချက်ကတော့ လ
ယောကျ်ားအပေါ် အားကိုးမှီတွယ်ပြီး အလုံးစုံ ပုံအပ်လိုက်
ဘယ်တုန်းကမှ စိတ်ကူးမရှိခဲ့ခြင်းပင် ...။ သူနှင့် သိမ့်တို့ တ
တစ်စ ဝေးကွာစေခြင်း အကြောင်းရင်း၏ အခြေခံသည် အဲ
အချက်ကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com








ခိုပြာရောင်မှိုင်းလျက် နှင်းခိုးတွေ ပါးပါးဖုံးအုပ်နေသာ တောင်တန်းကြီးများကို တစ်သက်တာမှာ အရင်းနှီးဆုံးင်တွေ့ခဲ့ရသော ကာလများသည် သူနှင့်အတူ နေခဲ့ရသည့် နှစ်ားမှာ ဖြစ်ပါသည်။ အတူနေခဲ့ရသည် … လို့ ဆိုပေမဲ့ များသာအားဖြင့်တော့ သိမ့်နှင့် သမီးကလေး နှစ်ယောက်တည်းသာ ဖြစ်ပါသည်။ သူကတော့ ကျောပိုးအိတ်တစ်လုံးလွယ်လျက် ခရီးင်ပေါင်းများစွာ လျှောက်နေရလေ့ရှိသည်။ သိမ့် အနီးပတ်ဝန်းင်မှာတော့ သိမ့်လိုပင် ဘဝတူ ဇနီးသည်များစွာ၊ မိခင်များစွာသည်။ သူတို့သည် သားသမီးတွေကို ထိန်းသိမ်းစောင့်ရှောက်င်း၊ အိမ်မှုကိစ္စများကို ဆောင်ရွက်ရင်း နေ့စဉ်လိုပင် ခင်ပွန်းသည်ားကို မျှော်ရသည်။ အဲသည် ဘဝမှာပင် သိမ့် အသားကျ မျှော်င်နေခဲ့ဖူးပါသည်။

နံနက်စောစော အိပ်ရာနိုးလျှင် မျက်နှာသစ်ပြီးသည် ဘုရားစင်ရှေ့မှာ ထိုင်ရသည်။ ဘုရားရှိခိုး ပုတီးစိပ် မေတ္တာအမျှဝေ နေ့စဉ်နှင့်အမျှ ပြုနေကျ ဝတ္တရားများနှင့် ကုသိုလ်ဒါန

www.burmeseclassic.com



ဟူသမျှသည် အန္တရာယ်အပြည့် ပြွန်တီးသော လမ်းပေါ်မှ ...
ပွန်းသည်ိများ အတွက်သာ ဖြစ်ပါသည်။ တကယ်ဆိုတော့ ...
သည် ဆုတောင်းခြင်း'ကို ယုံကြည်သူ မဟုတ်ပါ။ ဆုတောင်း...
ဖြင့် လိုအပ်သမျှ အရာများ ပြည့်စုံလာသည်ဟုလည်း မထင်...
ပါ။ သို့ပေမဲ့လည်း သူ ခရီးထွက်နေစဉ်မှာတော့ ဆုတောင်းခြင်း...
သည်ပင် ကောက်ရိုးတစ်မျှင် ဖြစ်ခဲ့သည်။

ရန်ကုန်မြို့မှာ မပိုင်ဆိုင်နိုင်သော မြေအကျယ်အဝန်း...
နှင့် အိပ်ခန်းသုံးခန်းပါသော အိမ်ကလေးသည် သိမ့်တို့မိသား...
၏ ခေတ္တကွန်းခိုရာဖြစ်သည်။ အိမ်ရှေ့ မြေကွက်လပ်တွင် ...
ပင်ငယ်များ ခပ်ကျဲကျဲ စီတန်းလျက်ရှိပြီး ခြံဝင်းစည်းရိုး အနား...
တွင် ပိတောက်ပင်၊ အော်ရေးရှားပင်၊ မယ်ဇလီပင် စသည့် အပင်...
တွေ ရှိနေသေးသည်။ အိမ်ရှေ့နောက်ဖေး ပတ်ဝန်းကျင် မြေအကျယ်...
အဝန်းသည် ရန်ကုန်မြို့မှာသာ ဆိုလျှင်တော့ အတော်ကြီး ...
ကြေးရမည့် အတိုင်းအတာပင် ဖြစ်သည်။ သမီးငယ်သည် အဲသည်...
ခြံဝန်းထဲမှာ ပြေးလွှားကစားရင်း ပလတ်စတစ်စက်ဘီးကလေး...
စီးရင်း၊ လက်လှမ်းမှီသမျှ ပန်းပွင့်တွေ သစ်ရွက်တွေ ခူးရင်း...
သဘာဝအတိုင်း သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်ရင်း...
ကြီးပြင်းခဲ့သည်။

အိမ်နောက်ဖက်ကနေ မျှော်ကြည့်လျှင် ကျယ်ပြော...
ပြီး မျက်စိတစ်ဆုံးဖြစ်သော ကွင်းပြင်ကျယ်ကိုလည်းကောင်း...
ပြာမှိုင်းရှည်လျားစွာ သွယ်တန်းနေသော တောင်တန်းများ...





...သည်းကောင်း မြင်ရသည်။ အဲသည် တောင်တန်းများ၏ နောက်...တွင် သူတို့တစ်တွေ ရှိနေပါလိမ့်မည်။ ပေါက်ပြဲနေသော ဖိနပ်...များ၊ လေးလံသော ဝန်ထုပ်ဝန်ပိုးများဖြင့် သူတို့တစ်တွေ သဲချောင်း...ကို ဖြတ်နေလိမ့်မည်။ တောင်ကြောတွေကို တက်နေလိမ့်မည်။ အဲသည်အချိန်မျိုးမှာ သူတို့ အိမ်သူတွေ ဘယ်လိုကျန်ရစ်သည် ဆိုတာ မှန်းဆကြည့်ဖို့ သူတို့မှာ အချိန်ရမည် မဟုတ်ပါ။ သူတို့ သားသမီးတွေကို ဘယ်လိုပုံစံမျိုးဖြင့် ကြီးပြင်းအောင် စောင့်ရှောက်ပြီး ဘယ်လို အနာဂတ်မျိုး ဖန်တီးပေးရမည် ဆိုတာကို စဉ်းစားဖို့ သူတို့မှာ အချိန်မရှိပါ။ ထို့ကြောင့်ပဲ အဲသည်တာဝန်...သည် အလိုလျှောက် မိန်းမတွေဆီ ရောက်လာခဲ့သည် ထင်ပါရဲ့။ ဒါပေမဲ့ သူက ချီးမွမ်းစကား ဆိုရာမှာ ဝန်လေးသော လူအမျိုးအစားထဲမှာ ပါဝင်လေသည်။

သမီးသည် ညအိပ်ရာဝင်ခါနီး အချိန်မှာမှ အိမ်ပြန်ရောက်လာသည့် ဖခင်ကို ရယ်ရွှင်ပြုံးတုံ့ နှုတ်ဆက်ပြီး အချိန်ရသမျှတော့ ဖခင်နှင့် ကစားနေချင်သေးသည်။ နံနက်မိုးလင်း အိပ်ရာကနိုးလျှင် ...

"ဖေဖေ"

လို့ သမီး ခေါ်သည့်အခါ ဖခင်ဖြစ်သူ မျက်နှာကို မမြင်ရတော့ပြီ။ အဲသည်လို နေ့ရက်မျိုးက နှစ်ရက် သုံးရက်လည်း ဖြစ်နိုင်သည်။ နှစ်ပတ် သုံးပတ်လည်း ဖြစ်နိုင်သည်။ နှစ်လ သုံးလလည်း ဖြစ်နိုင်ပါသည်။ တစ်ခါတစ်ရံမှာတော့ မိသားစုဦး...



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်လေး တစ်စီးဖြင့် ညနေခင်းတွေမှာ လည်ပတ်ခွင့်ကြုံ
လေသေးသည်။ သိမ့်တို့ နေရာနှင့် မနီးမဝေးမှာ နာမည်ကြီး
မွေတောင်ဆည်ကြီး ရှိနေသည်။ အဲသည်ကို သုံးဦးသားဆိုင်ကယ်
တစ်ဦးဖြင့် ရောက်သွားရသည့် ညနေခင်းတွေက လက်ချိုးရေ
တွက်လျှင် လက်နှစ်ဖက်စာ မရှိပေမဲ့ အဲသည် အချိန်တွေကို
သိမ့် တန်ဖိုးထားခဲ့ပါသည်။

သိမ့်ဟာ လင်ယောကျ်ားနှင့်အတူ တည်ဆောက်ခဲ့
သည့် ဘဝတစ်ခုကို အရာအားလုံးထက် ပိုပြီး တန်ဖိုးထား တွယ်
တာခဲ့သည် ဆိုတာကို အဲသည်ကာလတွေက သက်သေပြနိုင်း
သားပဲ။ သို့ပေမဲ့ သိမ့်မှာ အယူခံဝင်စရာ မလိုအပ်ပါ။ သူ့ရဲ့
အဆိုးဆုံးကာလတွေကို သိမ့် မျက်နှာမပျက် ဖြတ်ကျော်လာနိုင်ခဲ့
သည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့ပေမဲ့ သူကတော့ တစ်မျိုးတွေး
ပေလိမ့်မည်။

သူ့အဖို့တော့ သိမ့်ဟာ သူ့ရဲ့ တိုးတက်မှုအတွက်
ဘာတစ်ခုမှ အသုံးမဝင်သည့် မိန်းမတစ်ယောက်လို့ ထင်ကောင်း
ထင်ခဲ့မှာပါပဲ။

အဲသည်အချက်ကိုတော့ သိမ့်တို့ ကွဲကွာပြီး နှစ်
အတော်ကြာမှ သိမ့် ပြန်ပြီး စဉ်းစားမိခဲ့သည်။ သိပ်သည်းနိုင်ခဲ့
သလို ထင်ခဲ့ရသည့် အိမ်ထောင်တစ်ခုမှာ ဆက်ထုံးတွေ အများကြီး
ရှိနေခဲ့ပါသည်။





သူ့အတွက် သတင်းဆိုး တစ်ခုနှင့်အတူ သူပြန်
ရောက်လာသည့်နေ့က သူ့မျက်နှာသည် တက်ကြွခြင်း အလျဉ်း
မရှိသော ကြေကွဲသည့် အပြုံးတစ်ခု ဖုံးအုပ်လျက် ပကတိ သူ့
စိတ်ကို မမြင်နိုင်ဘဲ ဖြစ်နေခဲ့သည်။ သိမ့် စိတ်ကပဲ ထင်သည်
လား။ သူ့မျက်နှာသည် နဂိုနေအတိုင်း အေးဆေးသည့် အပြုံးတစ်ခု
နှင့်ပင် ဖြစ်နေသည်။ သူ့သတင်းကို သိမ့်က အလျင်ကြားရပြီး
ဖြစ်သည်။ သူ မျှော်လင့်ထားသမျှ အားလုံး ဆုံးရှုံးခဲ့ရပြီဆိုတာ
သူ သိသလို သိမ့်လည်း သိနေပါသည်။ သူ့ရင်ထဲက ကြေကွဲ
ထိခိုက်မှု အတိုင်းအတာကို သိမ့် ခန့်မှန်း၍ ရနိုင်ပါသည်။ ဘယ်
သူတွေက သူ့ကို အပြစ်ရှိသည်ဟု သတ်မှတ်ပါစေ။ သိမ့်
အတွက်တော့ သူ့မှာ အပြစ်မရှိပါ။ သူ့အမှားအယွင်းကို စောင့်
ကြည့်နေသူတွေ ဝမ်းသာဖို့ သိမ့် ဘယ်တော့မှ မျက်ရည်ကျမပြ
နိုင်ပါ။

"ကိုယ်တို့ ပြောင်းရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက သိမ့် ပခုံးကို လှမ်းဖက်လိုက်သည်။ ရေ
ကျဲထဲ ဖြတ်သန်းလာရသော သူ့ယူနီဖောင်း နေလောင်သည့်အ
ကို ရနေသည်။ သိမ့်က သူ့ခါးကို ခပ်တင်းတင်း ပြန်ဖက်လျက်

"ကြားပြီးပါပြီ"

ဟု ခပ်အေးအေးပင် ပြန်ပြောလိုက်သည်။

မျှော်လင့်ထားတာတွေဟာ သည်လိုပဲ လွဲချော်တတ်
တာပဲလေ။ အဲသည်လို အချိန်မျိုးမှာ သိမ့်ရဲ့ မာနတွေ ခေါင်း
ထောင်လာသည်မှာ ထူးဆန်းသည်ဟု မဆိုနိုင်ပါ။

"ဘာဖြစ်လဲ ကိုရဲ့ယ်။ ပြောင်း ဆိုတော့လည်း ပြောင်း
လိုက်တာပေါ့။ သွား ဆိုတော့လည်း သွားလိုက်တာပေါ့
မင်းခ ယောကျ်ား ကမ်းနားသစ်ပင် ... တဲ့။ ဆန်းတာ
မဟုတ်ဘဲ"

"ဟုတ်ပါတယ်။ ကိုယ်လည်း ဘယ်လိုမှ မနေပါဘူး"

တကယ်တော့ သူ လိမ်ညာနေခဲ့တာပါ။ သူ အကြ
အကျယ် စိတ်ထိခိုက်နေတာကို သိမ့် နားလည်နိုင်ပါသည်။
သို့ပေမဲ့ သူက သိမ့်ရှေ့မှာ ဖွင့်ဟမပြောခဲ့။ သိမ့်သည်လည်း သူ့
ရှေ့မှာ မျက်ရည်မကျဖြစ်ခဲ့။ သိမ့်တို့ နှစ်ဦးကြားမှာ လျှို့ဝှက်ခြ
ကွယ်ခြင်းက တစ်ဦးအပေါ်တစ်ဦး ငဲ့ညှာခြင်း ဆိုတာ တစ်ခုတည်း
ကြောင့် ဖြစ်နိုင်ပါ့မလား။ အနည်းဆုံးတော့ သိမ့်တို့ မပွင့်လင်း
ဖြစ်ခဲ့ကြပါ။





"ကိုယ် စိတ်မကောင်းတာက သိမ့်တို့ သားအမိ အတွက်
ပဲ။ သိမ့်တို့ သားအမိကို မြင့်မြင့်မားမား တင့်တင့်တယ်
တယ် ဖြစ်အောင် ကိုယ် လုပ်မပေးနိုင်ခဲ့ဘူး၊ ကိုယ့်ဘက်က
တာဝန်မကျေခဲ့ဘူး"

"အဲလို ဖြစ်အောင် ကို လုပ်ခဲ့တာမှ မဟုတ်ဘဲ။ ကို အမှား
လုပ်ခဲ့တာမှ မဟုတ်ဘဲ။ ဒါကို ကို့ကို အပြစ်ပေးတဲ့သူတွေ
ကိုယ်တိုင်လည်း သိမှာပါ။ သိမ့်ကတော့ ဘယ်သူ့ကိုမှ
ဘာအတွက်ကြောင့်မှ ဦးမညွတ်နိုင်ဘူး ကို ...။ ရာထူးစည်း
စိမ် ဆိုတာ ကံပေးသလောက်သာ ရမှာပါ။ အဲဒီအတွက်
တော့ လူ့အောက်ကျို့ဖို့ မလိုဘူး။ သိမ့်တို့ သားအမိဟာ
ကို့ရဲ့ အရှိန်အဝါကို မှီခိုစားသောက်နေတဲ့သူတွေ မဟုတ်
ဘူး ...

သိမ့် ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်နိုင်တယ်။
ကို့ရဲ့ ရာထူးအရှိန်အဝါပေါ် မှီခိုနေရမဲ့ မိန်းမမျိုးမဟုတ်
ဘူး။ လင်ယောကျ်ားကို အားကိုးပြီးမှ ဘဝ ရပ်တည်ရတဲ့
ခပ်ညံ့ညံ့ မိန်းမမျိုး မဟုတ်ဘူး။ သိမ့်တို့ သားအမိအတွက်
တော့ ကို ဘယ်သူ့ကိုမှ အောက်ကျို့ခံစရာ မလိုဘူး"

သိမ့် ရင်ထဲ ခံပြင်းစိတ်တွေက သိမ့်ရဲ့ မာနတွေ
ခေါင်းထောင်လာအောင် ဆွပေးခဲ့သည်။ အိမ်ထောင်တစ်ခုကို
အကြောင်းပြချက် တစ်ခုခုဖြင့် တည်ဆောက်ရမည် ဆိုလျှင်
သိမ့်သည် သိမ့်ရဲ့အိမ်ထောင်ကို ချစ်ခြင်းမေတ္တာဖြင့်သာ တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်လိုပါသည်။ မိန်းမတစ်ယောက်အတွက် အားကိုးမှီတွယ်ဖို့ အိမ်ထောင်ဖက်ကောင်းကို လိုအပ်သည်မှာ သဘာဝတရားဆိုပေမဲ့ သည်အယူအဆအတိုင်း လုံးလုံးလျားလျား လိုက်နာယုံကြည်လိုက်ရမှာကို သိမ့် မလိုလားနိုင်ပါ။ သိမ့်သည် ငယ်စဉ်ကပင် ကိုယ်ပိုင်အစွမ်းအစကိုသာ အားကိုးလျက် ယောကျ်ားတွေအပေါ်မှာလည်း အယုံအကြည် နည်းခဲ့သည်။

ဒါပေမဲ့ ...

သူ့ကိုကျတော့ ...

သိမ့်သည် သူ့ကို စ,ပြီးမြင်တွေ့ရသည့် နေ့မှာပင် ယုံကြည်ခဲ့၊ လေးစားအထင်ကြီးမိခဲ့သည် ထင်ပါရဲ့။

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ...။ ကိုယ့်မိန်းမအကြောင်း ကိုယ် သိပါတယ်"

သူက ရယ်ကာမောကာ ပြောသည်။ သူ့ရယ်သံတွေ ခြောက်ကပ် တိုးတိမ်လျက် အသက်မဲ့နေကြောင်း သိမ့် သိနေခဲ့သည်။ သမီးကလေးက သူ့အဖော်များနှင့် ခြံဝင်းထဲမှာ ရယ်မော ပျော်မြူးစွာ ကစားနေချိန်မှာ သိမ့်နှင့် သူသည် တစ်ယောက်ကို တစ်ယောက် ဖေးမပွေ့ဖက်လျက် သမီးကို စောင့်ကြည့်နေခဲ့ကြသည်။

တကယ်တော့ သိမ့်တို့နှစ်ဦးမှာ ပြောစရာ စကားများစွာ ရှိပါသည်။ ထိုအချိန်က သိမ့်သည် သူ့အတွက် တစ်ခုခု လုပ်ပေးသင့်သည် ဆိုလျှင် ထိုအလုပ်သည် သိမ့်ရဲ့မာနကို ချေမှုန်း ချိုးနှိမ်ပြီး အောက်ကျို့တောင်းပန်ရမည့် အလုပ်မျိုးသာ ဖြစ်သည်။





သူ့ရဲ့ ရပ်တည်မှုအတွက် ...

သူ့ရဲ့ ရာထူးအတွက် ...

သူ့ဘဝ တိုးတက်မြင့်မားရေးအတွက် ...

အဲသည် အလုပ်ကို မလုပ်ဖြစ်ခဲ့သည့်အတွက် သိမ့် ဘယ်တော့မှ နောင်တမရပါ။ အဲသည်လို မလုပ်ခဲ့သည့်အတွက် တစ်ချိန်ချိန်မှာ သူ့ အမျိုးတွေက သိမ့်ကို အပြစ်ဖို့ကြလိမ့်မည် ဟူ၍လည်း မျှော်လင့်မထားခဲ့ပါ။

ယောကျ်ားတစ်ယောက်၏ လုပ်ရပ်အတွက် မိန်းမတဝင်ပြီး တာဝန်ယူပေးရဖို့ မလိုအပ်ပါ။ သိမ့်သည် ခင်ပွန်းသည်ကို တာဝန်ယူရဲသူ တစ်ယောက်သာ ဖြစ်စေချင်သည်။

ဘာဖြစ်လဲ ...။

ကိုယ့်အတွက်နဲ့တော့ မိန်းမကလိုက်ပြီး အောက်ကျို့တောင်းပန်ဖို့ မလိုပါဘူး ...။

သူ့ ကိုသည် ပြောစေချင်သည်။ ဒါပေမဲ့ သူ ပြောခဲ့ဘူး ထင်ပါရဲ့။ နောင်တစ်ချိန်မှာတော့ ... သူဟာ သိမ့်အပေါ်မှာ ခင်ပွန်းသည်အတွက် ဘာကိုမှ မစွန့်လွှတ်ရဲသူလို့များ တွေးခဲ့လေသလားဟု သံသယ ရှိလာသည်။

ဟုတ်သားပဲလေ ...

သိမ့် မစွန့်လွှတ်နိုင်ခဲ့ပါဘူး ...။

သူ့အတွက်ကြောင့် သိမ့်ရဲ့ သိပ်ပြီး တန်ကြေးမရှိလှတဲ့ မာနကို မစွန့်လွှတ်နိုင်ခဲ့ပါဘူး။ သည်အချက်ကြောင့်ပေဘဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သိမ့် တကယ်ချစ်ခဲ့တာ မဟုတ်ဘူးဟု မစွပ်စွဲနိုင်ဘူး ထင်သည်။

"ကို့အတွက်တော့ တော်တော် စိတ်မကောင်းစရာပဲပေါ့။ အနှစ် နှစ်ဆယ်လောက် အပင်ပန်းခံ ကြိုးစားပြီး အသက်နဲ့ ရင်းခဲ့သမျှ ဘာမဟုတ်တာလေးအတွက်နဲ့ အားလုံးဆုံးရှုံး ခဲ့ရတယ် ...။ ဒါပေမဲ့ ဘာဖြစ်သလဲ ... ကိုရယ်။ သူတို့ စိတ်ဓာတ်ကို အသေမသတ်နိုင်ပါဘူး"

သိမ့် သည်လောက်ပဲ ပြောနိုင်ခဲ့သည်။ သိမ့်စကား တွေက သူ့နားမှာ မဝင်လေသလား။ သူ့နှလုံးအိမ်မှာ အရာမထင် လေသလား မသိ။ တစ်ချိန်ကျတော့ သိမ့်က သူ့ကို မနှစ်သိမ့်နိုင် ဘူး ...၊ အားမပေးခဲ့ဘူး ဆိုသည့် စကားမျိုး သူ့စိမ်းတစ်ယောက် ထံက ပြန်ကြားရတော့ သိမ့် မနာကြည်းဘဲ နေနိုင်ပါ့မလား။

အဲသည် အချိန်မှာတော့ သူ့ကို သနားကြင်နာစိတ် တစ်ခုသာ ရင်ထဲမှာ ရှိသည်။ လောကခံ၏ ရိုက်ပုတ်မှု ဆိုတာ တော့ သိမ့်က အရှုံးမပေးချင်။ သိမ့်က အင်မတန် ခေါင်းမာသည့် မိန်းမမျိုး ဖြစ်သည်မို့လား မသိ။

"ဒါတွေ အရေးမကြီးပါဘူးလေ ...။ အရေးကြီးတာက ကိုယ်တို့ မိသားစုလေး ငြိမ်းငြိမ်းချမ်းချမ်း နေရဖို့ပဲ။ ကိုယ့်အတွက် အရေးကြီးဆုံးက သိမ့်နဲ့ သမီးပဲ။ ကိုယ့် ဘဝမှာ သိမ့်တို့ သားအမိ ရှိနေရင် ပြည့်စုံပြီ။ နောက်ထပ် ဘာမှ မလိုအပ်တော့ဘူး"





သူက သိမ့် မျက်နှာကို ထိလုမတတ် ငုံ့မိုးကြည့်ရင်း ပြောသည်။ ရင်ထဲမှာ သူ့ကို ယုံကြည်မြဲပင်။ ဝမ်းနည်းခြင်းတွေ ရှိနေလည်း မာနနှင့် ခံပြင်းမှုက ပိုပြီး သိပ်သည်းနေသည်။ သမီး ကတော့ မိဘနှစ်ပါး၏ သောကကို မသိ။ အရိုင်းဆန်သော ပတ် ဝန်းကျင်မှာ ကြီးပြင်းရသည့် သမီးငယ်သည် ဘာကိုမဆို ရင်ဆိုင် ရန် ရဲဝံ့သည်။ မိန်းမ ပီသသည့် ကြောက်ရွံ့အားငယ်စိတ်တွေ မရှိ။ သို့ပေမဲ့ တစ်ဦးတည်းသော သမီးပီပီ သမီးက အပေါင်း အသင်းတွေကြားမှာ အနိုင်ရလိုစိတ် လွှမ်းမိုးလိုစိတ် ရှိသည်။

ဂွမ်းကပ် အနွေးထည်လေး လုံခြုံစွာ ဝတ်လျက် ယောက်ျားလေးလို နောက်မြင့်မြင့် ဆံပင်တိုတို ညှပ်ထားသော သမီးငယ်သည် ပိတောက်ပင်ရိပ်အောက်မှ စက်ဘီးကလေး လှည့် ပတ်စီးနေသည်။ ပုဆိုးကွက်ဆင် ချည်ထည်ကြမ်းကို အနွေးထည် ချုပ်လျက် ဝတ်ထားသော ကတုံးဆံတောက်နှင့် ကလေးငယ်သည် သမီးစီးနေသည့် စက်ဘီးကလေးကို တောက်ပပြောင်လက်သော မျက်လုံးအစုံဖြင့် ငေးကြည့်နေ၏။

"မမ သားလည်း စီးမယ်"

"နင့်စက်ဘီးမှ မဟုတ်ဘဲနဲ့"

"သား စီး ချင်တယ်"

"နင့်မေမေကို ဝယ်ခိုင်းပေါ့။ ဒါ ငါ့မေမေက ရန်ကုန်ကို မှာပြီး ဝယ်ပေးထားတာ။ ရန်ကုန်မှာ စက်ဘီးလှလှလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးပဲ ရှိတယ်။ ပိုက်ဆံတွေ အများကြီး ပေး
ရတာတဲ့"

သမီးရဲ့ ဂုဏ်ယူဝင့်ကြွားသော စကားသံသည် သိမ့်အတွက် အားတက်ဖွယ်ရာပင် ဖြစ်သည်။ သူ့ထံက ပင့်သက် ရှိုက်သံ အဆုံးမှာ ရယ်မောသံကို ကြားရသည်။

"သမီးကတော့ကွာ ... ဒီအရွယ် ဒီအသက်နဲ့ မိသားစုမှာ ဘယ်သူက အရေးပါတယ် ဆိုတာကို သေချာသိနေပြီး အဖေကို သူ့စိတ်ထဲမှာ မရှိတော့ဘူး။ အေးလေ ... အဖေ ကလည်း သူ့အတွက် အရုပ်တွေ၊ ချော့ကလက်တွေ၊ အကျီတွေ ဝယ်မပေးနိုင်ဘဲကိုး ..."

သူ့စကားက ဝမ်းနည်းခြင်းတွေ ပြည့်သိပ်လျက် သူ့ကိုယ်သူပင် နာကြည်းနေပုံ ရသည်။ သို့ပေမဲ့ သူ့နှုတ်ခမ်းတွေက ပြုံးနေမြဲပင်။ ထို့ကြောင့်လည်း သိမ့်သည် သူ့ရင်ထဲက စိတ်ဒဏ်ရာကို အလွယ်တကူ မမြင်သာခဲ့ ...။ သူသည် မျိုးသိပ်ကာတတ်သူ တစ်ယောက်လား မေ့လျော့လွယ်သူ တစ်ယောက်လား ဆိုတာကို သိမ့် ခုချိန်ထိ မသိခဲ့ပါ။

"ကိုယ် ... ကြိုးစားပါ့မယ်ကွာ"

"ဘာကိုလဲ"

"သိမ့်တို့ မိသားစု သိမ့်တို့ သားအမိအတွက် တာဝန်ကျေတဲ့ အိမ်ထောင်ဦးစီးတစ်ယောက် ဖြစ်အောင်ပေါ့ ..."





"အံမယ် ... သိမ့်က ကိုကို့ လိုက်ပြီး တွက်ကပ်နေတာ မဟုတ်ပါဘူးနော်။ ကို့မှာ ရာထူးတွေ ပိုက်ဆံတွေမရှိလည်း ကိုဟာ သမီးရဲ့ဖေဖေပါပဲ။ အရေးကြီးဆုံးက ကို သိမ့် အပေါ်မှာ သစ္စာရှိဖို့ပဲ ...။ အဲဒီ တစ်ခုကိုတော့ လုံးဝခွင့် မလွှတ်ဘူး သိလား"

ယောက်ျားတွေအပေါ်မှာ ဘယ်တုန်းကမှ မယုံကြည် သော သိမ့်သည် သူ့ရဲ့စိတ်ကို သူ့ရဲ့နှလုံးအိမ်ကို တစ်ဖက်သတ် ည်နှောင်ထားချင်ခဲ့သည်။ ဒါပေမဲ့ ဘယ်လိုအရာတွေနဲ့ ချည်နှောင် ထားနိုင်မှာတဲ့လဲ ...။

သူ့ရဲ့သစ္စာတရား ဆိုတာ သူကိုယ်တိုင်ရဲ့ မိသား အပေါ် ချစ်မြတ်နိုးမှုပဲ မဟုတ်လား။ အဲသည် တစ်ခုကိုတော့ သိမ့် အသေအချာ ရခဲ့ပါသည်။

"သိမ့်ရယ် ...။ သိမ့်နဲ့ လက်ထပ်ပြီးတဲ့ အချိန် ကိုယ် စိတ်နဲ့တောင် မဖောက်ပြန် မမှားယွင်းခဲ့ဘူး ကိုယ် ဘယ်လို သက်သေပြမှ ယုံမှာလဲ"

"ဘာမှ ထူးထူးထွေထွေ သက်သေပြဖို့ မလိုပါဘူးနော်။ မဖောက်ပြန်သေးဘူးဆိုတာ ဖောက်ပြန်ဖို့ အခွင့်အရေး မရသေးလို့လည်း ဖြစ်နိုင်တာပဲ"

ပင့်သက်တစ်ချက် ရှိုက်ရင်း သူက စိတ်ပျက်လက် ချက် ပြုံးလိုက်သည်။ သူ့ခါးကို နောက်ကျောဆီကနေ လက်နှစ် က်ဖြင့် ခပ်တင်းတင်း ဖက်ထားရင်း သိမ့်သည် သူ့ကျောပြင်မှာ က်နှာကို အပ်ထားလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲပြောပြော ... သူ့ရဲ့ သစ္စာတရားနှင့် ကြင်နာမှုတွေ ဆုံးရှုံးရမှာကို သိမ့် တွေးရင်း ကြောက်မိပါသည်။

"သိမ့် ရန်ကုန် ပြန်မယ်"

နှစ်ဦးသားကြားမှာ ရုတ်တရက် တိတ်ဆိတ်သွားသည်။ သည်စကားကို သူ မျှော်လင့်ထားလိမ့်မည် မဟုတ်တာ သေချာပါသည်။ သိမ့်သည် သူ ဘယ်နေရာ ဘယ်အခြေအနေမျိုးမှာပဲရောက်ရောက် သူ့နောက်က အရိပ်ပမာ အမြဲလိုက်ခဲ့သည် မဟုတ်လား။

"ဘာဖြစ်လို့လဲ"

ရုတ်တရက်ကြီးမို့ သိမ့် စကားကို သူ သဘောအ်နိုင်ဘူး ထင်သည်။

"သိမ့်တို့ မိသားစုအတွက် စီးပွားရေးအခြေခံတစ်ခု လိုတယ် သူ့ကိုယ်သူယ ကိုရဲ့။ ဒီအခြေအနေအတိုင်း မျှော်ပြီး လိုက်နေလို့ က ပြုံးနေဦးစ်မှာလား။ သမီးလေးရဲ့ ပညာရေးကိုလည်း စဉ်းစား ဒဏ်ရာကိုမယ်။ ပြီးတော့ အမှန်ပြောရရင် အားလုံးထက်ပိုပြီး မြင့် သူ တင် မားတိုးတက်တဲ့ ဘဝတစ်ခုကို ထူထောင်ပြချင်တယ် ...

ကို သိမ့်တို့ကို ကောင်းကောင်း နှိပ်ကွပ် ပညာပြလိုက်တဲ့ လူတွေရဲ့ မျက်စိအောက်မှာ သိမ့်တို့ မိသားစုဘဝဟာ အရှုံးတွေနဲ့ အလဲလဲ အကွဲကွဲ ဖြစ်သွားရတယ် ဆိုတာမျိုး ဘယ်တော့မှ မမြင်ရစေဘူး သိလား ...။ ကိုသူငယ်ချင်းတွေရဲ့ သနားပါတယ် ဆိုတဲ့ အကြည့်မျိုးနဲ့ ကို့ကို မကြည့်စေရဘူး"





သူက သိမ့်ကို တအံ့တဩ မျက်လုံးများဖြင့် အချိန်အတော်ကြာအောင် စိုက်ငေးနေပါသည်။ သူ့မျက်ဝန်းထဲမှာ မခံချိမခံသာ အရိပ်မျိုး သိမ့် ဘယ်တုန်းကမှ မမြင်ခဲ့ရတာကလည်း သိမ့် အဖို့တော့ ထူးဆန်းမှု တစ်ခုပဲ ဖြစ်ပါသည်။

"မဟုတ်သေးပါဘူး သိမ့်ရယ် ...။ အဲလောက်ကြီးလည်း သိမ့်ရဲ့ ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း မခံစားပါနဲ့"

သူကပဲ သိမ့်ကို ပြန်ပြီး နှစ်သိမ့်နေသေးရဲ့။

"မခံစားပါဘူး ...။ ရာထူး စည်းစိမ် ဆိုတာကို ငမ်းငမ်း တက်နေတဲ့ မိန်းမ အမျိုးအစားလည်း မဟုတ်ပါဘူး ...။ သိမ့်က ကို့အတွက် မခံချင်တာပါ။ အရည်အချင်း ဆိုတာကို မကြည့်ဘဲ ပုဂ္ဂလိက စိတ်ခံစားမှုကို လိုက်ပြီးဆုံးဖြတ်တတ်တဲ့ လူတွေကို မကျေနပ်တာပါ။ ကို့ရဲ့ ရာထူးအရှိန်အဝါတွေ မပါဝင်ဘဲ သိမ့်တို့မိသားစုရဲ့ ဘဝကို အောင်မြင်အောင် ထူထောင်နိုင်တယ် ဆိုတာကို ပြချင်တာ ...

သိမ့်တို့ရဲ့ စီးပွားရေး အခြေကျလာပြီဆိုရင် ကို ဒီအလုပ်က ထွက်ရမယ်"

သူက သိမ့်ရဲ့ စကားတွေကို အလေးအနက် မထားဘူးဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် ပြန်ရောက်ပြီး အချိန်ကာလတွေ အ
ကြာပေမဲ့ သိမ့်တို့ နောက်ဆုံးနေထိုင်ခဲ့ကြသည့် ဒေသလေး
သိမ့် လွမ်းဆွတ်လျက်ပင် ...။ သူ ရှမ်းပြည်နယ်ဘက် တာ
ပြောင်းရွှေ့ရသည့်အခါ သိမ့်တို့ သားအမိ ရန်ကုန်သို့ ပြန်ခဲ့
သည်။ အဲသည်အချိန်ကစ,ပြီး သိမ့်သည် စိတ်ကူးရှိသာ စိတ်
ဖြစ်ခဲ့ပြီး ဖြစ်မြောက်အောင် ကြိုးစားပမ်းစား မလုပ်ဖြစ်ခဲ့သ
စာအုပ်ထုတ်ဝေရေးလုပ်ငန်းကို အောက်ချလုပ်ကိုင်ဖို့ အားသွန်
စိုက် ကြိုးစားဖြစ်ခဲ့သည်။

အမှန်အတိုင်း ဆိုရလျှင်တော့ သိမ့်သည် အရှုံးတ
ဟု ထင်မှတ်ခဲ့သည့် အတိတ်ကာလ ပုံရိပ်တွေကို ဖျောက်ဖျက်
ဖို့ ကြိုးစားခဲ့သည်ပင်။ သူ့ရဲ့ အိပ်မက်ဆိုးသည် သိမ့်အတွက်လ
ထပ်တူထပ်မျှပင်။ အခါခါ ပြန်မမက်ချင်သည့် အိပ်မက်ဆိုး
ပင် ဖြစ်သည်။ မြို့ပြရဲ့ အရိပ်က သိမ့်ရဲ့ စိတ်ဒဏ်ရာကို ကော
စွာ ဖြေဖျောက်နိုင်ခဲ့ပါသည်။ ရန်ကုန်မြို့ပြမှာက လူတန်း
မညီမျှမှုဆိုတာက မှေးမှိန်ဖျော့တော့သည့် ပန်းချီကားတစ်ချပ်





ပင်။ ပြီးတော့ သိမ့် မုန်းတီးလှသည့် အမိန့်တွေကို အခိုက်အတန့် ရှောင်လွှဲ၍ ရသည်။ သမီးကို သိမ့်ရဲ့ မျက်စိအောက်မှာ လုံခြုံစိတ်ချစွာ ထားနိုင်သည်။ ပြီးတော့ ... သိမ့်သည် သိမ့်မိသားစုအတွက် သိမ့်အတွက် သိမ့်ရဲ့ ပတ်ဝန်းကျင်အတွက် သိမ့် လိုလားသည့် ကိစ္စ မှန်သမျှကို ထက်သန်စွာ လုပ်နိုင်သည်။ သိမ့်သည် သိမ့်အတွက်ပဲ ဖြစ်ပြီး ဘယ်သူ့အတွက်မှ မဟုတ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘဝကိုယ် ဖန်တီးခွင့် ရခြင်းသည် သိမ့်အတွက်တော့ စိတ်ဓာတ်အင်အားတစ်ခုပင် ဖြစ်သည်။

သို့ပေမဲ့ သိမ့်သည် ခင်ပွန်းသည်ကို အရှုံးတွေထဲ တစ်ယောက်တည်း ထားပစ်ခဲ့ပြီး တစ်ကိုယ်ကောင်းဆန်စွာ ရုန်းထွက်ခဲ့သည်ဟု တွေးလိုလည်း တွေးနိုင်ပါသည်။ သူ အဲသည်လိုများ တွေးနေမှာလားဟု သိမ့် ယောင်ယမ်း၍ပင် စဉ်းစားမကြည့်ဘူးပါ။ အဲသည်အချက်ကတော့ သိမ့်ရဲ့ အားနည်းချက်လည်း ဖြစ်ပါလိမ့်မည်။ သို့ပေမဲ့ အဲသည်အချိန်မှာ သိမ့်အတွက် သမီးရဲ့ ပညာရေးနှင့် အနာဂတ်သည်သာ အရေးကြီးဆုံး ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်က သူ့အတွက် ဆုံးရှုံးခြင်းများစွာသည် သူ့အတွက် အနည်ထိုင်ဖို့ အချိန်များစွာ ကြာမြင့်ခဲ့ပါလိမ့်မည်။ ဘာကြောင့်လဲ ဆိုတော့ အဲသည်ပတ်ဝန်းကျင်ကနေ အပြီးတိုင် ကျောခိုင်းထွက်သွားဖို့ သူ့ အခွင့်အရေး မရခဲ့သောကြောင့် ဖြစ်သည်။ သိမ့်တို့ သားအမိ ရန်ကုန်မှာ ပြန်လည်နေသားကျနေချိန်မှာ သူကတော့ နေရာဒေသ အမျိုးမျိုးကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်။ သကြံန်ရက် နီးနေသည့်နှစ် တစ်နှစ်မှာတော့ သိမ့်တို့ သားအမိသည် သူ တာဝန်ကျနေသည့် တကယ့် တောကြီးမျက်မည်းလို ဒေသတစ်ခုသို့ အလည်အပတ် သွားခဲ့ဖူးသည်။

အဲသည်ဒေသမှာ တိမ်တိုက်တွေက သိမ့်တို့ရှေ့ ခပ်လှမ်းလှမ်း ချောက်ကမ်းပါးအထက်မှာ ဝေ့ဝဲလွင့်မျော သွားနေသည်ကို အထူးအဆန်း မြင်ခဲ့ရသည်။ တစ်ခါတစ်ရံများတော့ လမ်းလျှောက်နေရင်းပင် တိမ်ထုထဲ ရောက်သွားပြီး တိမ်တွေက လူကို တိတိုက်ဖြတ်ကျော်သွားကြသည်။ ကြောက်မက်ဖွယ်တစ်မျိုးရှိပြီ လှလည်း အလွန်လှပသည့် ဒေသတစ်ခု ဖြစ်ပါသည်။





တောင်ပတ်လမ်းများသည် ကျဉ်းမြောင်းပြီး အန္တရာယ်ကြီးလှ၏။ ကတ္တရာလမ်းတွေ ကောင်းစွာ မရှိသေး။ အများအားဖြင့်တော့ ဝဲလမ်းများသာ ဖြစ်သည်။ နွေဆို ဖုန်သဲထုထပ်ပြီး မိုးဆို သဲနုံးတွေ ဗွက်ထ,နေတတ်သော ဒေသမျိုး ဖြစ်သည်။ ဒေသခံများကင် ...

"မိုးတွင်းဆို မလာနဲ့"

ဟု တားမြစ်ရသည့် ရာသီဆိုးရှိသည့် ဒေသမျိုးဖြစ်သည်။ သို့ပေမဲ့ လက်ဖက်ပင်တွေချည်း ဖုံးနေသည့် ချိုင့်ဝှမ်းများ တည်းပင်တွေ အင်ပင်တွေ ကျွန်းပင်တွေလို အပင်ကြီးတွေ အုပ်ဆိုင်းနေသည့် ကုန်းစောင်းတောကြီးများ ...၊ လှေကားထစ်သဏ္ဍာန် ပြုလုပ်ထားသည့် တောင်ဆင်း တောင်တက်လမ်းများသည့်မြင်ကွင်း အသစ်အဆန်းများက သိမ့်ကို ကောင်းစွာဆွဲဆောင်နိုင်ပါသည်။

အဲသည်ဒေသကို သူက မဖိတ်ခေါ်ပါဘဲ ရောက်သွားသူက သိမ့်ပဲ ဖြစ်သည်။ နောက်တော့လည်း သူက တားမြစ်နေသည့် ကြားကပင် ဇွတ်အတင်း ပြန်ခဲ့ရပြန်သည်။ နွေလယ်ကောင်ကြီးမှာ အချိန်အခါ မဟုတ်ဘဲ မိုးသည်းသည်းရွာပြီး တောင်တွေပြိုကျလာသောကြောင့် ဖြစ်သည်။ သည့်ထက်ပိုပြီး ဆိုးရွားသည့်အချက်က တောထဲက ယင်ကောင်ကြီးတွေ ထွက်လာပြီး နေရာအနှံ့မှာ ယင်ကောင်အုပ်တွေ ဖုံးလွှမ်းလျက် ဝမ်းရောဂါ အကျက်ဖိစီးရိမ်လာရသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဝမ်းရောဂါ ဖြစ်မှာစိုးရိမ်ပြီး အပြေးအလွှား ပြန်လာခဲ့သည့် သိမ့်သည် အဲသည်လို ဒေသမှာ သူ ဘယ်လိုဒေ သောက် နေထိုင်နိုင်သလဲလို့တော့ နည်းနည်းမှ မတွေးခဲ့ချေ။ အဲသည်အတွက် သူ သိမ့်ကို နာကြည်းနေလိမ့်မည် ဟူ၍တော့ မထင်ပါ။

သူက သိမ့်ထက်ပိုပြီး မေ့ပျောက်လွယ်သည့် လူမျိုး ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အမှတ်သည်းခြေ ပြီး လှသူလည်း မဟုတ်ချေ။

မှတ်မှတ်ရရ အဲသည်နေရာမှာ တောင်ပေါ်အထိ ရေမတက်သည့်အတွက် သိမ့်တို့ မိသားစု အောက်ဘက် ရေအိုင် ငယ်လေးထဲ ဆင်းပြီး ရေချိုးရသည်။ ရာသီကလည်းအေး ... ရေ ကလည်း တောင်ကျရေမို့ စိမ့်အေးနေသည်။ သမီးလေးက ရေ အေးကြောက်သူမို့ ရေချိုးဖြစ်မည် မထင်ဘဲ အဖေဖြစ်သူကဆွဲ ပြီး ရေထဲဆင်းသည့်အခါ သမီးက မကြောက်မလန့်ဘဲ အဖေကို ဖက်တွယ်လျက် ပျော်ရွှင်နေခဲ့သည်။

"ဟော့ ... ကိုယ်တို့ ဖုန်ညိုချောင်းထဲမှာ ရေသွားချိုးတာ မှတ်မိသေးလား"

ဟု သူက သတိတရ မေးသည်။

"မှတ်မိတာပေါ့"

"အဲသည်တုန်းကနဲ့ ဘယ်ဟာ ပိုပျော်သလဲ"





ဟု သူက ကလေးဆန်ဆန် မေးခွန်းမေးသည်။ သိမ့် ပြန်မဖြေဘဲ ရယ်မောပစ်ခဲ့သည်။ တကယ်တော့ မဖြေချင် ဘာပါ။ ဘဝမှာ ရယ်စရာတွေ ပြီးခဲ့ပြီဆိုတော့ မောစရာတွေချည်း ကြုံချင်လည်း ကြုံရတော့မည် မဟုတ်လား။

သိမ့်တို့ နှစ်ဦးသား သမီးကို ပိုက်ထွေးထားရင်း ကျောက်တုံးအကြီးကြီးတွေပေါ်မှာ လ,ရောင်လင်းလက်လာသည် အထိ ထိုင်နေဖြစ်သည်။ တောင်ကျချောင်းငယ်သည် အလင်းရောင် ပျောက်လုနီးပါး မှိန်ဖျော့ဖျော့ အရောင်အောက်မှာ ငြိမ်သက်ဝပ် တွားလျက် တောကြီးမျက်မည်း အလယ်မှာ သိမ့်တို့ သုံးဦးတည်း သာ ရှိတော့သလို စိတ်ထဲမှာ ခံစားရသည်။ မြင့်မားလှသော တောင်ကမ်းပါးယံတွေပေါ်မှာ အပင်ကြီးတွေသာ ဖုံးအုပ်နေသည်မို့ မော့ကြည့်လိုက်လျှင် အရာအားလုံးရဲ့အောက်မှာ သိမ့်သည် ပျပ် ဝပ်သိမ်ငယ်နေသည် ထင်မိ၏။ အဲသည် တောအုပ်ထဲကနေ ပွဲတင်ထပ်လျက် ထွက်ပေါ်လာသည့် ပိုးကောင်ငယ်တွေ အော်သံ စူးစူးရှရှသည်လည်း အသည်းငယ်စရာ တစ်မျိုးပင် ...။

သို့ပေမဲ့ သိမ့်သည် အနားမှာ သူရှိနေသည်မို့ ဘယ်လို အန္တရာယ်ကိုမှ တွေးပူမနေ။ ထိတ်လန့် အားငယ်တတ်သည့် ဓိဇစိတ်ကို ကာကွယ်ပေးနိုင်သည့် အင်အားတစ်ရပ်သည် ချစ်သူ ထံမှာသာ ရှိနေသည်လား မသိတာဟ်ချေ။

"ဒီလိုဆိုတော့လည်း သိမ့်လေ မပြန်ဘဲ ကိုနဲ့အတူ ဒီမှာပဲ နေလိုက်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သိမ့်က လ,ရောင်ကို မော်ကြည့်ရင်း ပြောမိသည်။ ပြာကျနေသည့် လ,ရောင်ကြောင့် ပတ်ဝန်းကျင်ကို ပျပျမြင်ရ သည်။ လ,ရောင်ကို မြင်ရပေမဲ့ လမင်းကိုတော့ မတွေ့ရချေ။ လမင်းစန္ဒာသည် တောင်ကမ်းပါးယံပေါ်က သစ်ပင်ကြီးတွေနောက် မှာ ပုန်းကွယ်နေခဲ့၏။

"စိတ်ကူးယဉ်နေပြန်ပြီ သိမ့်ရာ"

"အံမယ် ... သူကဖြင့် အတူနေဖို့ မခေါ်ဘဲနဲ့"

"ကိုယ် ခေါ်တော့ သိမ့် လာနေနိုင်မှာ မို့လို့လား ...။ ဒီ နေရာက သိမ့် အရင်နေခဲ့ဖူးတဲ့ နေရာတွေထက် ဆိုးတယ်။ သိမ့် အမြင်အတွေ့ပ်လေ။ ဒီခဏလေး သာယာတာကို သိမ့်က စိတ်ကူးယဉ်ချင်နေတာ။ ပြီးတော့ သိမ့် အမြဲပြော ခဲ့တဲ့ သမီးရဲ့ ပညာရေး ...

ဒီမှာက ကျောင်းတောင် မဆောက်ရသေးဘူး။ ယာယီကျောင်းလေးက မိုးတွင်းဆို ကျွတ်တွေ မျှော့တွေနဲ့"

"တော်ပါ ... သိမ့်ကို စိတ်ပျက်အောင် အဲလောက် ပြော စရာ မလိုပါဘူး"

"မပြောတော့ပါဘူး ...။ မပြောလည်း သိမ့် သိနေတာပဲ။ ဒီမှာ သိမ့်တို့ သားအမိအတွက် အဆင်ပြေအောင် ကိုယ် ဘာမှ လုပ်မပေးနိုင်ဘူး"

"လုပ်မပေးနိုင်တာလား ... လုပ်ပေးဖို့ မကြိုးစားကြည့်တာ လား"





သိမ့် စကားက လှပသာယာနေသည့် အချိန်ကာလ အခိုက်အတန့်လေးကို ရုပ်ဆိုးအောင် ဖျက်ဆီးပစ်လိုက်သလို ဖြစ် နေခဲ့သည်။

မတတ်နိုင်ပါ။

သိမ့် ရင်ထဲမှာ သည်စကားတွေ ဘယ်တုန်းက ရောက်နေသည်ဆိုတာ သိမ့် ကိုယ်တိုင်ပင် မသိ။

"တကယ်ဆို ဒီမှာလည်း အတူလိုက်နေတဲ့ မိသားစုတွေ ရှိနေတာပဲ။ အဲဒီမိသားစုတွေ အတွက် သူတို့အိမ်ထောင် ဦးစီးတွေက အဆင်ပြေအောင် စီစဉ်ပေးရမှာပေါ့ ...။ သိမ့်တို့ သားအမိ ဒီမှာလာနေမယ်ဆိုရင် ကို ဝမ်းသာအားရ ကြိုဆိုရမှာ မဟုတ်လား၊ သိမ့်တို့အတွက် နေရာထိုင်ခင်း စားစရာ သောက်စရာ အားလုံး အဆင်ပြေအောင် ကို စီစဉ်ရမှာပေါ့။ ခုတော့ ကိုက ဖုန်းထဲမှာတောင် သိမ့်ကို စိတ်ပျက်အောင် ပြောတယ်"

"ကိုယ် ပြောတာတွေက အမှန်ပဲလေ ..."

သူက တန်ဆာမဆင်ဘဲ တိုတိုတုတ်တုတ် ပြော သည်။ သိမ့်ကတော့ သူ့ဆီ ထွက်မလာခင် ဖုန်းထဲမှာ သူ ပြော ခဲ့သည့် စကားတွေကိုသာ ပြန်သတိရနေသည်။ သူက သိမ့်တို့ကို ဒီမှာ နေစရာ အိပ်စရာ အဆင်မပြေဘူး ... တဲ့။ အစားအသောက် လည်း ဆင်းရဲလှသည် ... တဲ့ ...။ သူဟာ သူနှင့်အတူ သိမ့် ဆင်း ရဲပင်ပန်းစွာ နေရာဒေသ အတော်များများမှာ လိုက်နေပြီး သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုးခြင်း ကောင်းခြင်းတွေကို အတူ မျှယူပေးခဲ့သည် ဆိုတာကို အသိအမှတ် မပြုခဲ့သူပါလား ...။

"ကိုယ်က သိမ့်တို့ သားအမိ စိတ်ဆင်းရဲမှာ ဒုက္ခရောက်မှာစိုးလို့ မလာနဲ့ ... လို့ ပြောတာပါ။ တကယ်တော့ ကိုယ့်မိသားစုနဲ့ အတူမနေချင်တဲ့သူ ဘယ်သူရှိမလဲ သိမ့်ရယ်"

"ကိုက တာဝန်မယူချင်တာပါ"

"ဘာကိုလဲ ..."

"မိသားစုရဲ့ တာဝန် ..."

ရုတ်တရက် ... ပိုးကောင်တွေရဲ့ အသံများပင် တိတ်ဆိတ်သွားသလို ထင်မိသည်။ သူက အမြင်ကတ်စရာကောင်းလောက်အောင် ခပ်ရွတ်ရွတ် ပြုံးရယ်နေသည်။ ဘယ်လို စကားမဆို သူ့ကို ခံရဆိုးစေသည် မရှိ။ နာကျင်စေသည် မရှိ။

"ဟုတ်တယ်လေ ...။ ... အနား ခိုစားရတာ ဘယ်လောက် ဇိမ်ကျလဲ ...။ သိမ့်ပဲ အိမ်ထောင်ဦးစီး လုပ်လေ ...။ ကိုယ် အလုပ်ထွက်ပြီး ကလေးထိန်းမယ်။ သမီးနဲ့ တစ်နေကုန်နေမယ်"

သိမ့် ... သူ့ကို မျက်စောင်းထိုးပစ်လိုက်သည်။

"မုန်းဖို့ ကောင်းလိုက်တာ"

သည်လိုနှင့်ပဲ သူနှင့် နောက်ထပ် ပြောစရာစကားလုံး မရှိတော့။ ရန်ဖြစ်ချင်လို့လည်း မရ။ တခြားသူတွေကတော့ သူ့ကို ရိုးသားအေးဆေးသူ တစ်ယောက်၊ စကားနည်း ရန်စဲနေ





တတ်သူတစ်ယောက်လို့ အလွယ်တကူ မှတ်ချက်ချချင်လိမ့်မည်။ သိမ့်ကတော့ သူ့ကို ပါးနပ်သူတစ်ယောက်လို့သာ ထင်သည်။

သူတစ်ယောက်တည်း အိမ်ထောင့်တာဝန် မရှိဘဲ လွတ်လပ်ပေါ့ပါးစွာ နေရသည့် အရသာကို သူ မက်မောမနေဘူးဟု ဘယ်သူက တစ်ထစ်ချ ပြောနိုင်မှာလဲ။ သိမ့်မှာတော့ သူ့လစာကို ခြောက်လတစ်ခါ တစ်နှစ်တစ်ခါပင် ထုတ်ရသည်မရှိချေ။ အိမ်ထောင်ပြုထားပြီး အိမ်ထောင်အတွက် မိသားစုအတွက် ဘယ်လို တာဝန်မျိုးမှ မယူရဘဲ အပြစ်တင်လည်း ကင်းလွတ်ပြီး နေနိုင်တာ ဘယ်လောက်ထူးသည့် ကုသိုလ်လဲ။

သူ့အပေါ် တွက်ကပ်ရမည် ငြိုငြင်ရမည်လို့များ သိမ့် ဘယ်တုန်းကမှ မတွေးဖြစ်ပါ။ အဲသည်လို မတွေးဖြစ်ခဲ့သည်နှင့်အမျှပင် သူသည်လည်း သိမ့် ထမ်းထားရသည့် လေးပင်လှသည့် ဝန်ထုပ်ဝန်ပိုးကို နည်းနည်းလေးမှ ရိပ်မိပုံ မပေါ်ပါ။

သူသည် အမြဲပင် ပေါ့ပါးပြီး ပျော်ရွှင်တတ်သူတစ်ဦးပဲ ဖြစ်နေခဲ့သည်။

"သိမ့်တော့ အိမ်ကလေးတစ်လုံး လိုချင်တယ် ကို ရယ်"

"ဘယ်လို ဖြစ်လို့လဲ"

အဲလို မသိသား ဆိုးရွားသော မေးခွန်းမျိုးကို သူက မကြာခဏ မေးတတ်သည်။ သူသည် သိမ့် ရင်ဆိုင်နေရသည့် အခက်အခဲတွေကို တွေးကြည့်ရုံဖြင့် သဘောပေါက်လွယ်သူ မဟုတ်ပါ။



www.burmeseclassic.com

ထို့အတူပဲ သိမ့်သည်လည်း သူ့လုပ်ငန်းခွင်ထဲမှာ ရင်ဆိုင်နေရသည့် အကျပ်အတည်းတွေကို နားလည် ကိုယ်ချင်းစာပေးဖို့ မကြိုးစားတော့ပါ။

ဟိုး အလျင်ကတော့ သူ့ဘဝနှင့် သိမ့်ဘဝ တစ်ထပ်တည်း ကျရမည်လို့ ယူဆခဲ့ဖူးသည်။

"ကိုယ့် မိသားစုနဲ့ ကိုယ် လွတ်လွတ်လပ်လပ် နေချင်လို့ပေါ့။ ခြံဝင်းလေးလည်း ပါချင်တယ်။ မြေကြီးနဲ့ဆိုတော့ စိုက်လို့ပျိုးလို့လည်း ရတာပေါ့။ ပန်းပင်လေးလည်း စိုက်ချင်တယ်လေ ... နှင်းဆီလို စံပယ်လို ..."

သိမ့်က အားတက်သရော ပြောနေပေမဲ့ သူကတော့ သမီးကိုပွေ့ရင်း မတုန်မလှုပ်သာ နေသည်။ သူ့မှာ ဘယ်လို အလိုဆန္ဒမျိုးမှ မရှိသလိုပင် ...။

သူ့ရဲ့ စိတ်ဓာတ်တွေကို တစ်စုံတစ်ယောက်က သတ်လိုက်သလိုပင် သိမ့် ထင်မိသည်။ ခုဆို သူဟာ ဘာကိုမှ ကြိုးစားပမ်းစား ရယူရန် မလိုသူတစ်ယောက် ဖြစ်နေခဲ့ပြီ။ သူ့ရဲ့ ဒဏ်ရာတွေ မကျက်နိုင်တာလား ...

ဒါမှမဟုတ် သူ ဘာကိုမှ မမျှော်လင့်တတ်တော့တာလား ...။

သိမ့်သည် တစ်ယောက်တည်း တိတ်ဆိတ်စွာ ဝမ်းနည်းနေမိပြီး လ,ရောင်ကိုသာ မော့်ကြည့်လျက် ငေးငိုင်နေခဲ့သည်။ သိမ့် မျှော်လင့်ထားသည့် မိသားစု ဘဝကလေးထဲကနေ သူ





အဝေးကြီး လျှောက်သွားနေသည့် ပုံရိပ်ကို စိတ်အာရုံထဲမှာ ထင်ယောင်နေမိသည်။

ရေစီးသံသည် အဝေးကြီးကလိုပင် တိုးတိုးသဲ့သဲ့ ီးဆင်းနေ၏။ လရောင် လက်ဖြာလျှင်တော့ ချောင်းငယ်သေးသေး ထဲက ရေအလျဉ်သည် ငွေမင်ရောင် တဖိတ်ဖိတ် တောက်နေခဲ့ သည်။ စကားသံ တိတ်ဆိတ်သွားသည်ကိုလည်း သူ အမှတ်တမဲ့ င် ရှိသည်။

ထို့နောက်မှာတော့ သိမ့်သည် သိမ့်ရဲ့ စိတ်ကူးတိမ် ိုက်တွေဆီ သူ့ကို အတူခေါ်ဖို့ စိတ်မကူးတော့ဘဲ တစ်ယောက် ည်းပင် ကြေကွဲစွာ ရှက်လွင့်နေမိတော့သည်။

သိမ့်တို့ တကယ်ပဲ ဝေးသွားခဲ့ပြီလား ...။

ဝေးကွာလှ ဆဲဆဲဟုပင် ထင်သည်။

အဲသည်တုန်းကတော့ သိမ့်သည် အေးစက်စ,ပြနေ ည့် အခြေအနေကို အပြင်းအထန် ငြင်းဆန်ခဲ့၏။ သိပ်သည်း ာ နာကျင်ကြေကွဲခဲ့ရ၏။

ပြီးတော့ ... သူ့ကို ခွင့်လွှတ်ဖို့ နားလည်ဖို့ ကြိုး ားမြဲပင် ...။

လ,ရောင်လင်းဆဲမှာပင် ရေစပ်ကနေ ဖြုန်းခနဲ ိမ့် ထ,ပြန်ခဲ့သည်။ ခြေထောက်ရေစိုတွေ သဲမှုန်တွေ ကပ်ငြိပြန် ာပါပဲ။ သူက ဘယ်လိုစကားမျိုးကိုမှ မဆိုဘဲ သမီးကိုချီပြီး ိမ့် နောက်က လိုက်လာသည်။

www.burmeseclassic.com



နောက်တစ်နေ့မှာ ရုတ်တရက်ကြီးပင် လေမိုးတွေ ထန်လာပြီး တိမ်တွေ ခြေထောက်အောက်က အလိပ်လိုက် ဖြတ်သွားသည်ကို ကြုံခဲ့ရသည်၊ နောက် ဘယ်နှရက်မှ မကြာလိုက်သဲ သိမ့်တို့ သားအမိ ရန်ကုန် ပြန်လာခဲ့ကြ၏။

ೞ ೞ ೞ





သူ့ရဲ့စိတ်ဓာတ်ကို တစ်စုံတစ်ယောက်က ဖျက်ဆီးပစ်လိုက်တာလား ... သိမ်ရဲ့ စိတ်ဓာတ်ကို တစ်စုံတစ်ရာက ပြောင်းလဲပစ်လိုက်တာလား၊ ဒါမှမဟုတ် သည်လောကကြီးထဲက အရာတိုင်းဟာ မတည်မြဲ ပြောင်းလဲတတ်သည့် သဘောတရားထဲမှာ လူ့ရဲ့ စိတ်ဓာတ်တွေက ထိပ်ဆုံးက ပါဝင်နေသည်မို့လား ...။

ೞ ೞ ೞ



www.burmeseclassic.com

www.burmeseclassic.com



သိမ့် ဘဝတစ်သက်တာမှာ ခင်ပွန်းသည်၏ အကြံပေးချက်နှင့်လုပ်အား နည်းနည်းမှ မပါဝင်ဘဲ မိသားစုနေထိုင်ဖို့ အိမ်ကလေးတစ်လုံး စတင်ဝယ်နိုင်ခဲ့ခြင်းသည် သိမ့်အတွက်တော့ ဂုဏ်ယူကျေနပ်ဖွယ်ပင်ဖြစ်သည်။ မိန်းမတစ်ယောက်၏ ကိုယ်ပိုင်အစွမ်းအစ ဆိုတာကို သိမ့်က အမြဲဝင့်ကြွားခဲ့သည်။ သိမ့်တို့မိသားစုအတွက် ပထမဦးဆုံး ပိုင်ဆိုင်မှုလည်းဖြစ်ပြီး သိမ့်ရဲ့ကြိုးစားမှုကြောင့် ဖြစ်ထွန်းလာသည့် အသီးအပွင့်မို့ သိမ့်ကတော့ သူ့ကို အမှန်ပင် ကြွားဝါလိုခဲ့သည်။ သို့ပေမဲ့ သူက သိမ့်ရဲ့ ဆုံးဖြတ်ချက် ဆိုတာကို ဘယ်တုန်းကမှ ဝမ်းမြောက်ဝမ်းသာ အားပေးခဲ့သည်မဟုတ် ...။

အဲသည် အိမ်ကလေးက စ,ပြီး သိမ့်သည် သမီးရဲ့ အလိုဆန္ဒ မှန်သမျှကို မိခင်တစ်ယောက်တည်းက အစစအရာရာ ပြည့်စုံနေအောင် ဖြည့်ဆည်းပေးခဲ့သည်။ သမီးအတွက် ဖခင်ထံမှာ ပူဆာစရာ ဘာတစ်ခုမှ မရှိ။ သူ လိုအပ်သမျှ သူ့ဖခင်ထံက ဘယ်တော့မှ ရနိုင်မှာမဟုတ်ဘူး ဆိုတာလည်း ကလေးက သိနေ





သည်။ အဲသည်အတွက်တော့ သိမ့်စိတ်မကောင်းပါ။ သမီးငယ်လေးအတွက် ဖခင်ဟူသည် အမှန်တကယ်ပင် အားကိုးရာ ဖြစ်သင့်သည်။

သို့ပေမဲ့ သူ့မှာ သမီးကို စိတ်ဝင်စားဖို့ အချိန်မရှိ။ သမီး ဘယ်ဘာသာရပ်မှာ ထူးချွန်သည်၊ ဘယ်ပညာရပ်ကို ဝါသနာပါသည်ဆိုတာ သူ မသိ။ သမီး ကျောင်းတက်ဖို့ ဝတ်စုံဘယ်နှစုံ လိုအပ်သည်။ ခဲတံ၊ စာအုပ် တခြားဘာတွေ လိုအပ်သည်ဆိုတာ သူ မသိ။ သမီးကို တိုက်ကျွေးရသည့် အားဆေးသည် ဈေးဘယ်လောက်ရှိသည်ဆိုတာ သူ မသိ။ သိမ့် ဝယ်သည့် အိမ်ကလေးကိုတော့ အပြစ်တွေ လိုအပ်ချက်တွေ ပြောဖို့ သူ စိတ်ဝင်စားခဲ့၍သာ တော်ပေသေးသည်။

“အခန်းဖွဲ့တဲ့ တိုင်တွေက သေးပြီးကျဲတော့ အိမ်ကအပေါ်ထပ်မှာ ခြေနင်းလိုက်တိုင်း ညွတ်နေတယ် သိမ့်ရဲ့။ ပြီးတော့ ဘိလပ်မြေနည်းပြီး သဲများတယ်၊ တဖြည်းဖြည်းနဲ့ သဲတွေ ထွက်လာမှာ”

သိမ်ကို စိတ်ပျက်စေချင်သည့် ရည်ရွယ်ချက်မျိုးတော့ သူ့မှာ ရှိဟန်မတူပါ။ သို့ပေမဲ့ သိမ့် စိတ်ညစ်သွားလိမ့်မည် ဟူ၍လည်း သူ နည်းနည်းလေးမှ မတွေး။ သိမ့်ကတော့ ဧည့်ခန်းဆက်တီတစ်လုံးပေါ်မှာ ထိုင်ပြီး သူ့ကိုသာ စိမ်ပြေနပြေ ငေးကြည့်နေလိုက်သည်။

သိမ့် အိမ်ဝယ်လိုက်သည့်အကြောင်း သူက နောက်ဆုံးမှ သိသူဖြစ်ပါသည်။ ဝါမဝင်ခင်မှာပင် သိမ့်သည် ဝယ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် နှစ်ထပ်တိုက်ကလေးဆီ ကိုယ့်သဘောနှင့်ကိုယ် ပြောင်းရွှေ့သွားလိုက်သည်။ ခုတော့ သိမ့်သည် တစ်ဖွတ်ထိုးနိုင်လှပြီး ဘယ်လို လွှမ်းမိုးမှုမျိုးကိုမှ လက်မခံလိုသည့် ကိုယ့်ကိုယ်ကိုယ်သာ စိုးပိုင်လိုသည့် မိန်းမတစ်ယောက် ဖြစ်နေခဲ့ပြီ။ ဒါဟာလည်း ပြောင်းလဲမှု တစ်ခုတော့ မဟုတ်ပါ ...။ သိမ့်ရဲ့ အတွင်းသန္တာန်မှာ နဂိုက ရှိနေခဲ့သည့် ဗီဇစိတ်ပင်။

အိမ်ဝယ်လိုက်သည့်အတွက် လည်ပတ်စပြုနေသည့် လုပ်ငန်းမှာတော့ ကြန့်ကြာနှောင့်နှေးမှု ဖြစ်ခဲ့ရသည်။ ဒါတွေကိုလည်း သူ မသိပါ။

သည်အိမ်ကို ဘယ်လို ဘယ်ပုံ စုဆောင်းဝယ်ယူခဲ့သည်ဆိုတာကို သူ မေးခွန်းတစ်ခုဖြင့်ပင် မမေးခဲ့။ သည်ကိစ္စသည် သူနှင့် နည်းနည်းမှ မသက်ဆိုင်သလို သူက အေးစက်စက်ပင်။ ရန်ကုန်ကို သူ ရောက်လာတော့ သိမ့်တို့ ပြောင်းရွှေ့ပြီး နှစ်လကျော်သုံးလခန့်ဖြစ်၍ နေသားအတော်ကျနေပြီ။ သူ့အထုပ်အပိုးတွေကို ကြမ်းပြင်ပေါ် ချပြီးသည်နှင့် သူက အိမ်ကို စေ့စေ့စပ်စပ် ကြည့်လေသည်။ ပြီးတော့ သိမ့်အတွက် စိတ်ပျက်ဖွယ်ကောင်းလှသည့် ချို့ယွင်းချက်တွေကို တစ်ခုပြီး တစ်ခု ပြောလေတော့သည်။

"အဲဒါတွေ ဘယ်လို ပြင်ရမလဲ ကို"

"ကြားမှာ တိုင်တွေ လိုက်ထောက်ရမယ် သိမ့်ရဲ့"

"သဲတွေ ထွက်တာကရော"





"အဲဒါတော့ သိပ်မလွယ်ဘူး ...။ ဆောက်တဲ့သူက ပြီးစလွယ် ဆောက်ခဲ့တာပဲ။ ပျက်စီးလာမှ နည်းနည်းချင်း လိုက်ပြင်ယူရမှာ"

"ရေကတော့ လောလောဆယ် ဝယ်သုံးနေရတယ် ကိုရေ။ အဝီစိတွင်းတူးမှ ဖြစ်မှာ။ အဲဒီ ကိစ္စကတော့ ကို ရှိနေတုန်း ဖြစ်အောင်လုပ်လိုက်မှပဲ။ သိမ့်က နားမလည်ဘူး ကိုရဲ့"

သူ့ထံက နောက်ထပ် ဘာစကားမှ ထွက်မလာတော့။ သိမ့်ကတော့ သူ ရန်ကုန်မှာ ရှိနေစဉ်အတွင်း သိမ့်တို့ သားစု၊ သိမ့်တို့ အိမ်ကလေးအတွက် တစ်စုံတစ်ရာ ကူညီဆောင်က်ပေးနိုင်ကောင်းရဲ့လို့ မျှော်လင့်မိတာ အမှန်ပင်။ တကယ်တမ်းျတော့ သူ့ရဲ့ဆောင်ရွက်ဖွယ် ကိစ္စတွေသာ သိမ့်ထံ ရောက်လာသည်။

"သိမ့်ရေ ...။ အမျိုးသမီးတွေ ယူနီဖောင်းအတွက် လိုက်ရွေးပေးပါဦးကွာ"

ဆိုတာမျိုး ...

"ဝါဆိုသင်္ကန်းအတွက် သင်္ကန်းတွေ၊ ယပ်တွေ၊ ထီးတွေ အတော်များများ ဝယ်သွားရဦးမှာ"

ဆိုတာမျိုး ... ,

"ပိုက်ဆံ ထုတ်လာတာ မလောက်လို့ သိမ့်ရေ၊ စိုက်ထားပေးပါဦး"

ဆိုတာမျိုး ...။

www.burmeseclassic.com



အဆိုးရွားဆုံးကတော့ သူသည် မိသားစုစီးပွားရေး
ကို သိမ့် ခေါင်းပေါ် လုံးဝ ပုံချလျက် အရာရာကို စိတ်ချလက်ချ
မပူမပင် နေတတ်ဖို့ အကျင့်ပါသွားခြင်းပင်။ သူ ပြန်သွားသည်အထိ
သိမ့်တို့ အိမ်ကလေးသည် အပေါ်ထပ်က လမ်းလျှောက်လျှင်
ကြမ်းတွေ ညွတ်ပဲ့မြဲ …။ ရေရောင်းသည့် စက်ရေတွင်းဆီက ရေ
ဝယ်သုံးရမြဲပင်။

ထို့နောက်မှာတော့ ဘယ်ကိစ္စမှာမဆို သူ့ကို အားကိုး
မရနိုင်မှန်း သိလျက် ထုံပေပေ ဖြစ်လာသည်။

မိန်းမသားတန်မဲ့ လက်သမားတွေ တစ်အုပ်ကြီးနှင့်
သစ်ဝယ်၊ သံဝယ်၊ ဘိလပ်မြေဝယ် အိမ်ကို ပြင်ရသည်။ ရေ
အတွက် စက်ရေတွင်းတူးရသည်။ ပန်းရံသမားနှင့် ခြံဝင်းအုတ်
တိုင်း ကာရသည်။ အုတ်ဝယ်ဖို့၊ ပိုက်ဝယ်ဖို့ကအစ ယောက်ျား
တွေကြားထဲ တလွှားလွှား ပါရသည်။ သည်ကြားထဲ လုပ်လက်
စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တစ်ဖက်၊ သမီးကျောင်းကိစ္စက
တစ်ဖက် …

အိမ်ပြင်ပြီးပြန်တော့ သမီး ကျောင်းအပ်ဖို့ ကိစ္စက
အရေးကြီးလာပြန်သည်။ သမီးက ငါးနှစ်ပြည့်ပြီမို့ မူလတန်းကျောင်း
အပ်ရတော့မည်။ သမီးငယ်ကို အားလုံးထက် ပိုပြီး အကောင်းဆုံး
ဆိုတာမျိုး ဖြစ်စေချင်တာမို့ သိမ့်သည် သမီး ကျောင်းအပ်ဖို့ကိစ္စ
အတွက်နှင့် သူ့ထံ တဖွဲ့တနွဲ့ စာရေးရသည်။





သမီးအတွက်တော့ ကို လိုက်လာပြီး ဆောင်ရွက်
ပေးရင် အဆင်ပြေမယ်လို့ ထင်တာပဲ။ သိမ့် အပ်ချင်တဲ့
ကျောင်းတွေက ကျောင်းအပ်ခွင့်တောင် ရဖို့ အရမ်းခက်တာ
ပဲ။ အသိအကျွမ်းတွေကတစ်ဆင့် ကြိုးစားကြည့်တာလည်း
အဆင်မပြေဘူး။ ကို လာပြီး ပြောပေးရင် လွယ်လွယ်ကူကူ
ဖြစ်လိမ့်မယ် ထင်တယ် …

ပြီးတော့ … …

စသဖြင့် သူ ရန်ကုန်လိုက်လာပြီး သမီး ကျောင်းကိစ္စ
ဆောင်ရွက်ဖို့ သွေးဆောင်ရသည်။ သမီးက အဖြူအစိမ်း ဂါဝန်
လေးတွေ ချုပ်ပြီးနေပြီ။ ဖခင် အလာကို မျှော်ရှာသည်။

"ဖေဖေ လာမှ ကျောင်းသွားအပ်မှာ သမီးရဲ့"

ဟု သိမ့်က ချော့မော့ထားရသည်။

သို့ပေမဲ့ ဇွန်လ ဒုတိယပတ်အထိ သူက ရောက်
မလာ။

"ကိုယ် မလာနိုင်ဘူး သိမ့်ရေ။ ဒီမှာလည်း ကိုယ် မရှိရင်
မဖြစ်ဘူး။ အလုပ်တွေက အားလုံး ကိုယ့်တာဝန်ချည်းပဲ။
လွယ်တဲ့ကျောင်းမှာသာ အပ်လိုက်ပါကွာ။ ဘယ်ကျောင်း
မဆို အတူတူပါပဲ။ ဒီစာပဲ သင်တာပါပဲ"

တယ်လီဖုန်းထဲက သူ့အသံကို ကြားတော့ သိမ့်ရဲ့
မျှော်လင့်ချက်တွေက မီးလျှံတွေအဖြစ် ပြောင်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သိမ့်တို့ သားအမိမှာလည်း ကို့ကို လိုအပ်တာပါပဲ ကိုရဲ့ ...။

သမီးကလည်း သမီးအတွက် ဖေဖေ မရှိရှင် မဖြစ်ဘူး ... လို့ ပြောမှာပါပဲ။

သိမ့်ရဲ့ သည်းခံနိုင်စွမ်းက တဖြည်းဖြည်း အင်အားချည့်နဲ့လာတော့သည်။ သူ ရောက်မလာနိုင်ပေမဲ့ သိမ့်ကတော့ သမီးကို သိမ့် ဖြစ်စေချင်သလိုပင် တစ်သဝေမတိမ်း ဖြစ်အောင် ကြိုးစားလုပ်ဆောင်နိုင်ခဲ့ပါသည်။

ကဲ ... ဘာဖြစ်သေးလဲ ...

သူ မရှိတာနဲ့ပဲ သမီးကို သိမ့် အပ်ချင်သည့်ကျောင်းမှာ မအပ်နိုင်တော့ဘူးတဲ့လား ...။ သမီးအတွက်ဆို သိမ့် မလုပ်နိုင်တာ ဘာမှ မရှိဘူးဟုပင် သိမ့် ထင်မိသည်။





"ဟယ် ... သမီးတစ်ယောက်တည်း ကျန်တော့တယ်"

"မေကြီးက နောက်ကျနေတာကိုး"

"ဆရာမက မစောင့်ပေးဘူးလား"

"ဟင်အင်း ..., ဒီနေ့ ဆရာမအိမ်က လာကြိုလို့"

"ဟယ် ... သမီးရယ်"

ငိုမဲ့မဲ့ မျက်နှာလေးက သိမ့်ကို မြင်လိုက်တော့ မျက်ရည်တွေ အိခနဲ စိုဝိုင်းလာသည်။ ရင်ထဲမှာ သနားကရုဏာစိတ်များနှင့် ဝမ်းနည်းခြင်းတွေ ပြည့်လျှံလျက် သိမ့် ချက်ချင်းပင် ငိုချင်လာ၏။

"ဆရာမက အိမ်လိုက်ပို့ပေးမယ်တဲ့ ...။ ဒါပေမဲ့ အိမ်က သော့ခတ်ထားတာ မေမေမှ မရှိဘဲ"

ခြောက်နှစ်သမီး ဆိုပေမဲ့ သမီးသည် လူကြီးလေးတစ်ယောက်လိုပင် ရည်လည်သည်။ ဉာဏ်ရည်ဉာဏ်သွေးကောင်းသည်။ မျက်နှာအရိပ်အကဲ သိသည်။ သို့ပေမဲ့ သမီးသည် သူ့အမေလိုပင် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်ပြီး သူ့အဖေလိုပင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးစလွယ် လုပ်တတ်သည်။ ပြီးတော့ ခက်ခက်ခဲခဲ ရယူရမည့် ဘာကိုမှ မလိုချင်။ ဥပမာ ဗီရိုပေါ်တွင် ရှိနေပြီး ခုံဖြင့်တက်ယူရမည့်အရုပ်ဆိုလျှင် ဘယ်တော့မှ မယူ။

သို့ပေမဲ့ သမီးကိုကျတော့ သိမ့်သည် ဘယ်လိုကိစ္စမျိုးကိုမဆို အလွယ်တကူ ခွင့်လွှတ်နိုင်သည်ပင်။

"အေးကွယ် … သမီးရယ် …။ မေမေလည်း အပြေးအလွှားလာတာပဲ။ ဟိုမှာလည်း အလုပ်တွေက လက်စမပြတ်ဘူး။ မေမေ့သမီးလေး သနားပါတယ် တစ်ယောက်တည်းကြောက်နေသလား သမီး"

"ကြောက်တာပေါ့ မေမေရဲ့"

မလှမ်းမကမ်း မှန့်ဆိုင်က ကောင်မလေးက …

"ကျွန်မ စောင့်ကြည့်နေပါတယ် အစ်မ။ သူ့ဆရာမကလည်း ဒီနေ့ သူ့အမေ ဆေးခန်းပြစရာရှိလို့မို့ မစောင့်နိုင်တာပါ"

ဆိုပြီး ရယ်ရယ်မောမော ရှင်းပြမှ အတော်အတန် စိတ်အေးရသည်။

"အေးကွယ် … အစ်မလည်း တစ်မှခါ နောက်မကျဖူးပါဘူး။ ဒီနေ့မှ သူ့အဖေကို ကြိုခိုင်းလိုက်တာပဲ ဆိုပြီး …"

"ဖေဖေ ရောက်နေလို့လား မေမေ"

"သမီး ဖေဖေက အစည်းအဝေး လာတက်တာပါ သမီးရယ်"





စောစောလေးက ရှုံ့မဲ့မဲ့ဖြစ်နေသည့် သမီး မျက်နှာလေး ချက်ချင်း လင်းလက်လာသည်။ သိမ့်သည် မုန့်ဆိုင်က ကောင်မလေးကိုပင် ကျေးဇူးတင်စကား မပြောဖြစ်ဘဲ သမီးကို လက်မောင်းမှဆွဲပြီး လက်တစ်ဖက်က ထမင်းဘူးထည့်ထားသည့် ပလတ်စတစ်ခြင်းကို ကိုင်ကာ ပလက်ဖောင်းအတိုင်း အသိမဲ့စွာ လျှောက်လာဖြစ်၏။ ရင်ထဲမှာ ဒေါသတွေရော ဝမ်းနည်းနာကျင်ခြင်းတွေက မပြတ်သားနိုင်သည့် သံယောဇဉ်တွေရော ရှုပ်ထွေးလျက် တမြည့်မြည့် ပူလောင်နေသည်။

သမီးထက် ပိုပြီး ဘယ်အရာက အရေးကြီးသလဲ …

သမီးအတွက် ပေးဆပ်ရမည်ဆိုလျှင် သိမ့်သည် ဘာကိုမှ မတွန့်မဆုတ်ဘဲ ပေးဆပ်နိုင်သည်ဟု ကိုယ့်ကိုယ်ကိုယုံကြည်သည်။

သမီးရဲ့ ဖခင်ကရော …

သမီးအတွက် ဘာတွေများ ပေးဆပ်ချစ်ခဲ့ပါလိမ့် …။

သမီးအတွက် သူ့ရဲ့ အချိန်တွေထဲက နာရီဝက်အချိန်ကလေးလောက်ကို ဖဲ့မပေးနိုင်ဘူးလား …။

မျက်ဝန်းအိမ်တွေ ပူလောင် စိုစွတ်လာသည်ကို ဘယ်လိုမှ တားဆီးမရခဲ့ …။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာသည်။ သမီးက မိခင်ရဲ့ မျက်နှာကို မော့်ရှုမျှမကြည့်။ ခပ်စောစောက ကြောက်လန့်စိုးရိမ်စိတ်တွေ သမီးမှာ မရှိတော့။ သိမ့်မှာသာ သမီးလေး မျက်စိကွယ်ရာမှာ တစ်စုံတစ်ခု ဖြစ်သွားလျှင် … ဆို

www.burmeseclassic.com



သည့် စိုးရိမ်စိတ်တွေကို ဘယ်လိုစိတ်ကူးမျိုးနှင့်မှ အစားထိုး ဖျော့ဖျက်မရဘဲ ရှိသည်။

အဲသည်အချိန်မှာပဲ သိမ့်တို့နံဘေး ပလက်ဖောင်းအစပ်မှာ အငှားကားတစ်စီး ထိုးရပ်လာသည်။ တောင်းပန်တိုးလျှိုးနေသော မျက်ဝန်းတစ်စုံကို မြင်ရတော့ သိမ့် စက်ဆုပ်ရွံ့ရှာသင့်မျက်နှာလွှဲမိ၏။

"ဖေဖေ"

"သမီး"

"ဒီမှာ ဘယ်နှရက်နေမှာလဲဟင်"

သမီးရဲ့ မျှော်လင့်တကြီး မေးခွန်းက သိမ့်ရဲ့ နှလုံးအိမ်ကို ချေမွလိုက်သလိုပင် ...။





"လူကြီးရှေ့ရောက်နေတော့ ကိုယ် ဘယ်လိုမှ ရုတ်တရက်ကြီး နှုတ်ဆက်ထွက်လာလို့ မရလို့ပါ သိမ့်ရယ်"

"ဒါဆို ခပ်စောစောက ဖုန်းဆက်သင့်တာပေါ့။ သိမ့်ကို ကျောင်းကြို့ချင်သလား။ ကိုက လမ်းကြုံတယ် ဝင်ကြိုလိုက်မယ်လို့ ပြောသွားတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ် ...။ ကိုယ် နည်းနည်းနောက်ကျတာပါ။ ကိုယ့်ရဲ့အခက်အခဲကို သိမ့်နားလည်ပါကွာ"

အဲသည်လို အခက်အခဲမျိုးကို အပြင်လူတစ်ယောက်ကဖြင့် နားလည်ပေးဖို့ ခဲယဉ်းပေလိမ့်မည်။ ဒါပေမဲ့ သိမ့်ကတော့ နားလည်နိုင်ပါသည်။ နားလည်နိုင်သည်မို့လည်း ပိုပြီး နာကြည်းခဲ့ရသည်။

သူဟာ သမီးရဲ့ဖခင်တစ်ယောက် မဟုတ်ဘူးလား ...။

သူ့မှာ အရေးတကြီး တာဝန်တွေ ရှိမနေဘူးဆိုလျှင်ဖြင့် သမီးလေး ကျောင်းကြိုချိန်မီအောင် ရောက်ခဲ့သင့်ပါသည်။ သူ့မှာက ငွေညာစရာတွေ များလှသည်။ ဒါပေမဲ့ အဲသည် ငွေညာစရာတွေ အများကြီးထဲမှာ သိမ့်တို့ သားအမိနှစ်ယောက် မပါဝင်နိုင်တာ နာကြည်းဖို့ မကောင်းဘူးလား ...။

www.burmeseclassic.com



"နည်းနည်း နောက်ကျသွားတာလား ...။ အဲဒီမိနစ်နှစ်ဆယ် အတွင်းမှာ သမီး ဘယ်လိုဖြစ်သွားနိုင်တယ်ဆိုတာ တွေးမိ ရဲ့လား"

သူ ဘာမှ ပြန်မပြောပါ။ မိန်းမနှင့် ရန်ဖြစ်တတ်သည့် ယောက်ျားအမျိုးစားထဲမှာ သူ မပါဝင်ပါ။ သူ့ရဲ့ အဲသည်လို အေးစက်စက် အမူအကျင့်တွေက သိမ့်ကို ခံရခက်စေတာ။

ပြန်မပြော နားမထောင် လူစားမျိုး။

"ကိုဟာ မိသားစုအရေးကို နည်းနည်းလေးမှ ခေါင်းထဲထည့် မထားတဲ့ လူစားမျိုးပဲ။ သမီးအတွက် သိမ့် တစ်ယောက် တည်းမှာ တာဝန်ရှိတယ်လို့ ကို ထင်နေတယ် မဟုတ်လား။ သိမ့်ဟာ သာမန်မိန်းမတစ်ယောက်ပါ ကိုရဲ့ ...။ ကိုယ့် ခင်ပွန်းသည်ကို အားကိုးဖို့ တိုင်ပင်ဖို့ တစ်ခါတလေတော့ လည်း တောင့်တမိတာပါပဲ ...

ခုလို သေးသေးဖွဲဖွဲကိစ္စလေးမှာတောင် ကို့ကို စိတ် မချရဘူးဆိုရင် သိမ့်တို့ သားအမိအတွက် ကိုရဲ့ တာဝန်ယူ ထားတဲ့ အပိုင်းက ဘယ်မှာလဲ။ ကိုရဲ့ နေရာက ဘယ်မှာလဲ"

သူက စိတ်ပျက်လက်ပျက် ခေါင်းယမ်းနေခဲ့သည်။

"ကိုယ် မသိဘူး ... ကိုယ့်ရဲ့နေရာ ဘယ်မှာလဲ ဆိုတာ ကိုယ်လည်း မသိပါဘူး သိမ့်ရယ်"

သိမ့်ရဲ့ ဒေါသတွေက စိတ်ပျက်ခြင်းဆီသို့ အသွင် ကူးပြောင်းလျက် ပင့်သက်ရှည်သာ ရှိုက်ဖြစ်ခဲ့တော့သည်။

❧ ❧ ❧





ပါရမီဖြည့်ဖက် ' ဆိုသည့်စကားကို သိမ့် စာအုပ်တွေ ထဲမှာ မကြာခဏ ဖတ်ရသည်။ တကယ်တော့ ဘုရားဆုပန် မဟာပုရိသတွေအတွက် ပါရမီဖြည့်ရသည့် မိန်းမတစ်ယောက် သည် တော်ရုံဇွဲမျိုး၊ သတ္တိမျိုး၊ သည်းခံမှုမျိုးနှင့် မဖြစ်နိုင်ဘူးဆို တာ သိမ့် နားလည်ပါသည်။ ဒါပေမဲ့ ပုထုဇဉ်လူသားတွေ အတွက်တော့ ဒါဟာ ဖြတ်သန်းကျော်လွှားဖို့ ခဲယဉ်းသည့် တောင်စဉ်တန်းတစ်ခုပါပဲ ...။

သိမ့် ပတ်ဝန်းကျင်မှာ စရိုက်အမျိုးမျိုး ရှိနေသည့် ယောက်ျားတွေထဲ သူ့ကိုတော့ အားလုံးက ချီးမွမ်းရသည်။ သူ့ ရဲ့ ချို့ယွင်းချက်ဆိုတာ တကယ်တော့ ပါးပါးလေးပါ ... တဲ့ ...။ သည်လို စကားကို ကြားရတော့လည်း သိမ့်သည် ဟုတ်ပေသားပဲ ဆိုပြီး သူ့ကို ခွင့်လွှတ်ရပြန်လေသည်။ တကယ်တော့ သိမ့်ဟာ သူ့ထံက သစ္စာမြဲသည့် သိပ်သည်းသည့် ချစ်ခြင်းကိုသာ လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ။ ဒါပေမဲ့ သိမ့် လိုချင်သည့် မေတ္တာတရားအတွက် သိမ့်ဘက်က ပေးဆပ်ရခြင်းတွေက ထိုက်ထိုက်တန်တန် ရှိပါရဲ့လား ဆိုတာကိုတော့ မိန်းမပီပီ အရှုံးအမြတ် တွက်ရသေးသည်။

သူ ရောက်လာသည့် နေ့ရက်တွေမှာ ဟိုးအရင် သူနဲ့ခွဲစ, နေ့ရက်တွေလို အားတက်သရော မပျော်ရွှင်တော့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိလာသည်။ သူဟာ သိမ့် ထမ်းထားရသည့် ဝန်ထုပ်ဝန်ပိုးတွေထဲက တစ်ခုမျှသာပါပဲ။ တကယ်တော့ သူက သိမ့်တို့ သားအမိဆီ တစ်ခုခု ဖြည့်စွမ်းဖို့လာတာမှ မဟုတ်ဘဲ။ သိမ့်က သူ့အတွက် ဖြည့်စွမ်းပေးနိုင်မည့် တစ်စုံတစ်ရာကို အခွင့်သင့်သလို ယူဆောင်သွားခြင်းသာဖြစ်သည်။ သိမ့်တို့နှစ်ဦး မျက်နှာချင်းဆိုင်ဖို့ အချိန်တွေ နည်းပါးလာသည်နှင့်အမျှ ပြောစရာ စကားတွေကလည်း ရှားပါးလာခဲ့သည်။

သူကတော့ သိမ့်ကြောင့်လို့ ပြောမှာပါပဲ ...။

သိမ့်တို့နှစ်ဦးအတွက် ညနစ်ချက်ထိုး သုံးနာရီအထိ မအိပ်ဘဲ စကားတွေချည်း ပြောဖြစ်ခဲ့သည့် ညမျိုးတွေ ရှိခဲ့ဖူးပါရဲ့။ ဘာရယ်မဟုတ်ဘဲ သူနှင့် စပြီးဆုံရသည့် အဖြစ်အပျက်တွေ အိမ်ထောင်ဦးကာလတွေ ပျိုရွယ်စဉ်က အကြောင်းတွေကို တစ်ယောက်ကမေး တစ်ယောက်ကဖြေရင်း အိပ်ချင်စိတ်တွေ ပြယ်ခဲ့ကြဖူးသည်။ သမီးကို စာရှားရှိခိုးသင်ပေးရင်း အတူသိပ်ရင်း စကားပြောဖြစ်ကြသည့် ညမျိုးတွေ ရှိခဲ့ဖူးသည်။ အဲသည်တုန်းက အကြောင်းအရာ





တွေက သိမ့်ရဲ့ နှလုံးသွေးကို နွေးထွေးစေနိုင်ရုံ ကြည်နူးဖွယ် အိပ်မက်တချို့ပင် ...

ဟင်အင်း ...

မဆုံးရှုံးချင်ပါဘူးကွယ် ...

ဒါပေမဲ့ အဲသည် အရာအားလုံး အတိတ်ဆီမှာပင် ကုန်ခဲ့ပြီ။

သိမ့်ကပဲ မရနိုင်တာကို လိုချင်သည်လား ...။ သိမ့်ကတော့ ဘယ်တော့မှ အိုမင်းရင့်ရော်မသွားနိုင်သည့် အချစ်မျိုးကို လိုချင်သည်။ သိမ့်ရဲ့ ချစ်သူထံက နူးညံ့ညင်သာသည့် ထွက်သက်လေတစ်ခုနှင့် ဆံစတွေကို ဖွဖွပွတ်သပ်ချော့မြူတတ်သည့်အကြင်နာတွေကို လိုချင်သည်။ လူအများရှေ့မှာ လိုက်လျှဲသည့် ဂရုစိုက်ဖျူငှာမှု အရေးပေးမှုကို လိုချင်သည်။ သူ့ဘဝမှာ သိမ့် မရှိလျှင် ဘယ်နေရာမှ မဖြစ်သလောက် သူ့ရဲ့ လိုအပ်မှုကို ရချင်သည်။ ပြီးတော့ သမီးနှင့် သိမ့်သာ သူ့ဘဝမှာ အရေးပါဆုံး ဆိုတာကို လက်တွေ့ နားလည်ခံစားရချင်သည်။

ဘယ်မှာလဲ ...

အဲသည် အရာတွေကို ထားရစ်ခဲ့ရပြီဆိုတာ သိလိုက်တော့ သူ့ရဲ့အချစ်ဆိုတာကိုလည်း သိမ့် မယုံကြည်ရဲတော့ပါ။

သူတကယ်လိုချင်တာက သူ့ရဲ့ ကြီးကျယ်မြင့်မြတ်မှုပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျှော်လင့်ချက်တွေ ဆုံးရှုံးခဲ့ရသည့်အခါ တခြား ဘယ်အရာကိုမှ သူ တန်ဖိုးမထားချင်တော့ဘူးပေါ့။

သိမ့်က သည်လို စွပ်စွဲချင်ပေမဲ့ သိမ့် သူ့ကို ဘယ်တော့မှ ထုတ်မပြောဖြစ်ပါ။ နောက်ဆုံး ကွဲကွာခဲ့သည့်အချိန် အထိပါပဲလေ ...။

ထထထ





"အတန်းထဲက ဣန္ဒြေတို့ဆို ကျောင်းပိတ်ရက်မှာ ချောင်းသာသွားကြတယ် ဖေဖေ။ အေးအေးကျော့တို့ ဆိုလည်း တောင်ကြီး သွားမှာတဲ့ ...။ ပျော်စရာကြီးနော် ဖေ ..."

မဂ္ဂဇင်းအတွက် ဆောင်းပါးတစ်ပုဒ် ရေးနေရာကနေ သိမ့် ခဏနားရင်း သမီးတို့သားအဖ၏ စကားသံတွေကို နားစွင့်ထားမိသည်။ သမီး ဒုတိယတန်းရောက်တော့ ... သူ ရန်ကုန်သို့ အလုပ်ပြောင်းရွှေ့ရပြီ။ သိမ့်တို့မိသားစု တစည်းတစ်လုံးတည်း နေခွင့်ရပြီ။ သို့ပေမဲ့ သိမ့်တို့သားအမိနှင့် သူသည် အဖုံးနှင့် ကိုယ်ထည် အံချော်နေသည့် ခွက်တစ်ခုလိုပင် ဖြစ်နေသေး၏။

"သမီးလည်း အဲလို သွားချင်တယ်"

"သမီးက ချောင်းသာ သွားချင်တာလား"

"ဟုတ်ပါဘူး ... သမီးက ဂိမ်းစ်စီးတီးတို့ ဖန်တက်စီဝေါလ်တို့ သွားချင်တာပါ။ ဖေဖေက တစ်ခါမှ လိုက်မပို့ဘူး။ သူများအဖေတွေဆို စနေ တနင်္ဂနွေမှာ အိမ်ပြန်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်းတွေ တိရစ္ဆာန်ရုံတွေ သွားကြတယ်။ ဖေဖေက တော့ အိမ်ပြန်လာရင်တောင် အိပ်နေတာပဲ”

သိမ့် လှစ်ခနဲ ပြုံးမိသွားသည်။

“ဖေဖေက ပင်ပန်းတာကိုး သမီးရဲ့”

“မေမေလည်း ပင်ပန်းတာပါပဲ။ ဒါပေမဲ့ မေမေက သမီးကို တစ်ခါမှ မနင်းခိုင်းဘူး”

ခက်ပြီ ...

ခုတင်ပေါ်မှာ လှဲနေသည့် သမီးဖေဖေက စာရေးနေသည့် သိမ့်ထံ လှမ်းကြည့်သည်။

“သမီး မေမေက သူများထက် ပိုတော်တာကိုးကွ”

သူ့အပြုံးက အမြတ်ကတ်စရာ ကောင်းလွန်းလှသည်။

“ဘာမှ မဆိုင်ပါဘူး ဖေကြီးကလည်း”

“သမီးကို မေမေက ကစားကွင်းတွေ လိုက်ပို့တာပဲ မဟုတ်လား သမီးရဲ့”

အဲသည်လို နေ့ရက်တွေက သိမ့်အတွက် နာကျင်ကြေကွဲစေနိုင်ခဲ့တာပေါ့။ ကစားကွင်းတွေကို သိမ့် တတ်နိုင်သမျှ ရှောင်ချင်သည်။ သမီး ပျော်ရွှင်အောင် ဖြည့်ဆည်းပေးနိုင်ပေမဲ့ သမီးမှာ လိုအပ်ချက်တစ်ခု ရှိမြဲဝင်။

ကြည့်စမ်းပါဦး ...





ရယ်မောပျော်ရွှင်နေသည့် သားသမီးတွေ အနားမှာ ပ်နေသည့် သူတို့ရဲ့ ဖခင်တွေ။ သမီးရဲ့ ဖေဖေက သမီးအနားမှာ ာကြောင့် မရှိနိုင်ခဲ့တာပါလိမ့် ...။

သိမ့်တို့ မိသားစုအတွက် တစ်ခုခု ဖြည့်ဆည်းပေးနိုင် များ ကြိုးစားနေခဲ့လို့လား ...

“ဒါပေမဲ့ ... ဖေဖေမှ မပို့တာ”

“တူတူပေါ့ သမီးရယ်”

“မတူပါဘူး ...။ သူများအဖေတွေဆို ကျောင်းလိုက်ပို့တယ်၊ မုန့်ဖိုးလည်းပေးတယ်၊ ကျောင်းလွှတ်ရင်လည်း လာကြိုတယ်၊ ရုပ်ရှင်လည်း လိုက်ပြတယ်”

“အံမယ်လေး ... ရန်တွေ့လိုက်တာ သမီးရယ် ... သမီးမှာ မေမေ တစ်ယောက်လုံး ရှိနေတာပဲ။ သမီး မေမေက ဖေဖေ့ထက် ပိုတော်တယ်နော်၊ ပိုက်ဆံတွေလည်း အများကြီး ရှာနိုင်တယ်။ သမီး လိုချင်တာ ဝယ်ပေးနိုင်တယ်။ ဖေဖေကတော့ ဖွတ်ကျားပဲ ... ငမွဲပဲ ...”

“ဖေဖေ ဖွတ်ကျားဆိုတာ ဘာလဲ”

လက်ထဲက ဘောလ်ပင်ကို လွှတ်ချပြီး သိမ့် စာရေး ားပွဲက ထ,လိုက်သည်။

ပြန်ပြင်လို့ မရတော့ဘူးတဲ့လား ...

အစ,က ပြန်စလို့ မရတော့ဘူးတဲ့လား ...။



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာတော့ သမီးငယ်ရဲ့ တခစ်ခစ် ရယ်သ
သံကို ကြားရသည်။ သိမ့်သည် ခန်းဆီးစလွင့်နေသည့် ပြတင်းမှာ
ပြီး စိုစွတ်လာသော မျက်တောင်များကို ပုတ်ခတ်ပစ်လိုက်
သူဟာ ဘာတစ်ခုမှ တာဝန်မယူရတဲ့ သူ့ရဲ့
လက်ရှိအနေအထားကို ဘယ်တော့မှ ပြင်တော့မှာ မဟုတ်ဘူး
နှုတ်ခမ်းကို လက်နှစ်ဖက်ဖြင့် အုပ်ထားပြီး အားပါ
တရ ရှိုက်ငိုပစ်လိုက်တော့သည်။

❦ ❦ ❦





သူ့ရဲ့ အနေအထားကို စိတ်ပျက်လာသည့် အချိန်
ကာလတွေမှာ သိမ့် သူ့ကို ခွဲခွာဖို့ ကြိမ်ဖန်များစွာ ကြိုးစားခဲ့ဖူး
ပါသည်။ အဲသည်လို ကြိုးစားခဲ့သည် ဆိုတာ သူ မသိပါ။ သိမ့်
ကလွဲပြီး ဘယ်သူမှ မသိပါ။ အဲသည်လို ကြိုးစားရသည့်နေ့ရက်
တရိုတွေက ပင်ပန်းလှသည်။ မျက်ရည်လွယ်တတ်သည့် သိမ့်သည်
သူတစ်ပါးရှေ့မှာ မျက်ရည်ကျဖို့ ဝန်လေးတတ်သည့် မိန်းမတစ်
ယောက်လည်း ဖြစ်ပြန်သည်။ အထူးသဖြင့် လင်ယောကျ်ားရှေ့
တပေါ့။

သိမ့်တို့ နှစ်ယောက်ကြားမှာ အေးခဲသွားသည့်
ခြေအနေတစ်ခုကို သိမ့် ရုတ်တရက် ရှာမတွေ့နိုင်ချေ။ သူနှင့်
သိမ့်သည် ကိုယ်စီ အလုပ်တာဝန်တွေထဲမှာ နစ်မြုပ်နေခဲ့ကြသည်။
အထက်လူကြီးနှင့်သူ အဆင်မပြေဘူးဟု ကြားရသည့် အစပိုင်း
ကာလတွေမှာ သိမ့် သူ့ကို ဖြေသိမ့်စကား၊ အားပေးစကားတွေ
ပြောဖို့ စိတ်ဝင်စားခဲ့သေးသည်။ သူ့အလုပ်အကွက်၊ သူ့အနေအထိုင်
တွေက် အဆင်ပြေအောင် ပံ့ပိုးပေးဖို့ သိမ့် စိတ်ထဲမှာ နေရာ
တစ်နေရာ ရှိနေသေးသည်။ ထို့ကြောင့်လည်း လုပ်ငန်းခွင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ အဆင်ပြေချောမွေ့စေဖို့ ငွေအင်အားဖြင့်ဖြစ်စေ၊ လူအင်အား ဖြင့်ဖြစ်စေ ,သိမ့် ကူညီပေးခဲ့သည်။

ဒါပေမဲ့ သိမ့်ရဲ့ လိုအပ်ချက်တွေကိုတော့ သူ ဖြည့်ဆည်းပေးဖို့ မကြိုးစားခဲ့ချေ။ ငွေအင်အားဖြင့်ဖြစ်စေ၊ လူအ အားဖြင့်ဖြစ်စေ ကူညီရန်လိုအပ်သည့် ပြဿနာတွေကို ထား မိသားစုရဲ့ လုပ်ငန်းအတွက် သူ့ရဲ့ အကြံပေးချက် တစ်ခုတလေ သော်မျှ မရခဲ့ ...။ သိမ့်သည် အခက်အခဲ အကျပ်အတည်းတွေ ကြုံလာသည့်အခါတိုင်း သူ့ကို ရှေ့က မားမားမတ်မတ် ရပ်ပေ ပြင်းပြင်းပြပြ တမ်းတခဲ့ရသည်။

စိတ်သောက တွေ့ကြုံလာတိုင်း သမီးကို ဖက် လျက် တိတ်တဆိတ် မျက်ရည်ကျခဲ့ရသည်။ နောက်ဆုံးတော သိမ့်သည် ဘယ်သူ့အကူအညီတိုမှ မရရှိဘဲ တစ်ယောက်တည် တတ်နိုင်သည့် နည်းလမ်းဖြင့် ဖြေရှင်းပစ်ခဲ့ရသည်ချည်းပင်။

သူကတော့ သူ့အလှည့်ကြုံလျှင် သိမ့်ကို စကား ထိုးတတ်သည်ကလွဲပြီး သိမ့်ရဲ့ ပြဿနာတွေကို သိပင်မသိလိုက်

တကယ်တမ်းကျတော့ သူနှင့် ပတ်သက်သမျှ သိမ့် အရှုံးတွေကို နက်နက်ရှိုင်းရှိုင်း နားလည်ကိုယ်ချင်းစာပေးနိုင် ဘယ်သူမှ မရှိ။ အများအမြင်မှာ သူက ခြောက်ပြစ်ကင်းသ ယောကျ်ားကောင်း တစ်ယောက်အဖြစ် အမြဲပင် လေးစားချီးမွ ဖွယ် ဖြစ်နေခဲ့သည်။

ထ ထ.ထ





သမီးက သိမ့်ရဲ့ မှန်တင်ခုံ မှန်ရှေ့မှာ ထိုင်နေသည်။ ဘီးတစ်ချောင်းဖြင့် ပျော့ပျောင်းပြီး ဝင်းကျနေသည့် သူမ၏ ဆံပင်ရှည်တွေကို ဖြီးသင်နေ၏။ သားအမိနှစ်ဦးတည်းသာရှိသည့် အိပ်ခန်းသည် လိုအပ်သည့်ထက် ပိုပြီး တိတ်ဆိတ်နေ၏။ သိမ့် အဖို့တော့ အနားမှာ ရှိနေသည် ဆိုတာကိုပင် မေ့ချင်မေ့နေတတ် သည်။ ဝတ္ထုစာအုပ်တွေရဲ့ အဖုံးအတွက် ကိုယ်တိုင် ဒီဇိုင်းတွေ ရွေးထုတ်ပေးနေကျမို့ ကွန်ပျူတာဒစ်စ်ထဲထည့်ဖို့ နိုင်ငံခြားမဂ္ဂဇင်း၊ ကက်တလောက်တွေထဲ ဟိုဟိုသည်သည် လှန်လှောနေရင်း စိတ်က သမီးတို့ အိမ်ထောင်ရေးအကြောင်း တွေးမိနေပြန်သည်။

"သမီးတော့ ပြန်စဉ်းစားတိုင်း မေမေနဲ့ဖေဖေ ဘာကိစ္စနဲ့ ဒီလောက်ထိ ဖြစ်သွားတယ်ဆိုတာ တွေးလို့ကို မရဘူး မေမေ။ သမီး မျက်စိရှေ့မှာလည်း ကြီးကြီးကျယ်ကျယ် ရန်ဖြစ်တာမျိုးမှ မတွေ့ခဲ့ရဘဲ ...

ခုတော့ ... မေမေက စိတ်ထဲမှာ အကြာကြီး မျို သိပ်ထားခဲ့တာကိုး ...။ ဖေဖေ့အပေါ်မှာ အချိန်တွေ အကြာ ကြီး မကျေမနပ် ဖြစ်နေခဲ့တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ သမီးရယ် ...။ ဒါတွေကို မေမေ ပြန်ပြီး သတိမရချင်တော့ပါဘူး"

သိမ့် ခပ်ပြတ်ပြတ် ပြောလိုက်သည်။

ခုတလောမှာ သမီးနှင့် မျက်နှာချင်းဆိုင်ရတိုင်း သမီးက သူ့အဖေနှင့် ပတ်သက်သည့် အကြောင်းအရာတွေကိုသာ စိတ်ဝင်တစား မေးနေတတ်သည်။

"မေမေတို့ ကွဲသွားတော့ လူတွေက ဘယ်လို ဝေဖန်ကြသလဲ မေမေ"

"မသိဘူး"

"ဟင် ... မေမေ သိမှာပါ"

"စိတ်မဝင်စားပါဘူးအေ။ ဘာပြောပြောပေါ့ ...။ မေမေ ဂရုမစိုက်ပါဘူး။ လူတွေက မေမေ ခံစားနေရတဲ့ စိတ်ဒုက္ခကို ဘယ်လောက်များ သိမှာမို့လဲ။ အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမ,မလိုက်စားတတ်တဲ့ ယောကျ်ားတစ်ယောက်မှာ မိန်းမတစ်ယောက်က ကွာရှင်းချင်လောက်အောင် ဆိုးရွားတဲ့ အားနည်းချက်မျိုး ရှိနေလိမ့်မယ်လို့ ဘယ်သူကမှ မယုံကြဘူးလေ ...

အေးလေ ...

တခြားမိန်းမ တစ်ယောက်ယောက် ဆိုရင်တော့ ဒါဟာ စိတ်ပျက်စရာလို့ ထင်ချင်မှ ထင်မှာပေါ့"





"ဟုတ်တာပေါ့ မေမေ"

သမီးက ဘီးကို ပလတ်စတစ်ခြင်းငယ်လေးထဲ ထိုးစိုက်လိုက်ပြီး သိမ့် ခုတင်ပေါ် ဖွေ့ခနဲ ခုန်ကူးလာသည်။

"ဘာပဲဖြစ်ဖြစ် မိန်းမတွေဟာ အိမ်ထောင်ကျပြီဆိုတာနဲ့ ကိုယ့်ယောကျ်ား ကိုယ့်ဆီက ခွာမသွားအောင် နည်းလမ်းအမျိုးမျိုးသုံးပြီး ဆွဲဆောင်ရတော့တာ မဟုတ်လား။ ဒီတော့ ယောကျ်ားနဲ့ကွဲဇို့ အကြောင်းရင်းဆိုတာ ရှိကိုမရှိဘူး။ ဘာဖြစ်လို့များ လောကကြီးက ဒီလောက်တစ်ဖက်စောင်းနင်း ဖြစ်ရတာလဲ မသိဘူးနော် ...

မေမေ့ကို သမီးချစ်ပါတယ် ...။ ဒါပေမဲ့ မေမေ့ကို သမီး ကိုယ်ချင်းစာလို့ ရတယ်။ မိန်းမတစ်ယောက်ရဲ့ စွမ်းဆောင်နိုင်တဲ့ အရည်အချင်းဆိုတာ အကန့်အသတ်တွေ အများကြီးရှိတယ်။ မိန်းမတစ်ယောက်ဟာ ဘယ်လောက်တော်တော် ဘယ်လောက် အရည်အချင်းရှိရှိ ကိုယ့်ရဲ့လင်ယောကျ်ားရဲ့ ဦးဆောင်မှုကို လိုလားကြတာချည်းပဲ။ ကိုယ့်ခင်ပွန်းသည်ကို အထင်ကြီးအားကိုးချင်ကြတာပဲ ...

ဒါဟာလည်း အချစ်နဲ့ တစ်မျိုးတစ်ဖုံ ပတ်သက်နေတယ်လို့ သမီးတော့ ထင်တယ်"

လက်ထဲက စာအုပ်ကို လက်ညှိုးခံလျက် ပိတ်ပစ်လိုက်ရင်း သိမ့် သမီးကို ခပ်စူးစူး စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... မိယမုန်ရဲ့။ ခုကျမှ ဒီကိစ္စတွေ ဘာကြောင့်များ စိတ်ဝင်တစား မေးနေရတာတုန်း။ ကိုယ့် အမေကို အသည်းမာတဲ့ မိန်းမလို့ တစ်ချိန်လုံး စွပ်စွဲနေ ပြီးမှ ..."

သမီးက ကလေးငယ်တစ်ယောက်လို ခပ်ရှတ်ရှတ် ရယ်လိုက်သည်။

"မေမေ့ကို အရင်က သမီး နားမလည်ခဲ့တာတွေ ခု နားလည်လာခဲ့လို့ပေါ့ မေမေရဲ့"

သိမ့် မျက်စောင်းထိုးတော့ သမီးက ချစ်စဖွယ် ရယ်မောလေသည်။ သမီးရဲ့ အကျင့်စရိုက် အတော်များများက သူ့အဖေနှင့် ဆင်တူလှသည်။ သိမ့် မနှစ်မြို့နိုင်သည့် အကျင့်အတော် များများကို သမီးက သူ့အဖေထံမှ အမွေရခဲ့သည်။ တစ်ခုခု လုပ်ဖို့ အချိန်အကြာကြီး တွေဝေနေတာမျိုး၊ သူ့ဘက်က အမှား တစ်ခုအတွက် အကြောင်းပြချက်တွေ ဆင်ခြေဆင်လက်တွေ တစ်ပုံကြီး ပေးတတ်တာမျိုး၊ ချို့ယွင်းချက်ကို အလွယ်တကူ ဝန်မခံချင်တာမျိုး ...။

ဒါပေမဲ့ သိမ့်သည် သမီးကိုတော့ ဘယ်လိုအကြောင်း ကြောင့်မှ စွန့်ပစ်ဖို့ စိတ်မကူးခဲ့ချေ။

"အရင်ကတော့ ... သမီး ... ဖေဖေ့ကို သနားတယ် ဖေဖေဟာ မေမေနဲ့ ကွဲသွားပေမဲ့ နောက်အိမ်ထောင်မပြု မေမေ့အပေါ်မှာ သစ္စာရှိရှာတယ် ... လို့ ...





ဒါပေမဲ့ ... အဲဒီလို ဘယ်မှာ ဟုတ်လို့လဲ နော် ... တကယ်တော့ ဖေဖေ နောက်အိမ်ထောင် မပြုတာ အိမ်ထောင်တစ်ခုရဲ့ တာဝန်ကို ယူရမှာ ကြောက်လို့ပဲကိုး"

သိမ့် ရင်ထဲမှာ နင့်ခနဲ လှိုက်လှဲဝမ်းနည်းသွားခဲ့ပါ သည်။

တကယ်တော့ ဘယ်မိန်းမ မဆို မိမိခင်ပွန်းသည် အပေါ် သည်လို ဝေဖန်စကားမျိုး ကြားချင်မှာ မဟုတ်ပါဘူးလေ။

အိမ်ရှေ့ဧည့်ခန်းဆီက တံခါးဘဲလ်သံကို ကြားတော့ ဆံပင်ရှည်ကို ဖြစ်သလို စုချည်လိုက်ပြီး သမီး ပြေးထွက်သွားသည်။ သိမ့် အိမ်မှာ ရှိနေတတ်သည့်အချိန်မျိုးမှာ အိမ်ကို လာတတ်သော ဧည့်သည်သည် အများအားဖြင့် သိမ့်ရဲ့ ဧည့်သည်သာ ဖြစ်တတ်ပါ သည်။ သမီး ရှိစဉ်ကတည်းက သမီးသည် သူငယ်ချင်းမိတ်ဆွေ များကို အိမ်ခေါ်မလာတတ်။ အိမ်မှာ ဖခင်မရှိသည့် အဖြစ်ကို သိမ့်ကသာ မေ့ကောင်းမေ့မည်။ သမီးကတော့ ဘယ်တော့မှ မမေ့တတ်ချေ။

တံခါးဖွင့်သံကိုသာ ခပ်ပါးပါး ကြားလိုက်ရပြီး နှုတ်ဆက်စကားသံကို မကြားရသည်မို့ ရုတ်တရက် ထူးဆန်းသလို ထင်မိသည်။ စာအုပ်ကို ခုတင်ပေါ် အသာကျထားခဲ့ပြီး အခန်း တံခါးဝမှာ ရပ်မိ၏။ အိမ်ရှေ့ဧည့်ခန်းတံခါးဆီသို့ ခပ်စောင်းစောင်း မြင်နေရသည်မို့ တံခါးဝမှာ ရပ်နေသည့် တင်အောင်မိုးကို ယမုန်န့ ကို ခပ်တိုးတိုး တစ်ခုခု ပြောလိုက်သည်ကိုလည်း မြင်သည်။

www.burmeseclassic.com



သမီးက ...


"ဘာလာလုပ်တာလဲ"

ဟု တင်းတင်းမာမာ မေးဆဲမှာပင် သိမ့်သည် အခန်းတံခါးကို အသံမမြည်အောင် စေ့ပိတ်လိုက်ပြီး သော့ခတ်ထားလိုက်တော့သည်။

သမီးမှာ သိမ့်လို သွေးအေးခေါင်းမာလှသည့် ဗီဇမျိုး မရှိဘူးဆိုတာ သိမ့် ကောင်းကောင်း သိပါသည်။







www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုတွေထဲမှာ၊ ရုပ်ရှင်တွေထဲမှာ မြင်တွေ့ရသည့် သာယာပျော်ရွှင်ဖွယ်သော မိသားစုဘဝတစ်ခုကို စိတ်ကူးယဉ် မျှော်လင့်ခဲ့မိသည့် သိမ့်သည် အိမ်ထောင်သက် ရှစ်နှစ်မျှ ကာလ အတွင်းမှာ အေးခဲပျက်ပြယ်စ ပြုလာသော သိမ့်တို့၏ အိမ်ထောင် ရေးအတွက် ပြုပြင်အဖတ်ဆယ်ဖို့ အမျိုးမျိုး ကြိုးစားကြည့်ခဲ့ဖူးပါ သည်။ သိမ့်တို့ နှစ်ဦးသည် သမီးရှေ့မှာ ဘယ်တော့မှ ရန်ဖြစ်ဖို့ မကြိုးစားဘဲ မကျေနပ်ချက် ဟူသမျှကို မျိုသိပ်ခဲ့လေသမျှ သမီးရဲ့ ကွယ်ရာမှာတော့ စကားလုံးတွေ မကြာခဏ တိုက်ခိုက်မိတတ်ကြ သည်။ မျက်နှာချင်းဆိုင်မိသည့် သိမ့်တို့နှစ်ဦးအတွက် ဆွေးနွေး စရာ အကြောင်းအရာ ဆိုတာကလည်း ရုပ်ဝတ္ထုတွေချည်း သက် သက်လိုသာ ဖြစ်နေတော့သည်။ ဒါကို သူလည်း နှစ်မြို့နိုင်မှာ မဟုတ်ပါ။ သိမ့်က စက္ကူဈေးအကြောင်း၊ စာအုပ်ရိုက်ခအကြောင်း၊ စာအုပ်ဈေးကွက်အကြောင်း ပြောလျှင် သူ စိတ်မဝင်စားနိုင်သလို သူ့လုပ်ငန်းခွင်က ပြိုင်ပွဲတွေ၊ တိုက်ခိုက်မှုတွေ၊ သူ့ရဲ့ နာကြည်းဖွယ် ဖိနှိပ်ခံရမှုတွေကိုလည်း သိမ့် စိတ်ဝင်စားဖို့ မတတ်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ သူကတော့ သမီးနှင့် ဆော့ကစားရင်း ပျော်ရွှင်နေမြဲပါပဲ။ သူ့အဖို့တော့ အတန်းထဲမှာ သမီး အမှတ်အများဆုံးရဖို့ကိုလည်း စိတ်ပူပန်ရသည် မရှိချေ။ သမီးအတွက် ကျူရှင်လခ ဘယ်လောက်ပေးရသည် ဆိုတာလည်း သူ မသိချေ။ နောက်ဆုံး သမီး ဘယ်လိုပုံစံ ကြီးပြင်းလာပြီး ဘယ်လောက်ထိ ထူးချွန်စေရမည်ဆိုတာကိုပင် သူ တစ်ခါမှ မဆွေးနွေးဖူးခဲ့ချေ။

သည်လိုဆိုတော့ သိမ့်သည် သမီး မမွေးဖွားခင်က သူ့ရဲ့ တက်ကြွမှု၊ ဆန္ဒပြင်းပြမှုနှင့် သမီးအပေါ် အားတက်သရော မျှော်လင့်မှုတွေကိုပဲ ပြန်ပြီး သတိရ လွမ်းဆွတ်ရတော့သည်။ သူ့အတွက်တော့ သူ့ဘက်က ဘာတစ်ခုမှ မချွတ်ယွင်းခဲ့ဘဲ အမြဲတမ်း ဇနီးသည်နှင့် သမီးအပေါ် ဝတ္တရားကျေသူ၊ ငဲ့ညှာတတ်သူ သစ္စာကြီးသူဟု သူ့ကိုယ်သူ ယုံကြည်လျက်ပင် ...။

"ကိုယ် တတ်နိုင်သလောက်တော့ ကိုယ် အမြဲလုပ်ပေးခဲ့တာပါပဲ။ ကိုယ့်လစာ အကုန်အပ်တယ်လေ။ ကိုယ့်ရဲ့ ရပိုင်ခွင့်တွေ သိမ့်ကို အကုန်ပေးထားတယ်လေ ...။ သိမ့်က ဘာဖြစ်စေချင်လို့လဲ ...။ ကိုယ် ဘာလုပ်ပေးရဦးမှာလဲ"

သူက စိတ်ပျက်လက်ပျက် ညည်းတွားပါသည်။

"ယောက်ျားတစ်ယောက်အဖို့ အဲဒီ စကားဟာ တာဝန်အရှိဆုံးပဲ ကိုရဲ့ ...။ ဘာဖြစ်စေချင်တာလဲ ...။ ဘာလုပ်ပေးရမလဲလို့ မေးဖို့မလိုဘူး ...။ အိမ်ထောင်ဦးစီး တစ်ယောက်ဟာ





သူ့အိမ် သူ့မိသားစုရဲ့ ကိစ္စမှန်သမျှ စိတ်ဝင်စားရမှာပဲ။ အားတက်သရော ရှိရမှာပဲ ...

ခုတော့ ကိုက ဒီမိသားစုရဲ့ ကိစ္စအားလုံး သိမ့်ခေါင်းပေါ်မှာပဲ ပုံထားတယ်။ ကိုနဲ့ မဆိုင်သလိုပဲ ...။ စိတ်လည်း မဝင်စားဘူး၊ ကူလည်းမကူညီဘူး၊ တိုင်ပင်ဖော်လည်း မရဘူး ...။ အဲဒါ ... ကို ... သိမ့်တို့သားအမိအပေါ် သံယောဇဉ် နည်းလာလို့လဲ"

"မဟုတ်တာ သိမ့်ရယ်"

"သိမ့်ကို အရင်ကလို ကို မချစ်တော့ဘူး မဟုတ်လား"

သိမ့်မျက်နှာ ပူနွေးလျက် နှုတ်ခမ်းလွှာများ တုန်ယင်လျက်ရှိသည်။ သူက သိမ့်ကို နားမလည်နိုင်သလို မျက်ဝန်းများဖြင့် တွေတွေဝေဝေ စိုက်ကြည့်နေ၏။ သိမ့် သူ့ကို မျက်နှာလွှဲပစ်လိုက်ပြီး ခုတင်ပေါ် အလျားလိုက် မှောက်ကာ ခေါင်းအုံးပေါ် မျက်နှာအပ်ထားလိုက်သည်။ သူနှင့် သိမ့်မှာ ခုလို စကားများရန်ဖြစ်ဖို့ ဒါမှမဟုတ် စိတ်အေးလက်အေး ဆွေးနွေးဖို့ ညတွေ မရှိခဲ့တာကြာပြီ။

"သိမ့်"

သိမ့် နောက်ကျောက ဆံပင်တွေကို သူက ခပ်ဖွဖွ သပ်လျက် ...

"သိမ့်ကရော ... ကိုယ့်ကို အရေးမစိုက်တော့ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု နာကြည်းသံဖြင့် ပြောပြန်သည်။

"ကိုယ် ဘာလုပ်ပေးပေး သိမ့်အတွက် အရာမထင်တော့ဘူ
လေ။ သိမ့်အမြင်မှာ ကိုယ်ဟာ အထင်ကြီးစရာ တစ်ကွက်
မရှိဘူး မဟုတ်လား ...

အေးလေ ... ကိုယ့်ဘဝမှာလည်း နောက်ထပ် မျှော်
လင့်စရာ ..."

"တော်စမ်းပါ"

မျက်နှာတစ်ပြင်လုံး မျက်ရည်တွေ စွန်းပေလျက်
သိမ့် ခေါင်းထောင်ထ,လိုက်သည်။

"ကိုက သိမ့်ကို အဲဒီလို စွပ်စွဲ ချင်နေတာမဟုတ်လား ...
သိတယ် ...။ သိနေတာ ကြာပြီ။ ဒါပေမဲ့ ... သိမ့်ကတော့
အဲဒီလိုမဟုတ်ဘူး ဆိုတာ ကိုယ့်ဘာသာ သေချာတယ်။
ကို ဘယ်လိုဘဝပဲရောက်ရောက် နောက်ဆုံး အလုပ်လက်မဲ့
ဖြစ်ဖြစ် ကိုဟာ သိမ့်ရဲ့ ခင်ပွန်းပဲ သမီးရဲ့အဖေပဲ ...

ကို့ကို သိမ့် ဘယ်တော့မှ အထင်မသေးဘူး ...

သိမ့် စိတ်ပျက်တာက ကိုက မိသားစုကို လျစ်လျူ
ရှုထားတာပဲ။ မိသားစုရဲ့ ကိစ္စကို ခေါင်းထဲ မထည့်တာ
ပဲ။ ပြီးတော့ သမီးနဲ့သိမ့်ကို ဂရုမစိုက်တာကိုပဲ။ သိမ့်
ကို အသုံးချဖို့လိုတဲ့ အချိန်မှာမှ သတိရတာ အဲဒါကို သိမ့်
အနာဆုံးပဲ"





"အဲဒါလည်း သိမ့်က ကို့ကို တစ်ဖက်သတ် စွပ်စွဲတာပဲ။
ကိုယ့်စိတ်ထဲမှာ သိမ့်နဲ့သမီး အမြဲရှိနေတယ်"

"သမီးရဲ့ ကိစ္စအတွက် ကို ဘာများ လိုက်ပြီး ဆောင်ရွက်ပေး
ဖူးသလဲ ...။ ဒီမှာ ကိုရဲ့ ...။ ဒီအိမ်ရဲ့ အရေးကိစ္စ မှန်သမျှ
မိန်းမတန်မဲ့ သိမ့် တစ်ယောက်တည်းသာ ခေါင်းခံလုပ်ခဲ့
ရတာ မဟုတ်လား ...

သိမ့်မှာ အကြွေးတွေဆပ်ဖို့ နှစ်ချက် သုံးနာရီအထိ
အလုပ်လုပ်ရတာ။ ဒီမိသားစု နေ့စဉ်ရပ်တည်ဖို့အတွက်
အလုပ်တစ်ခုကို ပြဿနာတွေ အများကြီး ကြားထဲက
မဆုံးရှုံးအောင် ထူထောင်ခဲ့ရတာ။ နောက်ဆုံး ကို နေ့စဉ်
မျက်နှာချင်းဆိုင်နေရတဲ့ ပြဿနာတွေကို ဆက်ပြီး သည်း
မခံနိုင်တော့ရင် သိမ့် တစ်ယောက်တည်းရဲ့ ဝင်ငွေနဲ့ ရပ်
တည်လို့ရအောင် လုပ်ငန်းကို အတည်တကျဖြစ်အောင်၊
ခိုင်မြဲအောင် သိမ့် တစ်ယောက်တည်း ရုန်းကန်နေရတာတွေ
ကို ... ကို သိခဲ့လို့လား ...

သိမ့်မှာ အခြေအနေဆိုးတစ်ခုခု ရင်ဆိုင်နေရလို့များ
ကို့ကို ဖွင့်ပြောဖူးလား ...၊ အကူအညီ တောင်းဖူးလား ...၊
ကို တောင် မသိလိုက်ရဘူး မဟုတ်လား ..."

"ဟုတ်ပါတယ် ...။ ဒါပေမဲ့ အဲဒီအတွက် ကိုယ်မှ မတတ်
နိုင်တာ။ ကိုယ့်ကို သိမ့်က ဘယ်လို ဖြစ်စေချင်တာလဲ"

"ကို့ကို အရင်ကလို ဖြစ်စေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အရင်အတိုင်းပါပဲ"

နောက်ဆုံးမှာ သိမ့်တို့ နှစ်ဦးကြား ပြဿနာထ တစ်ယောက်နှင့် တစ်ယောက် စွပ်စွဲရင်း အပြစ်ပုံချရင်း မုန်းလုံးစဏ္ဍ ကပ်နေတော့တာပါပဲ ...။

"သိမ့်ကသာ ပြောင်းလဲသွားတာ"

"သိမ့်က ဘာတွေ ပြောင်းလဲသွားသလဲ"

"အများကြီး ပြောင်းလဲသွားတာပေါ့။ အရင် နယ်မှာနေတုန်းက ဘာကိုမှ မမက်မောတတ်တဲ့ သိမ့်က ခုတော့ ငွေကို တအားမက်မောတတ်လာတယ်။ ပိုက်ဆံရှာတဲ့ အလုပ်ကလွဲရင် ဘာမှမလုပ်ချင်တော့ဘူး။ တဖြည်းဖြည်းနဲ့ လောဘ မောဟတွေ ပြည့်လာတယ်၊ ပိုက်ဆံကလွဲပြီး ဘာမှ မမြင်တော့ဘူး ..."

သူက စာအုပ်တစ်အုပ်ကို ဖတ်နေသလို အတက်အကျ မရှိသော လေသံဖြင့် အေးအေးဆေးဆေး တစ်ခွန်းချင်း ပြောနေသည်။

"ဟုတ်တယ် ... သိမ့် သိပ်တော်ပါတယ်။ ကိုယ် လိုက်လို့ မမီအောင်ကို တော်ပါတယ်။ ကိုယ်ကတော့ ပိုက်ဆံရှာဖို့ အရည်အချင်း မရှိဘူး။ ကိုယ့်မိန်းမနဲ့ ကိုယ့်သမီးအပေါ်မှာ စေတနာ အပြည့်ရှိပါတယ်။ ဒါပေမဲ့ စေတနာ ဆိုတာ ပိုက်ဆံလောက် အရာမထင်ဘူး။ အဲတော့ ကိုယ့်မိန်းမနဲ့ သမီးကို မချစ်ဘူးလို့ ပြောချင်လည်း ရပါတယ်"





တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သူ တစ်ယောက်လို သိမ့် သူ့ကို မျက်ရည်တွေကြားထဲ စိုက်ကြည့်နေမိသည်။ သိမ့် ရင်ဘတ်ထဲမှာ အေးစက်စွာ ပြည့်ကျပ်လျက် ပြင်းထန်စွာ လှုပ်ရှားနေခဲ့သည်။ အဲသည်လို နာကျင်ခြင်းမျိုး သိမ့် တစ်ကြိမ်တစ်ခါမှ ခံစားဖူးခဲ့ပါ ...။

ထို့နောက်မှာတော့ သိမ့် မျက်နှာပေါ်က မျက်ရည် ကော်တွေ သွေ့ခြောက်လျက် ရေခဲတွေချည်းရှိသည့် ဟင်းလင်းပြင် တစ်ခုလို အရာရာသည် အေးခဲသေဆုံးခဲ့တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တဲ့ ... သိမ့်က လောဘကြီးတယ်၊ ငွေမက်တယ်။ အဲတော့ ကို ဘာလုပ်ချင်သလဲ ... ဘယ်လိုဖြစ်ချင်သလဲ ..."

သိမ့်သည် မိုက်မဲလှစွာပင် ရှေ့ဆက် ဖွတ်တိုးခဲ့၏။ သိမ့်အတွက် ခံနိုင်ရည်သည် ဘယ်လိုအတိုင်းအတာအထိ ရှိမည် မသိ။ သို့ပေမဲ့လည်း အချစ်ကြောင့်ပင် သိမ့်သည် ကာလရှည်ကြာ စွာ အချည်နှောင်ခံခဲ့ရသည်။ အချစ်ကြောင့်ပင် သိမ့်သည် ခွ အားဖြင့် မိန်းမသားတစ်ယောက်၏ ခံနိုင်ရည်နှင့် မမျှအော ကြိုးစားရုန်းကန်ခဲ့ရသည်။ အချစ်ကြောင့်ပင် သိမ့်သည် မိမိဘက်ထ ချည်း ပေးဆပ်ရသည့် အဖြစ်ကို မမြင်နိုင်ဘဲ ကျေနပ်နှစ်သိမ့် သည်။ အချစ်ကြောင့်ပင် နှစ်ဦးနှစ်ဖက် မျှယူရမည့်ဝန်ကို တ ယောက်တည်း ထမ်းခဲ့သည် ...။ သည်လိုဆိုတော့ သိမ့် ပေးခဲ့သ နှင့်တန်အောင် ပြန်ရခဲ့လေသည်လား ...

ရခဲ့သားပဲ ...

လောဘကြီးသူ ... တဲ့ ...။

သိမ့် မျှော်လင့်ခဲ့တဲ့ အနာဂတ် ဆိုတာ ဘယ်မှာ





ခိုင်ခံ့သည့် စီးပွားရေးအဆောက်အဦလေး တစ်ခုနှင့် သာယာချမ်းမြေ့သည့် မိသားစုဘဝကို ရဖို့ သူ တာဝန်မယူနိုင် သည့်အရာကို သိမ့် ရွမ်းဆောင်ခဲ့တာဟာ တစ်ချိန်မှာ သူ့ရဲ့ ဝန်ထုပ် ဝန်ပိုးတွေ သူ့ရဲ့ စိတ်ဆင်းရဲ ကျဉ်းကျပ်ခြင်းတွေ သူ့ရဲ့ သောက ဒုက္ခတွေကို သူ ထားခဲ့နိုင်စေဖို့ မဟုတ်လား။ လွတ်လွတ်လပ်လပ် ရုန်းထွက်နိုင်ဖို့ မဟုတ်လား ...။

သူ ဘာကြောင့် မမြင်နိုင်ရတာလဲ ...

သူ ဘာကြောင့် မသိနိုင်ရတာလဲ ...

မြင့်မြတ်သည့် ပါရမီဖြည့်ဖက် မိန်းမသားတစ် ယောက် မဖြစ်နိုင်ခဲ့သည်ကို မတတ်နိုင်ပါ။

သိမ့်သည် သဘောထားကြီးမြတ်ခြင်း မရှိသည့်၊ အနစ်နာခံလိုစိတ် မရှိသည့်၊ ထောက်ထားငဲ့ညှာမှု မရှိသည့် သာမန်မိန်းမတစ်ယောက်သာ ဖြစ်ပါသည်။

"သိမ့် သဘောပါပဲ။ ကိုယ့်ဘက်ကတော့ ဘာမှ ပြောစရာ မရှိဘူး ...။ သိမ့် ကြိုက်သလို ဆုံးဖြတ်ပါ။ ကိုယ့်ဘက်က အဆင်သင့်ပဲ"

သူ့စကားက သိမ့်အတွက် ချိန်ကိုက်ဗုံး တစ်လုံး ဖြစ်လာခဲ့သည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ကို လဲပြိုစေနိုင်သည့် အထိရောက်ဆုံး အရာက မေတ္တာတရားကို ဆုံးရှုံးရခြင်းပင်ဖြစ်သည် ... ဟု သိမ့် သိခဲ့ရသည့်အချိန်မှာ သိမ့်သည် ဘယ်လို အကြောင်းကြောင့်မှ သူ့ကို နောက်ထပ်ခွင့်လွှတ်ဖို့ မလိုအပ်တော့သည့် အချိန်မျိုးဖြစ်ခဲ့သည်။ ခုနစ်ရက်ဟူသော အချိန်ကာလအတွင်းမှာ သိမ့်သည် ကိုယ့်ကိုယ်ကိုယ် စမ်းသပ်ချက်တွေ အတော်များများ လုပ်ကြည့် စမ်းသပ်ကြည့်ပြီး နှောင်ကြိုးတွေကို တစ်ဆင့်ချင်း ဖြတ်ခဲ့သည်။

တကယ်တော့ ကိုယ့်လက်က သွေးကြောတွေကို ဖြတ်ပစ်ရသလိုပါပဲလား ...

သမီးကဖြင့် သိမ့်ကို သွေးအေးတတ်သူရယ်လို့ အမြဲစွပ်စွဲခဲ့သည်။ အဲသည် ကြေကွဲဖွယ်နေ့ရက်တွေကို သိမ့် ဘယ်လို ဖြတ်သန်းခဲ့ရသည်ဆိုတာ သမီးမှ မသိနိုင်ခဲ့ပဲ။

မိန်းမတစ်ယောက်အတွက် ကြေကွဲစရာအဖြစ်ဆိုတာ အသိုက်အမြုံ ပြိုကွဲရခြင်းပဲ မဟုတ်လား။ ဒါပေမဲ့ ဆက်ထုံးတွေ အများကြီးရှိနေသည့် ကြိုးတစ်ချောင်းကိုဖြင့် သိမ့် မတွယ်တာချင်တော့ပါ။





"လောဘကြီးသူ" ဆိုသည့် သူ့စွပ်စွဲချက်က သိမ့်ကို နှလုံးသွေးစက်တွေ အေးခဲစေခဲ့သည်။ သူ့အပေါ် နားလည်ဖို့ ကြိုးစားနေသမျှ သိမ့်တို့ မိသားစုဘဝလေး ငြိမ်းချမ်းသာယာအောင် သိမ့် ကြိုးစားခဲ့သမျှ အဲသည် စွပ်စွဲချက်တစ်ခုက အားလုံးကို ရိုက်ချိုးဖျက်ဆီးနိုင်ခဲ့သည်။ သိမ့်ရဲ့ နာကြည်းစိတ်တွေက ရေတံခွန်က ရေတွေ တဝုန်းဝုန်း စီးကျလာသလို အရှိန်ပြင်းထန်စွာ စီးဆင်းကျလာနေပြီး အဲသည် အရှိန်အဟုန်ထဲမှာ နားလည်မှု၊ ခွင့်လွှတ်မှု၊ ငဲ့ညှာချစ်ခြင်းတွေ အားလုံး တစ်စစီ မျောလွင့်ပါသွားတော့သည်။

နေ့စဉ်ပြုနေကျ ဝတ္တရားတွေထဲမှာ သိမ့်သည် အရုပ်တစ်ရုပ်လိုပင် လှုပ်ရှားနေခဲ့သည်။ နံနက်စောစောမှာ သမီး ကျောင်းသွားဖို့ပြင်ဆင် နံနက်စာပြင်ဆင်ပြီး သူနှင့် မျက်နှာချင်း မဆိုင်ရဖို့ ဘုရားရှိခိုးရင်း စိတ်ကိုလည်း တည်ငြိမ်စေရသည်။ သိမ့်က သူ့ကို စိတ်ကောက်နေသည် ဆိုလျှင်လည်း သူက မသိကျိုးကျွံ ပြုမြဲပါပဲ။ နံနက်စာစားပွဲမှာ သူသည် အခါတိုင်း နေ့တွေလိုပင် သမီးနှင့်သိမ့်ကို ကျီစယ်ရယ်မောမြဲပင် ...။

သူကတော့ မေ့ပျောက်လွယ်သူလေ ...

ဘာကိုမှ အလေးအနက် မထားတတ်သူလေ ...

သူ့ရဲ့ ကျီစယ်စကားတွေက သိမ့်ရဲ့ စိတ်တွေကို မကြည်လင်စေနိုင်တော့ပါ။ အရင်ကတော့ နံနက်စာစားချိန်တွေ၊ ညဘက် ရုပ်မြင်သံကြားဇာတ်လမ်း အချိန်တွေက သိမ့်တို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုရဲ့ ကိုယ်ပိုင်ချိန်တွေဖြစ်သည်။ တကယ်တော့ အဲသည်လို ပိုင်ဆိုင်ခဲ့ရတာလည်း သိပ်တော့ မကြာလှသေးပါ။ သူနှင့် ဓေး နေသည့် ကာလတွေတုန်းကတော့ သိမ့်ဟာ နံနက်စာအချိန်တွေမှာ သမီးကို သူ့ဖခင်အကြောင်း ပုံပြင်တွေလို ပြောခဲ့ရတာပေါ့။ ညဘက် ရုပ်မြင်သံကြားချိန်တွေဆိုလည်း သမီးကို ရင်ခွင်မှာ ပွေ့ထားရင်း သမီးရဲ့ ဆံပင်တွေ ပျော့စင်းစင်းတွေကြားထဲ မျက်နှာဝှက်ပြီး မျက်ရည်ကျခဲ့ရသည်ပေါ့။

ညနေ မှောင်ရီပျိုးပျဆို ခြံတံခါးရှေ့ အရိပ်တစ်ခုခု ကျလာလျှင် ဒိတ်ခနဲ ရင်ဆောင့်ခုန်ရသည်။ မျှော်လင့်ချက်တစ်ခုဖြင့် ပင်ပန်းရသည်။ အသံခပ်အုပ်အုပ်ကြားလျှင် တိတ်တခိုး ရင်ခုန်ရ သည်။ သို့ပေမဲ့ သူကတော့ ဘယ်တော့မဆို မိသားစုနှင့်ပျော် ရွှင်စွာ အချိန်ကုန်ဖို့ အိမ်ပြန်ခဲ့သည် မဟုတ်ချေ။ သူ့ထံမှာ တာဝန်တစ်ခုခုတော့ အချိန်နှင့်မျှအောင် ပါလာတတ်စမြဲပင်။ ထို့ကြောင့်လည်း သမီးငယ်သည် ညအိပ်ပျော်ချိန်မှာမှ ရောက်လာ တတ်ပြီး နံနက်စောစောမှာ ထ,ထွက်သွားတတ်သည့် ဖခင်ဖြစ်သူ အိမ်ပြန်လာသည် ဆိုတာကိုပင် မသိချေ။

သိမ့်တို့ သားအမိအဖို့ သူ့ကို ဘယ်လောက်အထိ လိုအပ်ခဲ့သည်ဆိုတာကို သူ သိခဲ့ပါလေစ။ ဖခင်ဖြစ်သူကို မျှော်ခဲ့ တမ်းတခဲ့ရသည့် သမီးလေးရဲ့ ခံစားချက်ကိုရော သူ တွေးမိပါ လေစ။ မိသားစုကို ခင်တွယ်တတ်သူ တစ်ယောက် ဖြစ်ခဲ့ပြီးမှ လျစ်လျူရှုခဲ့တာ မဟုတ်ဘူးလို့ ငြင်းဆိုချင်သေးသည်လား ...။





စနေ တနင်္ဂနွေ ရုံးပိတ်ရက်တွေဆို သမီးက သူ့ အဖေကို မျှော်ရှာသည်။

"ဖေဖေတို့ရုံးက ဆန်းဒေးမှာ မပိတ်ဘူးလား မေမေ"

ဟု သိတတ်လာပြီ ဖြစ်သည့် သမီးက မေးသည်။ လာချင်လျှင် နီးနီးလေးပေမဲ့ သူနှင့် သိမ့်တို့သားအမိအတွက် တော့ ခရီးက ဝေးခဲ့သည်။ သမီး ကျောင်းဖွင့်ရက် သူတို့ရုံးတွေ ဖွင့်ရက်များ ဆိုလျှင်တော့ သူ ရောက်လာပါပြီ။ ညအိပ်ကာနီးမှ သမီးကို မျက်နှာပြကျီစယ်ပြီး နံနက်စောစော အိပ်ရာမှာ သူ မရှိတော့။

သမီးက ..

"ဖေဖေရော"

လို့ မေးလျှင် သိမ့်ရင်မှာ ဆို့နင့်နာကျင်ရသည်။

သည့်ထက် ပိုပြီးတော့ မထူးပါဘူးကွယ် ...။ သိမ့် ဟာ ရွက်မရှိတဲ့လှေလို ခေါင်မရှိတဲ့ အိမ်ပျက်လို ... ဆိုသည့် ဥပမာတွေကို မသုံးချင်ပေမဲ့ ခင်ပွန်းသည် ရှိနေသည်ဆိုသည့် အသိအမှတ်သာ ရှိပြီး မုဆိုးမတစ်ယောက်လို ဖြစ်နေခဲ့ရတာပဲ မဟုတ်လား ...။

သည် သမီးလေးတစ်ယောက် လူလားမြောက်အောင် အမှီအခို မပါဘဲ အစွမ်းရှိသရွေ့ ရုန်းကန်ပျိုးထောင်ခဲ့ရသည် မဟုတ်လား ...။

ဝေးသွားစမ်းပါ ...။

စေတနာစာပေ

www.burmeseclassic.com



သည်အိမ်မှာ သူ့အတွက် နေရာမှ မရှိခဲ့တာပဲ။

သိမ့်တို့သားအမိကို တစ်စုံတစ်ရာ ပေးအပ်ဖို့ သူလာခဲ့သည်မဟုတ်။ သိမ့်တို့ထံက တစ်ခုခု ယူဆောင်သွားဖို့သာ သူလာခဲ့သည်။

သည်လိုဆိုတော့ သူ့နေရာမှာ သူ မဟုတ်သည့် တစ်ယောက်ယောက် ဝင်စားလာသလားဟုပင် သိမ့် ထင်မိသည်။

ဟိုးတုန်းက သူ့ရဲ့ အကြင်နာတွေကိုတော့ မက်မောလျက်ပင် ရှိသေး၏။ နမြောဆဲပင် ရှိသေး၏။ သို့ပေမဲ့ သိမ့်သည် သူ့ထံက မျှော်လင့်သမျှ ပြန်ရမည်ဟု အလောင်းအစား မပြုရဲချေ။

ထို့ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းများနှင့် ထိန်းချုပ်ရသည်။ သိမ့်အပေါ်မှာ သူ့ရဲ့အမြင်က ဘယ်လိုဆိုတာ သိမ့် ကောင်းစွာနားလည်နိုင်ခဲ့ပြီ။ သည်တော့ သိမ့်က သူ့ကို ဘာများ တောင်းဆိုချင်သေးသည်လဲ။

ခွဲခွာဖို့ ...

သည်တစ်ခုကလွဲပြီး ဘာများ တောင်းဆိုစရာ ကျန်ပါသေးလဲ ...။

သိမ့်တို့ သားအမိအဖို့ကတော့ သူ ရှိနေခြင်း၊ မရှိခြင်းက သည့်ထက်ပိုပြီး ထူးခြားမည် မထင်တော့ပါ။ သမီးလေးအတွက်တော့ ဖခင်တစ်ယောက် မဆုံးရှုံးစေရ။ ဖခင်မေတ္တာကို မဆုံးရှုံးစေရ ...။





ဆုံးဖြတ်ချက် ကိုယ့်ကိုယ်ကိုယ် ပိုင်နိုင်ခဲ့ပြီထင်သောအခါ သိမ့် သူ့ရှေ့မှာ ပြုံးရယ်လာနိုင်သည်။ သွေးခဲသွားသည့် နာကြည်းချက်တွေ ရှိနေသည့် ရင်ထဲက သူ့ကို ရန်သူတစ်ယောက်လို သဘောထားနိုင်လာသည်။

ရန်သူတစ်ယောက်ရဲ့ ရှေ့မှာ ဘယ်တော့မှ မရှုံးနိမ့်စေရ။

ပြီးတော့ ဘယ်အခါမှ ပြန်ပြီး မတမ်းတမိစေရ။

နောင်တ မရစေရ ...။

ဘဝတစ်လျှောက်လုံးမှာ အဲသည်ဆုံးဖြတ်ချက်က အရေးပါဆုံးနှင့် အခက်ခဲဆုံးပင် ဖြစ်ပါသည်။

ဒါပေမဲ့ သိမ့်က လောဘကြီးတတ်သူလေ ကိုရဲ့ ...။

ကို့ရဲ့ အချစ်ကို အပြည့်အဝ မရနိုင်တော့ဘူးဆိုရင်တော့ နောက်ထပ် ဘာကိုမှလဲ မလိုချင်တော့ပါဘူး ...

ညှာတောက်ထားမှု၊ သနားစာနာမှု၊ သံယောဇဉ် ဘာကိုမှ မလိုချင်တော့ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



"သိမ့်တို့ ကွာရှင်းကြစို့"

သူ အိပ်ရာပေါ်ကနေ ဆတ်ခနဲ ခေါင်းထောင်လာသည်။

"ဘာဖြစ်ရပြန်တာလဲ"

သည်လောက်ပဲ တုံ့ပြန်သည်။ ပြီးတော့ ခေါင်းအုံးပေါ် ခေါင်းမှီချလျက် ပြန်ပြီး ငြိမ်သက်သွားပြန်သည်။ သူ့စိတ်ထဲမှာ သိမ့်သည် ကလေးဆန်ဆန် စိတ်ကောက်တတ်သည့် မိန်းမတစ်ယောက်ပင်။ ပြီးတော့ လင်ယောကျ်ားရဲ့အချစ်တွေ ... ခင်ပွန်းသည်ထံမှ ရပိုင်ခွင့်တွေကို ဆုံးရှုံးသွားရမှာကို ကြောက်နေတတ်သည့် မိန်းမတစ်ယောက်ပင် ...။

ထိုနံနက်ခင်းက နှင်းတွေဝေနေသည်။ သို့ပေမဲ့ ရန်ကုန်ဆောင်း၏ ထုံးစံအတိုင်း သိပ်အေးလှသည်တော့ မဟုတ်ချေ။ ရုံးပိတ်ရက် တနင်္ဂနွေနေ့ ဖြစ်ပေမဲ့ မူလတန်းကျောင်းသူဖြစ်သည့် သမီးသည် နံနက်စာ စားပြီးကတည်းက နှစ်လမ်းကျော်မှာ ရှိသည့် ကျူရှင်ကို သွားရသည်။ သိမ့်သည် နံနက်စာ စီစဉ်ပြီး





ဘုရားကန်တော့ပြီးသည်နှင့် သမီးကို မုန့်ကျွေး၊ ကော်ဖီတိုက်ပြီး ကျူရှင်သို့ လိုက်ပို့ရသည်။

အဲသည်လို အချိန်မှာ သူ အိပ်ရာက မနိုးတတ်ချေ။ ရုံးဖွင့်ရက်တွေမှာ ခြောက်နာရီ အိပ်ရာထ,ပြီး ကမန်းကတန်း အလုပ်သွားရပေမဲ့ ပိတ်ရက်တွေမှာတော့ သူက အိမ်ထောင်ဦးစီးတစ်ယောက်၏ အခွင့်အရေးတွေကို အပြည့်အဝ ရရှိသူဖြစ်သည်။

သည်နေ့ နံနက်ခင်းအတွက်တော့ သိမ့်သည် စကားတစ်ခွန်းပြောဖို့ ပြင်ဆင်ရုံကလွဲပြီး ဘာအလုပ်မှ လုပ်ချင်စိတ်မရှိ။ ရုံးပိတ်ရက်မို့ စီစစ်ရေးရုံးလည်း သွားစရာမလို။ ဘယ်အလုပ်ကိုမဆို အရေးတကြီး လုပ်ဖို့ ဘာမှ မလိုအပ်ဘဲ သူနှင့် စကားပြောဖို့အတွက်သာ အချိန်ကို စောင့်နေရသည်။ ကိုးနာရီကျော်ကျော်မှာ သူ အိပ်ရာက နိုးနေပြီ။ သို့ပေမဲ့လည်း သူ့အတွက်တော့ နံနက်စာ စားပြီး ပြန်အိပ်ဖို့သာ အလုပ်ရှိနေသည်။

"သိမ့် အလေးအနက် ပြောနေတာပါ ...၊ နောက်နေတာ မဟုတ်ဘူး"

စက္ကန့်အတော်ကြာအောင် သူ ငြိမ်သက်နေသည်။ သူက အမြဲ တုံ့ပြန်မှု နှေးကွေးသူဖြစ်သည်။ တွေဝေတတ်သူဖြစ်သည်။

သိမ့်သည် နှစ်ယောက်အိပ်ခုတင် ခြေရင်းအစွန်မှာ ဝင်ထိုင်လိုက်ရင်း သူ့ဆီက တစ်ခုခု တုံ့ပြန်မှုကို စောင့်သည်။ သူက မျက်ခွံတွေကို ပိတ်ထားမြဲ ဖြစ်သည်။ ဝမ်းနည်းစိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပြည့်သိပ်နေပေမဲ့ နှမြောတမ်းတခြင်းတွေ နည်းနည်းမှ မကျန်ရစ်တော့။ မိန်းမတစ်ယောက်၏ ခံနိုင်ရည်မှာ အတိုင်းအတာ တစ်ခုတော့ ရှိရပါလိမ့်မည်။

“ကိုယ့်ကို ဘာတွေ မကျေနပ်ဖူးလဲ … ပြော”

ခုချိန်ထိ သူ သိမ့်စကားကို ယုံကြည်ပုံ မရသေးချေ။

“ကို …”

“ဗျာ”

“သိမ့်ကို ကွာရှင်းခွင့်ပြုပါ။ ကို မရှိဘဲလည်း သိမ့်ဟာ ဒီအိမ်ထောင်ကို ခုလိုပဲ ဆက်ပြီး ထိန်းသိမ်းနိုင်ပါတယ်။ သိမ့်အတွက် လင်တစ်ယောက် မလိုအပ်ဘူး …။ အဲဒါကို ခုမှ သိမ့် သေချာသိတယ်။ သိမ့် တစ်ယောက်တည်း သိမ့်ရဲ့ အရည်အချင်းနဲ့ သားအမိနှစ်ယောက်တည်းရှိတဲ့ မိသားစု တစ်ခုကို လူတန်းစေ့အောင် ထားနိုင်ပါတယ်”

“သိမ့် … ဘာတွေ ပြောနေတာလဲ”

“ကို့ကို သိမ့် လင်ယောကျ်ားတစ်ယောက်အနေနဲ့ ဆက်ပြီး မပေါင်းသင်းချင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ကို့ကို သိမ့် မချစ်တော့လို့ပဲ”

သိမ့် ပြောသမျှ စကားတွေကို သူ လုံးစေ့ပတ်စေ့ နားလည်ဟန် မတူပါ။ ခုတင်ပေါ်မှ ပျင်းရိပျင်းတွဲ ထ,လျက် သမ်းဝေလိုက်ရင်း သိမ့်အနားမှာ သူ လာထိုင်သည်။ သိမ့် ပခုံးကို လှမ်းဖက်သည်။





သေချာပါရဲ့ …

သူ သိမ့်ကို နားမလည်နိုင်ပါ။

သိမ့် ရင်ထဲမှာ သူ့ကို ဘယ်လောက်ထိ ခါးသက်နေပြီဆိုတာ သူ နားမလည်နိုင်ပါ။

“ကို့,ကတော့ သိမ့်ကို ချစ်နေသေးတယ်”

သိမ့်က ဟက်ခနဲ ရယ်ဖစ်လိုက်သည်။

ဘယ်ဖြစ်မှာလဲ …။ သည်လို နေ့တစ်နေ့ကို သိမ့် စောင့်ခဲ့တာ။ ကိုယ့်ကိုယ်ကိုယ် အမျိုးမျိုး နေသားကျအောင် လေ့ကျင့်ပြီး မျက်ရည်တွေကို ရင်းနှီးခဲ့ရတာ။ ဆုံးဖြတ်ချက်တွေ မယိမ်းယိုင်ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် အားပေးခဲ့ရတာ။ တကယ်တော့လည်း သူ့အပေါ် နောက်ထပ် မငဲ့ညှာချင်တော့လောက်အောင် နာကြည်းစိတ်တွေက အထုအထည် သိပ်သည်းနေခဲ့တာပါ။

“မဟုတ်ပါဘူး … မချစ်တော့ပါဘူး”

“သိမ့်ရယ်”

“အချစ်ဆိုတာ တစ်ကိုယ်ကောင်းမဆန်ပါဘူး ကို …။ ခုတော့ သိမ့်မှာ အချစ် မရှိတော့ဘူး။ အဲဒါကြောင့်မို့ သိမ့် တစ်ကိုယ်ကောင်းဆန်ဆန်ပဲ ရုန်းထွက်တော့မယ်။ ရုန်းထွက်တော့မယ်လို့ ပြောတာထက် ကို့ကို ရုန်းထွက်ခွင့် ပေးလိုက်တယ်ဆိုရင် ပိုမှန်မှာပါ …



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် ...

ကို့ကို ရုန်းထွက်ခွင့် ပေးလိုက်ပါပြီ။ ကို့ပခုံးပေါ်မှာ ဘာဝန်ထုပ်ဝန်ပိုးမှ မရှိတော့ဘူး။ အိမ်ထောင်ဆိုတဲ့ ဝန်ကို ထမ်းဖို့ မလိုတော့ပါဘူး။ ဒီနေ့ကစပြီး ကို့ရဲ့ အခွင့်အရေးဟာ ကိုနဲ့သာဆိုင်တယ်။ ကို့ဘာသာ တစ်နေကုန် အိပ်နေလည်း နှိုးမဲ့သူ မရှိဘူး။ ကို့လစာကို ချေးချင်တဲ့သူကို ချေးထားပြီး ပြန်မတောင်းဘဲ နေလို့ရတယ်။ အလုပ်တွေ သိပ်များပြီး အိမ်မပြန်ဘဲ နေရင် ဆူပူမဲ့သူ မရှိဘူး။ ကို မလုပ်ချင်တဲ့ အိမ်ထောင်ရဲ့ တာဝန်တွေ ဘာတစ်ခုမှ ယူစရာ မလိုတော့ဘူး ...”

“ကိုက တာဝန်မယူချင်ဘူးလို့ ပြောမိလို့လား”

ခုတော့ သူ နည်းနည်း သွေးပွလာပုံရပါသည်။ ကြို တင်ပြင်ဆင်ထားသည့် စာချုပ်နှစ်စောင်ကို သိမ့်က သူ့ရှေ့သို့ ကမ်းပေးလိုက်သည်။

“သိမ့် လက်မှတ်ထိုးပြီးသား”

“မလိုပါဘူး”

“ပြတ်ပြတ်သားသား လုပ်ထားတာ ကောင်းလိမ့်မယ် ကို”

“သိမ့်ရယ် ဒီလောက်ထိတောင် ...”

သူ့ရဲ့ နှာကျင်စွာ ညည်းညူသံက နှလုံးအိမ်ကို လှိုင်းကြမ်းကြမ်းတွေလို ရိုက်ပုတ်နေခဲ့သည်။





“ကိုယ့်ရဲ့ အပြစ်ဟာ ဒီလောက်ထိ မဆိုးရွားဘူးလို့ ကိုယ် ထင်တယ်။ ဒီလောက်ထိ ပြတ်သားစရာ မလိုပါဘူး သိမ့်ရယ် ...”

“ဒါပေမဲ့ ... ကို ပြောခဲ့တယ်လေ ...။ သိမ့် ကြိုက်သလို ဆုံးဖြတ်ပါ ...။ ကို့ဘက်က အဆင်သင့်ပဲ ... လို့ ကို ပြောခဲ့တယ်လေ”

“အဲဒါက ...”

“ကို့အနေနဲ့လည်း သိမ့်ကို သည်းခံနေရတာ များပြီလို့ သိမ့် ထင်ပါတယ်။ ရှေ့ဆက်ပြီး ဘယ်လိုမှ နဂိုအတိုင်း ပြန်မဖြစ်နိုင်တော့ပါဘူး ကို”

ထူးဆန်းစွာပင် သိမ့် ရင်ထဲမှာ ဒေါသပူလောင်မှုတွေ ပျောက်ဆုံးလျက် အေးဆေးငြိမ်သက်လျက်ရှိသည်။ သူကတော့ ဖြစ်မြဲထုံးစံအတိုင်းပင် ဘာကိုမှလဲ ယတိပြတ် မဆုံးဖြတ်နိုင်ဘဲ စကားလည်းမဆိုဘဲ ပေါက်ကွဲလျက်ပင်။

သိမ့်တို့၏ အိပ်ခန်းကလေးသည် လမ်းခွဲတော့မည့် ဇနီးမောင်နှံနှစ်ယောက်၏ အိပ်စက်နားနေခန်းဟု မထင်ရလောက်အောင်ပင် တိတ်ဆိတ်အေးချမ်းလျက် ကြည်နူးဖွယ်ပင် ဖြစ်နေခဲ့သည်။ ဟောသည် အိပ်ခန်းထဲမှာ သားအမိသားအဖ သုံးဦး အတူ အိပ်စက်ခဲ့ရသည့် နေ့ရက်တွေ ညတွေကို လက်ချိုးရေတွက်နိုင်ပါသည်။ သိမ့်တို့သားအမိ ရင်ထဲမှာ ဘယ်အထိ ဝမ်းနည်းအားငယ်ခဲ့ရသည်ဆိုတာကို သူ တစ်ကြိမ်တစ်ခါမှ စဉ်းစားမိဟန်မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက်တော့ မိသားစုဘဝဆိုတာထက် အမှုထမ်းကောင်းဆုတံဆိပ် ဆိုတာကိုသာ ပိုပြီး မက်မောဟန် ရှိလေသည်။

သည်လိုမှ မဟုတ်လျှင်လည်း သူ့ရဲ့ ဇနီးသည်က ဘဝကို ပူပင်ကြောင့်ကြမဲ့စွာ မွေးဖွားလာပြီး အိမ်ထောင်တစ်ခုကို မပင်မပန်း ခေါင်းရွက်ထားနိုင်သည်လို့သာ သက်သောင့်သက်သာ ယူဆခဲ့ပုံရပါသည်။

သိမ့်ကတော့ သူ` သိမ့်အပေါ် ဘယ်လောက်ထိ အလေးအနက်ရှိခဲ့သည် ဆိုတာကိုသာ အမြဲ ပြန်တွေးမိနေပြီး ပြန်တွေးလိုက်တိုင်းလည်း သတိရစရာ တစ်ခုမဟုတ်တစ်ခု ရှိနေမြဲဖြစ်သည်။ သိမ့်က မြတ်နိုးတွယ်တာစွာ ချစ်ရသော ခင်ပွန်းသည်သည် သိမ့်ကို နံနက်သုံးနာရီခွဲ ရထားဆိုက်ချိန် ဘူတာကြီးကို မိန်းမသားတစ်ယောက်တည်း လာကြိုဖို့ မဆင်မခြင် ခိုင်းတတ်သူဖြစ်သည်။ သူ့တာဝန်တွေ အများအပြားကို ဇနီးဖြစ်သူနှင့်လည်း သက်ဆိုင်သည်ဟု ယူဆပြီး ခွဲဝေပေးတတ်ပေမဲ့ သူ့တာဝန်တွေ ပြီးလျှင်ပြီးချင်း ဇနီးနှင့်သမီးမျက်နှာကို မကြည့်ဘဲ နေ့ညမဆိုင် ပြန်ပြေးတတ်သူဖြစ်သည်။

မောင်တစ်ထမ်း မယ်တစ်ရွက် ဟူသော စကားကို သိမ့် နှစ်ပေါင်းများစွာ ကြားဖူးခဲ့ရာမှ သူနှင့်ကျတော့ ပီပီပြင်ပြင် နားလည်ခဲ့ရသည်။ တကယ်တော့ သိမ့်သည် မိန်းမတစ်ယောက်၏ အိမ်ထောင်ထိန်းသိမ်းခြင်း၊ သားမွေးခြင်း ဝတ္တရားအပြင် ယောကျ်ား





တစ်ယောက်၊ အိမ်ထောင်ဦးစီးတစ်ယောက်၏ စီးပွားရှာခြင်းတာဝန်ကိုလည်း တစ်ယောက်တည်း ထမ်းခဲ့ရသည်။

အဲသည်အတွက် သိမ့် ... ပြန်ရခဲ့တာက 'လောဘကြီးတဲ့မိန်းမ' ဆိုသည့် ဂုဏ်ပုဒ်တစ်ခုပင်။

သိမ့် ဝမ်းမနည်းတတ်တော့ပါ။

သူ့အတွက်တော့ဖြင့် သိမ့် လောဘမကြီးတော့ပါ။ သိမ့်သည် မိန်းမပီပီပင် သိမ့်အတွက် သမီးအတွက်သာ လောဘကြီးရတော့မည်။

သိမ့်မှာ သမီးရှိနေလျှင် လုံလောက်ပြီ။

ပြတင်းပေါက်သံတိုင်တွေရှေ့မှာ သူ သွားရပ်နေသည်။ သိမ့်သည် စာချုပ်နှစ်ခုကို ခုတင်ပေါ်မှာ တင်ခဲ့ပြီး အိပ်ခန်းထဲက ထွက်နိုင်အောင် ကြိုးစား၏။ သူကတော့ သည်ပြဿနာကို သာမန်ဖြစ်ရိုးဖြစ်စဉ် ပြဿနာတစ်ခုဟူ၍သာ သဘောထားနေသေးပုံရ၏။

"အဲဒီ ပြဿနာလောက်နဲ့ ..."

သူက မချိတင်ကဲ ရေရွတ်လေသည်။

"တခြားသူတွေအတွက်တော့ နားမလည်နိုင်စရာဖြစ်ကောင်း ဖြစ်မှာပေါ့ ကိုရယ်။ ဒါပေမဲ့ ကိုနဲ့ လက်မထပ်ခင်ကတည်းက သိမ့် ပြောခဲ့ဖူးပါတယ်။ ကို့ဆီက အချစ်တစ်ခုကလွဲပြီး သိမ့် ဘာမှ မလိုချင်ပါဘူး ... လို့"



www.burmeseclassic.com

www.burmeseclassic.com



"ခု ဖြစ်တဲ့ ပြဿနာက အချစ်နဲ့ ဘာဆိုင်လို့လဲ သိမ့်ရဲ့။ ဒါ သိမ့်ဆက်သက် ပြဿနာရှာတာပဲ။ သိမ့်တို့ သားအမိ အပေါ် ဝတ္တရားကျေအောင် ကိုယ် အမြဲကြိုးစားနေခဲ့တာပဲ"

"ကောင်းပြီလေ ... , ဒါဆိုရင် ကို အိမ်ပြန်ရောက်တဲ့အခိုက် အတန့်လေးမှာ သိမ့် နေကောင်းရဲ့လား ... လို့ ဘယ်နှခါ မေးဖူးသလဲ။ သိမ့် အလုပ်မှာ ဘာတွေ အခက်အခဲ ရှိသလဲ။ ကိုယ် ဘာများ ကူညီရမလဲ ... လို့ ဘယ်နှခါ မေးဖူးသလဲ ...။ ကို့အလုပ်ထဲမှာ အခက်အခဲ တစ်ခုတွေ့တိုင်း စိတ်ညစ် စရာတွေ ရင်ဆိုင်ရတိုင်း သိမ့်မှာ ဘယ်လို အခက်အခဲတွေ ဘယ်လို စိတ်ညစ်စရာတွေ ရှိနေလိမ့်မလဲလို့ ကို တွေးဖူး ရဲ့လား။ သိမ့်ဟာ ဒီမိသားစုရဲ့တာဝန်ကို ဘယ်လို အင်အားနဲ့ ထမ်းထားရတယ်ဆိုတာ ကို သိရဲ့လား ...

ဒါဟာ သိမ့်ကို လျစ်လျူရှုထားတာ မဟုတ်ဘူးလား၊ မငဲ့ညှာတာ မဟုတ်ဘူးလား ...။ သိမ့်နဲ့ သမီးထက်ပိုပြီး အရေးတကြီး ကိစ္စတွေ ရှိနေတယ်လို့ ကိုယ် ထင်တယ် မဟုတ်ဘူးလား။ ကို လုပ်နေတဲ့ အလုပ်တွေဟာ သိမ့်တို့သား အမိအတွက် မဟုတ်ပါဘူး။ ဒါကို ကို ဝန်ခံလိုက်စမ်းပါ ...

ဒါပေမဲ့ ကို့ကို သိမ့် အပြစ်မတင်ခဲ့ဘူးလေ။ ကို့ရဲ့ အလုပ်တွေကို စွန့်ပစ်ခဲ့ပါလို့ သိမ့် ဘယ်တုန်းက ပြောဖူး လဲ ...။ ကို့ကို သိမ့်တို့အတွက် ဘာလုပ်ပေးပါလို့တောင် တောင်းဆိုလို့ မရခဲ့ဘူး မဟုတ်လား ...။ ဒီလို အခြေအနေ





မျိုးမှာ ကို ကတော့ သိမ့်ကို အပြစ်တင်ဖို့ စကားလုံးတွေ ရှာတွေ့သေးတယ် ...

အဲဒါဟာ အံ့ဩစရာလည်း ကောင်းတယ်။ နာကြည်း စရာလည်း ကောင်းတယ်။ ကိုဟာ ကို့ရဲ့ အိမ်ထောင်ဦးစီး တစ်ယောက်တာဝန်တွေကို ဇနီးဖြစ်သူက ထမ်းဆောင်နေ တယ်ဆိုတာကို အသိအမှတ် မပြုဘူး။ အသိအမှတ် မပြုချင်တဲ့အပြင် အပြစ်တင်ချင်သေးတယ် ...

ကိုဟာ ဘယ်တုန်းကမှ သိမ့်နဲ့ ထပ်တူထပ်မျှ မဖြစ်ခဲ့ဘူး။ လက်ထဲမှာ ပိုက်ဆံပြတ်သွားပြီး လုပ်ငန်းကို ရပ်လိုက်ရတော့မလို ဖြစ်သွားတုန်းကလည်း သိမ့် ဘယ်လို ဖြေရှင်းခဲ့ရတယ် ဆိုတာ ကို မသိခဲ့ဘူး။ အတိုးတွေနဲ့ ငွေချေးပြီး လုပ်ငန်းကို ပြန်ပြီး လည်ပတ်ရတော့ သိမ့်တို့ သားအမိ ဘယ်လို ချွေတာစားသောက်ရတယ် ဆိုတာလည်း ကို မသိခဲ့ဘူး။ သိခဲ့ရင်တောင် ကို့မှာ ဖြေရှင်းပေးဖို့နည်းလမ်း မရှိပါဘူး။ ကြာတော့ သိမ့်လေ ... ကိုယ့်တစ်ယောက်တည်း ကိုယ့်ဘာသာ အားကိုးပြီး နေတတ်တဲ့အကျင့် ရသွားတယ်။ တစ်ချိန်တည်းမှာပဲ သိမ့်တို့သားအမိဟာ တကယ်တမ်းကျ တော့ ကို့ကို အားကိုးမှီခိုတွယ်ပြီး နေလို့မရဘူးဆိုတာ သိလာ တယ်။ အဲဒီ အသိဟာ သိမ့်ရဲ့ ခံစားမှုတွေကို အေးစက် စေတယ် ...

သိမ့်အတွက် အဲဒါဟာ အဖြေတစ်ခုပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်က ယောက်ျားတစ်ယောက်အပေါ်မှာ ချစ်တဲ့ အချစ်ဟာ အားကိုးမှီတွယ်လိုတဲ့ဆန္ဒ မဖြစ်မနေ ပါဝင်တယ်လို့ သိမ့် တွေးမိလာတယ် ...

အရင်ကတော့ သိမ့်ဟာ ကို့ကို ဘယ်လို သတ်မှတ်ချက်မျိုးတွေ၊ ဘောင်တွေမှ မပါဘဲ ချစ်ခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့တယ်။ ဟုတ်ချင်လည်း ဟုတ်မယ်။ အဲဒီ အချိန်တုန်းကတော့ ဘဝဆိုတာ သက်သောင့်သက်သာ ရှိခဲ့တာကိုး။ ဒါပေမဲ့ လူဆိုတာ အသက်တွေ ကြီးလာတာနဲ့အမျှ လောဘတွေ ကြီးလာတယ်။ သိမ့်လည်း လောဘကြီးလာတယ် ...

သိမ့် ဘာကြောင့် လောဘကြီးလာလဲ ... သိလား ..."

စိတ်ထဲ ရှိသမျှတွေကို မနားတမ်း တောက်လျှောက်ပြောနေသည့် သူ့ကို အနည်းငယ်မျှပင် ငဲ့စောင်း မကြည့်မိပါ။

"သိမ့်တို့ မိသားစုမှာ အနာဂတ်အတွက် ဘာအာမခံချက်မှ မရှိဘူး ဆိုတာ သိလာလို့ပဲ။ သိမ့်မှ လောဘမကြီးဘူးဆိုရင် တစ်ချိန်ချိန်မှာ သိမ့်တို့ဟာ လူတန်းစေ့နေနိုင်ဖို့တောင် ခက်ခဲလာတော့မယ်။ သမီးကို သိမ့် ဒီလို အဖြစ်မခံနိုင်ဘူး။ ခုတော့ သိမ့်ရဲ့ အချစ်တွေ အားလုံး သမီးဆီ စုပုံ ရောက်သွားပြီ"

သိမ့်တို့ နှစ်ဦးသားကြားမှာ အကြာကြီး တိတ်ဆိတ်သွားသည်။ အသက်ရှူသံပြင်းပြင်းကို ကြားရသည်အထိ တိတ်ဆိတ်





သွားပြီး အိပ်ခန်းသည် ငြိမ်သက်လျက်ရှိ၏။ ဟောသည်အိပ်ခန်း အတွင်းမှာပင် သိမ့်သည် သူ၏ ကိုယ်ငွေ့နှင့် နွေးထွေးမှုကို မခံစားခဲ့ရချေ။ သူနှင့်သိမ့် ကြားမှာ ခရိုးမိုင်ပေါင်းများစွာ ဝေးကွာနေခဲ့ပြီဆိုတာကို သေသေချာချာ တွေးလေ နားလည်ရလေပင်။

ပါးပါးမျှင်မျှင် ကြိုးတစ်ချောင်းတော့ ရှိချင်ရှိနိုင်ပါသည်။

"သိမ့် ကိုယ့်ကို ဘယ်လို ဖြစ်စေချင်တယ် ဆိုတာ ကိုယ်ခုထိ နားမလည်နိုင်သေးဘူး။ ကိုယ့်ကို အလုပ်ထွက်ပြီး စီးပွားရေးသက်သက် လုပ်စေချင်တာလား။ ဒါမှမဟုတ် သိမ့်နဲ့သမီး အနားမှာ နေစေချင်တာလား ..."

"ရှင်းရှင်းလေးပါ ကိုရဲ့။ သိမ့်တို့နဲ့ ခွဲနေပေးဖို့ပါပဲ"

သိမ့် သည်လောက် သွေးအေးနေဖို့ ဘယ်လို အထောက်အပံ့မျိုး ရှိနေသည်ဆိုတာ စဉ်းစား၍ပင် မရချေ။ ခင်ပွန်းသည်ထံက ယုယမှု၊ ကြင်နာမြတ်နိုးမှုကို တခြားမိန်းမတွေထက် ပိုပြီး လောဘတကြီး လိုချင်ခဲ့သည့် မိန်းမတစ်ယောက်အဖို့ သည်လို အပြောင်းအလဲမျိုးက အံ့ဩစရာကောင်းလှပါသည်။

တကယ်တော့ မျှော်လင့်စရာ မရှိတော့လောက်အောင် ဘာကိုမှ မမျှော်လင့်ချင်တော့လောက်အောင် စိတ်ပျက်ခဲ့တာပါ။

"ကိုယ့်ကို အရည်အချင်း မရှိတဲ့ကောင်လို့ ပြောချင်တာပေါ့။ မိသားစုကို တာဝန်မယူနိုင်လို့ အိမ်က နှင်ချလိုက်တဲ့သဘောပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သလို ယူဆလို့ ရပါတယ်"

အေးစက်စက် ဖြစ်နေသည့် သူ့မျက်နှာက ချက်ချင်းပြောင်းလဲသွားပြီး နာကျင်မှု တိမ်ရိပ်တစ်ခု ရောက်ရှိလာသည်။ သိမ့် လှည့်ကြည့်လိုက်တော့ နီရဲစိုစွတ်လာသော မျက်လုံးများကို သူက ကမန်းကတန်း သိမ်းကွယ်လိုက်ပါသည်။

"ကိုယ် သွားပါ့မယ်"

အို ... ဘုရား ... ဘုရား ...

သည် စကားတစ်ခွန်းမှာ ဘာကြောင့် နင့်နဲ့နာကျင်သွားရတာလဲ ...။

"ဘယ်သွားမှာလဲ"

ဟု မမေးဖြစ်အောင် နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားလိုက်သည်။ သူ့မှာ သွားစရာနေရာတွေ အများကြီး ရှိနေမှာပေါ့ ...။

သူဟာ အိမ်မပြန်ဘဲ နှစ်ပေါင်းများစွာ နေလို့ရတဲ့သူပဲ။

မာကျော အေးစက်လှသည့် မိန်းမတစ်ယောက် မဟုတ်မှန်းတော့ ကိုယ့်ကိုယ်ကိုယ် သတိရနေသည်။

❧ ❧ ❧





တကယ်တမ်း သူ အိမ်က ထွက်ခွာသွားသောအခါ ကွာရှင်းစာချုပ်နှစ်ခုသည် သူ လက်မှတ်မထိုးခဲ့ဘဲ သည်အတိုင်း ကျန်ရစ်ခဲ့သည်။ သိမ့် ကိုယ်တိုင်လည်း သူ့ကို အတင်းအကျပ် မတောင်းဆိုမိဘဲ နောက်ထပ် နှစ်ပေါင်းများစွာမှာလည်း စာချုပ်ကိစ္စကို တစ်ခွန်းမှ မပြောဆိုခဲ့မိ။

တစ်နေ့နေ့မှာ သူ့အဖို့ လိုအပ်ကောင်း လိုအပ်လာမည် အထင်နှင့် သိမ့် အဲသည် စာချုပ်ကို ပလတ်စတစ်ဖိုင်အပြာထဲမှာညှပ်လျက် သီးသန့်သိမ်းဆည်းထားခဲ့ပေမဲ့ သမီး လက်ထပ်ချိန်အထိ သူ့ဘက်က ကွာရှင်းစာချုပ်အကြောင်း တစ်စုံတစ်ရာ မပြောဆိုခဲ့ပါ။ သူ ရေးခဲ့သည့် စာထဲမှာတော့ ...

*သိမ့်အတွက် လိုအပ်လာတဲ့အခါမှာ ကိုယ် အဲဒီစာချုပ်ပေါ်မှာ လက်မှတ်ထိုးပေးပါ့မယ်။ ခုချိန်မှာတော့ စာချုပ်မှာ လက်မှတ်ထိုးဖို့ အင်အား မရှိသေးလို့ပါ ...*

ဟု သူက တောင်းဆိုခဲ့သည်။



www.burmeseclassic.com

သူ နောက်ထပ် အိမ်ထောင်ပြုလိမ့်မည်ဟု သိမ့် တွေးထားပေမဲ့ ကိုယ့်ကိုယ်ကိုယ်ကျတော့ နောက်ထပ် အိမ်ထောင်ပြုဖြစ်မှာ မဟုတ်ဘူးဟု သေချာနေနှင့်ခဲ့သည်။ ပြီးတော့ သူ့နေရာမှာ နောက်ထပ်ယောကျ်ား အစားထိုးဖို့ ဆိုတာကို ဘယ်လိုမှ စဉ်းစားမရနိုင်အောင် ဖြစ်ခဲ့သည်။

*သမီးအတွက် အဖေတစ်ယောက်အဖြစ် တစ်သက်တာ ရပ်တည်ခွင့် ရမယ်လို့ မျှော်လင့်ပါတယ်။*

ဆိုသည့် သူ့စကားက အဓိပ္ပာယ်အမျိုးမျိုး ဆွဲယူရနိုင်ပါသည်။

သူဟာ သိမ့်ကို တစ်မျိုးတစ်မည် အထင်လွဲခဲ့လေလား မပြောတတ်ပါ။

အိပ်ခန်းထဲက လပ်ဟာသွားသော သူ့အဝတ်အစား အသုံးအဆောင်တွေ နေရာကို မြင်ရလျှင် မျက်ရည်ကျချင်မိတာလည်း ရှစ်နှစ်ကျော် ကိုးနှစ် ပေါင်းသင်းလာခဲ့သည့် ယောကျ်ားတစ်ယောက်အပေါ် နောက်ဆုံးကျန်ရစ်သည့် နှောင်ကြိုးပါးပါးတစ်ခုပင် ဖြစ်ပါလိမ့်မည်။

အဲသည် ကြိုးကလေး တစ်ချိန်ချိန် ပြတ်တောက်သွားလိမ့်မည်ဟု သိမ့်က ထင်ခဲ့သည်။





သမီးက ပြုံးယောင်ယောင် နှုတ်ခမ်းများဖြင့် သိမ့်ကို ငေးကြည့်နေသည်။ သိမ့် ရင်ထဲမှာတော့ သောကတွေ စိုးရိမ်ပူပန်စိတ်တွေ ဝမ်းနည်းစိတ်တွေ လှိုင်းထ,လျက် ပြည့်ကျပ်နေ၏။ ညှို့ခန်းအဝင်အထွက် တံခါးဆီ မမြင်ဖူးသည့် အရာတစ်ခုလို ခပ်ငေးငေး ကြည့်မိရင်း မျက်ဝန်းအိမ်တွေထဲ ပူနွေးလာသည်။ သမီး ရင်ထဲ ဘယ်အထိ ကြေကွဲရမည်ဆိုတာကို သိမ့် တွေးကြည့်မိလည်း သေချာတော့ မသိနိုင်ပါ။ သမီး ယမုန်သည် မာနတွေကို ပိုက်ပွေ့ရင်း တစ်စုံတစ်ရာကို မျှော်လင့်နေသည်။ ဒါကိုတော့ သိမ့် သေချာနားလည်သည်။

"အဓိပ္ပာယ် မရှိဘူး ယမုန်"

ယမုန်က သိမ့်ကို ကြည့်နေရာကနေ မျက်နှာလွှဲလိုက်သည်။

"သမီးနဲ့ မေမေဟာ အခြေအနေချင်း မတူဘူး"

ဆိုဖာဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည့်အခါ ရင်ထဲက ဝန်ထုပ်ဝန်ပိုးသည် ပို၍ပင် လေးလံလာသည်ဟု ထင်မိ၏။

www.burmeseclassic.com



ဘာဖြစ်လို့များ တိတ်တိတ်ကျိတ်ငိုနေမှာလဲ ယမုန် ...

မျက်ရည်တွေ သွန်ချဖို့ ရင်ခွင်တစ်ခု ရှိနေချင်ပြီးသား မဟုတ်လား ...။

"ဟုတ်ပါတယ် မေမေ။ အဲဒီလို မတူလို့လည်း သမီး ပိုပြီး နာရတာပေါ့။ သူက သမီးကို မဖြစ်မနေ သူ့ကို ပြန်ပေါင်းမှာလို့ သူ မျှော်လင့်ထားတာ မေမေရဲ့။ သမီးက သူ့ကို မှီခိုနေရတာ။ သူ့လုပ်ငန်းကိစ္စတွေမှာ ဝင်ပြီး စွက်ဖက်စရာ မလိုဘူးဆိုပြီး သမီးကို ချောင်ထိုးထားချင်တာ ...

မေမေ့လို သတ္တိမျိုး ရှိလို့ကတော့ အစောကြီးကတည်းက သူ့ကို ပြတ်ပြီးသားပဲ"

ဘုရားရေ ...

သိမ့်က ယမုန့် လက်ဖဝါးကို ဆွဲယူပြီး နံဘေးမှာ ထိုင်စေသည်။ သမီး မျက်နှာမှာ သွေးကြောတွေ ရှန်းကြွလျက် နီမြန်းနေလေသည်။

"သမီး ... ပြန်သွားရမယ်"

"မေမေကလည်း မေမေ့အိမ်မှာ သမီးကို လက်ခံမထားချင်တော့ဘူးလား"

"ဟုတ်တယ်"

သမီးက မျက်တောင်တွေကို ပုတ်ခတ်ရင်း ...

"မေမေက သိပ်အသည်းမာတာပဲ"

ဟု ခပ်မဲ့မဲ့ ဆိုလေသည်။





"မေမေ အသည်းမမာပါဘူး သမီးရယ် ...။ မေမေဟာ မိသားစုအသိုက်အမြုံနဲ့ နွေးနွေးထွေးထွေး နေချင်တဲ့ မိန်းမ တစ်ယောက်ပါ။ ပြီးတော့ သမီးကို ဖခင်နဲ့ ခွဲနေရတဲ့ အဖြစ်မျိုး အဖေရဲ့ အရိပ်အာဝါသ ကင်းမဲ့တဲ့ ဘဝမျိုးကို ရောက်အောင် ဖန်တီးခဲ့ပြီးပြီ ...။ နောက်တစ်ကြိမ် လင်သားရဲ့ အကာအကွယ်မဲ့တဲ့ တစ်ခုလပ်ဘဝ ရောက်အောင် မေမေ အားပေးအားမြှောက်လုပ်လို့ မဖြစ်ဘူး ...

သမီး တင်အောင်မိုးဆီ ပြန်ရမယ်"

"ဘာဖြစ်လဲ ... မေမေ တစ်ယောက်လုံး ရှိနေတာပဲ။ သမီး မကြောက်ဘူး။ မေမေက သမီးအတွက် စံပြဘဲ။ အကောင်းဆုံး နမူနာပဲ"

သိမ့် စိတ်ပျက်လက်ပျက် ခေါင်းယမ်းလိုက်မိသည်။

"အဲဒီလို ဖြစ်မှာကို မေမေ အကြောက်ဆုံးပဲ"

သမီးက သိမ့်ရဲ့ ပခုံးမှာ ခေါင်းမှီသည်။ သမီးကို ရှင်းပြဖို့ စကားလုံးတွေ သိမ့်ရင်ထဲမှာ များစွာပြည့်ကျပ်နေခဲ့သည်။ တကယ်တမ်းကျတော့ နှုတ်ဖျားမှာ တစ်စုံတစ်ရာ လေးလံပိတ်ဆို့နေသလိုပင် ...

သိမ့်ရင်ထဲက လပ်ဟာမှု တစ်ခုကို သမီးနားလည်လျှင်တောင် ယုံကြည်နိုင်ပါ့မလား ...။

"သမီးက သူ့ကို မခွဲနိုင်ဘူးဆိုတာသိရင် သူ တစ်သက်လုံး သမီးကို နိုင်စားနေတော့မှာ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်း ပြုံးလိုက်မိသည်။

ယမုန်ဟာ အသက်နှစ်ဆယ်ကျော် မိန်းမငယ်လေး တစ်ယောက်ပဲ။ သိမ့်လည်း အဲသည်အရွယ်တုန်းကတော့ မာနကို ကိုးကွယ်ခဲ့ဖူးသည်။ ပြီးတော့ တစ်ဦးတစ်ယောက်တည်းသာ စွဲစွဲမြဲမြဲ ချစ်ပြီး အသက်လို ကိုးကွယ်သည့် ယောကျာ်းတစ်ယောက် ယောက်ကို ချစ်သူအဖြစ် ရချင်ခဲ့သည်။

"ဒါပေမဲ့ ... သူနဲ့ ခွဲနေရတော့ သမီး ပျော်လား။ စိတ် ချမ်းသာသလား"

သမီးက ပန်းနုရောင် လက်သည်းခွံတွေကို ငုံ့ကြည့် နေသည်။

"ကိုယ့်ကိုယ်ကိုယ် မညာချင်စမ်းပါနဲ့ သမီးရယ်"

သိမ့်က သမီးကို အသာတွန်းဖယ်ပြီး ထ,လိုက်သည်။

"နက်ဖြန် မေမေကိုယ်တိုင် သမီးကို အိမ်ပြန်လိုက်ပို့မယ်"

❧ ❧ ❧





ကော်ဖီခွက်ကို မ,ယူလိုက်သည့် လက်ချောင်းများ အနည်းငယ် တုန်ယင်နေသည်။ စိတ်လှုပ်ရှားနေသလားဟု ကိုယ့်ကိုယ်ကိုယ် မေးမိတိုင်း 'No' ဟုသာ သိစိတ်က ဖြေ၏။ စိတ်လှုပ်ရှားရမည့် အရွယ်လည်း မဟုတ်တော့။ ဒါပေမဲ့ ...

"နက်ဖြန် တွေ့ကြရအောင်"

ဟု တယ်လီဖုန်းဖြင့် ချိန်းဆိုရသည့်အခါ သိမ့် နည်းနည်း ရင်ခုန်နေခဲ့ပါသည်။

"သမီးတို့ကိစ္စပဲ မဟုတ်လား"

ဟု သူကလည်း အသေအချာ မေးသည်။ အိပ်ခန်းထဲမှာ သမီး ရှိနေတာမို့ သိမ့်သည် အကျိုးအကြောင်းကို ရာဇဝင်ခင်းနေဖို့ မလိုလှားချေ။

ခင်ပွန်းဟောင်းနှင့် တွေ့ဆုံဖို့ ချိန်းဆိုရသည်မှာ ရင်ခုန်စရာတစ်မျိုးပါလား ...။ သည်လို တွေးမိတော့ သိမ့် ဟက်ဟက်ပက်ပက်ပင် ရယ်မောမိသည်။ တစ်ယောက်တည်း နှစ်ခြိုက်စွာ ရယ်နေသည့် သိမ့်ကို သမီးက အံ့သြတကြီး ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာတော့ သိမ့်သည် တစ်ကြိမ်မက ထိုင်ခဲ့ဖူးသည့် ကော်ဖီဆိုင်ကလေးရှေ့မှာ သူနှင့် တွေ့ရသည်။ ယခုချိန်မှာတော့ သူသည် ဘဝမှာ စိတ်ကြိုက်ပုံသဏ္ဌာန်မျိုးဖြင့် စိတ်ဆင်သလို တေပေလေလွင့်နေသော လူလတ်ပိုင်းယောကျ်ား တစ်ယောက်၏ ပုံစံမျိုး ပျောက်ကွယ်စ,ပြုလာပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်လာသည့် ရင့်ကျက်သူတစ်ခု ဖြစ်လာခဲ့ပြီ။ (သိမ့်ကတော့ သည်လို ထင်မိပါသည်။)

အံ့မယ် ...

ရှပ်အင်္ကျီ လည်းပင်းကြယ်သီးကိုပင် အပြည့်တပ်လို့ ...။

အုန်းခွံရောင် ရခိုင်ပုဆိုးကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ ရှပ်အင်္ကျီအိတ်မှာ,သူ့အကျင့်အတိုင်း ဘော်လ်ပင်တစ်ချောင်း ချိတ်ထားပြီး အင်္ကျီအိတ်က ဖောင်းနေသည်။ ပိုက်ဆံများများ ပါလိမ့်မည်ဟု သိမ့် မထင်ပါ။ တယ်လီဖုန်းနံပါတ်၊ လိပ်စာ စသဖြင့် ရေးမှတ်ထားသော စာရွက်အပိုင်းအစတွေ၊ ဘောက်ချာစာရွက်တွေ၊ မီးရထားလက်မှတ် စသည့် စက္ကူအပိုင်းအစတွေ သူ့အိတ်ထဲမှာ စုပြုံပါရှိတတ်သည်။

သည်လိုမှ မဟုတ်လျှင်လည်း သူ့အိတ်ထဲမှာ ပိုက်ဆံများများ ထည့်နိုင်မည့် အခွင့်အရေးမျိုး ရ,လာပြီလား မဆိုနိုင်။ ဘယ်လိုပဲဖြစ်ဖြစ် သိမ့်သည် သူ့ရိုးသားမှု၊ မာနကင်းစွာ နှိမ့်ချမှုနှင့် ရောင့်ရဲတတ်ခြင်းကိုတော့ ဘယ်တော့မှ မပြောင်းလဲနိုင်ဘူးဟု





ယုံကြည်မိလေသည်။ အဲသည် ဂုဏ်ပုဒ်တွေနှင့် သူ့ကိုသာ သိမ့် ချစ်မြတ်နိုးခဲ့တာ မဟုတ်လား။ သူ့မျက်လုံးများသည် ဘာကိုမဆို မပူပန် မကြောင့်ကြတတ်သည့် အတိုင်း အေးချမ်းနေမြဲပင် ...။ သူ့အရယ်အပြုံးသည်ပင် လူငယ်လေးတစ်ယောက်၏ ကျီစယ်မြောက်ရယ်လိုသည့် အပြုံးမျိုးနှင့်ပင်။

သူက သိမ့်ကို ...

"good morning"

ဟု ဘိုဆန်ဆန် နှုတ်ဆက်သည်။ ပြီးတော့ သိမ့်ကို ငေးမောသည့် အကြည့်တစ်ချက်က တွေဝေငေးရီလျက် ပစ်စလက်ခတ်ကာလက ခဏဝေးကွာသွားသလိုပင် ...။

"ကော်ဖီ သောက်မှာလား"

"ဟင်"

သူက သတိလက်လွှတ်ပင် ငေးကြောင်နေသည်။

"ဆိုင်ထဲ ဝင်မှာ မဟုတ်လား"

"အင်း ... အင်း ... ဝင်လေ"

သိမ့် နှုတ်ခမ်းပြုံးယောင်ယောင်ကို သူက ရှက်အမ်းအမ်းတစ်ချက်ကြည့်သည်။ သိမ့်တို့နှစ်ဦးသည် မနေ့တစ်နေ့ကမှ ရင်းနှီးရသူတွေလိုပင် ကော်ဖီဆိုင်အတွင်းထဲသို့ ခပ်အမ်းအမ်းဝင်ခဲ့ကြသည်။ သူစိမ်းယောကျ်ားတွေကြားမှာ ကိုယ့်ကိုယ်ကိုယ် အမြဲယုံကြည်မှုရှိခဲ့သည့် သိမ့်သည် သူ့ရှေ့မှာ အပျိုဖြန်းလေးတစ်ယောက်လိုပင် ခြေတွေလက်တွေ အေးစက်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး အိမ်မပြန်သေးဘူး ထင်တယ်"

"အင်း"

ထောင့်ကျသည့် စားပွဲတစ်ခုမှာ ထိုင်မိလျှင် သူက သိမ့်ကို အလျှင်စလိုမေး၏။ သူ့ရဲ့ ဗီဇအတိုင်းသာ ဆိုလျှင်တော့ သူ ဘာကိုမှ အလျှင်စလို မရှိတတ်ချေ။ စားပွဲထိုးကောင်လေး ရောက်လာသည်ကိုပင် သတိမထားမိဘဲ သိမ့်က တွေဝေဆဲမှာ သူက သိမ့်အတွက် ကော်ဖီမစ်စ်တစ်ခွက် မှာထားပြီးသားဖြစ်သည်။

"သမီးရဲ့ တောင်းဆိုချက်တွေက သိပ်များတယ်လို့ တင်အောင်မိုးက ပြောတယ်"

"တင်အောင်မိုးနဲ့ တွေ့သေးလား"

ဟု သိမ့်က သူ့ကို မေးမိသည်။

"နေ့တိုင်းလိုလို တွေ့တာပဲ"

"နေ့တိုင်း ..."

သိမ့်သည် အံ့သြတကြီး ဖြစ်သွားလျက် သူ့ မျက်နှာကို မယုံကြည်နိုင်စွာ လှမ်းကြည့်ဖြစ်သည်။ တင်အောင်မိုးက ဘာအကြောင်းကြောင့် သူ့ဆီ နေ့တိုင်း ရောက်သွားခဲ့ပါလိမ့်။

သူက ရယ်မောလျက် ...

"ဘာဖြစ်လို့လဲ"

ဟု မေးသည်။

"ဩော် ... ထူးဆန်းနေလို့"

"တင်အောင်မိုး ... ကိုယ့်ဆီလာတာ ဘာထူးဆန်းလဲ"





"ထူးဆန်းတာပေါ့ ... သူ့မှာ ဘာအကြောင်းရှိလို့လဲ"

"သူက သိမ့်အကြောင်းကို သိချင်တာလေ"

"ဘာရယ်"

သူက စကားကို အစီအစဉ်တကျ ပြောတတ်သူ မဟုတ်မှန်း သိမ့် သိပါသည်။ သူကတော့ နှုတ်ခမ်းတွေ လှောင်သလိုလို ပြုံးလျက် သိမ့်ကို ငေးစိုက်ကြည့်နေသည်။

"သိမ့်က သမီးကို ကောင်းကောင်း ထိန်းချုပ်နိုင်တယ် မဟုတ်လား။ သိမ့်လို သတ္တိမျိုး သမီးမှာ ရှိနေပြီလားလို့ သူက စိုးရိမ်နေတယ်"

စကားအဆုံးမှာ သူ့မျက်နှာ အေးစက်သွားပြန်သည်။ သိမ့်ကတော့ ပင့်သက်မှျင်းမှျင်းသာ ရှိုက်ဖြစ်သည်။ စိမ်းပြာပြာ ရေထဲမှာ ကူးခတ်နေသည့် အလှမွေး ငါးကလေးတွေဆီ မေ့လျော့ ငေးမောဖြစ်လည်း ပုံရိပ်တွေက အသိစိတ်မှာ မထင်။

သမီးကို သိမ့်က ... ...

"အဲလို ထင်နေတာတဲ့လား ..."

"တကယ်တော့ ယမုန်လည်း အိမ်ပြန်ချင်နေပြီလို့ ကိုယ်ထင်တယ်"

"ဟုတ်ပါတယ် ...။ သိမ့်လည်းသူ့ကို အိမ်ပြန်စေချင်တာပါပဲ။ ဘာလဲ ... ယမုန့်ကို သိမ့်က မြှောက်ပေးနေတယ်လို့များ သူက ထင်ချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ပြောဖို့ ပြင်လိုက်ပြီးမှ ကော်ဖီခွက်တွေ ရောက်လာတော့ သူ နှုတ်ဆိတ်သွားသည်။

သိမ့် ရင်ထဲမှာ ဘယ်လိုများ ကောင်းနိုင်မှာလဲ ...။

"သမီးကို လက်တွေ့ကျတဲ့ အိမ်ထောင်ရေးနဲ့ အချစ်ဆိုတာကို မျှမျှတတ နားလည်စေချင်တယ်။ အိမ်ထောင်ရေးဆိုတာ ကိုယ် မျှော်လင့်ထားသလောက်တော့ ပြည့်ပြည့်ဝဝ ပြန်မရနိုင်ဘူးလေ။ အိမ်ထောင်ရေးမှ မဟုတ်ဘူး ဘယ်ကိစ္စမဆို ဒီလိုချည်းပဲ မဟုတ်လား။ ဒါကို သမီးနားလည်သဘောပေါက်ဖို့ လိုတယ်လေ ..."

"ဒါ သမီးကို ပြောချင်တာလား သိမ့်ကို ပြောချင်တာလား"

သူက စူးစူးစိုက်စိုက် ကြည့်နေရာကနေ ဆတ်ခနဲ မျက်နှာလွှဲသွားသည်။

အို ...

သိမ့်ရဲ့ အမှုအရာက ဘယ်လိုများ ဖြစ်နေလို့ပါလိမ့်။

ခင်ပွန်းဟောင်းတစ်ယောက်ကို မြူဆွယ်ချင်တဲ့ မျက်နှာမျိုးများ ...

"သိမ့်ကို ပြောစရာ မရှိပါဘူး"

သူက သည်လိုပဲ စကားနည်းရန်စဲ ပြောနေကျပင်။ နှစ်ပေါင်းများစွာ ကြာလာလည်း သူ့အကျင့်တွေ သူ့အပြောအဆိုတွေကို သိမ့် ဘယ်လိုမှ မေ့မရနိုင်ဘဲရှိသည်။ ပြီးတော့ သူ့အပေါ် ပိုင်စိုးပိုင်နင်း ရှိချင်သည်။ သိမ့် ကိုယ်တိုင်ရဲ့ စိတ်အစဉ်ကိုရော ...





ကွဲကွာခဲ့သည့် ကာလတွေ ဘယ်လောကကြာကြာ အဲသည်လို သူ့အပေါ်မှာ ပိုင်စိုးချင်သည့် စိတ်ကတော့ သိမ့်နှလုံးအိမ်ထဲ ကိန်းအောင်းနေဆဲပဲ ထင်သည်။

"ဒါပေမဲ့ ... သမီးရဲ့ အိမ်ထောင်ရေးကိုတော့ ကိုယ် ပြောရမယ်လေ။ ကိုယ်မှာ ပြောပိုင်ခွင့်ရှိတယ်။ သမီးကိုတော့ သိမ့်ရဲ့မာနတွေ သိမ့်ရဲ့အယူဝါဒတွေ သိမ့်ရဲ့ အတွေးအခေါ်တွေ ဖွတ်မသွင်းပေးပါနဲ့"

"ရှင်"

"သမီးဟာ ငယ်ပါသေးတယ်။ တစ်သက်လုံး နာကြည်းတဲ့စိတ်တစ်ဝက် ပူဆွေးတဲ့စိတ် တစ်ဝက်နဲ့ ... ရှင်သန်သွားရမှာကို သိမ့် မြင်ချင်လို့လား"

"အံမယ်"

"သမီးကို ပျော်ရွှင်တဲ့ အိမ်ထောင်ရေး ဘဝတစ်ခု ပေးချင်တာ ကိုတွေရဲ့ စေတနာပဲ မဟုတ်ဘူးလား"

ခပ်မြန်မြန် ကာလိုက်သော သိမ့် လက်ဖျားက ကော်ဖီပန်းကန်ကို ထိတိုက်မိသွားသည်။

သိမ့် တစ်ကိုယ်လုံး မီးလျှံဖြင့် ဟပ်လိုက်သလို ပူလောင်သွားသည်ဟု ထင်ရ၏။ လက်ချောင်းတွေ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်ယင်လာပြီး လည်ချောင်းတွေထဲ သွေ့ခြောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါဦး ... သမီးတို့ အိမ်ထောင်ရေးဟာ သိမ့်ကြောင့် အဆင်မပြေဘူးလို့များ ပြောချင်တာလား"

"မဆိုလိုပါဘူး"

အရင်ကလို အရာရာတိုင်းကို တွန့်ဆုတ်တွေဝေဆဲပဲ ...။

သိမ့် ... မုန်းတီးလှသည့်၊ လက်မခံနိုင်သည့် အကျင့်တွေ သူ့ထံမှာ ရှိနေဆဲပဲ ...။ သူဟာ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်တဲ့ သူပဲ ...။

ရင်ထဲမှာ ဒေါသတွေ ထောင်းခနဲ ဆူပွက်လာပြန်သည်။

"ဒါဆို ဘာကို ဆိုလိုတာလဲ ...။ ရှင်းရှင်း ပြောစမ်းပါ။ သမီးကို အကောင်းဆုံး ဆိုတာတွေပဲ ပေးနိုင်အောင် ခုချိန်ထိ ကျွန်မက လက်တွေ့ကျကျ ကြိုးစားခဲ့ရတာ။ ကျွန်မ တစ်ယောက်တည်းရဲ့ အင်အားနဲ့ ပျိုးထောင်ခဲ့ရတာပါ"

"သိမ့် ..., သိမ့်ရဲ့ အဲဒီ စကားတွေဟာ သမီးအတွက်တော့ အဆိပ်အတောက်ပဲ"

"ဘာရယ်"

သူက သိမ့်ကို နည်းနည်းမှ စောင်းငဲ့မကြည့်ပါ။ သူ့မျက်ခုံးပါးပါးနှစ်ခု ထိလုမတတ် ကျုံ့ထားလျက် ကော်ဖီဆိုင်၏ ဝင်ပေါက်တံခါးကိုသာ သဲသဲမဲမဲ ကြည့်နေသည်။





သိမ့် ရင်ထဲမှာ ဒေါသတွေ ရှိနေလျက် သူ့ကိုဘယ်လို ရန်တွေ့ရမှန်းမသိ။ တကယ်တော့ အော်ဟစ်ပစ်လိုက်ချင်တာ။ ဟောသည် ဆိုင်အမိုးတွေ နံရံတွေ ပွင့်ထွက်သွားအောင်ကို အော်ပစ်လိုက်ချင်တာ ...

ဒါပေမဲ့ သိမ့်သည် ငယ်စဉ်ကတည်းကပင် ရန်မဖြစ်တတ်သူလေ ...

"သိမ့်က ကိုယ့်ထက် အများကြီး စဉ်းစားတတ်ပါတယ်"

"တော်စမ်းပါ"

"သမီးမှာ သိမ့်ရဲ့ အတွေးအခေါ်မျိုး၊ သိမ့်ရဲ့ မာနမျိုး ရှိချင် ရှိမယ်။ ဒါပေမဲ့ သမီးမှာ သိမ့်လို သတ္တိမျိုး မရှိဘူး။ ဒီတော့ ... သမီးရဲ့ အိမ်ထောင် ပြိုကွဲသွားမယ် ဆိုရင် သမီးဟာ သိမ့်လို ရပ်တည်နိုင်မှာ မဟုတ်ဘူး။ ဘာကြောင့်လဲ ဆိုတော့ သမီးက တွေဝေတတ်တယ်၊ ပျော့ညံ့တယ်။ သမီးက ကိုယ်နဲ့လည်း တူတာကိုး။ ကိုယ့်ရဲ့ မကောင်းတဲ့ အကျင့်တွေ အတော်များများ သမီးမှာ ရှိတာယ်မဟုတ်လား"

"သိမ့် ... မကြိုက်တဲ့ အချက်တွေထဲမှာ အဲလိုမိန်းမဆန်ဆန် ပြောတတ်တဲ့ အကျင့်လည်း ပါတယ် ..."

သူက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရင်း ...

"သိမ့် စကားက နစ်တွေ အများကြီး နောက်ကျနေပြီ ..."

တဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"နှောက်မကျပါဘူး ...။ ဒီစကားကို သိမ့် ဘယ်အချိန်မဆို ပြောလို့ရတယ်။ သမီးနဲ့ ပတ်သက်ပြီး တိုင်ပင်သင့်တဲ့သူလို့ ယူဆပြီး သိမ့် ဒီမှာ စကားပြောနေတာ။ အဲတော့ သမီးနဲ့ ပတ်သက်ပြီး အပြစ်တင်စကားပဲ ပြောဖို့ရှိတယ်ဆိုရင်တော့ သိမ့် ဒီမှာ ထိုင်နေဖို့ မလိုအပ်တော့ဘူး ...။ သိမ့် သွားမယ်"

စားပွဲပေါ်က ပိုက်ဆံအိတ် ပြားပြားလေးကို ဆတ်ခနဲ ကောက်ယူပြီး သိမ့် ထွက်သွားဖို့ ပြင်လိုက်ပေမဲ့ အေးစက်စက် သူ့အမူအရာကတော့ အနည်းငယ်မျှ မပြောင်းလဲပါ။

"သမီးရဲ့ တောင်းဆိုချက်တွေကို တင်အောင်မိုးက လိုက်လျောနိုင်မယ်လို့ ကိုယ်တော့ မထင်ဘူး"

သူက ခပ်အေးအေးပင် တစ်လုံးချင်း ပြောသည်။

"တောင်းဆိုချက် ..."

ကြည့်စမ်းပါဦး ...

မခိုးမခန့် နိုင်လိုက်ပုံက ...

သူက သိမ့်ကို နည်းနည်းမှ မော်မကြည့်ဘဲ ကော်ဖီပန်းကန်ကို အငွေ့သေအောင် မှုတ်နေသည်။

"ဘာ တောင်းဆိုချက်လဲ"

သမီးရဲ့ တောင်းဆိုချက် ဆိုတာတွေကို သိမ့် ဘာမှ မသိလိုက်ရပါလား။





သူမရဲ့ တစ်သက်တာ အိမ်ထောင်ရေးကို တောင်းဆိုချက်တွေနဲ့ချည်း ဖြေရှင်းနိုင်လိမ့်မယ်လို့ သမီးက ယုံကြည်ထားခဲ့လေသလား ...။

"ယမုန်က အိမ်ထောင်ရေးကို လုပ်ငန်း အပေးအယူတစ်ခုလို သဘောထားနေတယ်တဲ့ ...။ တစ်နှစ်လောက်အတွင်းမှာ ယမုန် အများကြီး ပြောင်းလဲသွားတယ် ... တဲ့"

"တင်အောင်မိုးက ပြောတာလား"

ချက်ချင်း စိတ်ပျော့ညံ့သွားပြီး သိမ့်သည် ပိုက်ဆံအိတ်ကို ချလျက် ပြန်ထိုင်ဖြစ်ပြန်သည်။

"တင်အောင်မိုးက ကိုယ့်ကို ရင်ဖွင့်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ယမုန်က သူ့ရဲ့ လုပ်ပိုင်ခွင့်ကို ကန့်သတ်ချင်တယ်။ ဘာကိစ္စမဆို သူ့ဘက်ကပဲ အလျှော့ပေးစေချင်တယ်။ အိမ်ထောင်ရေးကို ဈေးတွက် တွက်သလို စဉ်းစားတယ် ... တဲ့"

"နေစမ်းပါဦး ...။ ရှင်က ယမုန့် အဖေလား တင်အောင်မိုး အဖေလား"

သိမ့်က မေးလိုက်သည့်အခါ သူက သူ့အကျင့်အတိုင်း ခပ်အုပ်အုပ်နှင့် ဟက်ဟက်ပက်ပက် ရယ်မောနေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်။ ကိုယ်လည်း ခု သိမ့် ပြောသလိုပဲ။ ငါက ယမုန်ရဲ့ အဖေနော်လို့ သူ့ကို ပြန်ပြီး သတိပေးလိုက်ပါသေးတယ်"

ကြည့်စမ်း ...

ဘယ်လောက် အေးစက်လိုက်သလဲလို့။

သူ့ခေါင်းမှာ ဆံပင်ဖြူတွေ အတော်ထွက်နေပြီ။ မဆီမဆိုင် သိမ့် သည်ဟာကို သတိထားလိုက်မိသေးသည်။ ဒါပေမဲ့ သူက သိမ့်လို လောကကြီးထဲ ဘယ်အရာကိုမဆို အနိုင်ရမှ ကျေနပ်သူမျိုး မဟုတ်လေတော့ ဇရာကိုလည်း ဖုံးဖိကွယ်ဝှက်ဖို့ စဉ်းစားဟန် မတူပါ။ ဒါမှမဟုတ် သတိပင် မထားမိတာလားမသိ ...။

"ကိုယ် ပြောချင်တာကတော့ ... သမီးကို ပြုစုပျိုးထောင်လာတဲ့ သိမ့် ကိုယ်တိုင် သမီးရဲ့ စိတ်ဓာတ်ကို နားလည်ပြီးသား ဖြစ်မှာပါ။ သမီး တစ်သက်လုံး ကြေကွဲမနေရအောင် တို့နှစ်ယောက်က အတတ်နိုင်ဆုံး ကြိုးစားကြရမှာ မဟုတ်လား"

"ဒါကတော့ ... တစ်ဖက်က အနေအထားကိုလည်း ကြည့်ရဦးမှာပေါ့"

"တင်အောင်မိုးကို သိမ့် ကိုယ်တိုင်ပဲ သဘောကျ လက်ခံခဲ့တာ မဟုတ်လား"





သိမ့် ဝန်မခံမိ။ ခေါင်းလည်း မခါမိပါ။ သိမ့်ကိုယ်တိုင် သဘောကျ လက်ခံခဲ့သည်ဖြစ်စေ ခုချိန်မှာတော့ ယမုန်သည် တင်အောင်မိုး၏ ဇနီး ဖြစ်နေပြီ။ ပြီးတော့ တင်အောင်မိုးသည် သမီး ကိုယ်တိုင် နှစ်သက်မြတ်နိုးလျက် ရွေးချယ်ခဲ့သည့် ချစ်သူဖြစ်သည်။

"ကိုယ်တို့ရဲ့ လူ့ဘောင်ကြီးမှာ လိုအပ်ချက်တွေ သိပ်များလာတယ် ဆိုတာ ကိုယ် လက်ခံပါတယ်။ ဒါပေမဲ့ အိမ်ထောင်သည်တွေအတွက် တခြားလိုအပ်ချက်တွေကို မဖြစ်မနေ ဖြည့်ဆည်းရသလို မေတ္တာတရားကိုလည်း အချိန်နဲ့အမျှ ဖြည့်ဆည်းကြဖို့ လိုတယ် မဟုတ်လား။ ရုပ်ဝတ္ထုတွေ ပြည့်စုံဖို့အတွက် ဘယ်လောက်ဖြည့်ဖြည့် ပြည့်နိုင်တယ်ဆိုတာ မရှိဘူး။ မေတ္တာတရား ဆိုတာကတော့ မမြင်နိုင်ပေမဲ့ အရာအားလုံး ပြည့်စုံနေသလို ခံစားရပါတယ်"

ဟုတ်မှာပေါ့ ...

သူ့ဘဝမှာတော့ ဘယ်အရာကိုမှ မလိုအပ်ခဲ့ဘူးလေ ...။

သူ့မှာ တာဝန်ယူရမဲ့ မိသားစုမှ မရှိတာဘဲ ...။

သည်လို တွေးပေမဲ့ မသိစိတ်မှာ ဝမ်းနည်းလျက်ရှိသည်။ ယမုန်တို့ သားအဖ ပြန်ဆုံရသည့် ရှားရှားပါးပါး အချိန်တွေမှာ သမီးကို သိမ့် တိတ်တိတ်ကလေး အားနာသနားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူကို မျှော်လင့်စွာ... ပြီးတော့ ချစ်ခင်အားကိုးစွာ ကြည့်လေ့ရှိသည့် သမီး မျက်ဝန်းတွေကို မြင်ရလျှင်တော့ သိမ့် တိတ်တခိုး ပင့်သက်ရှိုက်ရသည်။

သိမ့်လည်း နှစ်ပေါင်းများစွာ နာကျင်ခဲ့ရတာပါပဲလေ ...။

"ကျွန်မက သမီးကို မေတ္တာမဲ့တဲ့သူ ဖြစ်အောင် သွန်သင်ခဲ့မိလို့လား။ ကျွန်မရဲ့ ခံစားချက်တွေကိုတောင် သမီး မသိအောင် မျိုသိပ်ခဲ့ရတာပါနော် ...

ဒါကြောင့် သမီးက အဖေ့ကို မုန်းခဲ့လို့လား။ သနားတောင် သနားနေခဲ့တာ မဟုတ်လား။ သိမ့်က ကိုယ့်ကိုယ်ကိုယ်သာ မိန်းမဆိုး အမည်ခံခဲ့တာပါ"

"သိမ့်က မိန်းမဆိုး မဟုတ်ပါဘူးလေ ...။ သိမ့်က သမီးရဲ့စံပြ ..."

"ကဲ ... တော်ပါတော့ ...။ အပြစ်တင်စရာတွေက မပြီးဆုံးနိုင်သေးဘူးလား။ သမီးကို အိမ်ထောင်မပြုခင်တုန်းကတော့ အိမ်ထောင်မပြုချင်ပါနဲ့လို့ တားခဲ့ဖူးတာ အမှန်ပဲ။ ခုချိန်မှာတော့ သမီးကို တစ်ခုလပ်ဖြစ်အောင် သိမ့် အားပေးအားမြှောက် မလုပ်ခဲ့ပါဘူး။ အဲဒါကလည်း သမီးကိုယ်တိုင်က မပြတ်သားနိုင်ဘူး ဆိုတာ သိနေလို့ပါ။ သမီးကို စိတ်မဆင်းရဲစေချင်ပါဘူး"





"သိမ့် ကိုယ်တိုင်ကျတော့ရော ..."

သူ့ မျက်ဝန်းတွေက သိမ့် ရင်ထဲအထိ ထိုးဖောက်မြင်ရသည့်အလား စူးစိုက်လာသည်။ နှုတ်ခမ်းတွေ ခပ်မဲ့မဲ့ ပြုံးလိုက်မိ၏။

"နည်းနည်းမှ စိတ်မဆင်းရဲခဲ့ဘူးပေါ့ နော်"

နှလုံးခုန်သံ မြန်လာလျက် ရင်ထဲမှာ နင့်ခနဲ တစ်ခုခု တစ်ဆို့လာသည်။ မျက်လုံးအိမ် ပူနွေးလာပေမဲ့ သိမ့်သည် သူ့ရှေ့မှာ မျက်ရည်ကျချင်သူ မဟုတ်ချေ။

မျက်ရည်လည်း မကျသင့်တော့ပါဘူးလေ ...

အားလုံးဟာ ပြီးဆုံးခဲ့ပါပြီ ...။

တစ်ယောက်တည်း ကျန်ခဲ့ရပေမဲ့ ဆုံးဖြတ်ချက်အတွက် နောင်တ,ရစရာ မလိုဘူးဟု ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငယ်စိတ်နဲ့တော့ မှန်တာပေါ့ မေမေ ...။ ဒါပေမဲ့ ခုတော့ မေမေ တစ်ယောက်တည်း သိပ်ပြီး အထီးကျန် နေမှာပေါ့။ မေမေ့ အနားမှာ တစ်ယောက်ယောက်တော့ ရှိသင့်တယ်"

"တစ်ယောက် ယောက် ... ..."

သမီးက အငွေ့တထောင်းထောင်း ထ,နေသည့် ငါးခေါင်းချဉ်ရည် ပန်းကန်လုံးကို စားပွဲပေါ်သို့ တင်လိုက်ရင်း သိမ့်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"မေမေ ... မရှိရင် သမီးပေါ့ ..."

"တော်စမ်းပါ ဒေါ်ယမုန်ရယ်။ ဒီစကားတွေပြောဖို့ သိပ် နောက်ကျနေပါပြီ။ အစ,ကတည်းက အိမ်ထောင်မပြုဘဲ မေမေနဲ့ နှစ်ယောက်တည်း နေရအောင်လို့ ပြောတုန်းက ဖြင့် လက်မခံခဲ့ဘဲ ...။ ခုကျမှတော့ မေမေနဲ့ နေချင်လို့ မရတော့ဘူး။ ကိုယ့်အိမ်သာ ကိုယ် ပြန်ပါ အမိရေ ..."

"မေမေက သမီးကို အချိန်ရှိသရွေ့ နှင်နေတော့တာပဲ"





"သမီးရယ် ...။ ကိုယ့်ကိုယ်ကိုယ် မညာချင်စမ်းပါနဲ့ ...။ သမီးကိုယ်သမီး မှန်ထဲ ပြန်ကြည့်စမ်း ...။ ဟန်လုပ်ပြီး တင်းထားရတယ် ဆိုတာ သမီးကို မြင်တဲ့သူတိုင်း သိတယ်။ မေမေ့ကို အတုမခိုးချင်စမ်းပါနဲ့ သမီးရယ်။ မိန်းမသားတစ်ယောက်တည်းရဲ့ ခွန်အားနဲ့ ရုန်းကန်ရတဲ့ ဘဝဟာ ဘယ်လောက် ပင်ပန်းတယ်ဆိုတာ မေမေ ကိုယ်တွေ့မို့ မေမေက သမီးကို မေမေ့လို မပင်ပန်းစေချင်ဘူး ...။ သမီးရဲ့အခြေအနေက မေမေ့လိုပင်ပန်းရမဲ့ အခြေအနေလည်း မဟုတ်ဘူး ...

ဒီတော့ ... မေမေ့ကို ချစ်တယ် ဆိုရင် ...။ မေမေ့ကို တကယ် အလေးအမြတ် ထားတယ် ဆိုရင် သမီး အိမ်ပြန်ပါ။ အောင်မြင်တဲ့ အိမ်ထောင်ရေး ဖြစ်အောင် ကြိုးစားတည်ဆောက်ပါ ..."

သမီးက သိမ့်နှင့် ထမင်းစားပွဲကို ကျောခိုင်းရပ်သည်။ သမီး မျက်ဝန်းမှာ မျက်ရည်စို့နေမည်ကို မမြင်ရပေမဲ့ သိနှင့်သည်။ အဲသည် မျက်ရည်မှာ ပျော်ဝင်သည့် စကားများစွာ ဝေဒနာများစွာကိုလည်း သိနားလည်နေရသည်။

သမီး ပျော်ရွှင်ဖို့၊ ကိုယ့်ဘက်က နှောင်ကြိုးကို ဖြေလျှော့ခဲ့ပြီးပြီ ...။

ထွက်ပေါက် လုံးဝမရှိသည့် လှောင်အိမ်တစ်ခုထဲမှာ သမီးက ပျော်ရွှင်နိုင်မည် ထင်ခဲ့တော့ သိမ့် ဘယ်လို တားမြစ်နိုင်မှာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



သမီး လက်ထပ်မည့် ညကလိုပင် တစ်ခုခုကို လက်လွှတ်ဆုံးရှုံးရတော့မည့် လပ်ဟာခြင်းသည် နှလုံးဆီမှာ ပြင်းထန်စွာ နှိပ်စက်၏။

မျှော်လင့်နေဆဲမှာပင် စူးရှပြီး ခပ်အက်အက်နိုင်လှသော တံခါးဘဲလ်သံကို ကြားရသည်။

❧ ❧ ❧





သမီးက သူ့အဖေ လက်မောင်းရင်းမှာ ခိုတွယ်ပြီး သူမရဲ့ ခင်ပွန်းသည်ကိုတော့ မသိဟန်ဆောင်နေသည်။

"သမီးက ညနေစာ လာစားပါ ဆိုလို့ ..."

လွန်ခဲ့သည့် ဆယ့်လေးငါးနှစ်က လမ်းခွဲခဲ့ကြသူတွေ မဟုတ်သလိုပင် သူက မချိုမချဉ် ခပ်ပြုံးပြုံး မျက်နှာဖြင့် သိမ့်ကို လှမ်းပြောသည်။ အဲသည်အပြော အဲသည်အပြုံးက မနေ့တစ်နေ့ကလိုပင် သိမ့်ကို ပြန်လည်ရင်းနှီးစေနိုင်သည်။

"ညှော်သည်တစ်ယောက်ပါ ခေါ်လာတယ် ..."

"သမီးက ဖေဖေ့ကိုပဲ ဖိတ်တာပါ"

သမီးနှင့် ဖခင်ကြားမှာ သိမ့်သည် ကြောင်အမ်းအမ်းနှင့် သက်မဲ့ အရုပ်တစ်ရုပ်လို ဖြစ်နေသည်။

"ဒါပေမဲ့ သမီးရယ်။ သူ့ခများလည်း လိုက်ချင်ရှာလွန်းလို့ ဖေဖေ့ ရုံးခန်းထဲမှာ မနက်ကတည်းက စောင့် နေရှာတာ။ သနားပါတယ် ...။ လူဆိုတာ ကိုယ်ချင်းစာနာ စိတ်ကလေးတော့ ထားမှပေါ့ သမီးရယ်။ သိပ် အတွက်မကြီးရဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဆိုင်ဘူး"

သိမ့် စိတ်ထဲမှာ ရေရွတ်နေသည့် စကားကို သမီးက ပြောချလိုက်တာမို့ သိမ့် အားရကျေနပ်သွားသည်။ တင်အောင်မိုးသည် မရဲမဝံ့ အပြုံးဖျော့ဖျော့ဖြင့် ညှော့ခန်းဆက်တီတွေ ဘေးမှာ ရပ်နေဆဲ။ သူတို့ သားအဖကတော့ ဘယ်တုန်းကမှ ခွဲမနေဖူးခဲ့သူတွေလို ရင်းနှီးနွေးထွေးလျက် တစ်ယောက်ကို တစ်ယောက် ဖက်ပွေ့ရင်း ထမင်းစားခန်းထဲ ဝင်သွားတော့သည်။

"ထိုင်လေ ... မောင်မိုးရဲ့"

"ဟုတ်ကဲ့ပါ မေမေ"

"ဘယ့်နှယ် ... ယမုန်ရဲ့ တောင်းဆိုချက်တွေကို စဉ်းစားပြီးပြီလား"

သိမ့်က ရယ်စရာလို သဘောထားပြီး မေးပေမဲ့ တင်အောင်မိုးက မျက်နှာနွမ်းရော်သွားလျက် မျက်နှာလွှဲ ခေါင်းငုံ့သွားသည်။

"ဟုတ်ကဲ့ ... စဉ်းစားပြီးပါပြီ မေမေ။ ကျွန်တော်က လျှော့ပေးရမှာပေါ့။ ကျွန်တော့် ဘဝမှာ သူ မရှိရင် မဖြစ်ဘူးလေ ..."

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘဲ လျှော့ရဲရဲလေး ပြုံးမိသွားသည်။ ယောကျ်ားတွေအပေါ် နဂိုကပင် ယုံကြည်စိတ် နည်းခဲ့သည်မို့လား ...။ လောလောဆယ်မှာတော့ သမီးအတွက် သက်မချနိုင်ခဲ့ပြီ။





တင်းကျပ်နေသည့် စိတ်အစဉ်ကို လျှော့ချလိုက်တော့ ဆိုဖာဆက်တီပေါ် ခြေပစ်လက်ပစ် ထိုင်ကျသွားသည်။ လပ်ဟာခြင်းကတော့ နှလုံးအိမ်ဆီ သိသိသာသာ ရိုက်ခတ်လာ၏။ လည်ချောင်းထဲ ဘယ်လိုအရာတွေ တစ်ဆို့နေသည် မသိ။ မျက်ဝန်းအိမ်တွေ ရုတ်တရက် ပူနွေးလာသည်။ ဆွတ်ပျံ့စွာ တမ်းတခြင်းနှင့်အတူ ပုံရိပ်ဟောင်းတချို့ အာရုံမှာ ထင်ဟပ်သည်။

ဘယ်တော့မှ ပြန်ပြီး မနှုပ်ဖျိုနိုင်ဘူး ဆိုပေမဲ့ ...

နှုပ်ဖျိုခဲ့သည့် ချစ်ခြင်းတရားကိုတော့ ပြန်လိုချင်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီးက သိမ့်လက်ဖဝါးကို ခပ်တင်းတင်း ဆုပ်ထား သည်။ တင်အောင်မိုးက ယမုန့် နောက်မှာ ကပ်လျက်ရပ်နေရင်း သိမ့်ကို တောင်းပန် တိုးလျှိုးသော အကြည့်ဖြင့် ကြည့်နေသည်ဟု ထင်မိသည်။ ကြမ်းပေါ် ချထားသော ခရီးဆောင်အိတ်ကို ခပ် ငေးငေး ကြည့်မိ၏။

"မေမေနဲ့ ဖေဖေကို ကန်တော့ရအောင်"

ဟု တင်အောင်မိုးက သတိပေးသည်။

"သမီး တစ်ပတ် တစ်ခါ လာမယ်နော် မေမေ"

"မလာနဲ့"

"မေမေကလည်း ..."

သမီးက နှဲ့ချင်သေးသည်။ သိမ့် ခါးကို လှမ်းဖက် ထားသေးသည်။ ငေးရီရီ ကြည့်နေသော မျက်ဝန်းတစ်စုံအောက် မှာ သိမ့် အသက်ရှူကျပ်ချင်သလို ဖြစ်နေ၏။ သမီး မျက်ဝန်းထဲ မှာ စိုစွတ်နေသော မျက်ရည်စတွေ ...

"စနေ တနင်္ဂနွေ သမီးတို့ မေမေ့အိမ်မှာ ဆုံမယ်"





သမီးတို့ ...' ဆိုပါလား။

"ဖေဖေရောပေါ့ ... နော် မေမေ"

"ဘာဆိုင်လဲ"

သိမ့်မှာ သည်စကားပဲ ပြောစရာ ရှိသည်။

"ဆိုင်တာပေါ့ ...။ ဖေဖေ ပါ,ပါမှ မိသားစု ပြည့်စုံမှာပေါ့ နော်။ မေမေကလည်း သမီး ဈေးဝယ်လာပြီး မေမေနဲ့ ချက်ပြုတ်ကျွေးမှာပေါ့။ ဖေဖေ့ကိုတော့ အထူးဧည့်သည်အနေ နဲ့ ဖိတ်မှာပေါ့ ...။ ဟုတ်ဘူးလား ..."

သမီးက ငယ်စဉ်ကလို သူ ဖြစ်ချင်ရာကို ဖွတ်တ ရွတ် တောင်းဆိုနေသည်။ သမီးဟာ သူ့အဖေလို အရိပ်အကဲ မသိတတ်သူပဲ။

သူ့မျက်နှာကို လှည့်မကြည့်ဖြစ်အောင် သတိထား နေရသည်။ သူကလည်း ဧည့်ခန်းထဲကနေ ထွက်သွားချင်ပုံပဲ။ တိမ်မျှင်တစ်စလို မျောလွင့်ပြေးသွားချင်သည်လား ...

ကျားဆေကို အသက်သွင်းချင်သည်ဟု သမီး အပေါ် မှာတော့ မငြူစူရက်။

ဒါပေမဲ့ကွယ် ...

"ကဲ ... ဖေဖေ ပြန်တော့မယ်"

"ဟာ ... ဖေဖေကလည်း ..."

သမီးက သိမ့် အနားကနေ ကမန်းကတန်း ခွာသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ သွားရင် မေမေ တစ်ယောက်တည်း ..."

သူ့ရယ်သံ အက်အက်ကို ကြားရသည်။ အဲသည် ရယ်သံ၏ နောက်ကွယ်မှာ နာကျင်ခြင်းကိုပါ မြင်ရသည်။

"သမီးမေမေက နှစ်တွေ အကြာကြီး တစ်ယောက်တည်း နေခဲ့တာ မဟုတ်လား။ သမီး မေမေလောက် သတ္တိကောင်းတဲ့မိန်းမ ဘယ်မှာ ရှိမလဲ။ သမီးတောင် သမီးမေမေလောက် သတ္တိမကောင်းဘူး မဟုတ်လား ..."

ဘာမှ မဖြစ်သလိုပင် သိမ့် ရယ်မောလိုက်ပါသည်။

ဟုတ်သားပဲ ...

နှစ်တွေ အကြာကြီးမှာ သိမ့်ဟာ သမီးငယ်ကို အဖော်ပြုပြီး လမ်းရှည်ကြီးကို လျှောက်ခဲ့ပြီ မဟုတ်လား ...။ နောက်ဆပ် ဘယ်လောက်မှ မကျန်တော့ပါဘူးလေ ...။

ပြီးတော့ ... ဘာအတွက် ယောကျ်ားတစ်ယောက်ကို ဒုတိယအကြိမ် ပြန်လက်ခံရမလဲ ...။

အချစ်ကြောင့် ... ဆိုလျှင်တော့ နည်းနည်းများ ရယ်စရာ ကောင်းနေမလား ...။

အခြေအနေက ချောက်ချားဖွယ် တိတ်ဆိတ်လျက် အေးစက်စက် ဖြစ်သွားသည်။ သမီးလည်း ရုတ်တရက်တော့ ကြောင်အမ်းသွားသည် ထင်ပါရဲ့ ...။





ဒါပေမဲ့ ...သမီးက စက္ကန့်ပိုင်းအတွင်းမှာ အဖေဖြစ်သူကို တုံ့ပြန်သည်။

"မေမေက မျိုသိပ်နိုင်တာပါ"

တဲ့ ...။

အဲဒါ မှန်သလား သိမ့် မသိ။

"သမီးတို့ ထမင်းစား ဖိတ်ရင် ဖေဖေ လာရမှာနော်"

"လာမှာပေါ့ ...။ အိမ်ရှင်က သဘောတူမယ် ဆိုရင် ..."

သူကတော့ ... သွက်လက်သည့် အပြုံးတစ်ခုနှင့်ပါပဲ။ သူနှင့် သိမ့် ကြားမှာ အတိတ်ဆိုတာ မရှိခဲ့သလိုပင်။ သည်တော့ သိမ့်ကလည်း ဘာကိုမှ ထိန်းချုပ်ထားဖို့ မရှိ။ မာနဆိုသည့် အရာက လွဲလျှင်ပေါ့ ...။

"သမီးရဲ့ ဧည့်သည်ပဲလေ။ မေမေက လက်ခံရမှာပေါ့"

"ဧည့်သည် မဟုတ်ပါဘူး ... သမီး ဖေဖေပါ"

တင်အောင်မိုး ကတော့ ကလေးလိုလို လူကြီးလိုလို သူ့ရဲ့ မဟေသီကို ကြည့်ရင်း သဘောကျလို့ နေသည်။

"ကဲ ... ဖေကြီး ဒီမှာထိုင်၊ မေမေလည်း ထိုင်"

ခပ်ပေပေ ရပ်နေသည့် သူ့အဖေကို အတင်းဆွဲခေါ်လာပြီး သိမ့် အနားမှာ ထိုင်ခိုင်းသည်။ သူက သိမ့်ကို အားတုံ့အားနာ မျက်နှာဖြင့် ကြည့်သည်။ သူ့မျက်လုံးတွေ ထူးထူးခြားခြား အရောင်လက်နေသည်ကိုပင် မြင်သည်။

သိမ့်ပဲ စိတ်အထင်မို့လား ...။



www.burmeseclassic.com

www.burmeseclassic.com



သိမ့်ကတော့ နှုတ်ခမ်းတွေကို ဘယ်နေရာ သွားထားရမည် မသိ။ တွန့်ကော့ပြီး ပြုံးလိုက်ရမလို ခပ်ကုပ်ကုပ် မဲ့လိုက်ရမလို ...။ မျက်ဝန်းတွေက စပ်ဖျဉ်းဖျဉ်း ဖြစ်နေခဲ့သည်။

ဒါပေမဲ့ ရင်ထဲက ခံစားချက် အစစ်အမှန်ဟာ ဘာလဲ ...

သိမ့် ကိုယ်တိုင်ပင် မသိ ...

ရှေ့ကြမ်းပြင်မှာ ခပ့်ကျုံ့ကျုံ့ ထိုင်နေသည့် ဖနီးမောင်နံ့ကို မျက်ရည်တွေကြားက ခပ်ဝါးဝါး မြင်သည်။ အမြဲတမ်း ပေါ့ပေါ့ပါးပါး ဖြစ်နေတတ်သည့် သူ့ထံက ဆုပေးစကားသည်ပင် ကြေကွဲစွာ နက်ရှိုင်းဆို့နင့်နေခဲ့သည်။ သိမ့်ကတော့ ဆုတွေ တရှည်တလျား မပေးတတ်သူမို့ သမီး ငယ်စဉ်က ဆုပေးနေကျ ဟောင်းနွမ်းရိုးအီပြီး သမီးလည်း အလွတ်ရနေပြီဖြစ်သော ဆုပေးစကားကိုပင် ပေးဖြစ်သည်။

[ဖနီးမောင်နံ့ ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းပြီး သာယာပျော်ရွှင် ချစ်ခင်တဲ့ အိမ်ထောင်စုလေး ဖြစ်ပါစေ]

ဆိုသည့် ဆုတောင်းကိုတော့ မထစ်မငေါ့ အဆင်ပြေအောင် ပေးရသည်။ ရင်ထဲမှာငါ့သည်း အဲသည် ဆုတောင်းသာ စွဲမြဲသည်။

သိမ့်ရဲ့ သမီးငယ်လေးဟာ ပြည့်စုံသာယာတဲ့ မိသားစုဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေ။





ခင်ပွန်းသည်ရဲ့ နားလည်ငဲ့ညှာမှုကို ရရှိပါစေ ...။ သိမ့် ဘဝမှာ တောင့်တ လိုချင်ခဲ့သမျှ အားလုံးကို သမီးလေး ယမုန် ပိုင်ဆိုင်နိုင်ပါစေ ...

ရင်ထဲကနေ ဆုတွေ ရှည်လျား ပေးမိဆဲ ...။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

ဟူသော ကလေးတွေ အသံကို ကြားရသည်။

"သမီးတို့လည်း ဖေဖေနဲ့ မေမေ့ကို ခုလို အတူယှဉ်ပြီး အမြဲ မြင်ရပါစေ အမြဲ ကန်တော့နိုင်ပါစေလို့ ဆုတောင်းချင်ပါတယ် မေမေ ..."

အို ...

ဘယ့်နှယ် ...

"ဟုတ်ပါတယ် မေမေ။ ဖေဖေ့မှာ အပြစ်ရှိတယ် ဆိုရင်တောင် ဒီလောက် နှစ်တွေအကြာကြီး ပေးဆပ်ခဲ့ပြီးပြီပဲ။ မေမေ ခွင့်လွှတ်လိုက်ပါတော့"

မောင်မိုးက သူ့ကို မော်ကြည့်ရင်း ပြောသည်။ သိမ့် ရင်ဘတ်ထဲ လျှောင်လှိုင်းတွေ ဆက်တိုက် ခုန်လှုပ်နေခဲ့သည်။

ဒါ ... ဘယ်လို ဖြစ်တာလဲ ...

ပြီးတော့ ...

ဒါ သူ့ဆန္ဒလား ...။



www.burmeseclassic.com

www.burmeseclassic.com



"ခုလောလောဆယ်မှာ အရေးကြီးတာက သားတို့ သမီးတို့ အိမ်ထောင်ရေး သာယာဖို့ပဲ မဟုတ်လား"

ဘုရားရေ ...

လည်ချောင်းထဲ တစ်ဆို့လာသည့် အရာများကို သိမ့် ဖွတ်မိုတ် မျိုချ လိုက်ရသည်။ သူ့စကားသံက တကယ့်ကို တည်ငြိမ်လို့ ...။

"ဖေဖေတို့ အတွက် စိတ်မပူပါနဲ့။ စိတ် အနှောင့်အယှက် မဖြစ်ပါနဲ့။ သမီး မေမေ အပေါ် ဖေဖေ တာဝန်မကျေခဲ့ဘူး ဆိုရင် ခုချိန်မှာ ပြန်ပြီး ပေးဆပ်ဖို့ အဆင်သင့်ရှိနေပြီ။ ဒါပေမဲ့ ... သမီး မေမေ လိုချင်တာက တာဝန်ကျေပွန်မှု မဟုတ်တော့ဘူး ထင်တယ်"

အင်းလေ ...

သိမ့် ပြောဖို့ မလိုတော့ပါဘူး ...။

"လူ့ရဲ့ အလိုဆန္ဒ ဆိုတာ အချိန်တိုင်းမှာ ပြောင်းလဲနေတာ မဟုတ်လား"

သမီးကတော့ မသိနားမလည်သည့် မျက်လုံးများဖြင့် သူ့အဖေကို မော်ကြည့်နေသည်။

"ကဲ ... ဖေဖေ သွားလိုက်ဦးမယ်၊ ခုတော့ ဖေဖေ စိတ်ချမ်းသာသွားပါပြီ"

သူက သိမ့်ကို အပြုံးအေးအေး တစ်ချက်ဖြင့် စိုက်ကြည့်ရင်း ...





"ကျေးဇူးတင်ပါတယ်"

တဲ့ ...။

ဘာအတွက်ရယ် မသိ ...။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ကိုယ့်လို မညာတတ်ဘူးကွ"

တင်အောင်မိုးရဲ့ ခပ်ကျိတ်ကျိတ် စကားသံကို ကြားရတော့ သိမ့် ပြုံးမိသည်။ သမီးကတော့ ပြတင်းပေါက်ကနေ ငုံ့ပြီး သူ့အဖေ သွားရာလမ်းဆီ ကြည့်နေလေသည်။

ဘယ်လိုပဲ ပြောပြော ... သမီးဟာ သူ့အဖေကို သနားတတ်ဆဲပဲ ...။

"မေမေက ဘာဖြစ်လို့ မတားလိုက်တာလဲ"

"ဘာကို တားရမလဲ သမီးရယ်"

"ဖေဖေ့ကိုလေ"

"ဪ ... သမီးရယ် ... ပြီးခဲ့တာတွေ ထားလိုက်ပါတော့"

"ပြီးခဲ့ပြီတဲ့လား မေမေ ရယ် ..."

သမီးက စိတ်ပျက်စွာ ညည်းညူရေရွတ်လေသည်။ ကြမ်းပေါ်က ခရီးဆောင်အိတ်ကို တင်အောင်မိုးက ကောက်လွယ်လိုက်သည်။

"ကဲ ... သွားစို့"





တဲ့ ...။ သမီးကို ပြောသည့် စကားပါပဲ ...

ဒါပေမဲ့ ရင်ထဲမှာ ခါးသက်လှသည်။ ခွဲရပြန်ပြီပေါ့ ...။

ချစ်သူတွေနဲ့ ခွဲခွာရသည့် သောက ပရိဒေဝ ဆိုတာ ဘယ်အထိ ခါးသက်ပြင်းရှလိုက်ပါသလဲ ...။

သမီးက သိမ့် ခါးကို ဖက်လိုက်သည်။

"မေမေ"

"ရှင်"

"ကွာရှင်းစာချုပ်မှာ မေမေ ခုထိ လက်မှတ် မထိုးသေးဘူးနော်"

သမီးရဲ့ ခပ်ရွှတ်ရွှတ် မျက်နှာကို မြင်ရသည်။ သည်လိုဆိုတော့လည်း ခွဲခွာရပေမဲ့ ဖြေသိမ့်ရကောင်းရဲ့ ...။

"လိုမှ မလိုအပ်ဘဲ သမီးရဲ့"

"ဖေဖေ့ကို ချစ်နေတုန်းပဲ မဟုတ်လား"

သမီးကို တံခါးဝဆီ တွန်းတွန်းတိုက်တိုက် ပို့လိုက်သည်။ လှေကားက ဆင်းသွားသည့် ဒေါက်ဖိနပ်ခွာသံ၊ ရယ်သံတွေ တဖြည်းဖြည်း ပျောက်သွားတော့မှ တံခါးကို ပိတ်လိုက်၏။ အခန်းထဲမှာ ဆိတ်ငြိမ်လျက် တစ်ယောက်တည်း ထီးတည်းကျန်ရစ်သည်။

www.burmeseclassic.com





(ထွား)

ရေခဲမြိတ်တို့ ရှိကင်း

4th DECEMBER,2002

WEDENSDAY

7:42 PM

www.burmeseclassic.com